www.burmeseclassic.com



BURMESE CLASSIC .com

# ဂျူး

# တစ်ကိုယ်တော်မွေးမြူခဲ့တဲ့သစ္စာ

VIEW

VIEW

VIEW

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

[redacted] ဒို့အရေး
[redacted]ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
[redacted] တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* [redacted] ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

25 OCT 2013

ဗျူး

# တစ်ကိုယ်တော်မွေးမြူခဲ့တဲ့သစ္စာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖူးစာပေ
၀၁-၈၅၀၀၆၉၆၊ ၀၉-၅၀၃၀၁၀၀၆၊ ၀၉-၅၁၈၅၀၈၄

၈၉၅. ၈၃
ဖူး
တစ်ကိုယ်တော်မွေးမြူခဲ့တဲ့သစ္စာ
ဖူးစာပေ ၊ ၂၀၁၃။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) တစ်ကိုယ်တော်မွေးမြူခဲ့တဲ့သစ္စာ

BURMESE CLASSIC .com

## အခန်း (၁)

"ဆရာမလေး"

ခေါ်သံကြောင့် 'မင်း' လှည့်ကြည့်လိုက်တော့ မြင်လိုက်ရတာ အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ အသက်လေးဆယ်ကျော်မျှသာ ရှိဦးမည်။ ဖြူနုသော အသားအရည်နှင့် ချောမွေ့ခန့်ညားသော ရုပ်သွင်က ကျက်သရေ ရှိလွန်းသည်။

'မင်း' ကိုကြည့်နေသော မျက်ဝန်းတွေက နှစ်လိုဖွယ်အပြုံးရိပ်တို့ ယှက်သမ်းနေခဲ့ကာ လေးစားကြည်ညိုရိပ်တွေပါ ထင်ဟပ်နေခဲ့၏။

"ဆရာမလေးကို ကျေးဇူးတင်ပါတယ်ကွယ်"

တစ်ခုခုတော့ လွဲချော်နေပြီဟု ထင်သည်။ ကိုယ့်ကို ဒီဆေးရုံက ဒေါက်တာမတစ်ယောက် ထင်မှတ်ကာ ကျေးဇူးတင်စကားတွေ သာပြောနေတာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible] ကျွန်မက ဆရာဝန်မဟုတ်ပါဘူး။ [illegible] လှည့်နေပါတယ်"

[illegible] အန်တီကြီးက အပြုံးလေးနှင့်ခေါင်းကို [illegible]

"မဟုတ်ပါဘူး အန်တီက ဒီက ဆရာမလေးကိုပဲ ကျေးဇူးတင်ကြောင်း လာပြောတာပါကွယ်"

"ဟိုလေ ကျွန်မက ဆရာဝန်မဖြစ်သေးပါဘူး။ ဆေးကျောင်းသူ တစ်ယောက်ဘဝပဲ ရှိပါသေးတယ်ရှင်"

"အန်တီ သိပါတယ်၊ သမီးတို့ဆေးကျောင်းသူတွေ အခု ဒီ ဆေးရုံကြီးမှာ သွေးလာလှူကြတာ မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် အန်တီ"

အမှန်တကယ်လည်း မင်း တို့ သူငယ်ချင်းတွေ ဒီနေ့ သွေး စုပေါင်းလာလှူကြတာ ဖြစ်သည်။ မင်း ကိုယ်တိုင် သွေးလှူပြီးတာ ကြောင့် ဒီနားနေခန်းလေးထဲမှာ လာအနားယူနေခဲ့တာ ဖြစ်သည်။

"သမီးလေး အခု လှူခဲ့တဲ့သွေးနဲ့ အန်တီ့သား ၁ခုသက်ရှင်ခွင့် ရနေခဲ့တာပါကွယ်"

အခုမှပဲ မင်း သဘောပေါက်မိတော့သည်။ မင်း လှူလိုက်သော သွေးက လူနာတစ်ယောက်အတွက် လောလောလတ်လတ် သွင်းဖြစ် လိုက်ခြင်းဖြစ်ဟန်တူသည်။

"ဆရာမလေး ဒီအခန်းထဲမှာ ရှိမယ်လို့ တာဝန်ကျဆရာမလေး





က ပြောလိုက်လို့ အန်တီ ကျေးဇူးတင်စကား လာပြောတာပါကွယ်"

ကိုယ် ဒါနပြုလိုက်သည့်သွေးက အရေးပေါ်သွေးလှူနာရှင်အတွက် ချက်ချင်း အသုံးပြုဖြစ်သည်ဆိုတော့ မင်း ရင်ထဲမှာလည်း ဝမ်းသာကြည် နူးခြင်းတို့ ဖြစ်တည်ရတာ အမှန်။

"အန်တီ အရမ်းကျေးဇူးတင်ပါတယ် ဆရာမလေးရယ်"

လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားတွေ ဆိုနေသော အန်တီ ကြီးကို မင်း ကြည်ကြည်နူးနူးလေး ပြုံးပြမိသည်။ တကယ်ဆို ဆရာဝန် မဖြစ်သေးသော မင်း ကို ဆရာမလေးဟု တွင်တွင်ခေါ်နေတာကိုလည်း အားနာမျက်နှာပူမိတာမို့

"ရပါတယ် အန်တီ၊ မင်း လှူတဲ့သွေးနဲ့ လူနာတစ်ယောက် တိုက်ဆိုင်စွာ လိုအပ်သွားတာကို မင်းလည်း ဝမ်းသာပါတယ်၊ ဟိုလေ မင်းနာမည်က လမင်းရောင်စဉ်ပါရှင်"

"ဟင် လ လမင်းရောင်စဉ်"

အန်တီကြီးမျက်ဝန်းတွေ အံ့သြဝိုင်းစက်ကာ မင်း နာမည်ကို မှတ်က ရေရွတ်သည်။ အခြားသော မိန်းကလေးတွေ နာမည်ထက် မင်း နာမည်က နည်းနည်းထူးခြားနေတာကြောင့်ဖြစ်မည်။

"ဟုတ်ကဲ့ လမင်းရောင်စဉ် ပါရှင်၊ ဆေးတက္ကသိုလ်(၁)မှာ ဒုတိယနှစ်တက်နေပါတယ်ရှင်"

"ဪ အင်း အင်းပါကွယ်၊ သမီးလေး လမင်းရောင်စဉ်ကို အန်တီ သိပ်ကျေးဇူးတင်ပါတယ်၊ ဟို အန်တီ့ကို ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီ"

မင်းကို ကသောကမျောလေးနှုတ်ဆက်ကာ အန်တီကြီး ခပ်သုတ်သုတ် လှည့်ထွက်သွားခဲ့သည်။

ဆရာမလေးဟုပဲ ခေါ်ဝေါ်နေတာကြောင့် မင်း နာမည်မေးမြန်းမြို့ မိတ်ဆက်လိုက်ရသည်။ အန်တီကြီးကတော့ နာမည်လေးတောင် ပြောပြမသွားခဲ့ပါ။

လူနာရှင် သားအမည်လေးကိုတောင် ပြောပြဖို့ မေ့သွားသည် ထင်ပါသည်။

သားဖောနှင့်မို့ သတိမရဖြစ်သွားတာပဲဟု မင်း နားလည်ပေး လိုက်ပါသည်။

ရင်ထဲမှာတော့ ဒီတစ်ကြိမ် လှူဖြစ်ခဲ့သော သွေးဒါနအတွက် ပီတိစိတ်လေးဖြစ်မိတာ အမှန်။ ကိုယ် သွေးလာလှူချိန်မှာ သွေးလိုအပ် သော လူနာနှင့် တိုက်ဆိုင်နေသည့်အဖြစ်က ကြုံခဲလွန်းပါသည်။

မင်း တို့ ဆေးကျောင်းသူတွေ ဒီလိုပဲ ခြောက်လတစ်ကြိမ် ပုံမှန်သွေးလာလှူဖြစ်ကြသည်။ မင်းတို့ သူငယ်ချင်းကျောင်းသူကျောင်း သားတွေ ကိုးယောက် လာလှူကြတာ ဖြစ်၏။

ဆေးရုံကြီးရဲ့သွေးလှူဌာနမှာ သွေးလှူပြီး ပျော်ပျော်ပါးပါး ပြန်ကြတာ များသည်။

သည်တစ်ခါတော့ တိုက်ဆိုင်လွန်းစွာ မင်း လှူသောသွေးက အရေးတကြီးလူနာအတွက် ဖြစ်သွားခဲ့၏။ ထို့အတွက်လည်း သူငယ်ချင်း





တွေက တအံ့တသြ ပြောမဆုံးကြတော့ပါ။

"ငါတို့ ကိုးယောက်ထဲမှာ လမင်းတစ်ယောက်တည်း ဘီသွေး ဖြစ်နေတာ ကံထူးသွားတာပဲ"

"ဟုတ်ပ့ါဟယ် သွေးဖောက်စမ်းကတည်းက ဘီသွေးလိုတယ် လို့ ဆရာမတွေက ပြောကြတာ၊ ငါလည်း ဘယ်နေလိမ့်မလဲ လမင်း သွေးကို ကမန်းကတန်းယူပြေးတဲ့ ဆရာဝန်မလေးနောက်လိုက်ပြီး စပ်စု တာပေါ့"

အားလုံးက အိခင်စကားကို စိတ်ဝင်တစား နားထောင်နေကြ သလို မင်းလည်း နားစွင့်ထားမိပါသည်။

"လူနာရှင်အမေ အန်တီကြီးဆို ဝမ်းသာလို့ဆိုပြီး မျက်ရည်တွေ တောင်ဝဲနေတာ သိလား မင်း"

"အင်း ငါ့ကို နားနေခန်းမှာ ကျေးဇူးတင်ကြောင်း လာပြော သွားတယ်"

"ဟင် ဟုတ်လား"

"အင်းလေ နင်တို့က အဲဒီအချိန် သွေးလှူနေကြတော့ မသိ ကြဘူးလေ"

"ကြည့်စမ်း ဒါနဲ့တောင် မပြောဘူး၊ ဒါဆို နင် အန်တီကြီး သားကို တွေ့ပြီးပြီပေါ့"

"ဟင့်အင်း မတွေ့ပါဘူး၊ အန်တီကြီးကလည်း ကျေးဇူးတင် စကားတွေပြောပြီး ကသောကမျော ပြန်သွားတာပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ညဲ့လိုက်တာ လမင်းရယ်"

အိခင် စကားကြောင့် မင်း မျက်မှောင်လေးကုပ်သွားမိ၏။

"ဟင် ဘာကိုပြောတာလဲ အိခင်ရဲ့"

"ဟဲ့ ကိုယ်သွေးလှူခဲ့တဲ့သူကိုတော့ နင် မြင်ဖူးထားသင့်တာပေါ့၊ ကျုပ်ကတော့ သိချင်လွန်းလို့ သွားကြည့်သေးတယ်၊ တကယ်ချောတဲ့ လူနာကောင်လေးဟယ်"

"ဟဲ့ အိခင်ရယ် လူနာပါဆိုမှ ပြီးတော့ သွေးတောင်လိုနေတဲ့ လူနာဆိုတော့ ဖြူဖတ်ဖြူလျော် ဖြစ်နေမှာပေါ့"

ကြားထဲက ငြိမ်းစုက ထင်မြင်ချက်ဝင်ပေးတော့ အိခင်က ခေါင်းလေးတွင်တွင်ခါရမ်းရင်း

"အသားရောင်လေး ဖြူလျော်နေတာကလွဲရင် မျက်နှာလေးက တကယ်ချောတာဟ၊ မျက်ခုံးမျက်လုံး နှာတံကအစ အပြစ်ပြောစရာ မရှိဘူး။ ပါးစပ်ပေါက်ကလည်း"

"လုပ်ပြန်ပြီ၊ နှုတ်ခမ်းပြောစမ်းပါ အိခင်ရယ် ပါးစပ်ပေါက် ရယ်လို့ ကဗျာမဆန်လိုက်တာ"

အိခင် စကားအကျအနကို လိုက်ပြီး ငြိမ်းစုက ဝင်ထောက်နေတော့ အိခင် မကျေမနပ် မျက်စောင်းလေးထိုးသည်။

"အေး ညည်းပြောတဲ့ ကဗျာဆန်တဲ့ပါးစပ် အဲ နှုတ်ခမ်းလေး ကပါ လှတယ်၊ တကယ့် ရွှေမင်းသားလေး အိပ်နေတဲ့အတိုင်းပဲ"

"ရွှေမင်းသားတော့ မလုပ်နဲ့လေ၊ သွေးရောင်ဆုတ်နေတာဆို





တော့ ငွေမင်းသားလေးဆို တော်သေးတယ်"

ငြိမ်းစုက ရွှတ်နောက်နောက်လေး ဝင်ပြောတော့ အိခင် ဘု ဆတ်ဆတ်လေး မျက်မှောင်ကုပ်ကြည့်ရင်း

"အေး အခု ကိုယ်လူချောလေး ခန္ဓာကိုယ်ထဲကို လမင်းရဲ့ သွေးတွေ စီးဝင်သွားပြီဆိုတော့ ရွှေမင်းသားလေး ပြန်ဖြစ်သွားပြီပေါ့၊ နင်တို့ ငါတို့ သွေးတွေကတော့ သိမ်းဆည်းထားခံရတုန်းပဲ"

အိခင်စကားကြောင့် အားလုံး ရယ်မိကြသည်။ မင်း ကိုယ်တိုင် သွားမကြည့်လိုက်မိပေမယ့် ထိုလူနာရှင်၏မိခင်ဖြစ်သူ မျက်နှာကို ပြန် မြင်ယောင်ကြည့်မိသည်။

အသားဖြူဖြူနုနုညက်ညက်နှင့် ချောမောသော မိန်းမကြီးမို့ သားဖြစ်သူကလည်း ချောမောမှာပဲဟု ထင်သည်။

"နေပါဦး အိခင်ရဲ့ နင်က လူကိုပဲကြည့်လာတာလား သူ့ ရောဂါက ဘာကေ့စ်လဲ၊ သူ့နာမည်ကကော"

"ဆရာဝန်တွေကိုလည်း မေးခဲ့တယ်၊ ခုတင်ခြေရင်းမှာ ချိတ် ထားတဲ့ ချာ့တ်တွေကိုလည်း ယူဖတ်ကြည့်ခဲ့တာပေါ့"

"တော်တော် စပ်စုတဲ့ မိန်းမပဲ"

ငြိမ်းစု ဝင်ညြဘာပေးတာကို အလေးမထားဘဲ အိခင်ကတော့ မဆုံးသေးသော သူ့စကားကို ဆက်ပြောသည်။

"သူ့ကေ့စ်က သလက်ဆီးမီးယား"

"ဘာရယ်"

www.burmeseclassic.com



မင်း ချော်ဝန်းသေးတွေ ဝိုင်းစက်ကာ သိပ်ကိုအုံ့ညြသွားခဲ့ပြီ။ သည်။ ဒီသေဒနာရောဂါအမည်ကို ကြားတိုင်း မမနေမင်းကို သတိရမိ စိတ်နှင့် ရင်ထဲမှာ လစ်ဟာသွားစမြဲ။

“နာမည်လေးကလည်း အမိုက်စားပဲ၊ သျှင်ခေတ်သစ် တဲ့”

“ဘယ်လို ဘယ်လို”

“သျှင်ခေတ်သစ် သနဲ့သျှင်တာ ရကောက်နဲ့မဟုတ်ဘူး”

အိခင်နှင့်ငြိမ်းစုတို့ စကားတွေကို မကြားနိုင်လောက်အောင် မင်း ရင်ထဲမှာ မွန်းကြပ်ပူလောင်သွားခဲ့သည်။

သျှင်ခေတ်သစ် တဲ့လား။ နာမည်က ထူးခြားပြီး ဆန်းသစ် သည်။ ဒီလို နာမည်တူသော ယောကျ်ားတော့ မရှိနိုင်ဟု ထင်သည်။

ဒါတွေဟာ အမှန်ဖြစ်နေခဲ့လျှင်တော့ မင်း ရင်ထဲကဒဏ်ရာ တွေက အသစ်ပြန်ဖြစ်တည်လာဦးမှာ သေချာသည်။

မဟုတ်ပါစေနဲ့ မဖြစ်ပါစေနဲ့ဟု ရင်ထဲမှာ အကြိမ်ကြိမ် ဆု တောင်းရင်း ဆို့နစ်ပူလောင်သော ဝေဒနာတို့သည် . . . ။

■ ■ ■



## အခန်း (၂)

သူ ခွန်အားပြည့် လန်းဆန်းလာချိန်မှာ ပထမဆုံး မြင်တွေ့ရ သော မျက်နှာက အန်တီမြတ်မွန်၏မျက်နှာပဲ ဖြစ်သည်။

သူ့ဝေဒနာသည်းကာ သတိလစ်နေချိန်တွေမှာ အန်တီမြတ်မွန် အနားမှာ စိုးရိမ်တကြီး ရှိနေမှာ တွေးမိသည်။ ဒါပေမဲ့ သူ မသိကျိုးကျွံ ပြုရင်း တစ်ဖက်ကို မျက်နှာလွှဲလိုက်မိ၏။

“သား သျှင်လေး နေသာရဲ့လားဟင်”

ကရုဏာသံအပြည့်နှင့် အန်တီမြတ်မွန် မေးတာကို ကြားပေ မယ့် မဖြေဘဲ သူ ကြည့်မိတာ ခုတင်တိုင်မှာ ချိတ်ဆွဲထားသော သွေး ပုလင်းလေးကို ဖြစ်သည်။

ဆေးရုံမှာ လူနာတစ်ဦးအတွက် သွေးသွင်းပြီဆိုလျှင် သွေး ပုလင်း၌ သွေးလှူရှင်အမည်ကို ရေးထိုးကပ်ထားတတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ့အတွက် သွင်းထားသော သွေးပုလင်းမှာ သွေးလှူရှင်အမည်က ရှိမနေတာ အံ့သြမိ၏။

"ကျွန်တော့်ကို သွင်းတဲ့သွေးပုလင်းမှာ သွေးလှူရှင်နာမည် မပါပါလား"

သူ အံ့သြသလို ရေရွတ်ရင်း မေးတာကို ဒေါ်မြတ်မွန် မဖြေတော့ဘဲ လှည့်ကြည့်မိ၏။ သည်တော့မှ ဒေါ်မြတ်မွန်က နွေးထွေးစွာ ပြုံးပြရင်း

"သား ဆေးရုံရောက်တော့ လိုတဲ့သွေးက မရှိဘူးလေ၊ ကံကောင်းချင်တော့ ဆေးရုံမှာ သွေးလာလှူကြတဲ့ ဆေးကျောင်းသူအုပ်စုနဲ့ ကြုံလိုက်တာလေ"

"ကျွန်တော့်အတွက် လိုတဲ့သွေးကို လှူပေးတာ ဘယ်သူလဲ ဟင်"

"ဆေးကျောင်းသူလေးတွေထဲက ဆရာဝန်လောင်းမလေး တစ်ယောက်ပဲ သားရဲ့"

မပြည့်စုံသော ဒေါ်မြတ်မွန် အဖြေကြောင့် သူ အလိုမကျစွာ မျက်မှောင်ကုပ်သွားမိသည်။ တကယ်ဆို သူ့ရဲ့အသက်သခင် ကျေးဇူးရှင် သွေးလှူရှင်ရဲ့အမည်နာမလောက်တော့ ဒေါ်မြတ်မွန် သိသင့်ပါသည်။

သူ သတိလစ်ရောဂါသည်းနေတုန်းမှာ ဒေါ်မြတ်မွန်ပဲ အနားမှာ ရှိနေခဲ့တာ ဖြစ်၏။

"ကျွန်တော့်ရဲ့သွေးလှူရှင် နာမည်လေးတော့ အန်တီမြတ်မွန်





ဆမှတ်ထားသင့်တာပေါ့"

"ဟို သားရယ် အန်တီလည်း စိတ်တွေပူပန် စိုးရိမ်စိတ်တွေနဲ့ ထုံနေတော့ မသိလိုက်ဘူး၊ ဟို အဲဒီ ဆရာဝန်လောင်းလေးတွေကလည်း သွေးလှူပြီးတာနဲ့ ပြန်သွားကြတာကွဲ့"

ဒေါ်မြတ်မွန် သူ့ကို ဖြေရှင်းချက်တွေ ပေးနေတုန်းမှာပဲ အခန်းထဲကို ဝင်လာသော ဆရာဝန်လေးက ကုန်နေပြီဖြစ်သော သွေးပုလင်းကို ဖြုတ်ဖို့ လုပ်နေ၏။

"ဩော် ဒေါက်တာ ကျွန်တော့်ရဲ့သွေးလှူရှင် ဘယ်သူလဲဆိုတာ သိနိုင်မလားဟင်"

သူ့အမေးကြောင့် ဆရာဝန်လေးက ပြုံးကြည့်ရင်း

"တကယ်တော့ ထုတ်ပြီးပြီးချင်း သွေးကို ချက်ချင်း သွင်းလေ့ ရှိဘူးခင်ဗျ၊ ကျွန်တော်တို့က လေးဆယ့်ရှစ်နာရီလောက် ထားပြီးမှ သွင်းတာပါ၊ အခုက ဘလက်ဒ်ဘင့်က်မှာ ဘီသွေးက ကုန်နေလို့ ငါ့ညီ အတွက် လိုအပ်တဲ့ ဘီသွေးအလှူရှင် ပေါ်လာတာ အသင့်ဖြစ်သွားတယ်"

ဆရာဝန်လေး ရှင်းပြနေတာကို သူ နားစိုက်ထောင်ရင်း သိချင်တာကို နားစွင့်ထားမိ၏။

"ရောက်လာတဲ့ သွေးလှူရှင် ကိုးယောက်တည်းက ဘီသွေး သမားက တစ်ယောက်တည်းပါတာဗျ၊ ဆေးကျောင်းသူတစ်ယောက်ပဲ၊ နာမည်က လမင်းရောင်စဥ် တဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“နာမည်က မလမင်းရောင်စဉ် တဲ့”

သူ အံ့ဩစွာ ရေရွတ်မိတာကို အသေအချာ မကြားလိုက်ဟု ထင်သွားပုံရကာ ဆရာဝန်လေးက အမည်ကို ထပ်ရေရွတ်ပြနေသည်။

သူကတော့ အန်တီမြတ်မွန် မျက်နှာကို လှမ်းကြည့်မိ၏။ အန်တီမြတ်မွန် မျက်ဝန်းတွေကလည်း သူ့လိုပဲ ဝေဝေဝိုင်ဝိုင် ပြန်ကြည့်နေခဲ့သည်။

“အန်တီတို့ ကြားလိုက်မိသလား မသိဘူး၊ လွန်ခဲ့တဲ့ ဆယ်လလောက်က ဒေါက်တာ နေမင်းရောင်စဉ် ဆိုတဲ့ ဆရာဝန်မလေး ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးခဲ့ဖူးတယ်၊ အဲဒီတုန်းက ကျွန်တော်က နယ်ဆေးရုံမှာ ရောက်နေတာ၊ အခု လမင်းရောင်စဉ် ဆိုတာ ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ ညီမလေးပဲပေါ့”

ဆရာဝန်လေးက အန်တီမြတ်မွန်ကိုပါ ရှင်းပြနေခဲ့သည်။ သူ့ရင်ထဲမှာတော့ ဆန်းကြယ်လှသော တိုက်ဆိုင်မှုအတွက် အံ့ဩမယုံနိုင်စွာ မင်သက်နေခဲ့မိသည်။

တကယ့်ကို ထူးဆန်းလှသော တိုက်ဆိုင်မှုကြီးက မယုံကြည်နိုင်စရာကောင်းလိုက်တာ။

သူ့ရဲ့သွေးလှူရှင်က ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ညီမလေး တဲ့လား။ လမင်းရောင်စဉ် တဲ့လား။

ဆရာဝန်လေးက သွေးပုလင်းခွံကို သယ်ဆောင်ကာ အခန်းထဲက ပြန်ထွက်သွားသည်။ အန်တီမြတ်မွန် ခုတင်နံဘေးမှာ ကျောက်ရုပ်





ရုပ်လိုရပ်ကာ သူ့ကိုကြည့်နေဆဲ။

“အန်တီမြတ်မွန် လ လမင်းရောင်စဉ် ဆိုတာ ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ ညီမလေးတဲ့ ဟုတ် ဟုတ်လား”

“သားရယ် အန်တီလည်း မသိခဲ့ဘူး၊ သားရဲ့ကျေးဇူးရှင် သွေးလှူရှင်မို့ သွားတွေ့ပြီး ကျေးဇူးတင်စကားပြောမှ နာမည်ကိုသိခဲ့ရတာ”

သူ အခုမှပဲ သဘောပေါက်မိတော့သည်။ ဒါကြောင့် သူ မေးတုန်းက အန်တီမြတ်မွန် နာမည်ကို မပြောခဲ့တာ ဖြစ်မည်။

“သူ သူက ကျွန်တော့်ကို သွေးလှူခဲ့တာဆိုတာ သိသွားသလား ဟင် အန်တီမြတ်မွန်”

သူ့အသံတွေ တုန်ယင်လှုပ်ခတ်နေတာ ချောက်ချားစိတ်ကြောင့် ဖြစ်လိမ့်မည်။

“ဟင့်အင်း သူ သိမသွားပါဘူး၊ သူ့နာမည်ကို သိလိုက်တော့ အန်တီတောင် အံ့ဩခဲ့ရတယ်၊ တကယ့်ကို ထူးဆန်းတဲ့တိုက်ဆိုင်မှုပဲ”

“သူ သူ သိသွားခဲ့ရင် ကျွန်တော့်ခန္ဓာကိုယ်ထဲကိုတောင် သူ့ရဲ့ သွေးတွေ ထည့်သွင်းပေးခွင့်ပြုမှာ မဟုတ်ဘူး”

သူ့စကားကြောင့် အန်တီမြတ်မွန် ခေါင်းကိုခါရမ်းသည်။

“မဟုတ်တာ သားရယ် သူလေးက သူလှူတဲ့သွေး တကယ် လိုအပ်တဲ့လူနာဆီရောက်သွားလို့ ဝမ်းသာနေခဲ့တာပါ၊ အန်တီကလည်း ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် ပြောခဲ့ပါတယ်”

သူ ပင့်သက်မောတစ်ချက် ရှိုက်ရင်း ခေါင်းကိုခါမိ၏။ အန်တီ



www.burmeseclassic.com

www.burmeseclassic.com

ခြည်မှန် ဘယ်လိုပဲ နှင်သိမ့်စကားတွေ ဆိုနေပါစေ အမှန်တရားတစ်ခု
သူ ရှေ့သေချာနှုန်းကြည့်နိုင်သည်။

လမင်းရောင်စဉ် ထံမှ ခွင့်လွှတ်မှုတစ်ခုကို သူ ဘယ်တုန်းက
ရခဲ့ပါ။

“ဘာပဲဖြစ်ဖြစ် သူ မသိခဲ့လို့ပါ၊ သူ သိခဲ့ရင် ကျွန်တော့်
လှူခဲ့တဲ့ သွေးအတွက် နောင်တရနေမှာပါ”

“သား သျှင်လေး ဘာတွေပြောနေတာလဲ၊ လမင်းရောင်စဉ်
က ဆရာဝန်လောင်းတစ်ယောက်ပါ၊ သားထင်နေသလို သူ့စိတ်က မ
ထန်လောက်ပါဘူးကွယ်”

သူ ခေါင်းကို ခါရမ်းရင်း မျက်ဝန်းတွေကို မှိတ်ထားလိုက်
ပါသည်။ အာရုံထဲကို မဖိတ်ခေါ်ဘဲ ဝင်ရောက်လာခဲ့တာ မဝေးသော
အတိတ်က အရိပ်တွေ။

ထိုအတိတ်ဆိုးကြီးအောက်မှာပဲ လူတွေ၏ အမုန်းတွေကို
ခံယူခဲ့ရသည်။ အထူးသဖြင့် လမင်းရောင်စဉ်ရဲ့ အမုန်းတွေ။

အခုတော့ သူ့ကိုမုန်းတီးနေသော လမင်းရောင်စဉ်ရဲ့သွေး
က သူ့ခန္ဓာကိုယ်ထဲမှာ လည်ပတ်ရှင်သန်နေခဲ့ပြီ။

ကံကြမ္မာက မယုံကြည်နိုင်စရာကောင်းလောက်အောင် ဆ
ကြယ်လွန်းလိုက်တာ။

■ ■ ■



## အခန်း (၃)

မင်း မျှော်လင့်နေသော ဖင်မာ၏ကားလေးကို လမ်းထဲဝင်လာ
တည်းက လှမ်းမြင်နေရသည်။

ဝရန်တာလေးကရပ်ရင်း မင်း ရင်တွေလှုပ်ခတ်စွာ ကြည့်နေ
နေမှာ ဖင်မာ၏ ပရာဒိုကားလေးက တိုက်ခန်းတွေရှေ့ ပလက်ဖောင်း
ရပ်တန့်သွားခဲ့သည်။

သည်တော့မှ မင်း ဝရန်တာလေးကခွာကာ အခန်းထဲဝင်ခဲ့
လိုက်သည်။ ရင်မှာ သိချင်လွန်းနေသော အဖြေတစ်ခုအတွက် စိတ်က
လှုပ်မောပမ်းနေခဲ့တာတော့ သေချာသည်။

အခန်းတံခါးဝလေးက ရပ်တန့်ကာ လေးလွှာရှိ မင်း အခန်းဆီ
ရောက်လာမည့် ဖင်မာကို စောင့်မျှော်ရသော မိနစ်ပိုင်းလေးသည်ပင်
ကြာလွန်းသည် ထင်မိ၏။

www.burmeseclassic.com



မြောလိုက်ပါ ခင်းခံတိုက်ခန်းရှေ့တံခါးဝလေးသို့ ဖင်မာ ရောက်လာခဲ့သည်။

ညက်ကြည်လင်နေသော မျက်နှာလေးနှင့် လိုက်ဖက်သော ကြည်ပြာရောင် ဝတ်စုံလေးနှင့် ဖင်မာ လှနေသည်။

"နှင် ငါ့ကို မျှော်နေတာလား အမင်း"

အပြုံးလေးနှင့် ဖင်မာမေးသည်ကို မင်း ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဖြစ်ဘဲ ဖင်မာ မျက်နှာကို အကဲခတ်ကြည့်မိသည်။

ဖင်မာ အပြုံးတွေက အေးစက်နေသည်ဟု ထင်မိ၏။ ခါတိုင်းနှင့်မတူသော ဖင်မာအသွင်ကို အကဲခတ်ကြည့်ရှုံနှင့် မင်း သိချင်လွှန်းသော အဖြေကို သိလိုက်မိသလို ရှိသည်။

ဖွင့်ထားသော အခန်းတံခါးမှ လှမ်းဝင်ကာ ဖင်မာ ညှော်ခန်းက ဆိုဖာထိုင်ခုံလေးဆီ လျှောက်သွားကာ ထိုင်သည်။

ဖင်မာ အရိပ်ကို ကြည့်ရင်း မင်း နေရာမှာပဲ မတ်တပ်လေး ရပ်နေမိဆဲ။ စိတ် အာရုံတွေကတော့ မွန်းကြပ်လာတာ အမှန်။

"လာလေ အမင်း ထိုင်လေဟာ"

ဖင်မာ သတိပေးမှ မင်း ဖင်မာရှိရာသို့ လျှောက်ခဲ့ကာ မျက်နှာချင်းဆိုင် ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိ၏။

ဖင်မာ မျက်ဝန်းဝိုင်းစက်စက်လေးတွေက မင်း မျက်နှာကို တိတ်ဆိတ်စွာ စိုက်ကြည့်နေရင်း ပင့်သက်လေးရှိုက်လိုက်တာကို သတိထားမိသည်။ သေချာပါသည်။





ဖင်မာ ပြောမလာခင်ကတည်းက သေချာသောအဖြေကို မင်း သိနေသလို ခံစားလိုက်မိ၏။

"အမင်း ငါ ပြောမယ့်စကားတွေကို နှင် ကြိုသိလောက်ပြီပေါ့"

ဖင်မာဆိုတော့ မင်း အံကို တင်းခနဲကြိတ်ရင်း မဲ့မဲ့လေး ပြုံးမိ၏။ ကြိုတင် မျှော်လင့်ထားပြီးဖြစ်ပေမယ့် သေချာပြီဟု သိလိုက်ရချိန်မှာ စိတ်ထဲက ခံရခက်ခက် ဖြစ်ရတာတော့ အမှန်ဖြစ်၏။

"နှင် စုံစမ်းခိုင်းထားတဲ့အတိုင်း ငါကိုယ်တိုင် ဆေးရုံကို သွားစုံစမ်းကြည့်တယ် အမင်း။ နှင်သွေးလှူခဲ့တဲ့သူက သျှင်ခေတ်သစ် အမှန်ပဲ"

ဆေးရုံမှာ သွေးလှူဖြစ်သည့်နေ့က ဖင်မာ မပါခဲ့ပါ။ အိခင်ကြောင့် သိခဲ့ရသော အကြောင်းရင်းအမှန်ကို တိကျသေချာစွာ သိလိုတာကြောင့် မင်း ဖင်မာကို သေချာစွာ စုံစမ်းခိုင်းခဲ့တာ ဖြစ်သည်။

ထင်တော့ ထင်ပါသည်။ သျှင်ခေတ်သစ် ဆိုသော ယောက်ျားသည် သူမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။ လွဲချော်ပါစေဟု တောင်းဆိုခဲ့သော ဆုတောင်းသည်လည်း မပြည့်ဝခဲ့ပါ။

"အမင်း နှင် ခံရခက်ခက် ဖြစ်နေသလား၊ နှင် လှူခဲ့တဲ့ သွေးတွေအတွက် နှင် နောင်တတွေရနေသလား"

ဖင်မာ မေးလာတော့ မင်း မချိပြုံးလေး ပြုံးမိသည်။ ဆိုးရွားလှသော ကံကြမ္မာ၏တိုက်ဆိုင်မှုအတွက် ရင်မှာ ခံရခက်ခက် ဖြစ်မိတာတော့ အမှန်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းရဲ့ မြင့်မြတ်ဖြူစင်သော အလှူဒါနအတွက်တော့ အသိသတိဖြင့် ဆင်ခြင်ထိန်းချုပ်ဖို့ ကြိုးစားပြီးခဲ့ပြီ။

''တကယ်တမ်း ပြောရရင် ကံကြမ္မာရဲ့တိုက်ဆိုင်မှုအတွက် ဒေါသစိတ်ဖြစ်မိတာတော့ အမှန်ပဲ ဇင်မာ၊ ဒါပေမဲ့ ငါ သွေးလှူခဲ့တာ ဘယ်သူဘယ်ဝါအတွက်ဆိုပြီး ရည်ရွယ်ထားခဲ့တာမှ မဟုတ်တဲ့၊ ငါ လှူတဲ့သွေးတွေက ငါ အမုန်းဆုံးသူခန္ဓာကိုယ်ထဲ ရောက်သွားတာတော့ မတတ်နိုင်ဘူးပေါ့ဟာ၊ ခံစားချက်နဲ့ ပြောရရင် မကြိုက်ဘူးဆိုပေမယ့် ငါလှူခဲ့တဲ့သွေးအလှူဒါနအတွက် နောင်တစိတ်တွေ မထားချင်ပါဘူး။ ဆရာဝန်တစ်ယောက် မဖြစ်သေးပေမယ့် ဆရာဝန်စိတ်မွေးရမှာပေါ့။ ချစ်သူ မုန်းသူ ခွဲခြားနေလို့ မဖြစ်ဘူးပေါ့ ဇင်မာရယ်''

မင်း စကားဆုံးတော့ ဇင်မာ ပင့်သက်လေးရှိုက် ခေါင်းလေး ညိတ်သည်။

''အင်း နင့်ရဲ့စိတ်ထားက နင့်အစ်မလိုပဲ ဖြူစင်မြင့်မြတ်တယ် အမင်း။ ငါက ဒီတိုက်ဆိုင်မှုအတွက် နင် တော်တော်ခံပြင်းနေမယ် ထင်နေတာ''

''နင်ကော သူ့မျက်နှာကို မြင်လိုက်တော့ ဒေါသတွေ အမုန်းတွေဖြစ်ခဲ့သေးသလား ဇင်မာ''

''အမှန်ပြောရရင် ငါ့ရင်ထဲမှာ သူနဲ့ပတ်သက်သမျှ အားလုံး မေ့ပစ်နိုင်ခဲ့ပြီ''

''သေချာရဲ့လား ဇင်မာ၊ နင် သူ့ကို သိပ်ချစ်ခဲ့တာ ငါသိပါ





တယ်''

ဇင်မာ နှုတ်ခမ်းလေးတွေ မပွင့်တပွင့်ပြုံးရင်း ဆိုဖာထိုင်ခုံမှာ ကျောလေးမှီထိုင်သည်။

''ငါချစ်ခဲ့တာ မှန်ပေမယ့် သူက ငါ့ကိုချစ်ခဲ့တာ မဟုတ်ဘူးလေ၊ အဲဒီအချိန်တုန်းက ငါ ခံစားရတာ မှန်ပေမယ့် အခုချိန်မှာတော့ ရင့်ကျက်သွားခဲ့ပါပြီ''

ဇင်မာ တကယ်ပဲ ရင့်ကျက်သွားခဲ့သည်လား။ တစ်ချိန်တုန်းက ချစ်ခဲ့သော ယောကျ်ားတစ်ယောက်အပေါ်မှာ ဇင်မာ နှလုံးသားက မေ့ပစ်နိုင်တာ သေချာရဲ့လား မင်း မသိပါ။

သေချာသည်က သျှင်ခေတ်သစ် ဆိုသော ယောကျ်ားတစ်ယောက်ကို မင်း ရင်ထဲက ခါးသီးစွာ မုန်းသည်။ နာကြည်းသည်။ အမည်ကို ကြားရုံနှင့် တူးတူးခါးခါး မုန်းခဲ့တာ ဖြစ်သည်။

ထိုအမုန်းတရားကလည်း မင်း ရင်ထဲမှာ ခိုင်မြဲစွာ နှောင်တွယ်ခဲ့တာပဲဖြစ်သည်။

''အမင်း ဆေးရုံမှာတုန်းက နင် သူ့ကိုသွားမကြည့်ခဲ့တာ တော်သေးတယ်၊ နင် သူ့ကိုတွေ့ပြီး သျှင်ခေတ်သစ် ဆိုတာ သိသွားရင် နင် တော်တော် ခံစားရမှာ သေချာတယ်''

ဇင်မာ စကားကို မင်း လက်ခံခေါင်းညိတ်မိပါသည်။ ဆေးရုံတုန်းက မင်း သွားမကြည့်ဖြစ်ခဲ့တာကိုပဲ ကျေးဇူးတင်ကျေနပ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖင်မာ ငါ သိပ်မုန်းတဲ့ လူတစ်ယောက်မျက်နှာကို ငါ မြင်ခဲ့ရင် သော်တော်ခံရခက်မှာ၊ ပြီးတော့ အဲဒီလူကို ငါ့သွေးလှူခဲ့တာ ဆိုတော့ စိတ်ချုပ်ထိန်းနိုင်မှာ မဟုတ်ဘူး"

"သူ့ရဲ့မိထွေးကိုတော့ နင် မြင်ဖူးလိုက်မှာပေါ့"

"သွေးလှူပြီး ငါ နားနေတဲ့အခန်းအထိ သူ ကျေးဇူးတင်စကား လာပြောလို့ အသေအချာ မြင်ခဲ့ရတယ်၊ သျှင်ခေတ်သစ်ရဲ့မိထွေးလို့ ငါ တကယ်မသိခဲ့ဘူး"

"အဲဒီ မိန်းမကြီးကတော့ နင့်ကို သိသွားမှာပါ"

"အင်း ငါ့နာမည် ပြောလိုက်တဲ့အချိန်မှာ သူ့မျက်နှာပေါ်က ပြောင်းလဲသွားတဲ့ အမူအရာကိုတော့ပြန်မှတ်မိနေတုန်းပဲ၊ ဒါပေမဲ့ အဲ အချိန်တုန်းက နည်းနည်း ထူးဆန်းနေတဲ့ ငါ့နာမည်ကြောင့်လို့ ရိုး သားသား ထင်ခဲ့တာလေ၊ နောက်မှ စဉ်းစားမိတာ ဒီမိန်းမကြီး ငါ့ ကောင်းကောင်းသိသွားခဲ့လို့ ခပ်သုတ်သုတ် နှုတ်ဆက်ထွက်သွားတာပဲ

ဆေးရုံမှာတုန်းက မင်း ရှေ့မှောက်အထိ ရောက်ရှိလာ ကျေးဇူးတင်စကားတွေ ဆိုသွားသော မိန်းမကြီးမျက်နှာကို ပြန်မြင်ယော မိ၏။

သျှင်ခေတ်သစ်ရဲ့ မိထွေးတဲ့လား။ တစ်ကြိမ်မြင်ရုံနှင့် မှတ် လောက်အောင် ကျက်သရေရှိသော မျက်နှာကို အာရုံထဲမှာ မှတ်မိနေ

"အဲဒီဘွားတော်ကိုတော့ လေးစားတယ်၊ သျှင်ခေတ်သစ် မိထွေးဆိုတဲ့အမြင်နဲ့ အမြဲတမ်း အမြင်မကြည်ခဲ့တာလေ၊ ဒါပေမဲ့ ဘွား





တော်က သားအရင်းလို ဂရုစိုက်တာ"

သျှင်ခေတ်သစ်နှင့်တစ်စိတ်တစ်ပိုင်း ပတ်သက်ခဲ့ဖူးသော ဖင်မာ က ပြန်ပြောပြနေ၏။

"ပြောရရင် ဝဋ်တစ်ခုပဲ၊ အခုပဲကြည့် သလက်ဆီးမီးယား ရောဂါသည်ရဲ့ဒုက္ခတွေကို ဒီဘွားတော် လည်စင်းခံနေရပြီလေ"

မိခင်ရင်းမဟုတ်ပါဘဲ သျှင်ခေတ်သစ်အတွက် စိုးရိမ်ပူပန်နေ ရရှာမည့် မိထွေးတော် ခံစားချက်ကို မင်း တွေးကြည့်လို့ရပါသည်။

ပြီးတော့ ဖျတ်ခနဲ သတိရလိုက်မိတာ မမနေမင်းကိုဖြစ်သည်။ ပညာထူးချွန်သော ထက်မြက်သော မမနေမင်းသည် သျှင်ခေတ်သစ် ခံစားနေရသော ရောဂါကို သုတေသနပြု လေ့လာခဲ့သူ။

"အင်း မမနေမင်းသာ ရှိရင် ဒီနတ်ဆိုးလေးရဲ့အသက်ရှင်မှုကို အများကြီးဆွဲဆန့်ထားနိုင်မှာ သေချာတယ်"

ဖင်မာကလည်း မင်း လိုပဲ မမနေမင်းကို သတိရသွားခဲ့သည် ထင်၏။ သျှင်ခေတ်သစ်ကို ရည်ညွှန်းကာ ဆိုသောစကားကြောင့် မင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။

အတိတ်ကို အသစ်ပြန်ဖြစ်တည်စေသော စကားတွေ ကြားရ တိုင်း မမနေမင်းကို ပြန်သတိရခံစားရစေသည်။

"မမ အသက်ရှိထင်ရှားရှိနေသေးရင် လောကကြီးအတွက် တန်ဖိုး ရှိနေမှာ သေချာတယ် ဖင်မာ၊ သျှင်ခေတ်သစ်အတွက်တင် မကပါဘူး သလက်ဆီးမီးယား ရောဂါသည်တွေအတွက် မမပြုစုခဲ့တဲ့



www.burmeseclassic.com

ဆေးသုတေသနလုပ်ငန်းတွေက အကျိုးရှိမှာပါ၊ အဲဒီအတွက် သျှင်ခေတ်သစ်အပေါ်မှာ ငါ အမုန်းစိတ်တွေ မထားချင်ပါဘူး၊ ဆရာဝန်တစ်ယောက်ရဲ့ မြင့်မြတ်တဲ့စိတ်ပဲ ထားနိုင်အောင် ကြိုးစားမှာပါ''

''အမင်း နင့်စိတ်ထားကို ငါ လေးစားပါတယ်၊ နင်ကလည်း မမနေမင်းလို ခွင့်လွှတ်နိုင်တဲ့စိတ် ကြီးမားတယ်''

''ဟင့်အင်း မထင်နဲ့ ဇင်မာ၊ မမလောက်တော့ ငါ့စိတ်က မပျော့ပျောင်းဘူး၊ သျှင်ခေတ်သစ် ဆိုတဲ့ ယောက်ျားနဲ့ မျက်နှာချင်းဆိုင်ဆုံမိရင် သူ့လည်ပင်းကို ငါ ထညှစ်ပစ်ဖို့ ဝန်မလေးတဲ့စိတ်တွေ ရှိနေတုန်းပဲ၊ သူနဲ့ထိပ်တိုက်ဆုံခွင့်မပေးတဲ့ ကံကြမ္မာကို ငါ ကျေးဇူးတင်တယ်''

လမင်း ရင်ထဲက ခံစားချက်တွေကို ဇင်မာ နားလည်စာနာနိုင်ပါသည်။

တကယ်ဆို သျှင်ခေတ်သစ် ဆိုသော ယောက်ျားသည် လမင်းတို့ညီအစ်မအတွက် မာန်နတ်ဆိုးတစ်ကောင် ဖြစ်ခဲ့၏။

မမနေမင်းရောင်စဉ် သေဆုံးခဲ့ရတာ သျှင်ခေတ်သစ်ကြောင့်ဟု ယတိပြတ် မပြောနိုင်ပေမယ့် သျှင်ခေတ်သစ် ပယောဂမကင်းတာတော့ အမှန်ပဲဖြစ်သည်။

လမင်း ရင်ထဲမှာလည်း ထိုစွဲမြဲစိတ်ကြီးနှင့် နာကျင်မုန်းတီးခဲ့သည်။

ကံကြမ္မာက အခုတစ်ခါ သျှင်ခေတ်သစ်အတွက် လမင်းရောင်စဉ်ရဲ့ သွေးတွေကို ပေးဆပ်စေခဲ့ပြန်၏။





လမင်း ခံစားနေရသော ခံစားချက်များစွာအတွက်တော့ ဇင်မာ ခေါင်းညိတ်ထောက်ခံပေးချင်သည်။

သျှင်ခေတ်သစ် ဆိုသော ယောက်ျားက ဖြူစင် ကောင်းမွန်ခဲ့သော ယောက်ျားတစ်ယောက်မှ မဟုတ်ခဲ့ဘဲလေ။

■ ■ ■



www.burmeseclassic.com

## အခန်း (၄)

သူ ဆေးရုံက ဆင်းခဲ့တော့ အန်တီ ဒေါ်မြတ်မွန်က အနားမှာ ဂရုတစိုက် ပြုစုစောင့်ရှောက်သည်။ ဆေးရုံမှာရှိစဉ်တုန်းကလည်း သူ့ အနားမှာ အစဉ်ရှိနေခဲ့သော အန်တီမြတ်မွန်ရဲ့ အလေးထားမှုတွေကိုတော့ သူ ဂရုမပြုဘဲ မနေနိုင်ခဲ့ပါ။

ဟိုးအရင်တုန်းက ပေခဲ့ တေခဲ့တာတွေကို နောင်တရစိတ်နှင့် အတူ အန်တီဒေါ်မြတ်မွန်အပေါ် သူ ဆိုးခဲ့ ရိုင်းခဲ့တာတွေအတွက်လည်း နောင်တရ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

"သား သျှင်လေး ဆေးသောက်ရဦးမယ်လေ"

ဒရင်းဘက်ပေါ်မှာ ထိုင်နေသော သူ့အနားကို ဒေါ်မြတ်မွန် ရေဖန်ခွက်ကလေးကိုင်ရင်း ရောက်လာကာ သတိပေး၏။





သူ ရေဖန်ခွက်လေးကို လှမ်းယူတော့ အန်တီမြတ်မွန်က သောက်ရမည့်ဆေးတွေကို လက်ဖဝါးထဲထည့်ပေးသည်။

ဆေးလက်တစ်ဆုပ်နီးပါးကို ရေတစ်ဖန်ခွက်နှင့် သူ မျောချ သောက်ပြီးတော့ ဖန်ခွက်လေးကို ပြန်ကမ်းပေးမိ၏။

"သား ရေသောက်ဦးမလား"

"ရပြီ အန်တီမြတ်မွန်"

သူ့အနားက ပြန်ထွက်မသွားဘဲ ဒရင်းဘက်လေးနံဘေးက ထိုင်ခုံပုလေးမှာ အန်တီမြတ်မွန် ဝင်ထိုင်၏။

"သျှင်လေး အဆစ်အမြစ်တွေ ကိုက်ခဲနေသေးသလား၊ အန်တီ ရေနွေးအိတ်ကပ်ပေးမယ်လေ"

"နေပါစေ အန်တီ ကျွန်တော် သက်သာပါတယ်"

ဒရင်းဘက်လေးမှာ ပြန်မှီထိုင်နေသော သူ့ကို အန်တီမြတ်မွန် က ကရုဏာမျက်ဝန်းလေးတွေနှင့် ငေးစိုက်ကြည့်နေရင်း ပြုံးပြသည်။

"သား သျှင်လေး ဘာမှအားမငယ်နဲ့နော်၊ ဆရာဝန်ကြီးတွေက ဘာမှစိုးရိမ်စရာမရှိဘူးလို့ ပြောခဲ့တာ သားလည်း ကြားတာပဲလေ၊ ပုံမှန် ဆေးထိုး ဆေးစားလိုက်ရင် သား ဝေဒနာက သက်သာပျောက်ကင်း မှာပါ"

အန်တီမြတ်မွန် အားပေးစကားတွေ ဆိုနေမှန်း သူ နားလည် သည်။ ဟိုးငယ်စဉ်ကတည်းက အဆစ်အမြစ်တွေ ကိုက်ခဲနာကျင်သော ဝေဒနာရောဂါကို သူ မကြာခဏ ခံစားခဲ့ရဖူးသည်။

www.burmeseclassic.com



အဲဒီနေ့က သူ မေ့မျောသွားခဲ့သည်။ ဆေးသောက်လိုက်လျှင် နာကျင်ကိုက်ခဲမှုတွေ ပျောက်သွားတတ်၏။

သည်လို လျစ်လျူရှုခဲ့သော ရောဂါကြီးရဲ့အဖြေကို သူ့အသက် နှစ်ဆယ်ကျော်မှပဲ သိခဲ့ရတာဖြစ်သည်။

မှတ်မှတ်ရရ ထိုမနက်က သူငယ်ချင်းတွေနှင့် ချိန်းထားသည့် နေရာကိုသွားဖို့ အိမ်ကအထွက်မှာပဲ သူ သတိလစ်လဲကျသွားခဲ့၏။

အန်တီမြတ်မွန်၏စိုးရိမ်တကြီး အော်သံကို ကြားလိုက်သည့် နောက်ပိုင်း သူ ဘာမှမသိလိုက်ခဲ့ပါ။

သူ သတိရတော့ ဆေးရုံပေါ်ရောက်နေခဲ့ပြီး သူ့အတွက် အရေး ပေါ်လိုသောသွေးကို သွင်းခဲ့ရသည်ဟု သိရ၏။

ထိုသွေးရဲ့အလှူရှင်က ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ညီး လမင်းရောင်စဉ်ဟု သိလိုက်ရခြင်းကလည်း သူ့ကို မယုံနိုင်အောင် တုန် လှုပ်စေခဲ့သည်။

ထို့နောက်ပိုင်းမှာတော့ ဆရာဝန်ကြီးတွေ၏ဆေးစစ်ချက်တွေ ကြောင့် သလက်ဆီးမီးယား ရောဂါရှိနေမှန်း သိခဲ့ရတာဖြစ်သည်။

"ဒီအသက်အရွယ်ရောက်မှ ရောဂါလက္ခဏာပြတာဆိုတော့ သိပ်စိုးရိမ်ထိတ်လန့်စရာ မရှိပါဘူး။ ရောဂါပျော့ပါသေးတယ်၊ ဆေးဝါးတွေ ကို ပုံမှန်သောက်ပြီး သက်သာအောင် ဂရုစိုက်ဖို့ပဲ လိုအပ်ပါတယ်"

ပါရဂူကြီးတွေ ပေးသော မှတ်ချက်ကိုလည်း သူ ကြားခဲ့ရ၏ ထိုစဉ်တုန်းက သူ့အတွက် စိုးရိမ်မျက်ရည်လေးတွေ ဝဲနေသော အန်တီ





မြတ်မွန်ရဲ့မျက်ဝန်းတွေကို တွေ့ခဲ့၏။

အခုလည်း သူ့ကို အရိပ်လို ဂရုစိုက်နေသော အန်တီမြတ်မွန် ကို သူ သနားမိ၏။

"သား ဘာစားချင်သလဲ ပြောနော်၊ အန်တီ စီစဉ်ပေးမယ်"

အတွေးတွေက အန်တီမြတ်မွန် စကားကြောင့် ပစ္စုပ္ပန်အခြေ အနေထဲကို ပြန်ရောက်လာရပြန်ပါသည်။

"ရတယ် အန်တီ၊ အဆင်ပြေတာပဲလုပ်ပါ၊ ကျွန်တော့်အတွက် အပင်ပန်းမခံပါနဲ့"

"ဩော် သားရယ် အန်တီ မပင်ပန်းပါဘူးကွယ်"

ဆေးရုံမှာ နေခဲ့ရသော နှစ်ပတ်တာ ကာလလုံးလုံး အန်တီ မြတ်မွန် ဘယ်လောက်ပင်ပန်းစိတ်သောကပွေခဲ့သည်ကို ချောင်ကျသွား သော မျက်နှာက သက်သေခံနေခဲ့သည်။

"ဆေးရုံပေါ်မှာ အန်တီ ဘယ်လောက်ပင်ပန်းခဲ့တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

"မဟုတ်တာ သားရယ်၊ အန်တီတို့မှာ ဒီသားအမိ အဲ ဒီနှစ် ယောက်ပဲ အတူရှိကြတာလေ"

နှုတ်က ယောင်ယမ်းထွက်သွားသော သားအမိဆိုသော စကား အတွက် အန်တီမြတ်မွန် ကသောကမျောလေး ပြန်ပြောင်းပြော၏။

အရင်ကစိတ်အတိုင်းဆိုလျှင် အန်တီမြတ်မွန်ကို သူ နာကျင် နာကြည်းသွားအောင် ပက်ခနဲ ပြန်ပြောပစ်လိုက်မိမှာ သေချာ၏။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာတော့ သူ မပြောရက်ပါ။

"သား ခဏမှေးနေလိုက်ဦးနော်၊ အန်တီ သားသောက်ဖို့ မြူစွမ်လေး ကိုယ်တိုင်သွားစီစဉ်လိုက်ဦးမယ်"

သူ့ကိုပြောကာ အန်တီမြတ်မွန် အခန်းထဲက ထွက်သွားတော့ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

စိတ်အာရုံတွေက အိပ်စက်ခြင်းကို လက်မခံချင်ပေမယ့်လည်း သောက်ထားသော ဆေးအရှိန်တွေက လူကို နုံးချိုမှုဝေစေ၏။

ဒရင်းဘက်မှာ အသာမှီလှဲရင်း မျက်ဝန်းတွေကို မှေးမှိတ်ထားလိုက်မိ၏။

အာရုံထဲမှာ အရိပ်ထင်လာတာ လောကကြီးထဲမှာ မရှိတော့သော ဖေဖေ့ရဲ့မျက်နှာ။

ဖေဖေ ဆုံးပါးခဲ့တာပဲ သုံးနှစ်ကျော်ခဲ့ပြီ။ ဒါပေမဲ့ ဖေဖေ့ရဲ့နောက်ဆုံးအချိန်အထိ သူ ဖေဖေ့အပေါ်မှာ စာနာနားလည်မှု မပေးခဲ့ပါ။

ထို့အတွက် ဘယ်သောအခါမှ နောင်တမရဖူးခဲ့ပေမယ့် အခုချိန်မှာတော့ သူ နောင်တမျက်ရည်ဝဲချင်မိသည်။

ဖေဖေ့ရဲ့အနှိုင်းမဲ့မေတ္တာတွေ သူ့အပေါ် ကြီးမားခဲ့တာ မငြင်းနိုင်ခဲ့ပါ။

■ ■ ■

သူ့အသက် ငါးနှစ်ကျော်မှာပဲ မေမေ ဆုံးပါးသည်။ ငယ်ရွယ်





သွယ်မှာပဲ အမိမဲ့သားဘဝ ရောက်ခဲ့သောသူ့ကို ဖေဖေက လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့သည်။

စီးပွားရေးလုပ်ငန်းတွေကတစ်ဖက် သူ့ကိုပါ ဂရုစိုက်စောင့်ရှောက်ရသော အလုပ်တွေကတစ်ဖက်နှင့် ဖေဖေ ချာလည်နေခဲ့တာတော့ အမှန်ပဲဖြစ်သည်။

သူ့ကို ပြုစုစောင့်ရှောက်နိုင်ဖို့အတွက် ဖေဖေက အိမ်ဖော် ...ယောက် ငှားထားခဲ့သည်။ ထမင်းချက် ဒေါ်ကြင်နှင့် မနှင်းဆိုသော ...ကလေးတစ်ယောက်ပါ ခေါ်ထား၏။

သူ့ရဲ့ကျောင်းကြိုပို့ကိစ္စအတွက်လည်း ဒရိုင်ဘာ ဦးသောင်းစံ ... တာဝန်ပေးထားသည်။

ဘာမှလိုလေသေးမရှိအောင် ဖေဖေ စီမံပေးထားခဲ့သလို အား ...သည့်ရက်တွေမှာလည်း သူ့ကို ဂရုတစိုက် ရှိခဲ့သည်။

သို့ပေမယ့် သူ ရှစ်နှစ်သားမှာ ရေချိုးမှားကာ အဖျားကြီးဖျား ... ဖေဖေ စိုးရိမ်ပူပန်သွားခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ ဒေါ်ကြင်ရာ၊ မနက်ကပဲ အကောင်းကြီး ... အခုတော့ အဖျားက တစ်ရှော့ငါးတောင် ရှိနေတယ်"

"ဟို ဟို နေ့လယ်က မိုးရွာတော့ သျှင်လေးက မိုးရေချိုးချင် ...ဆိုလို့ မနှင်းကို ချိုးခိုင်းလိုက်တာပါ"

ဒေါ်ကြင်က သူ့ဆီဦးတည်လာသောမြားဦးကို မနှင်းဘက် ပုတ် ...သည်။ မနှင်းက စိုးရိမ်ထိတ်လန့်နေသော မျက်နှာလေးနှင့် ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



"သျှင်လေး ခြံထဲမှာ မိုးရေဆင်းချိုးတယ်၊ ကျွန်မ အသေအ
ချာ ဆောင့်ကြည့်ပါတယ်၊ ခဏချိုးပြီး ပြန်ခေါ်တော့ သျှင်လေးက ခေါ်မ
ဘူး ခြံထဲပတ်ပြေးနေလို့ ကျွန်မ မိုးရေဖထဲတောင် ဆင်းခေါ်ပါတယ်
မနည်း ချော့မော့ပြီး အိမ်ထဲဝင်နိုင်းရတယ်"

"ဟား မိုးရေစိမ်ချိုးမှတော့ ဖျားပြီပေါ့၊ အဖျားသွေးက ကလေ
နဲ့တောင်မမျှဘူးလို့ ဆရာဝန်ကပြောတယ်၊ အဆုတ်ထဲရေဝင်ပြီး နမိုး
ယား ဖြစ်တတ်တယ်"

သူ့အတွက် ဖေဖေ စိတ်ပူသွားခဲ့တာ သေချာပါသည်။ ယ
လွန်းသေးသော သားသမီးတစ်ယောက်အတွက် မိခင်တစ်ဦးရဲ့ နွေးထွေ
သော မေတ္တာတရားသည် လိုအပ်မှုတစ်ခုဟု ဖေဖေ နားလည်သွားခဲ့သည
ထင်ပါသည်။

သူ့ကို အရိပ်လိုစောင့်ကြည့်ဖို့ဆိုတာ စီးပွားရေးလုပ်ငန်းဖေ
တစ်ဖက်နှင့် ဖေဖေ့အတွက် မလွယ်ပါ။

ဒေါ်ကြင်တို့မနှင်းတို့ဆိုတာလည်း တကယ်တမ်းကျ အလိုလို
ခံစားရသော သူ့ကို နိုင်နင်းအောင် ထိန်းသိမ်းဖို့ဆိုတာ မဖြစ်နိုင်ခဲ့

"သျှင်လေးကို မနှင်းလေး မနိုင်နင်းဘူး မောင်နိုင်သစ်၊ မ
ကလည်း ဆရာမစာသင်ချိန်မှာ ဗိုက်နာတယ်ဆိုပြီး အခန်းထဲဝင်အိပ်
တယ်၊ ဘယ်လိုမှ ချော့မော့ခေါ်လို့မရလို့ ဆရာမလည်း လက်လျှော
ပြန်သွားရတယ်"





"အင်း သားကိုတော့ ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူး
ဒေါ်ကြင်၊ အလိုလိုက်ထားတော့ သားက ဆိုးချင်တာ ကျွန်တော် သိတယ်"

သူ့အနာဂတ်အတွက် ဖေဖေ အလေးအနက် စဉ်းစားဆုံးဖြတ်
ခဲ့တာဟု ထိုစဉ်က သူ မသိခဲ့ပါ။

ဒေါ်ခင်မြတ်မွန် ဆိုသော မိန်းမကြီးကို ဖေဖေ လက်ထပ်လိုက်
ခြင်းအတွက် သူ ဝမ်းနည်းမိသည်။

"သား ဒီက အန်တီက သားရဲ့မေမေနော်"

"ဟင့်အင်း မဟုတ်ဘူး ဖေဖေ၊ သားမေမေက သေသွားပြီလေ၊
သားတို့ဆီ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလို့ ဖေဖေပဲ ပြောခဲ့တာ
လေ"

"အဟင်း အခု မွန်မွန်က သားအနားကို သားလေးရဲ့မေမေ
အဖြစ် ကိုယ်စားရောက်လာတာလေကွာ"

"ဟုတ်ပါတယ် သားလေးရဲ့၊ အန်တီကလေ သားကိုမြင်က
တည်းက သားအရင်းလို ချစ်တာပါကွယ်"

"ဟင့်အင်း သားကတော့ မချစ်ပါဘူး"

"ဟာ သား ဒီလို မပြောရဘူးလေ"

"သူက သားမေမေမှမဟုတ်တဲ့၊ ကြီးကြင် ပြောပြတဲ့ပုံပြင်ထဲက
မွေးကြီး"

"ဟာ သား အဲဒီလို မပြောရဘူး"

ဖေဖေ သူ့ကို မအော်စဖူး အော်သည်။ ဒေါ်ခင်မြတ်မွန်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးကိုလည်း မျက်စိပျက်မျက်နှာပျက်ကြည့်ရင်း

"မွန်မွန် စိတ်မရှိပါနဲ့ကွာ၊ ကိုကြီး တောင်းပန်ပါတယ်"

"ရပါတယ် ကိုကြီး၊ မွန် နားလည်နိုင်ပါတယ်၊ နောက်ကျရင် သားနဲ့မွန့်ကြားမှာ နားလည်သွားမှာပါ"

ဒေါ်ခင်မြတ်မွန် ယုံကြည်ခဲ့သည်လား။ သူကတော့ မိထွေးဆို သော အသိကြီးနှင့် အမြဲမုန်းခဲ့သည်။

ဖေဖေ့ကို ချစ်သောစိတ်တို့သည်လည်း ထိုမိန်းမကြီးကို မုန်းတီး စိတ်တို့နှင့် သူ လျော့ပါးခဲ့ရ၏။

"အဲဒီမိန်းမက ဦးနိုင်သစ်ရဲ့နောက်မိန်းမလေ၊ သျှင်ခေတ်သစ် လေးရဲ့မိထွေးပေါ့"

"ကောင်လေးကိုတော့ ချစ်ခင်တဲ့ပုံရှိသားပဲ"

"အမလေး မထင်ပါဘူးရှင် မိထွေးဆိုတာ မိထွေးပဲလေ၊ အ ပိုင်းမို့ ဟန်ဆောင်ကောင်းနေတာ၊ ကြာရင် မိထွေးစိတ်က ပေါ်လာမှာပဲ"

"အင်းနော် ကျွန်မသားသမီးတွေကို မိထွေးနဲ့ထားရစ်ခဲ့ရမှာ သိပ်ကြောက်တယ်"

ပတ်ဝန်းကျင်က စကားတွေကို သူ ကြားရတိုင်း ဒေါ်ခင်မြတ် မွန်ကို သူ ပိုလို့မုန်းတီးခဲ့ရ၏။

"သား ဖေဖေ ရွေးချယ်လိုက်တဲ့မိန်းမတစ်ယောက်က သာ အတွက် မိခင်တစ်ယောက် မေတ္တာအပြည့်အဝ ပေးနိုင်မယ့်သူပဲ၊ မိထွေ ဆိုတဲ့အမြင်ကြီး သားစိတ်ထဲမှာ မရှိဘဲ မိခင်တစ်ယောက်လို သတ်မှ





ပေးပါ"

ဖေဖေ့စကားကို သူ ခေါင်းမညိတ်ခဲ့သလို ရင်ထဲကလည်း အသိအမှတ်မပြုခဲ့ပါ။ ဒေါ်ခင်မြတ်မွန်ဆိုသော မိန်းမကြီးက ဖေဖေ့ရဲ့ အချစ်တွေကို သူ့ဆီက လုယူသွားသူဟုပဲ စိတ်က ခံစားရသည်။

ဒါကြောင့်လည်း ဖေဖေ့ရှေ့မှောက်မှာ သူ အလိုက်သင့်နေပြ ပေမယ့် ဖေဖေ့ကွယ်ရာမှာတော့ ခါးသီးစွာ တုံ့ပြန်တတ်၏။

"ဒီမှာ ကျွန်တော့်ကို သားလို့ မခေါ်ပါနဲ့၊ ခင်ဗျားက ကျွန်တော့် အမေ မဟုတ်ဘူးဗျ၊ မိထွေးဆိုတာ အမေမဟုတ်ဘူး"

"ကလေးရယ်"

သူ့ရဲ့ခါးသီးသော စကားတွေအတွက် ဒေါ်ခင်မြတ်မွန် မျက်ရည် တွေကျရတာကိုလည်း သူ မသနားတတ်ခဲ့ပါ။

သူ ကိုးတန်းနှစ်မှာပဲ ဖေဖေ မမျှော်လင့်ဘဲ ဆုံးပါးသည်။ အားကိုးရာမဲ့ သူ့ဘဝက မိထွေးလက်မှာပဲ ရှင်သန်ဖို့ ဖြစ်လာခဲ့သည်။

ဖေဖေက သူပိုင်ဆိုင်ရသင့်သော အမွေတွေကို ထိန်းသိမ်းစောင့် ရှောက်ပေးဖို့ ဒေါ်ခင်မြတ်မွန်လက်ထဲမှာ အပ်နှံထားခဲ့သည်ဟု ရှေ့နေ ကြီးက ရှင်းပြသည်။

"အဲဒီအမွေတွေကို မောင်သျှင်ခေတ်သစ် အသက်နှစ်ဆယ့်ငါးနှစ် ပြည့်မှ ခံစားရပိုင်ခွင့်ရှိတယ်၊ အဲဒီ ကာလမတိုင်မီအထိ ဒေါ်ခင် မြတ်မွန်ရဲ့အုပ်ထိန်းမှုအောက်မှာပဲ နေရမယ်"

ဒေါ်ခင်မြတ်မွန်အပေါ် သူပိုလို့ နာကျင်မုန်းတီးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးက ကျွန်တော့်အဖေကို စည်းရုံးသိမ်းသွင်းထား သိုက်တာတော့လေ ဟုတ်လား"

"အို ကလေးရယ် အဲဒီသဘော မဟုတ်ပါဘူးကွယ်၊ အားလုံး က ကိုကြီးရဲ့အစီအမံတွေပါ"

"တော်စမ်းပါဗျာ ဖေဖေ မရှိတာတောင် ခင်ဗျားက ကျွန်တော့် ဘဝကို ချုပ်နှောင်ထားချင်သေးတာ မဟုတ်လား"

"အထင်မလွဲပါနဲ့ သျှင်လေးရယ်၊ အန်တီ့သားကို သားအရင်း အချာလို ချစ်ခဲ့တာပါ"

"မလိုဘူးဗျာ ခင်ဗျားရဲ့မေတ္တာကို ကျွန်တော် ဘယ်တုန်းကမှ အလိုမရှိခဲ့ဘူး၊ မိထွေးဆိုတာ မိထွေးပဲ၊ ဘယ်တော့မှ အမေ ဖြစ်မလာ နိုင်ဘူး"

သူ့ရင်ထဲက နာကျည်းမုန်းတီးစွာ ဆိုမိသည်။ ထိုမိန်းမကြီး အပေါ် မုန်းတီးစိတ်တွေက ထုထည်ပိုလို့ ကြီးမားခဲ့၏။

"ဒီခြံ ဒီတိုက်က ဖေဖေ့ရဲ့တိုက်ကြီးပဲ၊ ကျွန်တော် နေချင်သလို နေမယ်၊ ခင်ဗျား ဘာမှပြောစရာမလိုဘူး၊ တစ်ခုတော့ ရှိတာပေါ့ဗျာ ကျွန်တော့်အသက် နှစ်ဆယ့်ငါးနှစ်မပြည့်မချင်း ခင်ဗျား ဒီမှာနေခွင့်ရှိ တယ်၊ ဒါပေမဲ့ ဘာမှ ပတ်သက် ချုပ်နှောင်စရာမလိုဘူး"

တကယ်လည်း သူ ပြတ်သားစွာ နေခဲ့သည်၊ မိထွေး၏စေတနာ နှင့်ဆုံးမစကားကိုလည်း ဥပေက္ခာပြုထားခဲ့သည်။

သူ့ဘက်က ဘယ်လောက်ပဲ ခါးသီးပါစေ ဒေါ်ခင်မြတ်မှုန်က





...တော့ ဂရုစိုက်ယုယမှုတွေပေးဖို့ ဝန်မလေးခဲ့။

"သျှင်လေး စာမေးပွဲနီးနေပြီကွယ်၊ စာလေးဘာလေး ကျက်ပါ ...း"

"အဲဒါ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

"အန်တီက သျှင်လေးကို ထူးချွန်စေချင်လို့ပါကွယ်၊ ဆယ်တန်း ...တော့ အရေးကြီးတယ်၊ သျှင်လေး လိုအပ်မယ်ဆိုရင် ဂိုက်တစ်ယောက် ...န်တီ စီစဉ်ပေးမယ်လေ"

"ဘာမှမလိုအပ်ဘူးဗျာ၊ ကိုယ့်သမိုင်းနဲ့ကိုယ်ပဲ ဒီမှာ ကျွန်တော် ...ခါတည်း ပြောထားမယ် ဒေါ်မြတ်မှုန် သျှင်ခေတ်သစ်ဆိုတဲ့ကောင်ကို ...ဗျား ချုပ်ကိုင်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့"

မိထွေးတစ်ယောက်ရဲ့ စေတနာဆိုတာကို အသိအမှတ်ပြု လက် ...နိုင်သောသူ နေချင်သလိုနေ၊ ပေချင်သလိုပေတေခဲ့သည်။

ထို့အတွက် ရလဒ်က ဆယ်တန်းစာမေးပွဲကို သူ ကျရှုံးသည်။

"နောက်တစ်နှစ်ကြိုးစားခွင့် ရှိသေးတာပဲ သျှင်လေးရယ်၊ ...ာင်းမှန်မှန်တက်ပြီး စပါယ်ရှယ်ကိုက်နဲ့ ကြိုးစားလိုက်ရင် အောင်မှာပါ"

"မအောင်လည်း ဂရုမစိုက်ဘူး၊ ကျွန်တော့်ဘာသာ အပြင် ...ျူရှင်တက်ပြီး ဖြေမယ်ဗျာ"

ဒေါ်မြတ်မှုန်၏ အစီအမံတွေကို သူ ခေါင်းခါကာ အပေါင်း ...သင်းတွေနှင့် အချိန်ကုန်ခဲ့သည်။

"ဟင် သျှင်လေး စီးကရက်တွေ သောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စီးကရက်သောက်တာ ဆန်းသလားဗျ၊ ယောကျ်ားရေလေးပဲ [illegible]"

"ကိုယ့်အတွက် အကျိုးမရှိတာကို မလုပ်ပါနဲ့ သျှင်လေးရယ် သား ဖေဖေတောင် ဆေးလိပ်မသောက်ခဲ့ဘူးလေ"

"အဲဒီလို လူရိုးလူအေးကြီးကိုပဲ ခင်ဗျား ချုပ်နှောင်လို့ရမယ် ဒေါ်မြတ်မွန် သျှင်ခေတ်သစ်ကိုတော့ ဆောရီးပဲ"

ဒေါ်ခင်မြတ်မွန် အပေါ်မှာ ဘယ်လိုမှ အကောင်းမမြင်ခဲ့သော သူ့စိတ်က အရာရာကို ဆန့်ကျင်ဖို့ပဲ အသင့်ရှိနေခဲ့သည်။

စီးကရက်ကို စွဲစွဲမြဲမြဲသောက်ဖို့ မနှစ်သက်ပေမယ့် ဒေါ်ခင်မြတ်မွန်ရှေ့မှာတော့ လက်ကြားက မချစတမ်း တမင်သောက်ပြခဲ့၏။

ရည်းစားမကျ သူငယ်ချင်းမကျ ကောင်မလေးတွေနှင့်လည်း သူ တွဲတတ်ခဲ့သည်။

ဒါပေမဲ့ ဒေါ်ခင်မြတ်မွန် ဆိုသော မိန်းမကြီးကို မုန်းသောစိတ်ကြောင့် မိန်းကလေးတွေကိုလည်း သူ စွဲလန်းနှောင်တွယ်သွားတာမျိုး မရှိခဲ့ပါ။

ချောသော လှသော မိန်းကလေးတွေသည် သူ့အတွက်တော့ အပျော်ကစားစရာ အရုပ်လေးတွေလိုပါပဲ။

အပျင်းပြေ အပျော်တွဲသည်။ ရိုးအီသွားလျှင်တော့ ပြန်လှည့်ကြည့်ဖို့ သူ့သမိုင်းမှာ မရှိခဲ့။

ဖခင် ချန်ထားရစ်သော အမွေဥစ္စာမနေများစွာနှင့် သျှင်ခေတ်သစ်ဆိုသော ယောကျ်ားလှုငယ်လေးတစ်ယောက်က မိန်းကလေးများစွာအတွက် ရင်ခုန်စွဲလန်းစရာ ဖြစ်နေသည်လား။





သျှင်ခေတ်သစ်အတွက်တော့ စွဲမက်အောင်လှသည်ဆိုသော မိန်းမတစ်ယောက်ကို အာရုံခံစားမှုက အချိန်ကာလ ကန့်သတ်မှုတစ်ခု အတွင်းမှာပဲ ရှိခဲ့သည်။

"ခေတ်သစ် အခု မင်းတွဲနေတဲ့ နေရီနွယ်နဲ့က ဇာတ်လမ်း ဆက်တုန်းလား"

"ငါ့ဘက်က ပြတ်ချင်နေပြီ၊ သူက အတင်းလာငြိနေလို့"

"ဘာလဲ နေရီနွယ်ကို မင်း ရှန်းရခက်နေပြီပေါ့"

"နီး သျှင်ခေတ်သစ် သမိုင်းမှာ ခက်တယ်ဆိုတာ မရှိဘူး၊ စောင့်ကြည့်လိုက်"

"မင်းကိုတော့ လက်ဖျားခါတယ် ခေတ်သစ်၊ တွဲလိုက်ရင်လည်း ဘာကယ် မဒီပဂေးလေးတွေပဲ၊ ဒါပေမဲ့ တစ်ယောက်ကိုမှ မင်း မငြိဘဲ အလွယ်တကူ ငြီးငွေ့သွားတာ မဟုတ်သေးဘူး၊ ဘာလဲ စံချိန်တင် ရည်းစားထားပြီး ဂရင်းနစ်စံချိန်တင်မလို့လားကွ"

"သျှင်ခေတ်သစ် အကြောင်း သိနေရက်နဲ့ မိုက်မိုက်မဲမဲ လာ ငြိတဲ့သူတို့ကိုပဲ မင်းသွားမေး၊ ငါကတော့ မိန်းမတစ်ယောက်ကို ငြိတွယ်နေပြောနဲ့ အထင်ကြီးလို့ကို မရတာ"

အမှန်တကယ်လည်း ဘယ်မိန်းမကိုမှ မငြိတွယ်ခဲ့သော သူ့အတွက် အချစ်ဆိုတာ ဘာလဲဟုတောင် ပြန်မေးဖို့ ခက်ခက်ပါပဲ။



www.burmeseclassic.com

ယောကျာ်းကြီးထဲမှာ သူ အထင်ကြီးလေးစားခဲ့သော မိန်းမသည် ...လွဲလို့ ဘယ်သူမှမရှိခဲ့။ မကြုံခဲ့ပါ။

ဘယ်သောအခါမှလည်း ကြုံဆုံလာမည် မထင်ခဲ့။

ဆယ်တန်းစာမေးပွဲကို သုံးနှစ်ဆက်တိုက် သူကျရှုံးတော့ ဒေါ်ခင် မြတ်မွန်လည်း ဘာမှမပြောခဲ့ပါ။

ပြောလာလျှင်လည်း သူ အလေးထား ဂရုစိုက်မှာ မဟုတ်ပါ။ ဖေဖေ မရှိတော့ကတည်းက သူ့ဘဝကို တစ်ယောက်တည်းပဲဟု စိတ် ပိုင်းဖြတ်ထားခဲ့သည်။

အရေးကြီးတာ သူ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်လျှင် ဖေဖေ့ အမွေတွေကို သိမ်းပိုက်ယူကာ ဒေါ်ခင်မြတ်မွန်ကို အိမ်ပေါ်က မောင်းချ လိုက်ဖို့ပဲ ရှိသည်။

ဒီလိုပေခဲ့တေခဲ့သော သူ့ဘဝမှာ မထင်မှတ်သော အချိုးအကွေ့ တစ်ခုကို ကံကြမ္မာက ဖန်တီးပေးခဲ့၏။

ကံကြမ္မာက ဖန်တီးပေးခြင်းဆိုတာထက် ဒါလီဆွေ ဆိုသော မိန်းမလည်တစ်ယောက်ကြောင့်ဆိုလျှင် မှန်မည်ထင်သည်။

သူ့ဘဝမှာ ဒါလီဆွေနှင့်ပတ်သက်ပြီး နောင်တတစ်ခုတော့ ကြီးမားစွာ ရခဲ့ဖူးသည်။

■ ■ ■



## အခန်း (၅)

ဒါလီဆွေ သည်ချောမောသည်ဆိုခြင်းထက် ခေတ်ရေ့ပြေး ...န်းသော မိန်းကလေးဟု ဆိုရမည်ဖြစ်သည်။

ရွှေအိုရောင်ဆံပင် အခွေအလိပ်လေးတွေနှင့် လိုက်ဖက်အောင် ...ာနာလေးပေါ်မှာ ကာလာရောင်စုံတွေကို အမြဲတမ်း ပြင်ဆင်ခြယ်သ ...တတ်သည့်အလှအပကို မက်မောသော ကောင်မလေးဟု မြင်ရုံနှင့် ...နိုင်သည်။

ပွင့်လင်းရဲတင်းလွန်းသော ဒါလီဆွေနှင့် သူ ဆုံတွေ့ခဲ့တာ ...နှင့်ပတ်သက်ဆက်နွှယ်နေသည့် စိမ်းမြမြ ကြောင့်ပဲ ဖြစ်သည်။

စိမ်းမြမြနှင့် ကော်ဖီဆိုင်လေးမှာ သူ ဆုံတွေ့သည့်နေ့က ဒါလီ ...မှာ စိမ်းမြမြရဲ့သူငယ်ချင်းအဖြစ် ပါလာခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် ဒါ စိမ်းရဲ့သူငယ်ချင်း ဒါလီဆွေ တဲ့"

သူ အသိအမှတ်ပြု ခေါင်းညိတ်ပြရင်း ဒါလီဆွေကို အကဲခတ်ကြည့်မိသည်။

အနီရဲရဲ ကိုယ်ကျပ်အင်္ကျီလက်ပြတ်လေးကို အစိမ်းနုရောင် အသားကပ်ဘောင်းဘီရှည်နှင့် တွဲဖက်ဝတ်ဆင်ထားပုံကတော့ ဒါလီဆွေ၏ အချိုးအဆစ်ကျသော ခန္ဓာကိုယ်ကို ပေါ်လွင်စေ၏။

"တွေ့ရတာ ဝမ်းသာပါတယ် သျှင်ခေတ်သစ်၊ နာမည်ကြားထားရုံနဲ့ ဒါလီ တွေ့ချင်နေတာ၊ အဟင်း လူကလည်း အမိုက်စားနာမည်ကလည်း အမိုက်စားပဲနော်"

ဝတ်စားဆင်ယင်မှုက ပွင့်လင်းရဲတင်းသလို စကားပြောတာလည်း ဒါလီဆွေက ပွင့်လင်းရဲတင်းပါသည်။

တကယ်ဆိုလျှင် သူနှင့်စိမ်းမြမြက တရားဝင် ချစ်သူရည်းစားတွေ ဖြစ်နေတာ ဒါလီဆွေ သိသည်။ သို့ပေမယ့် ဒါလီဆွေရဲ့အကြည့်တွေ စကားတွေက သူ သတိထားမိလောက်အောင် ပေါ်လွင်ထင်ရှားနေ၏။

သူနဲ့ဆုံတွေ့ကြချိန်မှာ ဒါလီဆွေလို သူငယ်ချင်းကို အဖော်အဖြစ် ခေါ်လာသော စိမ်းမြမြ မှားသွားခဲ့ပြီ ထင်သည်။

တစ်ကြိမ် ဆုံဖူးပြီးနောက်ပိုင်းမှာ ဒါလီဆွေ သူ့ရဲ့ဖုန်းနံပါတ်ကို ဘယ်လိုရသွားသည် မသိ။

"ဟဲလို သျှင်လား"

"သျှင်ခေတ်သစ်ပါ အခု ပြောနေတာ ဘယ်သူလဲ"





"အဟင်း တို့အသံတောင် မမှတ်မိဘူးလား၊ ဒါလီလေ စိမ်းမြမြရဲ့သူငယ်ချင်း"

"ဪ"

"အဟင်း အံ့ဩသွားသလား"

"မအံ့ဩပါဘူး ဘာကိုအံ့ဩရမှာလဲ"

"မဟုတ်ဘူးလေ သျှင်ရဲ့ဖုန်းကို တို့ သိနေတဲ့အတွက် ပြောတာပါ"

သူ ဟက်ခနဲ ရယ်လိုက်မိသည်။ ဒါလီဆွေလို လည်ဝယ်သော ကောင်မလေးတစ်ယောက် သူ့ရဲ့ဖုန်းနံပါတ်ကို သိနေတာ အံ့ဩစရာတော့ မဟုတ်ပါ။

"အဲဒါ အံ့ဩစရာ မဟုတ်ဘူး ထင်တယ်၊ မင်းသိချင်ရင် အလွယ်တကူ စုံစမ်းလို့ ရတဲ့ကိစ္စပဲ"

"မဆိုးဘူး သျှင်တော်တယ်၊ တို့ကလည်း သျှင်ကို တစ်ခါတွေ့ပြီးရုံနဲ့ ရင်းရင်းနှီးနှီး ခင်မင်သွားတာ၊ သျှင် အားတယ်ဆိုရင် တွေ့ခွင့်ရမလား၊ စကားတွေ ပြောချင်လို့"

လမ်းကြောင်းတွေကတော့ သိသာစွာ ခင်းကျင်းနေသည်။ သူကိုယ်တိုင်ကလည်း စိမ်းမြမြကို ငြီးငွေ့နေချိန်မှာ ဒါလီဆွေနှင့် ဆုံတွေ့ခဲ့တာမို့

"အင်း တို့ ပျင်းနေတဲ့အချိန်မှာ မင်း ဖုန်းဆက်လာတာဆိုတော့ အိုကေသွားတယ်၊ ဘယ်မှာဆုံကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့်ပဲ သူနှင့်ဒါလီဆွေတို့ ဖာတ်လမ်းစခဲ့ကြတာ ဖြစ်သည်။

ဒါလီဆွေနှင့် ခင်မင်ရင်းနှီးခဲ့သော အချိန်တိုလေးအတွင်းမှာပဲ ဒါလီဆွေရဲ့အကျင့်စရိုက်တွေကို သူ အကဲခတ်မိခဲ့သည်။

ဒါလီဆွေက သူ့လိုပဲ ဆယ်တန်းနှစ်နှစ်ဆက်ကျကာ ဝေလေလေ လုပ်နေသည့် မိန်းကလေး။

"ဆယ်တန်းမအောင်တော့ကော ဘာဖြစ်မှာမို့လဲ၊ တို့က မိဘတွေမရှိတော့ပေမယ့် ဦးလေးနဲ့အန်တီရဲ့ ဘဏ်ငွေရောင်း အပြည့်ရှိတယ် အဟင်း ဟင်း"

ဒါလီဆွေရဲ့မိဘတွေ ဆုံးပါးသွားတော့ ဦးလေး လင်မယားက ဒါလီဆွေကို မွေးစားထားသည်ဟု သူ့ကိုပြောပြထားသည်။ သားသမီးရင်းချာမရှိသော ဦးလေးလင်မယားက ဒါလီဆွေကို အမွေစားအမွေခံသမီးအဖြစ် သတ်မှတ်ထားသည်တဲ့။

"အချိန်တန်ရင် ယောကျ်ားယူပြီး ယောကျ်ားလုပ်စာ ထိုင်စားရုံပေါ့ အဟင်း ဟင်း"

နောက်သလို ပြောင်သလိုနှင့် ဘယ်အရာကိုမှ အလေးအနက်ထားတတ်ပုံမရသော ဒါလီဆွေကိုတော့ သူ အထင်ကြီးလို့ မရပါ။ ဒါပေမဲ့ သူ့အပေါ်မှာတော့ ဒါလီဆွေ နားလည်မှုတွေ ပေးတတ်သည်။

"ဟင် ဒါလီ ဘယ်လာတာလဲ"

"ပါကင်မှာ သျှင်ကားရပ်ထားတာတွေ့လို့ ဝင်လာတာလေ"





ဘီယာဆိုင်ထဲအထိ တစ်ယောက်တည်း ရဲတင်းစွာ ဝင်လာတတ်သော ဒါလီဆွေရဲ့ရဲရင့်မှုကိုတော့ သူ နည်းနည်း ဖြုံမိ၏။

"တို့ ဘီယာသောက်နေတာနော် မင်းဝင်လာဖို့ မသင့်ဘူးထင်တယ်"

"ဘာဆိုင်လို့လဲ ဘီယာဆိုင်ထိုင်တာ ဘာဆန်းလို့လဲ ဆန်းနေတာက သျှင်တစ်ယောက်တည်း အဖော်မပါဘဲ ဘီယာသောက်နေတာ၊ ဒုင်းစရာမကောင်းဘူးလား"

တကယ်ဆို ဒေါ်ခင်မြတ်မွန်ကို တမင်ကန့်လန့်တိုက်ချင်စာကြောင့် သူ ဘီယာတမင်ဝင်သောက်နေတာ ဖြစ်သည်။ အယ်လ်ကိုဟောအမူးအရသာကို သူ ကြိုက်နှစ်သက်တာ မဟုတ်။

မိထွေး မကြိုက်တာကို တမင်လုပ်ပြခြင်းသာ ဖြစ်၏။

"သျှင် အဖော်တွေ မပါဘူးဆိုတော့ ဒါလီ အတူထိုင်ပေးမယ်လေ၊ သျှင် တစ်ခုခု ရင်ဖွင့်စရာရှိသလား"

သူနှင့် မျက်နှာချင်းဆိုင် စားပွဲမှာ ဝင်ထိုင်ပြီး ဒါလီဆွေ ပြောသည်။ ဒီအချိန်မှာ သူ ဘယ်လိုမောင်းထုတ် မောင်းထုတ် ဒါလီဆွေဆိုင်ထဲက ပြန်ထွက်မသွားမှာ သေချာနေ၏။

"နီး တို့ ဘာမှမဖြစ်ဘူး၊ စိတ်ထဲမှာ မင်းသောက်ချင်လို့ ဝင်ထိုင်တာပါ"

"ဒါဆို ဒါလီပါ အတူထိုင်ပေးမယ်၊ သျှင် ကြိုက်သလောက်သောက်၊ မပြန်နိုင်ရင်တောင် တို့တွဲပို့ပေးမယ်၊ ဟုတ်လား အဟင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း''

ပြောရင်း ဒါလီဆွေ အာလူးကြော်တစ်ဖတ်ကို ကောက်ဝါးနေသေး၏။ ဒါလီဆွေကိုကြည့်ပြီး သူ့စိတ်ထဲမှာ စိတ်ကူးတစ်ခု လက်ခနဲ တိုးဝင်လာသည်။

ထိုစိတ်ကူးကို အကောင်အထည်ဖော်ဖို့အတွက် သူ ဘီယာဘူးကို တစ်ငုံမော့သောက်လိုက်၏။

ဒါလီဆွေက အလိုက်တသိနှင့် အသားကင်တစ်ဖတ်ကို တူနှင့်ညှပ်ကာ သူ့ပါးစပ်အနား ကမ်းကျွေး၏။

သူ ဒါလီဆွေကျွေးသော အမြည်းတစ်ဖတ်ကို ခေါင်းလေးညိတ်ကာ စားလိုက်ပါသည်။

သူ သောက်နေသော ဘီယာတစ်ဘူးကုန်တော့ ဒါလီဆွေက အလိုက်တသိနှင့်ပဲ နောက်တစ်ဘူး ထပ်မှာပေးသည်။

သူ တစ်ငုံသောက်လိုက် ဒါလီဆွေကျွေးသော အမြည်းတွေ စားလိုက်။ ဒါလီဆွေကလည်း တစ်ယောက်တည်း စကားတွေဖောင်ဖွဲ့ ပြောရင်း အမြည်းစား အချိုရည်သောက်နှင့် ဒုတိယဘူးကုန်၏။

''သျှင် နောက်တစ်ဘူး''

''နိုး တော်ပြီ ဒါလီ၊ တို့ မသောက်တော့ဘူး''

''ဟင် ဘာဖြစ်လို့လဲ၊ အခုမှ နှစ်ဘူးပဲ ရှိသေးတာကို''

''ရပြီ ဒီလောက်ဆို အဆင်ပြေတယ်၊ တို့ ဒီထက်ပိုသော

လို့ မရဘူး''





သူ့စကားကို ဒါလီဆွေ မျက်လုံးလေးပြူး နှုတ်ခမ်းလေးဆပ်ဟ လုပ်ကာ ရယ်သည်။

''သျှင့်လစ်မစ်ကလည်း နည်းလိုက်တာ၊ ဒါလီတောင် သုံးဘူး ာက်ရမယ် အဟင်း သူငယ်ချင်းတစ်ယောက်ရဲ့ ဘတ်သ်ဒေးပါတီပွဲ ခုမှာ လေးဘူးလောက် သောက်ဖူးတယ်''

ဒါလီဆွေ အပိုပြောနေတာ မဟုတ်ဟု သူ အကြွင်းမဲ့ယုံကြည် ည်။ ဒါပေမဲ့ သူ ထိုထက်ပိုမသောက်ချင်ပါ။ သူ့ရည်ရွယ်ချက်ကလည်း မဟုတ်ဘဲလေ။

''သျှင် ပြန်လို့ဖြစ်မလား''

''ဖြစ်ပါတယ် ဒါပေမဲ့ တို့ကားမမောင်းချင်ဘူး၊ ဒါလီ လိုက်ပို့ နိုင်ရင် အဆင်ပြေမယ် ထင်တယ်''

သူပြောတော့ ဒါလီဆွေ ပုတ်သင်ညိုလေးတစ်ကောင်လို ခေါင်း း တဆတ်ဆတ် ညိတ်သည်။

''ရတယ် ဒါလီလည်း ကားပါမလာဘူးဆိုတော့ သျှင်ကို လိုက် နိုင်တာပေါ့''

''ဒါလီပြန်ဖို့ကျ အဆင်ပြေမလား''

''တက္ကစီငှားပြန်မှာပေါ့၊ ပြဿနာမရှိဘူး ရတယ်''

သူနှင့်ပတ်သက်လျှင် ဒါလီဆွေ ဘာမဆို လိုက်လျော ကူညီပေး တာ သူ သိပါသည်။

ဘီယာနှစ်ဘူး၏ အရှိန်က သူ့အတွက် ရီဝေဝေ ခံစားမှုလော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ မှိုင်းမယ့် ဒါလီဆွေကို ဘခင်လိုက်ပို့နိုင်းတာ အကြောင်းရှိသည်။ ဒါက ဒါလီဆွေကို ဒေါ်ခင်မြတ်မွန် မြင်တွေ့စေချင်တာကြောင့် ဖြစ်သည်။

"အဆင်ပြေခဲ့ရဲ့လား သျှင်"

"အင်း ရတယ်၊ နည်းနည်းတော့ မှုးနေတယ်၊ လေတိုက်တော့ ပိုမှုးလာတယ် ထင်တယ်"

"အဟင်း ဟင်း သျှင်က တကယ့် အရိုင်းလေးပဲ"

သူ ဟန်ဆောင်ပြနေတာကို မသိသော ဒါလီဆွေက သူ မှုးနေသည်ထင်ကာ သဘောတကျ ရယ်မောနေသည်။

ခြံစောင့်ကြီး လာဖွင့်ပေးသော တံခါးမှ ဒါလီဆွေ ကားကို မောင်းဝင်ခဲ့သည်။ သူ့အိမ်ကို ပထမဆုံးရောက်ဖူးသော ဒါလီဆွေ မျက်ဝန်းတွေက ထည်ဝါလှသော နှစ်ထပ်တိုက်ကြီးကို အကဲခတ်ကြည့်နေခဲ့၏။

ဆင်ဝင်အောက်မှာ ကားလေး ထိုးရပ်သည်နှင့် ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေသော ဒေါ်ခင်မြတ်မွန်ကို သူ လှမ်းမြင်သည်။

"ဒါလီ ကိုယ့်ကို တစ်ချက်လောက် တွဲပို့ပေးလို့ရမလား"

"ရတာပေါ့ သျှင် ခဏလေး ထိုင်နေဦး"

ပြောကာ ကားတံခါးဖွင့်ပြီး ဒါလီဆွေ ဆင်းသည်။ ပြီးမှ ကားရှေ့က ကွေ့ပတ်လျှောက်ကာ သူ့ဘက်က တံခါးကို ဖွင့်ပေး၏။

သူ့လက်မောင်းကိုဆွဲကာ ဒါလီဆွေ တွဲပို့ပေးတော့ သူ ခေါင်းငိုက်စိုက်နှင့် ဟန်ဆောင်ကောင်းစွာ သရုပ်ဆောင်ပြလိုက်၏။

"ဟင် သား သျှင်လေး ဘာဖြစ်လာတာလဲ"





"သျှင် ဘီယာနည်းနည်း မှုးလာလို့ အန်တီ၊ ဒါလီ အိမ်အထိ လိုက်ပို့ပေးတာပါ"

ဒေါ်ခင်မြတ်မွန် အမေးကို ဒါလီဆွေက ဖြေသည်။ ဒေါ်ခင်မြတ်မွန် အကြည့်တွေက ဒါလီဆွေဆီမှာ ခြေဆုံးခေါင်းဖျား အကဲခတ်ပြီးသွားခဲ့တာ သူသိနေခဲ့သည်။

လည်ဟိုက် ဘလောက်စ် အကျီအဝါလက်ပြတ်နှင့် အနက်ရောင် အကျပ်စကပ် အတိုလေး ဝတ်ဆင်ထားသော ဒါလီဆွေ အပေါ်မှာ ဒေါ်ခင်မြတ်မွန် ဘယ်လို အကဲဖြတ်လိုက်မည်ဆိုတာ သူ သိပြီးဖြစ်၏။

"သျှင်လေးရယ် ဒီလောက်တောင် သောက်ရသလား"

သူ့ကို ကရုဏာဒေါသသံလေးနှင့် ပြောရင်း ကူတွဲဖို့ကြိုးစားသာသော ဒေါ်ခင်မြတ်မွန် လက်ကိုသူ ပုတ်ထုတ်ရင်း

"နိုး မထိနဲ့ ကျွန်တော့်ကို တွဲစရာမလိုဘူး၊ အိုခေ ဒါဒါ ရပြီ သင့်ခယ့"

သူ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း ဒါလီဆွေကို မော့ကြည့်လိုက်သည်။

"သျှင် အဆင်ပြေရဲ့လား အမူးပြေအောင် သံပုရာရည်လေး သောက်မလား"

"ရပြီ လိုက်ပို့တာ ကျေးဇူးပဲ၊ မနက်ဖြန်မှ ဖုန်းဆက်လိုက်မယ် ဒါလီပြန်တော့ ဟုတ်လား"

"ဒါဆို တို့ပြန်မယ် သျှင်၊ အန်တီ ဒါလီကို ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကျေး ကျေးဇူးတင်ပါတယ် သမီးရယ်"

ဒါလိုအတွေကို ညည့်ခန်းတံခါးဝအနားထိ လိုက်ပို့ရင်း ဒေါ်ခင်မြတ်မွန် ကျေးဇူးတင်စကားတွေ ဆိုနေခဲ့သည်။ ပြီးမှ သူထိုင်နေသော ဆိုဖာခုံကြီးဆီ ဒေါ်ခင်မြတ်မွန် ပြန်လှည့်လာ၏။

"သျှင်လေး နေသာရဲ့လား တစ်ခုခုသောက်မလား"

"မလိုဘူး ကျွန်တော့်အတွက်ဘာမှ မလိုဘူး"

ပြောပြီး သူ ထရပ်တော့ ဒေါ်ခင်မြတ်မွန်က လဲကျသွားမှာ စိုးရိမ်ကာ တွဲဖို့လက်လှမ်း၏။

"မတွဲနဲ့ ကျွန်တော် အမူးပြေနေပြီ ရတယ်"

"သျှင်လေး အဲဒီကောင်မလေးက ဘယ်ကလဲ သားနဲ့ဘယ်လို ပတ်သက်နေသလဲဟင်"

"အဲဒါ ဒေါ်မြတ်မွန်နဲ့ မဆိုင်တဲ့ကိစ္စပဲ"

"အန်တီက သျှင်လေးအတွက် စိုးရိမ်လို့ပါကွယ်၊ ကောင်မလေး ကြည့်ရတာ မိန်းမလည်လေးထင်တယ်"

"ကျွတ် ကျွန်တော်ပြောပြီးပြီပဲဗျာ၊ ဒီမှာ ကျွန်တော့်အမွေတွေကိုပဲ ခင်ဗျား ထိန်းချုပ်ပေးထားလို့ရမယ်၊ ကျွန်တော် အရေးကိစ္စတွေမှာ ဘာမှဝင်ထိန်းချုပ်ဖို့ မကြိုးစားပါနဲ့"

"ကလေးရယ် အန်တီ့စေတနာကို"

"အဟွန်း မိထွေးတစ်ယောက် စေတနာလား၊ တော်ပါဗျာ အယုံအကြည် မရှိလွန်းလို့ပါ"





"စကားအဆုံးမှာ သူ့အခန်းဘက်ကို ချာခနဲ လှည့်ထွက်ခဲ့လိုက်၏။ ဒေါ်ခင်မြတ်မွန် မျက်ရည်ဝဲ ကျန်ရစ်ခဲ့မည်လား။

သူ မသိချင်ပါ၊ သူဆုံးဖြတ်ထားတာ ဒီမိန်းမကြီး ဖြုံလျှင် သူမည်းပစ်ဖို့ သင်းက မည်းသည်ဆိုလျှင် သူက ဖြုံလိုက်ဖို့ပဲ ဖြစ်သည်။

ရင်မှာ ဖြစ်တည်နေသော အမုန်းသည် ဘယ်လိုအကြောင်းတွေကြောင့်မှ ပြောင်းလဲမည် မဟုတ်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

“မင်း ကြားထား သိထားတွေ အမှန်ပဲဆိုရင် မင်းဘာပြော ချင်သေးသလဲ စိမ်းမြမြ”

“ဟင် ဘာရယ် ခေတ် ဘယ်လို ပြောလိုက်တယ်”

အံ့ဩ ထိတ်လန့်မှု အရိပ်တွေကို စိမ်းမြမြ မျက်ဝန်းတွေထဲမှာ အထင်အရှား မြင်တွေ့နေရသည်။

သူနှင့် ဒါလီဆွေတို့ ကိစ္စတွေကို စိမ်းမြမြသိသွားကာ ထိပ်တိုက် လာမေးနေခြင်း ဖြစ်၏။ ဘီယာမူးနေသော သူ့ကို ဒါလီဆွေက အိမ်လိုက် ပို့ပေးသည်အထိ စိမ်းမြမြ သိနေခဲ့၏။

သေချာသည်က စိမ်းမြမြသိအောင် ဒါလီဆွေကပဲ သတင်း စကားတွေ အရောက်ပို့ခဲ့တာ ဖြစ်မည်။





“ကိုယ်ပြောတာ ရှင်းရှင်းလေးပဲ၊ ဒါလီနဲ့ ကိုယ့်သတင်းတွေ မင်းကြားနေတာ အမှန်ပဲလေ”

“ခေတ် ဒါဘာသဘောလဲ၊ စိမ်းမြနဲ့ ခေတ်က ဘာပြဿနာမှ မရှိတဲ့ ဒီလိုလုပ်တာ ခေတ် ဆန္ဒလား၊ ဒါမှမဟုတ် ဒါလီဆွေရဲ့ မရိုးသား မှုလား”

“အဲဒါ မင်း ဒါလီကို မေးသင့်တဲ့စကားလေ၊ ကိုယ် မပတ်သက် ဘဲ သူ့ဘာသာလာငြိတာ၊ ပြောရရင် ဒါလီဆွေကို မင်းခေါ်လို့ ကိုယ် သိကျွမ်းခဲ့တာပါ”

“ဟုတ်ပါတယ်၊ စိမ်းမြ အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့တာလို့ ခံစားနေရတယ်၊ စိမ်းမြဆီ ဖုန်းမဆက်တာ၊ ဖုန်းဆက်တော့လည်း ခေတ် တိုင်းဘဲ ဥပေက္ခာ ပြုထားတာတွေက ခေတ် ဘာဖြစ်ချင်သလဲဆိုတာ တွေးလို့ရပါတယ်၊ ခေတ်နှုတ်က ပြောတဲ့စကားကို စိမ်းမြ ကြားချင်တယ်”

“အိုကေ အမှန်ဝန်ခံရရင် မင်းကို ကိုယ် ငြီးငွေ့နေပြီ”

“ဟင်”

“ကိုယ် မညာတတ်တာ မင်းသိပါတယ်၊ သျှင်ခေတ်သစ်ဆိုတဲ့ ကောင်က ဘယ်အရာကိုမဆို ကြာရှည်မစွဲလန်းတတ်တာ ဟိုးငယ်ငယ်က ကတည်းကလေ”

“ခေတ် ဒါလီဆွေဆီမှာ ရှင့်အာရုံတွေ ဦးတည်သွားခဲ့တာလား”

စိမ်းမြမြ အသံတုန်တုန်လေးနှင့်မေးသည်။ ဝင်းမွတ်နေသော မျက်နှာလေး ရဲရဲနီနေတာ ဒေါသရိပ်တွေကြောင့်လား မသိတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့ကြီးတွေအောက်က မျက်နက်ဝန်းလေးတွေနှင့် ဖွဲ့မက်စရာကောင်းသော စိမ်းမြမြကို သူ လွမ်းခဲ့သော တစ်လလောက်က စမြင်တွေ့ နှစ်သက်ခဲ့သည်။

ကော်ပတ်ရုပ်လှလှလေးနှင့်တူသော စိမ်းမြမြကို အခုချိန်မှာ သူ့စိတ်က ငြီးငွေ့သွားခဲ့တာ အမှန်ပဲဖြစ်၏။

"ပြောလေ သျှင်ခေတ်သစ်၊ ရှင် ဒါလီဆွေအပေါ် အာရုံကျ သွားခဲ့တာလား"

"အာရုံကျသွားတာထက်ဆိုတာထက် အခုချိန်မှာ ဒါလီဆွေကို ကိုယ်လိုအပ်နေတာ အမှန်ပဲ"

စိမ်းမြမြ အံကို တင်းခနဲ ကြိတ်လိုက်တာကို သူ တွေ့သည်။ ဒါပေမဲ့ သူ မျှော်လင့်ထားသလို ဒေါသစကားတွေ ချက်ချင်းထွက်မလာ။ စိမ်းမြမြ မျက်ဝန်းတွေ စိုလက်လာ၏။

မျက်ရည်စတွေလား။ မိန်းမတစ်ယောက်ရဲ့ မျက်ရည်တွေက သူ့နှလုံးသားကို မယိုင်နဲ့စေတာ စိမ်းမြမြ မသိသေးဘူး ထင်ရဲ့။

"ရှင့်အတွက် ကျွန်မဆုတောင်းပေးနေမယ် သျှင်ခေတ်သစ်"

သူ မျက်မှောင်ကြီးကုပ်သွားမိ၏။ စိမ်းမြမြ ဘာကိုဆိုလိုတာလဲ။

"ဒါလီဆွေဟာ ဘယ်လိုမိန်းကလေးတစ်ယောက်လဲ ရှင်သိရဲ့လား၊ ရည်းစားတွေ အများကြီးထားပြီး ဘဝကို ပေတေလေလွင့်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"စိမ်းမြမြ ဒါလီဆွေက မင်းရဲ့အခင်ဆုံးသူငယ်ချင်းနော်"





သူ့စကားကြောင့် စိမ်းမြမြ နှုတ်ခမ်းလေးမဲ့ပြုံးကာ ပခုံးလေး တစ်ချက်တွန့်သည်။

"ဟုတ်တယ် သူ့ဘဝကို စာနာလို့ ကျွန်မအမြဲတမ်း ကူညီပေးခဲ့တယ်၊ ဒါလီဆွေဟာ မိဘတွေမရှိတော့လို့ ဦးလေးရဲ့အရိပ်အောက်မှာ ခိုနေရသူပါ၊ ဒါပေမဲ့ ဦးလေးရဲ့မိန်းမက သူ့ကိုမကြည်ဖြူဘူး၊ ညီအစ်မ ဝမ်းကွဲတွေကလည်း မခင်တွယ်ဘူး၊ ဒါတွေကို စိတ်နာပြီး ဒါလီဆွေက လည်း အရွဲ့တိုက်ပြီး နေချင်သလိုနေခဲ့တယ်၊ အခုဆိုရင် သူ ပေတေနေ လို့ ဦးလေးအရင်းအချာကလည်း လက်မခံချင်တော့ဘူး၊ ဒီလိုအချိန်မှာ ရှင်က သူ့ရဲ့အားကိုးရာ ငွေတောင်ကြီးဖြစ်နေမှာပဲ"

စိမ်းမြမြ စကားတွေကြောင့် သူ အံ့သြမိတာတော့ အမှန်။ ဒါလီဆွေ ပြောပြထားသော အကြောင်းအရာတွေနှင့် လွဲချော်နေခဲ့တာ တော့ အမှန်။

မိဘမဲ့ ဒါလီဆွေကို သားသမီးရင်းချာမရှိသော ဦးလေးလင် မယားက သမီးရင်းလို ချစ်သည်တဲ့။ အခုတော့ စိမ်းမြမြ စကားတွေနှင့် ဆန့်ကျင်ဘက် ဖြစ်နေခဲ့၏။

"သျှင်ခေတ်သစ်ဆိုတဲ့ ယောကျ်ားတစ်ယောက်က သူ့အိပ်မက် ထဲက ရွှေမင်းသားလေး ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ သူငယ်ချင်းအပေါ် သစ္စာမဲ့လောက်တဲ့အထိ ဒါလီဆွေ ကိုယ်ကျင့်တရား ပျက်တာကိုတော့ ကျွန်မ ရွံရှာတယ်"

စိမ်းမြမြ ဘယ်လောက်ခံရခက်ခက် ဖြစ်နေသည်ကို သူ နား



www.burmeseclassic.com

www.burmeseclassic.com



လည်နိုင်ပါသည်။ ဒါပေမဲ့ ဒါလီဆွေအပေါ်မှာ သူ့စိတ်က စိမ်းမြ
ထင်သလောက် စွဲလန်းမှု မရှိတာ ကိုယ်တိုင်ပဲ အသိဆုံး။

"ကျွန်မ ဆုတောင်းပေးတယ် သျှင်ခေတ်သစ်၊ ရှင် မိန်းကလေး
တွေကို ကစားခဲ့သလို ပြန်ကစားမခံရပါစေနဲ့၊ ရှင့်တစ်ဘဝလုံး နောင်တ
မရပါစေနဲ့"

"အပျွန်း မင်း အဲဒီလောက်အထိ စိုးရိမ်မနေနဲ့ စိမ်းမြ
ဘာလို့လဲဆိုတော့ သျှင်ခေတ်သစ်ဆိုတဲ့ယောက်ျားက မိန်းမတစ်ယော
ကို မိုက်မိုက်မဲမဲ လက်ထပ်ယူလောက်အောင် မတွယ်ငြိတတ်လို့ပဲ၊ ဒါ
ဆွေဆိုတာ ကိုယ့်အတွက် မိန်းမထဲက မိန်းမတစ်ယောက်ပါပဲ"

"သျှင်ခေတ်သစ် ရှင့်ကို ချစ်ခဲ့မိတဲ့အတွက် ကျွန်မတစ်သ
လုံး နောင်တရနေမယ်"

နာကျည်းစွာဆိုရင်း ချာခနဲ လှည့်ထွက်သွားသော စိမ်းမြ
ဆံနွယ်ညိုညိုလေးတွေကို သူ ငေးကြည့်ရင်း ဟက်ခနဲ ရယ်မိ၏။

မိန်းမတွေဆိုတာ ဒီလိုပါပဲ။ သူတို့ မျှော်လင့်သောအရာတ
မရနိုင်တဲ့အခါ မျက်ရည်လေးဝဲကာ နောင်တရတတ်ကြ၏။

စိတ်မကောင်းပါဘူး စိမ်းမြမြရယ်။

■ ■ ■



## အခန်း (၇)

"တို့နဲ့စိမ်းမြမြ ဇာတ်လမ်းက ပြီးဆုံးသွားပြီ"

သူ့စကားကြောင့် ဒါလီဆွေ ဖျတ်ခနဲ မော့ကြည့်၏။ မျက်ဝန်း
လေးတွေထဲမှာ အံ့သြရိပ်တွေ မတွေ့ရဘဲ ထိုသတင်းအတွက် ကျေနပ်ရိပ်
သို့ လက်ဖြာနေခဲ့၏။

"ဟုတ်လား သျှင် ခံစားနေရလို့လား"

"တို့ရုပ်က အဲဒီလို အပူရုပ်ပေါက်နေလို့လား၊ အမှန်က တို့
စိတ်တွေ ပေါ့ပါးသွားတာ၊ မိန်းကလေးတစ်ယောက်ကို တစ်လနီးပါး
လောက် တွဲပြီးရင် တို့ကိုယ်တိုင် ငြီးငွေ့သွားတတ်တာ အမှန်ပဲ"

"မဆိုးဘူး သျှင်နဲ့ဒါလီ စိတ်ထားချင်းတူတယ်၊ ဒါလီကလည်း
တစ်စုံတစ်ခုအပေါ်မှာ အကြာကြီး အာရုံဝင်စားလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါလီဆွေ စကားကြောင့် သူ ဟက်ခနဲ ရယ်မိတော့ သူ့
ဒါလီ မျက်မှောင်လေးကုပ် ဘုဆတ်ဆတ်ကြည့်ရင်း

"ဘာလဲ သျှင်က မယုံကြည်တဲ့သဘောလား"

"မင်းစိတ်ကို ကိုယ်မှ မမြင်တွေ့နိုင်တာပဲ ဒါလီရဲ့"

"ဒါဆို သျှင် မြင်တွေ့နိုင်အောင် ကြိုးစားကြည့်လေ၊ ဒါလီ
တခြားမိန်းမတွေနဲ့ မတူချင်ဘူး၊ ဒါကြောင့် ရှင့်ကိုတောင် ဘယ်သူ
မခေါ်တဲ့ သျှင်လို့ခေါ်တာလေ"

ဒါလီဆွေစကားတွေ ဘယ်ဆီကို ဦးတည်နေခဲ့သည်ဆိုတာ
သူ သဘောပေါက်ပါသည်။ စိမ်းမြမြနှင့်ဇာတ်လမ်းပြတ်သွားသော သူ့
ဒါလီဆွေ လမ်းခင်းပေးနေတာ သိသာလွန်း၏။

"ဒါလီ စိတ်ကတော့ ရှင်းတယ်၊ ဒါလီ အာရုံဝင်စားတဲ့အရာ
မှာ ရှုပ်ထွေးပြင်းထန်တယ်"

သူ့မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်ရင်း ဆိုနေသော ဒါလီဆွေ
မျက်ဝန်းတွေထဲမှာ ညို့ရိပ်တွေ ရောင်စဉ်ဖြာနေခဲ့၏။

ထိုမျက်ဝန်းတွေကိုကြည့်ရင်း စိမ်းမြမြ စကားတွေကို သူ့နာ
ထဲမှာ ပြန်လည်ကြားယောင်လာမိသည်။

ဒါလီဆွေဆိုသော မိန်းမတစ်ယောက်ရဲ့ ဟန်ဆောင်မှုတွေ ဘယ်
လောက်အထိ ကြီးမားသည်လဲ။ အခုချိန်မှာတော့ သူနှင့်ဒါလီဆွေ
အခြေအနေအတွက် ဒေါ်ခင်မြတ်မွန် တုန်လှုပ်စိုးရိမ်နေတာ သေချာ

ဒါလီဆွေနှင့်သူ ဖုန်းစကားပြောနေတိုင်း ဒေါ်ခင်မြတ်မွန် နာ





နေတာ သူ သိသည်။ ဒီမိန်းမကြီး သူ့ကိုလည်း ဘာမှမပြောရဲဘဲ
သောကဖြစ်နေတာမြင်လျှင် သူ ကျေနပ်သည်။

"ဘာတွေ တွေးနေတာလဲ သျှင်"

ဒါလီဆွေ အမေးစကားသံကို ကြားမှ သူ့အတွေးတွေ အတူ
နေသော ကော်ဖီပိုင်းလေးဆီ ပြန်ရောက်သည်။

"တို့အကြောင်း တွေးနေတာလားလို့"

သူ ဘာမှမပြောရသေးခင် ဒါလီဆွေ ဆိုသည်။ သူ့ဘက်က
လွယ်တကူ ချနင်းဖို့အတွက် ဒါလီဆွေ လမ်းခင်းပေးနေတော့လည်း

"ဟုတ်တယ် အခုချိန်မှာ တို့အာရုံက မင်းဖြစ်နေတယ်"

ဒါလီဆွေ မျက်ဝန်းလေးတွေ တောက်ပလက်ဖြာသွားခဲ့၏။
ဆေးအနီရဲရဲ နှုတ်ခမ်းလေးတွေ ပြုံးရိပ်သမ်းသွားခဲ့ရင်း

"ဒါလီနဲ့သျှင် စိတ်ချင်းတော့ ထပ်တူကျနေပြီ သိလား၊ ဒါလီ
အာရုံထဲမှာ စိုးမိုးနေတာလည်း သျှင်ပဲ"

ဒါလီဆွေရဲ့ ရဲတင်းမှုကိုတော့ သူ လက်ဖျားခါမိမတတ်ပါပဲ။
မှ စိမ်းမြမြနှင့် တစ်ခန်းရပ်ခဲ့သော သူ့ကို ဒါလီဆွေ လက်ကမ်းနေ
ရှိသားသော ပွင့်လင်းမှုတစ်ခု မဟုတ်နိုင်တာတော့ သေချာလွန်း၏။

"သျှင်ခေတ်သစ် ဆိုတဲ့ကောင်ရဲ့စိတ်က ငြီးငွေ့လွယ်တတ်တာ
မစိုးရိမ်မိဘူးလား ဒါလီ"

"ဟင့်အင်း အဲဒါအတွက် ဒါလီ ခေါင်းထဲမထည့်ပါဘူး ဘာလို့
ဆိုတော့ သျှင်ကို စတွေ့ကတည်းက ဒါလီ စွဲလန်းသွားခဲ့တာလေ



www.burmeseclassic.com

www.burmeseclassic.com



သျှင်ရဲ့အနားမှာ တခဏလေး ရှိနေခွင့်လေးကို ဒါလီ မက်မောတယ်
ဒီအတွက် ဘာပဲပေးဆပ်ရ ပေးဆပ်ရ ကျေနပ်ပြီးသား''

ဒါလီစကားလုံးတွေက ယောက်ျားတစ်ယောက် ကြက်သီး ထ
ဖြန်းဖြန်းထကာ ကြွေကျသွားလောက်ပါသည်။

ဒါပေမဲ့ သျှင်ခေတ္တသစ်ဆိုသော ယောက်ျားတစ်ယောက်
အတွက်တော့ . . . ။

မဆိုးပါဘူး ဒါလီဆွေ။ မင်းလည်း ဆရာကြီးတစ်ဆူပဲလေ

■ ■ ■



## အခန်း (၈)

ဒါလီဆွေ သူ့အိမ်အထိ မကြာခဏ ရောက်လာတော့လည်း
ဒေါ်ခင်မြတ်မွန်အတွက် ရိုးသွားခဲ့သည်လား မဆိုတတ်။

ဒါလီဆွေနှင့်ပတ်သက်ပြီး သူ့ကို ဘာမှဆုံးမစကား မဆိုတော့
။ ဒါလီဆွေ ရောက်လာလျှင်တောင် ရှောင်ထွက်သွားတတ်၏။

ဘယ်လိုမှ နာခံမှုမရှိသော သူ့ကို သင်းထိုက်နဲ့သင်းကံ ရှိစေ
တော့ဟု ဥပေက္ခာပြုလိုက်ပြီ ထင်သည်။

ဒါလီဆွေက ဒေါ်ခင်မြတ်မွန်အတွက် စိတ်အနှောင့်အယှက်
ဖြစ်စရာသူတစ်ယောက် မဟုတ်မှတော့ သူ့အတွက်လည်း အဓိပ္ပါယ်
ရှိတော့တာ သေချာ၏။

''သျှင် ဒီနေ့ ဂျန်းရှင်းသွားရအောင်၊ အရောင်းမြှင့်တင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်တွေ စိတ်ဝင်စားစရာကောင်းတယ်''

ဒါလီဆွေ ရောက်လာတိုင်း တစ်နေရာမဟုတ် တစ်နေရာတော့ လည်ပတ်ဖြစ်သည်။ ဒါပေမဲ့ ဒီနေ့ သူ စိတ်မပါတာအမှန်။

''ကိုယ် စိတ်မပါဘူး ဒါလီ''

''ဟင် သျှင် နေမကောင်းဘူးလား''

မေးရင်း သူ့နဖူးဆီ လှမ်းလာသော ဒါလီဆွေ လက်ကို သူ လှမ်းကာတားရင်း

''ကောင်းပါတယ် စိတ်က ဘယ်မှမသွားချင်လို့''

''ဒါဆို သျှင်နဲ့ဒါလီ ကြက်တောင်ကစားကြမယ်၊ ပြီးရင် ရေကူး ကြရအောင်''

ဒါလီကတော့ သူ့ဆန္ဒတွေကို လိုက်လျောဖို့ အသင့်ရှိနေဟန် နှင့် ဆိုပြန်၏။

''ဆောရီး ဒါလီရာ၊ ကိုယ် ဘာမှကို အာရုံဝင်စားမရလို့''

သူ့စကားအဓိပ္ပါယ်ကို ဒါလီ သဘောပေါက်သွားကာ မျက်နှာ ပေါ်က အပြုံးတို့ ချက်ချင်းရိပ်ခနဲ ပျောက်သွားခဲ့၏။ ပြီးတော့ သူနှင့် နီးနီးကပ်ကပ် ဝင်ထိုင်သည်။

အမွှေးရနံ့စူးစူးတွေကို ရှူရှိုက်နေရတာကိုပဲ သူ ခေါင်းတွေမူး နောက်ချင်လာတာမို့ ပင့်သက်ရှိုက်ကာ ခေါင်းကို တစ်ဖက်လှည့်ရှောင် တိမ်းမိ၏။

''သျှင် ဒီနေ့ စိတ်မလန်းဘူးထင်တယ်၊ အိုကေလေ သျှင်





...ဆေးနားလိုက်ပေါ့။ ဒါလီ သူငယ်ချင်းတွေနဲ့ ချိန်းထားတာလေးရှိလို့ ...ကမှ ဖုန်းဆက်လိုက်မယ်''

''ကောင်းပြီ ဒါလီ တို့ လိုက်မပို့တော့ဘူး''

ဒါလီ အလိုမကျပေမယ့် ခေါင်းလေးညိတ်ကာ ထွက်သွားခဲ့ ...ည်။

ကြိုးပျောက်အကျပ်အကျီခါးတိုလေးနှင့် ပေါင်လယ်ခန့်အထိပဲ ...ညှိသော မီနီစကပ်လေးကို ဝတ်ဆင်ထားသော ဒါလီ ဝတ်စားဆင်ယင် ...တွေက ရမ္မက်စိတ်တို့ကို နှိုးဆွစေပေမယ့်

သူ ဘယ်တုန်းကမှ သတိလက်လွတ် မဖြစ်ခဲ့ဘူးပါ။ ယောက်ျား ...ယောက်၏ကိုယ်ကျင့်တရားနှင့် သိက္ခာကိုတော့ သူ အမြဲစောင့်ထိန်း ...၏။

ကောင်မလေးတွေ ထည့်လဲတွဲကာ အသည်းခွဲမင်းသားဟု ...င်ပွန်းတပ်ခံရပေမယ့် သူ့မှာ နာမည်ပျက်မရှိခဲ့ပါ။

မိန်းကလေးတစ်ယောက်ရဲ့ဘဝကိုတော့ သူ ဘယ်တော့မှ မနင်း ...ခဲ့။

ဒါလီဆွေ ဆိုသော မိန်းကလေးက သူ အလိုရှိလျှင် ဘဝကို ...ပ်ဖို့အသင့်ရှိနေတာ သေချာသည်။ ဒါပေမဲ့ သူ့ဘက်က အမြဲသတိ ...ခဲ့မြဲ။

ဒါလီဆွေ ပြန်သွားတော့ သူ အခန်းထဲဝင်ကာ အဝတ်အစား ...လှယ်လိုက်သည်။ အိမ်မှာ တစ်နေကုန်နေပြီး မတွေ့ချင်သော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်တွေ့နေရမှာ သူ မလိုချင်ပါ။

နိုင်လေးကို အဖော်ခေါ်ကာ နိုင်မြတို့အိမ် သွားအချိန်မြှုန်းနေ တာ ကောင်းမည်ထင်သည်။

စိတ်ကူးနှင့် အခန်းထဲက ထွက်ခဲ့စဉ်မှာပဲ ဧည့်ခန်းထဲမှာ ဒေါ် ခင်မြတ်မွှန်နှင့်ဆုံ၏။

"သား အပြင်သွားမလို့လား၊ ဒါလီဆွေ ပြန်သွားပြီ မဟုတ် လား"

"ကျွန်တော် သွားစရာရှိတယ်၊ အန်တီမြတ်မွှန် ဘာပြောချင် တာလဲ"

သူ ဘုဆတ်ဆတ်ပဲ မေးလိုက်မိ၏။ ဒေါ်ခင်မြတ်မွှန် ဆက်ဆံ မှုတွေက သူ့အပေါ် ဘယ်လောက်ပဲ ချိုသာကြည်လင်ပါစေ သူ့ဘက်က ပြောင်းလဲဖို့ မရှိပါ။

"ညနေ မနက်ဖြန် အစ်ကိုကြီး လေးနှစ်ပြည့် ရက်လည်ဆွမ်း လေး ကပ်လှူမလို့လေ၊ အဲဒါ သျှင်လေးကိုပါ ရှိနေစေချင်တယ်"

ဖေဖေဆုံးခဲ့တာ လေးနှစ်တောင် ရှိပြီတဲ့လား။ သူ ဂရုမပြုခဲ့ မိတာ အမှန်။ ဒေါ်ခင်မြတ်မွှန်ကတော့ နှစ်စဉ်တိုင်း ဖေဖေ့အတွက် ရည်စူးကုသိုလ်ပြုတတ်စမြဲ။

"သျှင်လေး ကိုယ်တိုင် လှူဒါန်းစေချင်လို့ပါကွယ်"

နှစ်စဉ်တိုင်း ဖေဖေ့အတွက် ရည်စူးပြုသော ကုသိုလ်ဒါနတိုင်း မှာ သူ တမင်ပဲ မရှိအောင် ရှောင်နေခဲ့သည်။ ဒေါ်ခင်မြတ်မွှန် ဆိုသော





မိန်းမကြီးနှင့် ကုသိုလ်ရေစက်မဆုံချင်တာကြောင့် ဖြစ်၏။

"ဒီနှစ်တော့ သျှင်လေးကိုယ်တိုင် ရည်စူးလှူပေးပါကွယ်"

ဒေါ်ခင်မြတ်မွှန် တောင်းတောင်းပန်ပန်လေး ပြောနေတော့ သူ ပင့်သက်ရှိုက်ရင်း

"အင်း ကျွန်တော် သွားစရာကိစ္စပေါ်မလာရင် ရှိမှာပါ"

မတင်မကျ ပြောပြီး သူ ချက်ချင်းလှည့်ထွက်ခဲ့၏။ ကြည်လင် နေသော စိတ်တွေ နောက်ကျိသွားတာတော့ အမှန်။

ဒီမိန်းမကြီးနှင့်သူ ဘယ်လိုရှေးရေစက်မှန်းကို မသိပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟင် သျှင်လေး ဒါက ဘယ်သွားမလို့လဲ"

သူ အဝတ်အစားတွေ လဲလှယ်ပြီး ထွက်လာတာမြင်တော့ ဒေါ်ခင်မြတ်မွန် တအံ့တဩ ကြည့်ကာမေးသည်။

"အရေးတကြီးကိစ္စတစ်ခု သွားစရာရှိလို့"

"ဟို ဒီနေ့ အစ်ကိုကြီးအတွက် အလှူရှိတယ်လေ"

"အန်တီမြတ်မွန်က ဖေဖေ့ရဲ့ ဒုတိယဇနီးမယားပဲဗျာ၊ ဖေဖေ့ အတွက် အန်တီမြတ်မွန်ပဲ လုပ်ပေးလိုက်ပေါ့"

သူ့စကားကြောင့် ဒေါ်ခင်မြတ်မွန် ကွက်ခနဲ မျက်နှာပျက် သွားခဲ့၏။ ဒါပေမဲ့ ချက်ချင်း ပြင်လိုက်ရင်း

"ဟိုလေ ခဏနေရင် ဘုန်းဘုန်းတွေ ကြွလာတော့မှာ၊ သား





ကိုယ်တိုင် လှူဒါန်းရေစက်ချစေချင်လို့ပါ၊ ပြီးမှ သွားလို့မရဘူးလားဟင်"

"မရဘူး ကျွန်တော် ဒါလီနဲ့ချိန်းထားလို့၊ အရေးကြီးတယ် အခုသွားရမယ်"

ဒေါ်ခင်မြတ်မွန် ဘာစကားမှ မပြောနိုင်ခင် သူ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ ထွက်ခဲ့လိုက်သည်။

တကယ်ဆို ဒီလို အခြေအနေတွေ ကြုံဆုံလာဖို့ မနေ့ကအထိ သူ ရည်ရွယ်မထားပါ။ ညရောက်မှ ဒါလီဆီက ဖုန်းဆက်လာတာ ဖြစ်သည်။

"သျှင် မနက်ဖြန် ဒါ့ရဲ့ဘတ်သ်ဒေးပွဲလေး ကျင်းပချင်လို့"

"ဘယ်လို မနက်ကတောင် ဘာမှမပြောဘဲ အခုမှ ဘယ်လို ဘတ်သ်ဒေးက ညတွင်းချင်း ဖြစ်သွားရတာလဲ"

ဒါလီ စကားကို မယုံချင်တာမို့ သူ ရိသဲ့သဲ့လေး လှောင်လိုက်မိပေမယ့် ဒါလီကတော့ ဟန်ဆောင်ကောင်းသူပီပီ

"မနက်ကတည်းက သျှင်ကိုပြောမလို့ သျှင် စိတ်မကြည်မလင် ဖြစ်နေလို့ မပြောတော့တာ၊ အကြီးအကျယ်ကြီးလုပ်ဖြစ်မှာလည်း မဟုတ်ဘူးလေ၊ တစ်ဆိုင်ဆိုင်မှာ ပြုစုကျွေးမွေးမှာ"

သူ နောက်ဆုတ်ဖို့ ကြိုးစားနေတာကို သိတာကြောင့် ဒါလီဆွဲ လိမ်ဆင်တွေ ခင်းနေတာဟုပဲ ထင်သည်။ ဒါပေမဲ့ မနက်ဖြန် ဒေါ်ခင်မြတ်မွန် သူ့ကို ဖေဖေ့အလှူအတွက် ရှိနေစေချင်တာကို သတိရ၏။

ထိုအစီအစဉ်ကို ကသိကအောက်လုပ်ဖို့အတွက် ဒါလီရဲ့ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှုက အခွင့်ကောင်းဖြစ်နေ၏။

"အိုကေ ဟုတ်ပါပြီ၊ ဘယ်သူတွေပါမှာလဲ"

"ဒါလီရဲ့အရင်းနှီးဆုံးတွေပဲပေါ့"

"အိုကေ ဘယ်အချိန်လဲ"

"ဘရိတ်ဖတ်စ်ကျွေးမှာလေ ဆယ်နာရီလောက်ပေါ့"

ဒါလီဆွေ၏ချိန်းဆိုမှုကို သူ လက်ခံလိုက်သည်။ ပြီးတော့ တမင်အိမ်က စောစီးစွာ ထွက်ခဲ့သည်။

ကော်ဖီဆိုင်လေးမှာ မနက်စာစားသောက်ပြီး အချိန်ဖြုန်းလိုက်သည်။ ဒါလီချိန်းသော ဆယ်နာရီမထိုးခင်အထိ ကားကို လျှောက်မောင်းကာ အချိန်ဖြုန်းပြီးမှ ချိန်းဆိုထားသော ဆိုင်လေးကို သူ ရောက်ခဲ့သည်။ ဒါလီဆွေ ကိုယ်တိုင် ဆိုင်ရှေ့က ကြိုစောင့်နေတာမို့ အံ့ဩမိသေး၏။

"ဘယ်သူမှ မရောက်ကြသေးဘူးလား ဒါလီ"

"ဒါလီအတွက် အရေးကြီးဆုံးသူကို လာစောင့်ကြိုနေတာလေ"

ခရမ်းရင့်ရောင် ချပ်ချပ်ရပ်ရပ် ဂါဝန်လေးနှင့် မင်းသမီးလို လောက်အောင် ပြင်ဆင်ထားသော ဒါလီဆွေ လက်ထဲကို သူ အနက်ရောင်ဘူးလေး ကမ်းပေးလိုက်၏။

"ဟက်ပီးဘတ်သ်ဒေးပါ ဒါလီ"

ဒါလီဆွေ မျက်နှာလေး ကျေနပ်စွာ ဝင်းပသွားခဲ့ရင်း ဖဲပြား ဝါလေးကို ခွာကာ ချက်ချင်းပဲ ဖွင့်ကြည့်၏။





ဘူးထဲက ထွက်လာသည်က ရွှေရောင်ရင်ထိုးလေးတစ်ခု။ ဒါပေမဲ့ ဒါလီ မျက်နှာလေး မဲ့ခနဲဖြစ်သွားခဲ့တာ ကင်းမြီးကောက်ပုံ ရင်ထိုးလေးကြောင့် ဖြစ်မည်။

"ဟင် ကင်းမြီးကောက်ပုံကြီး"

"အင်းလေ ဒါလီသဘောမကျဘူးလား၊ ကိုယ်ကတော့ ကြိုက်တယ်"

"အဆိပ်ရှိတဲ့သတ္တဝါတော့ သဘောမကျပါဘူး၊ လိပ်ပြာပုံတို့ အသည်းပုံတို့ဆို တော်သေးတယ်"

"စိတ်မဝင်စားပါဘူးကွာ၊ အဲဒီပုံဒီဇိုင်းတွေက ရိုးတယ်၊ ကင်းမြီးကောက်ပုံကမှ ဆန်းတာ၊ ဒါလီ မကြိုက်ရင် လွှင့်ပစ်လိုက်ပေါ့"

"အို ဘာလို့ လွှင့်ပစ်ရမှာလဲ၊ ကိုယ့်ချစ်သူက ပေးတဲ့ အမှတ်တရပဲဥစ္စာ၊ ဘာကိုမဆို ဒါလီ သဘောကျရမှာပေါ့"

သူ ကြိတ်ပြုံးမိပြန်ပါသည်၊ ဒါလီရဲ့ ဟန်ဆောင်မှုတွေကတော့ နင်းကျူးလောက်ပါသည်။

"ကဲ သွားရအောင်၊ ဒါက သီးသန့်အခန်းလေးထဲမှာ စီစဉ်ထားတာ"

ဒါလီ ဦးဆောင်ခေါ်သည့် သီးသန့်ခန်းလေးဆီကို သူ လိုက်ခဲ့လိုက်ပါသည်။

အခန်းထဲလှမ်းဝင်လိုက်တော့ သူ မျက်မှောင်ကုပ် အံ့ဩသွားခဲ့သည်။ အခန်းထဲမှာ တစ်ဦးတစ်ယောက်မှ ရှိမနေပါ။ စားပွဲဝိုင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းနှင့် ထိုင်ခုံနှစ်လုံးပဲ ရှိသည်။

သူ ဒါလီကိုလှည့်ကြည့်တော့ ဒါလီ ပြုံးပြုံးလေး ပြန်ကြည့်နေ
ခဲ့၏။

"ထိုင်လေ သျှင်"

"နေပါဦး ဒါလီ၊ ဘယ်မှာလဲ မင်းရဲ့သူငယ်ချင်းတွေ တ
ယောက်မှ မရောက်သေးဘူးလား"

"ဘယ်သူမှ ပါစရာမလိုဘူးလေ၊ ဒါလီရဲ့အရင်းနှီးဆုံး အခ
အပါဆုံးသူတစ်ယောက်ကိုပဲ ဒါလီ တသီးတသန့် ဖိတ်ထားတာ"

သူ့မျက်ဝန်းတွေထဲကို စူးစူးနစ်နစ်လေး ကြည့်ကာ ပြော
သော ဒါလီစကားကြောင့် သူ ပခုံးလေးတစ်ချက် တွန့်ပြုံးလိုက်မိ
တကယ်ဆို ဒါလီ ဖိတ်ကတည်းက လိမ်ဆင်ကြီးဆိုတာ သူ သဘေ
ပေါက်သည်။

ဒါလီခွေ ဖန်တီးထားသော ဘတ်သ်ဒေးညှော်ခံပွဲလေးမှာ တစ်
တည်းသော ညှော်ပရိသတ်က သူပဲဖြစ်နေပြီ။

သူ စားပွဲဝိုင်းက ထိုင်ခုံမှာ တည်တည်ငြိမ်ငြိမ်ပဲ ဝင်ထိုင်လို
ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဒါလီအတွက် သူ နောက်ဆုံး အ
ပေးခြင်းဟု ဆုံးဖြတ်ပြီးပြီမို့

"ကျေးဇူးတင်ပါတယ် ဒါလီ၊ ပျော်စရာမွေးနေ့ပွဲလေး ဖြစ်
စေ"

"ဒါလီအတွက် ဘယ်တော့မှ မမေ့နိုင်တဲ့ မွေးနေ့ဖြစ်မှာ





သျှင်"

ပြောရင်း ဒါလီက အသင့်ငွဲထားပြီးသော လည်ရှည်ဖန်ခွက်
လေး နှစ်ခွက်ကို ကောက်ယူသည်။ သူ့ဆီတစ်ခွက်ကမ်းပေး၏။

"ဟာ ဒီအချိန်ကြီး တို့ မသောက်တတ်ဘူး ဒါလီ"

"သျှင်ကလည်း အပြင်းမဟုတ်ပါဘူး ဝိုင်ပါ၊ ဒါလီရဲ့ မေးခွန်း
အတွက်ဂုဏ်ပြုတဲ့အနေနဲ့ သောက်ရအောင်နော်"

လက်ထဲက ဖန်ခွက်ရှည်လေးကို မြှောက်ပြရင်း ဒါလီပြောနေ
တော့ သူငြင်းရခက်စွာ လက်ခံလိုက်ရပါသည်။

"ဟက်ပီးဘတ်ဒေးပါ ဒါလီ"

"ဟက်ပီး ဘတ်ဒေး"

ဖန်ခွက် နှုတ်ခမ်းချင်း ထိခတ်သံလေး ထွက်ပေါ်လာအပြီးမှာ
နှစ်ဦးသား ဝိုက်ခွက်တွေကို ပြိုင်တူမော့သောက် လိုက်မိကြသည်။

"သျှင့်ကို ဒါလီသိပ်ချစ်တယ်"

ရီဝေဝေ မျက်ဝန်းလေးတွေနှင့် သူ့ကို စိုက်ကြည့်ကာ ဒါလီဆို
တော့ သူ ယဲ့ယဲ့ပြုံးရင်း ဝိုင်ခွက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်
၏။ ဒါလီက စားပွဲပေါ်မှာ အသင့်ဖောက်ထားသော ပုလင်းထဲမှ နောက်
တစ်ခွက် ငှဲ့ထည့်ပေးသည်။

"ဒါလီ ချစ်ခြင်းအတွက် နောက်တစ်ခွက်နော်"

ဒါလီ သိပ်ပျော်နေပုံရသည်။ ဒါ သူနှင့် ဒါလီတို့ရဲ့ နောက်ဆုံး
ဖတ်သိမ်းဆိုတာကို ဒါလီ မသိရှာသေးတာကြောင့်ပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြောက် သောက်မိသော ဝိုင်အရသာက ပိုလို့ ခါးသက်ပြင်းရသည်ဟု သူထင်မိ၏။ သူ့မျက်နှာ ရှုံ့မဲ့သွားတော့ ဒါလီက အသည်းဟင်းတစ်ဖတ်ကို ခပ်ယူကာကျွေးသည်။

“တို့ သျှင်ကို ဝန်ခံစရာတွေ ရှိတယ်သိလား။ ဒီနေ့ တို့ရင်ထဲက ခံစားချက်တွေကို ပြောပြချင်လို့”

ဒါလီဆွေ ပြောချင်တာတွေ ပြောသမျှ သူ နားထောင်ပေးဖို့ ဆုံးဖြတ်ထားလိုက်သည်။ အရသာခံစားသောက်လို့ မရတော့သည့် ဝိုင်လက်ကျန်ကို အပြတ်မော့ချလိုက်သည်။

လည်ချောင်းတစ်ချက် နွေးခနဲ စီးမျောသွားမှုက သူ့ကို သံသယဝင်စေ၏။

“သိလား သျှင် တို့သျှင်ကို သိပ်ချစ်သွားခဲ့တာ အမှန်ပဲ ဘယ်ယောကျ်ားလေးကိုမှ တို့ စွဲစွဲလန်းလန်း မရှိခဲ့ပေမယ့် သျှင်က တို့နှလုံးသားကို ထူးထူးခြားခြား သိမ်းပိုက်သွားခဲ့တယ်”

ဒါလီ သူ့ကို စကားလုံးမြားတွေနှင့် ပစ်ခွင်းဖို့ ကြိုးစားနေတာ သေချာသည်။ သျှင်ခေတ်သစ် ဆိုသော ယောကျ်ားတစ်ယောက်အတွက် ဒါ ထိရောက်မှု မရှိနိုင်တဲ့ မြားချက်တွေဆိုတာ မသိဘူးထင်ပါရဲ့။

“တို့ သျှင်ကို တစ်ဘဝလုံးအတွက် ချစ်သွားတာ၊ ဒါကို သျှင် ယုံကြည်ပေးပါကွယ်”

ပြောရင်း ဝိုင်ပုလင်းထဲကဝိုင်ကို သူ့ဖန်ခွက်ထဲ ငှဲ့ထည့်ပေးနေပြန်သည်။





“ဒါလီ ဒါနဲ့ဆို တို့ သုံးခွက်မြောက်နော်”

“သျှင် ဘီယာနှစ်ဘူး နိုင်တာပဲ၊ ဝိုင်လောက်က ဘာဖြစ်မှာမို့လဲ၊ ဒီနေ့ ဒါလီနဲ့ ပျော်ပျော်ပါးပါး နေပေးပါ သျှင်ရယ်”

ဒါလီရဲ့ မာယာတွေကို သူ ထင်ထင်ရှားရှားကြီး မြင်တွေ့နေရပေမယ့် ဒါလီရဲ့ ရည်ရွယ်ချက်ကိုတော့ သူ မသိနိုင်ပါ။

သူ့စိတ်ထဲက ကြိတ်ပြုံးလိုက်ရင်း ဒါလီ ခင်းနေသော လမ်းလေးအတိုင်း အလိုက်သင့် စီးမျောလျှောက်သွား လိုက်ပါသည်။

ငါးခွက်မြောက် ဝိုင်ခွက်ကို သူ လက်လှမ်းအယူမှာပဲ ခန္ဓာကိုယ်က ယိုင်ခနဲဖြစ်ကာ လက်က ဖန်ခွက်ကို ဝင်တိုက်မိသွား၏။

“ချွင် ခလွမ်း”

စားပွဲခင်းပေါ် မှောက်လဲကျသွားသော ဖန်ခွက်နှင့်အတူ သမကာရနံ့တွေက မွှန်ထူသွားခဲ့သည်။

“ဟာ တို့ မရတော့ဘူး ဒါလီ၊ သိပ်မူးသွားပြီ”

“ဟင် သျှင်ကလည်း ဝိုင်လေး သုံးလေးခွက်လောက်ကို အဟင်း ဟင်း တကယ်ရယ်ရတယ်”

“ဒီလောက်ပြင်းတဲ့ဝိုင် တို့မသောက်ဖူးဘူး။ ဟား ခေါင်းတွေ ဆောင် ချာလည်ချင်နေပြီ ဆောရီး ဆောရီး ဒါလီ”

သူ့ လေသံတွေ လုံးထွေးလာကာ ထိုင်ခုံမှာ ကျောမှီထိုင်ရင်း မျက်ဝန်းတွေ မှိတ်ထားလိုက်မိ၏။

“စားစရာတွေတော့ စားလိုက်ပါဦး သျှင်ရဲ့၊ ဘာမှ မစားရ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး''

''နိုး တို့တောင်းပန်တယ်၊ ဘယ်လိုမှမရလို့ တို့ပြန်ချင်ပြီ''

''အိုကေ အိုကေ ဒါလီ ပြန်ပို့ပေးမှာပေါ့ ခဏလေးနော် သူ ဘီလ်ရှင်းလိုက်ဦးမယ်''

သူကိုပြောပြီး ဒါလီဆွေ အခန်းထဲက ခပ်သုတ်သုတ် ထွက်သွ ခဲ့သည်။ ဒီတော့မှ မေးမှိတ်ထားသော မျက်ဝန်းတွေကို သူ ဖွင့်ကြ လိုက်၏။

ဒါလီဆွေ သိပ်လည်သည်။ မာယာများသလောက် ယုတ်မာ လည်း ဝန်မလေးတတ်တာ သူသိခဲ့ပြီ။

ဝိုင်ပုလင်းထဲမှာ အပြင်းစားအရက်တွေ ရောနှောကာ သူ တိုက်မှန်း ဒုတိယဖန်ခွက်မှာကတည်းက သိခဲ့သည်။ ဒါကြောင့်လည် နောက်ထပ်ငှဲ့ပေးသော ခွက်တွေကို ဒါလီအလစ်မှာ စားပွဲအောက် ပလစ်စတစ်ပုံးထဲ သူသွန်ပစ်ခဲ့၏။

ဒါလီ လည်သလောက်တော့ သူကလည်း ပါးနပ်ပြီးသား

အခန်းထဲကို ဒါလီ ပြန်ဝင်လာတော့ သူ ထိုင်ခုံက ခပ်ယိုင်ယို လေး ထရပ်လိုက်၏။

''သျှင် ရရဲ့လား ဒါလီ တွဲမယ်လေ''

''ရတယ် ဒါလီ တို့ ထိန်းလျှောက်ပါ့မယ်''

ဒါလီ သူ့လက်မောင်းကို လာတွဲတော့ အလိုက်သင့်ပဲ လျှော လိုက်ပါသည်။





''ဒါလီ ကားယူမလာဘဲ တက္ကစီနဲ့လာခဲ့တာ အဆင်ပြေသွား ပေါ့၊ သျှင်ကို ဘေးမသီရန်မခ အိမ်ပြန်ပို့ပေးမယ်''

ပြောရင်း ခေါင်းမှီထိုင်ရင်း သူမျက်ဝန်းတွေကို မှိတ်ထားလိုက်၏။ က ကားလေးကို ငြိမ့်ခနဲ မောင်းထွက်ရင်း

''သျှင့် နေသာသလို မှိန်းနေလိုက်နော်''

သူတကယ် မူးနေသည်ထင်ကာ ဒါလီ ယုယကြင်နာ ပြနေခဲ့တာ ။ ဒါလီရဲ့ ရည်ရွယ်ချက်က ဒီထက်ကြီးမားမှာ သူသိနေသည်။ ဝန်းတွေမှိတ်ကာ သူ ငြိမ်ငြိမ်သက်သက်လေးပဲ လိုက်ခဲ့လိုက်၏။

ဒါလီ ဘာစကားမှမပြောဘဲ ကားမောင်းနေတာကို စိတ်က ယဝင်လာချိန်မှာ သူမျက်ဝန်းတွေ ဖွင့်ကြည့်မိ၏။

ကားလေးဦးတည်နေရာက သူ့အိမ်ကို ပြန်သည့်လမ်းမဟုတ် သူချက်ချင်း သိလိုက်ပါသည်။ ဒါလီကို အံ့ဩစွာလှည့်ကြည့်ရင်း မေးမိ၏။

''ဒါလီ ဘယ်ကိုမောင်းနေတာလဲ''

''သျှင် အမူးပြေတဲ့ အချိန်ထိ အနားယူလို့ရတဲ့ နေရာလေးကို

''ရတယ် ကိုယ်အိမ်ပဲ ပြန်မယ်''

''တည်းခိုခန်း တစ်ခုခုမှာ သျှင် အနားယူလိုက်ပါနော်''

ဒါလီ စကားကြောင့် သူတွန့်ခနဲ ဖြစ်သွားရသည်။ ဒါလီရဲ့ ယ်ချက်ကို သူကောင်းကောင်း သိလိုက်ရပြီ။ ဒီရည်ရွယ်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒါလီ သူ့ကို အရက်မူးအောင် တိုက်ခဲ့ခြင်းပါလား။

"ဒါလီ အိမ်ကိုပဲ မောင်းပါ၊ ကိုယ်အိမ်ပြန်မယ်"

"သျှင်ရယ် ဒီနေ့လေးကို ဒါလီနဲ့ ရှင်ရဲ့ အမှတ်တရနေ့လေး အဖြစ် ဖန်တီးလိုက်ကြရအောင်နော်"

ညို့မျက်ဝန်းတွေနှင့် ကြည့်ရင်းဆိုသော ဒါလီကိုကြည့်ကာ သူ ရင်ခုန်ဖို့ထက် ရွံရှာစိတ်တွေပဲ ဖြစ်ပေါ်လာမိ၏။

"ဒါလီ မင်း အဲဒီရည်ရွယ်ချက်နဲ့ ဝိုင်ပုလင်းထဲ အရက်အပြင်းတွေ ထည့်တိုက်ခဲ့တာပေါ့ ဟုတ်လား"

သူ့စကားကြောင့် ဒါလီ မျက်ဝန်းတွေ ထိတ်လန့်ဝိုင်းစက်သွားသည်။ သူသိနေသည်ဟု ဒါလီ ထင်မှတ်ထားပုံမရပါ။

"သျှင်ခေတ်သစ်ဆိုတာ မင်းကစားချင်သလို ကစားလို့ရမယ့် အရုပ်လေးလို့ ထင်နေသလား၊ မင်းတော်တော် ရွံဖို့ကောင်းတဲ့ မိန်းမပဲ ကဲ ကားကို အခုရပ်လိုက်ပါ ဒါလီ"

ဒါလီ မျက်နှာရဲရဲနီကာ ကားကို ညင်သာစွာ ထိုးရပ်သည်။ ပြီးမှ နီမြန်းနေသော မျက်နှာနှင့် သူ့ကိုကြည့်ကာ

"သျှင် ဒါ ဒါလီ သျှင့်ကို သိပ်ချစ်တာပါ"

"ငါသိပ်သိတာပေါ့ ဒါလီဆွေ၊ မကြာခင်မှာ စောင့်ရှောက်ထားတဲ့ ဦးလေးဖြစ်တဲ့သူရဲ့ စွန့်ပစ်ခြင်းကို ခံရတော့မယ်၊ မင်းအတွက် ငါက မှီခိုစရာတစ်ခုလို့ မင်း သတ်မှတ်ထားမှာပဲ၊ အဟွန်း မင်းလို မိန်းမတစ်ယောက်ကို ငါက ရွေးချယ်မယ် ထင်သလား"





"သျှင်"

"မင်းကိုမင်း အထင်ကြီးမနေနဲ့ ဒါလီဆွေ၊ မင်းကို အခြေအနေ တစ်ခုအတွက် ငါလိုအပ်လို့ တခဏ အသုံးချတာပဲ၊ ကဲ ငါ့ကားပေါ်က ဆင်းလိုက်တော့"

ဒါလီဆွေ မျက်နှာကြီး ညိုညစ်မည်းမှောင်သွားခဲ့ကာ သူ့ကို ရှုံ့မဲ့ရဲရဲ စိုက်ကြည့်သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေက ပြဲကျသွား၏။

"သျှင်ခေတ်သစ် ဒါလီဆွေဆိုတဲ့မိန်းမက ရှင်ထင်ထားတာ ထက် အဆိပ်ပြင်းတယ် အဟင်း"

စကားအဆုံးမှာ ဒါလီဆွေ မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် အုပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်သည်။ ရဲရဲနီသော နှုတ်ခမ်းနီတွေက ဒါလီ ဆွေမျက်နှာတွေပါ စွန်းထင်းပေကျံသွားခဲ့၏။

ထို့မျှနှင့် ဒါလီဆွေ မာယာတွေက မပြီးသေးပါ။ ခရမ်းရင့်ရောင် ဂါဝန်အကျီရင်ဘတ်ကို လက်နှင့်ဆွဲချပစ်သည်။

"ဟာ ဒါ ဒါလီဆွေ"

သူ့မျက်ဝန်းတွေ အထိတ်တလန့် မှိတ်ကာ တားမြစ်ပေမယ့် ဒါလီဆွေ ဂရုမစိုက်ဘဲ ပေါင်လယ်ခန့်သာရှည်သော ဂါဝန်ကိုပါ ဆွဲလှန် ပစ်၏။

ယုတ်မာရက်စက်ဖို့အတွက် ဒါလီဆွေထံမှာ အရှက်တရားနှင့် ယဉ်ကျေးသိက္ခာတို့ ကင်းမဲ့သွားပြီဟု သူ နားလည်လိုက်သည်။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြဿနာကို သူ ပါးနပ်စွာ ကိုင်တွယ်ရမှာကို သဘောပေါက်၏။

"ဒါလီ မင်းကိုယ့်ကို တကယ်ချစ်တယ်ဆိုတာ ကိုယ် ဘယ်လို ယုံကြည်ရမလဲ"

ရုတ်တရက် သူ့အမေးစကားကြောင့် ဒါလီဆွေ တွေခနဲ ဖြစ်သွား၏။ သူ ဒါကို အခွင့်ကောင်းယူကာ ဆက်ပြောသည်။

"တကယ်ဆို မင်းဘဝလေးကို ကိုယ် စာနာသနားတယ်၊ မင်းကိုလည်း ကိုယ် နှစ်နှစ်ကာကာ ချစ်သွားခဲ့တာပါ၊ ဒါပေမဲ့ ဒါလီ ကိုယ့်ကို အခုလို မလုပ်သင့်ဘူးထင်တယ်"

"သျှင် တို့ တို့ကို ခွင့်လွှတ်ပါ၊ တို့ သျှင်ကို လက်လွှတ်ရမှာ စိုးလို့ပါ"

သူ့မာယာထဲမှာ ဒါလီ အလွယ်တကူပဲ ပျော်ဝင်သွားခဲ့ကာ သူ့ရင်ခွင်ကို တိုးဝင်တောင်းပန်သည်။

"ကိုယ် နားလည်ပါတယ် ဒါလီရယ်"

ဒါလီဆွေ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ကားဒက်ရှ်ဘုတ်ပေါ်က ရေမွှေးပုလင်းလေးကို သူ အသာအယာ လှမ်းယူလိုက်သည်။

ဒါလီဆွေ ခေါင်းလေးအမော့မှာ ရေမွှေးပုလင်းနှင့် သူ့မျက်နှာကို ပက်ဖြန်းပစ်လိုက်သည်။

"အိုး အ အား"

မျက်လုံးတွေကို လက်ဝါးနှင့်ဖိပိတ်ကာ ဒါလီဆွေ ဝရုန်းသုန်းကား ဖြစ်သွားချိန်မှာ သူ ရင်ဘတ်ကို ဆောင့်တွန်းပြီး ကားထဲက အ





ချင်အမြန် ထွက်လိုက်သည်။

"မိန်းမယုတ် သေလိုက်"

ဒါလီဆွေ နုတ်က ဘာမှမအော်ဟစ်နိုင်ခင်မှာ သူ ပလက်ဖောင်းအတိုင်း ပြေးခဲ့သည်။

လမ်းမကို ဖြတ်ကူးကာ မျက်ခြေဖြတ်မည်ဆိုသော စိတ်ကူးနှင့် ဖြတ်ကူးလိုက်မိစဉ်

"တီ"

ရူးရူးကျယ်လောင်သော ဟွန်းသံရှည်ကြီးနှင့်အတူ သူ့ဆီ ဦးတည်မောင်းဝင်လာသော ကားတစ်စီးကို မြင်လိုက်သည်။

ဘယ်လိုမှ ရှောင်မလွှတ်နိုင်တော့ဟု သိလိုက်ခြင်းနှင့်အတူ ဘုံခနဲရပ်ကာ မျက်ဝန်းတွေကို စုံမှိတ်ထားလိုက်မိတော့၏။

"ကျွီ"

"ဒုန်း"

ကတ္တရာလမ်းမနှင့် တာယာဘီးပွတ်ကြိတ်သံကြားမှာ တိုက်မိုက်သံတစ်ခုကိုပါ ပီပီသသ ကြားလိုက်ရ၏။

သူ့မျက်ဝန်းတွေ ဖွင့်ကြည့်တော့ သူ့ဆီဦးတည်လာသော ကားက သူလွတ်အောင် ရှောင်တိမ်းရင်း ပလက်ဖောင်းကို ကျော်လွန်ပြီး လူတစ်ဦးကို ဝင်တိုက်လိုက်တာဖြစ်သည်။

"ဟာကွာ သေပြီထင်ပါရဲ့"

"ဟိုလူ့ကို တိုက်မိမှာစိုးလို့ ရှောင်ရင်း ပလက်ဖောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချော်ထွက်လာတာ၊ ဒီအမျိုးသမီး ကံဆိုးတာပဲ''

ဝင်တိုက်မိတာ အမျိုးသမီးတစ်ယောက်ဟု သူ သိလိုက်သည်။ လူတွေ ပိုင်းအုံနေသော ထိုနေရာကိုသွားဖို့ ခြေလှမ်းပြင်ပြီးမှ ဒါလီဆွေကို သတိရကာ သူ လမ်းမကိုပဲ ဖြတ်ကူးလိုက်သည်။

အခုချိန်မှာ ဒါလီဆွေ၏ရက်စက်တတ်သော အကျင့်စရိုက်ဆိုးတွေကိုပဲ သူ ကြောက်ပါသည်။

လူကြားသူကြားထဲမှာ သူ့ဒုက္ခအကြီးအကျယ် ရောက်အောင် လုပ်ဖို့ ဒါလီဆွေ ဝန်လေးမည်မဟုတ်။

သူ့ကိုယ်စား ကံဆိုးသွားသော အမျိုးသမီးအတွက်တော့ ဆေးရုံကြီးမှာပဲ စုံစမ်းမေးမြန်းကြည့်ရတော့မည်။

ကြီးကြီးမားမားတော့ ဒုက္ခမရောက်ပါစေနဲ့။

■ ■ ■



## အခန်း (၁၀)

ဆေးရုံကြီးကိုရောက်ကာ စုံစမ်းကြည့်တော့မှ အခြေအနေက မျှော်လင့်ထားသည်ထက် ဆိုးနေခဲ့သည်။

ကားတိုက်ခံရသည့် မိန်းကလေးက ဆရာဝန်တစ်ယောက်ဟု ရသည်။

''ဒေါက်တာ နေမင်းရောင်စဉ် ဆိုတာ သိပ်ထူးချွန်ထက်မြက် ပါရဂူတစ်ယောက်ပဲ၊ သူ အခုလိုဖြစ်သွားတာ တိုင်းပြည်အတွက် ဖားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုတစ်ခုဖြစ်သွားနိုင်တယ်''

တာဝန်ကျ ဆရာမလေးက သူ့ကိုရှင်းပြသည်။ ဒေါက်တာ မင်းရောင်စဉ်ကို သူ မမြင်ဘူးပါ။ သို့ပေမယ့် ငယ်ငယ်ရွယ်ရွယ်နှင့် ချွန်ထက်မြက်သော ဆရာဝန်မလေးတစ်ယောက်ဟု သိခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ အဲဒီ ဒေါက်တာနေမင်းရောင်စဉ်ရဲ့ မိဘတွေနဲ့ ကျွန်တော် တွေ့ပါရစေ"

သူ့စကားကြောင့် ဆရာဝန်မလေး အကဲခတ်မျက်ဝန်းတွေနှင့် မော့ကြည့်သည်။

"ဒေါက်တာ နေမင်းရောင်စဉ်မှာ မိဘတွေ မရှိတော့ဘူး။ သူ့မှာ ညီမလေးတစ်ယောက်ပဲ ရှိတော့တာပါ"

"ဗျာ"

"နေပါဦး မောင်လေးက ဒေါက်တာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဘာလို့ ဒေါက်တာကို လာမေးနေတာလဲ"

"ဒေါက်တာ နေမင်းရောင်စဉ် ကားအက်ဆီးဒင့်ဖြစ်တဲ့ကိစ္စမှာ ကျွန်တော့် ပယောဂ မကင်းဘူး ခံစားရလို့ပါ ဆရာမ၊ ကျွန်တော့်နာမည် သျှင်ခေတ်သစ်ပါ"

"ဘယ်လို ဒေါက်တာကို တိုက်တဲ့ကားပိုင်ရှင်က ရှင်မဟုတ်ပါဘူး"

"ကျွန်တော့်ကားနဲ့တိုက်တာ မဟုတ်ပါဘူး ဆရာမ၊ တကယ်ဆို ကျွန်တော် မဆင်မခြင်နဲ့ လမ်းဖြတ်အကူးမှာ ကားက ကျွန်တော့်ကို ဝင်တိုက်မလိုဖြစ်တာပါ၊ ဒရိုင်ဘာက ကျွန်တော့်ကိုလွတ်အောင် ရှောင်ရင်း ဒေါက်တာ နေမင်းရောင်စဉ်ကို ဝင်တိုက်မိတာပါ"

သူရှင်းပြတော့မှ ဆရာဝန်မလေး နားလည်သွားခဲ့ကာ သူ့ကို စူးစူးနစ်နစ်ကြည့်သည်။





"အင်း ဒေါက်တာ နေမင်းရောင်စဉ်အတွက် ကျွန်မတို့ဆေးရုံက ဆရာဝန်ကြီးတွေကော ဆရာမတွေကော ဝန်ထမ်းတွေအားလုံး သိပ်စိတ်ပူနေကြတာ အမှန်ပဲ"

"သူ့အခြေအနေကို ကျွန်တော် သိပါရစေ"

"ဆရာဝန်ကြီးတွေ အော်ပရေးရှင်းခန်းထဲမှာ ဝိုင်းဝန်းကြိုးစားနေကြပါတယ်၊ ဒေါက်တာ့အခြေအနေကို တိတိကျကျ မပြောနိုင်သေးဘူး၊ မျှော်လင့်ချက်က ရာခိုင်နှုန်း သုံးဆယ်လောက်ပဲရှိတယ်"

ဆရာဝန်မလေးစကားက သူ့ရင်ထဲအထိ ထိရှသွားစေတာ အမှန်ပဲ ဖြစ်သည်။

ဒေါက်တာ နေမင်းရောင်စဉ် ဆိုသော ဒေါက်တာမလေး အခြေအနေက အားရစရာမရှိတာ နားလည်မိ၏။

"ဆရာမ သူ့ညီမလေးနဲ့ကျွန်တော် တွေ့ပါရစေ၊ ပြီးတော့ ဒေါက်တာ နေမင်းရောင်စဉ်အတွက် လိုအပ်တာမှန်သမျှ ကျွန်တော် ကူညီပါရစေ၊ ဟို ငွေကြေးပိုင်းကအစ အားလုံး ကျွန်တော် တာဝန်ယူနိုင်ပါတယ်"

သူ့ရင်ထဲက ဆန္ဒအတိုင်း ဆိုမိသော စကားအတွက် ဆရာဝန်မလေးက မျက်မှောင်လေးကုပ်ကြည့်နေတာမို့

"တကယ်ပြောတာပါ ငွေကြေးဘယ်လောက်လိုသလဲ ပြောပါ ကျွန်တော်"

"ကိုသျှင်ခေတ်သစ် ခဏလေး ကျွန်မ ရှင်းပြပါရစေ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကိစ္စမှာ ငွေကြေးဆိုတာ အရေးမကြီးပါဘူး၊ ဘာလို့လဲဆိုတော့ ဒေါက်တာနေမင်းရောင်စဉ် ဆိုတာ တန်ဖိုးရှိတဲ့ဆရာဝန်တစ်ယောက်ပါ ဒီလို လူတစ်ယောက်ကို ကျွန်မတို့ ဆုံးရှုံးမခံနိုင်ပါဘူး၊ အခုချိန်မှာ သူ့ထက်အရေးကြီးတဲ့လူနာတောင် သူ့လောက်အရေးမကြီးပါဘူး၊ ဒါကြောင့် ဆေးရုံပေါ်က ဆရာဝန် ပါရဂူကြီးတွေ အချိန်ပြည့်ဂရုစိုက် ကြိုးစားနေကြတာပါ၊ နာ့စ်တွေ ဝန်ထမ်းတွေလည်း သူ့အတွက် ဆုတောင်းပေးနေကြတယ်၊ ငွေကြေးမပြောနဲ့ လိုအပ်လို့ သူနဲ့အသက်ချင်း လဲလှယ်ပေးရမယ်ဆိုရင်တောင် လဲလှယ်ပေးချင်တဲ့သူတွေ အများကြီးပါ''

ဒေါက်တာ နေမင်းရောင်စဉ်အပေါ်မှာ မျှော်လင့်တန်ဖိုးထားမှုက ဘယ်လောက်အထိ ကြီးမားသည်ဆိုတာ သူ သိလိုက်ရ၏။ သူ့စကားက ငွေကြေးစကားကို ရည်ညွှန်းသည်ဟု ဆရာဝန်မလေး ထင်သွားခဲ့တာကြောင့်ပဲလား။

''ကျွန်တော် ဆိုလိုတာက ဒေါက်တာ နေမင်းရောင်စဉ်အတွက် ကျွန်တော် လိုအပ်တာ ကူညီပေးချင်တာပါ၊ ကျွန်တော့်ကြောင့် မဟုတ်ပေမယ့် ကျွန်တော့် ပယောဂမကင်းဘူးလို့ စိတ်က ခံစားနေ့မို့ စိတ်လည်း မကောင်းပါဘူး''

''ရှင့်ခံစားချက်ကို ကျွန်မ စာနာသဘောပေါက်ပါတယ် ကိုသွင်ခေတ်သစ်၊ ဒေါက်တာရဲ့ညီမလေး လမင်းရောင်စဉ်ကို ကျွန်မ ပြောပြပေးပါမယ်''

''ဟုတ်ကဲ့ခင်ဗျ ကျေးဇူးတင်ပါတယ်''





ဆရာဝန်မလေး ထွက်သွားတော့ သူ အခန်းရှေ့က ခုံတန်းလေးမှာ ထိုင်လိုက်ပါသည်။ ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ညီမလေး နာမည်က လမင်းရောင်စဉ် တဲ့လား။

မိဘတွေ မရှိကြသော ညီအစ်မနှစ်ယောက်ဟု ဆရာဝန်မလေး၏ စကားတွေကြောင့် သူ သိခဲ့ရ၏။

ဘာပဲဖြစ်ဖြစ် လမင်းရောင်စဉ်ကို သူ တွေ့ချင်သည်။ သူ့အစ်မ ဖြစ်သူအတွက် လမင်းရောင်စဉ် ပူပန်စိုးရိမ်နေရှာမှာ သူ နားလည်ခံစားမိပါသည်။

ဘယ်သူမှ မရှိသော ခုံတန်းလေးမှာ သူ ထိုင်နေတုန်း ခါးကြားက ဖုန်းဖုန်းလေးက မြည်လာတာမို့ ဖွင့်ကြည့်တော့ ဒေါ်ခင်မြတ်မွန်ဆီက ဆက်တာဖြစ်သည်။

သူ တစ်နေကုန် အိမ်မပြန်တာမို့ ဒေါ်ခင်မြတ်မွန် ဖုန်းလှမ်းဆက်တာဖြစ်မည်။

''ပြော အန်တီမြတ်မွန် ဘာကိစ္စရှိလို့လဲ''

မကြည်လင်သောစိတ်နှင့် သူ ဘုဆတ်ဆတ် ဆိုမိပေမယ့် အန်တီမြတ်မွန်ကတော့ သူ့အတွက် ပူပန်သံ မကောင်းသံလေးနှင့် မေးရှာသည်။

''သျှင်လေး မနက်ကတည်းက ထွက်သွားတာ အခုချိန်ထိ အိမ်ပြန်မရောက်သေးလို့ ဖုန်းဆက်ကြည့်တာပါကွယ်''

''ကျွန်တော် ပိစိကွေး ကလေးလေး မဟုတ်ဘူး အန်တီမြတ်



www.burmeseclassic.com

www.burmeseclassic.com



မွန်၊ ဒီမှာ အရေးတကြီးကိစ္စတွေရှိလို့"

"အင်း အင်းပါသျှင်လေးရယ် အန်တီက စိုးရိမ်လို့ပါ"

"ဒါပဲမဟုတ်လား ဒီမှာ ကျွန်တော် အရေးကြီးနေတယ်"

ပြောပြီး သူ ဖုန်းပိတ်ပစ်လိုက်သည်။ ကိုယ့်အရေးကိစ္စနှင့်ကိုယ် စိတ်ညစ်ညူးနေချိန်မှာ အန်တီမြတ်မွန် ဖုန်းကြောင့် စိတ်တော့ ညစ်ညူး သွားမိ၏။

လမင်းရောင်စဉ် ဆိုသော မိန်းကလေးနှင့်တွေ့ပေးမည်ဆိုသော ဆရာဝန်မလေး ဘယ်ရောက်သွားသည်မသိ။

သူ ရုံးခန်းတွေဘက် လျှောက်ခဲ့လိုက်သည်။ အခန်းတစ်ခုရှေ့ အရောက်မှာ ကြားလိုက်ရသော မိန်းကလေးတစ်ယောက်၏ အသံဟူး တွေကြောင့် ခြေလှမ်းတို့ တုံ့ခနဲ ရပ်တန့်သွားရ၏။

"ဘယ်သူ သျှင်ခေတ်သစ် ဟုတ်လား၊ အဲဒီနာမည်ကို သမီး ကြားဖူးတာပေါ့၊ တောက် တန်ဖိုးမရှိတဲ့ယောကျ်ားတစ်ယောက်အတွက် မမနေမင်း ပေးဆပ်လိုက်ရတာ၊ မင်း ရင်နာလိုက်တာ"

"သမီး လမင်းရောင်စဉ် စိတ်ကိုထိန်းပါကွယ်"

ဆရာဝန်ကြီး၏နှစ်သိမ့်စကားသံကိုလည်း ကြားသည်။ သူ့နာ မည်ကို ကြားဖူးသည်ဆိုသော မိန်းကလေးက လမင်းရောင်စဉ်တဲ့ပေါ့။

သူက မသိမမြင်ဖူးသော လမင်းရောင်စဉ်သည် သျှင်ခေတ်သစ် ဆိုသော သူ့ကို ဘယ်လိုသိနေခဲ့တာလဲ မဆိုတတ်ပါ။

ပြီးတော့ သူ့ရင်ထဲအထိ ပြင်းရှစေသော လမင်းရောင်စဉ်၏





မှတ်ချက်စကားတစ်ခွန်းကို နားနှင့်ဆတ်ဆတ် ကြားခဲ့၏။

တန်ဖိုးမရှိတဲ့ ယောကျ်ားတဲ့လား။ သူ့ကို ရင့်ရင့်သီးသီး ဆိုခဲ့ သော စကားလုံးက ပြင်းထန်ဆိုးရွားလိုက်တာ။

"သမီးကိုခွင့်လွှတ်ပါ ဆရာကြီး၊ ဒီယောကျ်ားနာမည်ကို ကြား လိုက်တော့ သမီး နာကျင်ခံရခက်လွန်းလို့ပါ၊ သျှင်ခေတ်သစ်ကို တိုက် ယှဉ်ကားက ရှောင်တိမ်းပြီး ပလက်ဖောင်းပေါ်က မမနေမင်းကိုမှဝင် တိုက်ရသတဲ့လား"

"ဆရာတို့လည်း စိတ်မကောင်းပါဘူး သမီးရယ်၊ နေမင်းရောင် စဉ်သာ ကံဆိုးတယ်လို့ ဆိုရမှာပဲပေါ့"

"မမ ကံဆိုးပြီး သျှင်ခေတ်သစ်ဆိုတဲ့ ယောကျ်ားကံကောင်း သွားတာပေါ့ ဆရာကြီးရယ်၊ မမနဲ့တိုက်ဆိုင်သွားတာ သူလို့ ကြားရတော့ သမီး ရင်နာတယ်၊ သမီး ဒီယောကျ်ားမျက်နှာကို မမြင်ချင်ဘူး၊ သူ့ဆီက ဘာစကားမှလည်း မကြားချင်ဘူး၊ ဘာအကူအညီမှလည်း မလိုချင်ဘူး ဆရာကြီး"

"ဟုတ်ပြီ သမီး သူက သမီးနဲ့တွေ့ခွင့်တောင်းနေလို့ ဆရာက ပြောပြတာပါ၊ ဒီကိစ္စမှာ သူက သူ့ပယောဂမကင်းဘူးဆိုပြီး စိတ်မကောင်း ဖြစ်နေပုံရတယ်၊ ဒါကြောင့် သူလိုတာကူညီပြီး သမီးကို တောင်းပန်ချင်တဲ့ သဘောထင်တယ်"

"ဟင့်အင်း ဆရာကြီး သူ့မျက်နှာကို သမီး မြင်လိုက်ရင် ဒေါသတွေ ဘယ်လိုမှ ထိန်းနိုင်မှာ မဟုတ်ဘူး၊ လုံးဝ မတွေ့ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လမင်းရောင်စဉ်ရဲ့စကားတွေက သူ့အပေါ်မှာ သိပ်ကို လွှမ်းလွှမ်းနေပြီဟု သူ ထင်သည်။ ဘာကြောင့် အကြောင်းမဲ့ သူ့ကို မုန်းတီးနေခဲ့တာလဲ။

သေချာတာက သူနဲ့လမင်းရောင်စဉ် ဘာမှ ပတ်သက်မှုခြင်း မရှိတာ သူ့ဘက်က သေချာ၏။

ဒီနာမည်ကို အခုမှ ကြားဖူးတာ ဖြစ်သည်။ လူကို အကြောင်းမဲ့ မုန်းတီးနာကျည်းနေတာ မဟုတ်သေး။

အခန်းတံခါးကို ခေါက်လုလု သူ့လက်တွေကို လှမ်းဆုပ်ကိုင်တားမြစ်လာသူကို လှည့်ကြည့်တော့ သူနှင့်စကားတွေ ပြောခဲ့သော ဆရာဝန်မလေး ဖြစ်နေသည်။

"ဆရာမ အထဲမှာ လမင်းရောင်စဉ်"

"ဟုတ်ပါတယ် ကိုသျှင်ခေတ်သစ် အထဲကို ရှင်ဝင်လို့ မဖြစ်ဘူး"

"ကျွန်တော်"

"ကျွန်မနဲ့ ခဏလိုက်ခဲ့ပါ"

"မဟုတ်ဘူး သူနဲ့ကျွန်တော် တွေ့မှဖြစ်မယ်"

"ကျွန်မ တောင်းပန်နေတာပါ၊ ခဏလေး လိုက်ခဲ့ပါ၊ ကျွန်မ အားလုံး ရှင်းပြပါမယ် ကိုသျှင်ခေတ်သစ်"

ဆရာဝန်မလေးက တောင်းပန်နေတော့ သူ ခေါင်းညိတ်လိုက်ရပါသည်။ ဆရာဝန်မလေး ခေါ်ဆောင်ရာ အခန်းတစ်ခုသို့ သူ လိုက်ခဲ့ရ





သည်။

အခန်းထဲမှာ အနီဝတ်နာ့စ်သုံးယောက် ထိုင်နေကြသည်။ ဆရာဝန်မလေးက စားပွဲလွတ်တစ်ခုက ထိုင်ခုံမှာ သူ့ကို ထိုင်စေသည်။

"ထိုင်ပါ ကိုသျှင်ခေတ်သစ်"

သူ ဝင်ထိုင်လိုက်ရပေမယ့် စိတ်အာရုံက ဆရာဝန်ကြီး အခန်းထဲက ကြားခဲ့ရသော လမင်းရောင်စဉ်ရဲ့ စကားသံတွေကိုပဲ ခံရခက်ခက် ဖြစ်လို့နေခဲ့၏။

"လမင်းရောင်စဉ်နဲ့ ရှင်တွေ့လို့ မဖြစ်ဘူး"

"အဲဒါကို ကျွန်တော် နားမလည်နိုင်တာ ဆရာမ၊ သူနဲ့ ကျွန်တော် တစ်ကြိမ်တစ်ခါမှ မဆုံဖူးဘူး၊ ဘာပြဿနာမှလည်း မရှိခဲ့ဘူး၊ သူ ဘာလို့ ကျွန်တော့်ကို ဒီစကားတွေ ပြောခဲ့တာလဲ"

"အဲဒါကို ကျွန်မ မသိပါဘူး၊ ဒါပေမဲ့ သူ့မှာ ခံစားချက်ရှိမယ် ထင်တယ်"

ဆရာမလေး ထင်မြင်ချက်ကို သူ လက်မခံနိုင်စွာ ခေါင်းကို ခါရမ်းပြမိသည်။ ဘယ်လိုမှ ပတ်သက်မှုမရှိတာ သေချာသည်။ သူ့ဘက်က သေချာလွန်းသည်။

လမင်းရောင်စဉ်ဘက်က သူ့ကိုသိနေသည်ဆိုလျှင်လည်း လက်ခံရမှာပဲဖြစ်သည်။ ဒါပေမဲ့ လူကို ပြောလိုက်သည့်စကားတွေက ခံရခက်စေသည်။

"သူ ပြောခဲ့တဲ့စကားတွေကို ဆရာမ ကြားခဲ့မှာပါ၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို တန်ဖိုးမရှိတဲ့ယောကျ်ားလို့ ဆိုရအောင် ကျွန်တော်နဲ့ ဘာပြဿနာ ရှိခဲ့သလဲ၊ အခုလည်း သူ့အစ်မကိစ္စမှာ ကျွန်တော့်ဘက်က တကယ့် စေတနာနဲ့ ကူညီပေးချင်တာပါ''

''ဟုတ်ပါတယ် ဒါကို ကျွန်မ လက်ခံနားလည်ပါတယ်''

''လမင်းရောင်စဉ်က လက်မခံနိုင်ဘူးလား၊ ကျွန်တော့်ရဲ့ကား ဒေါက်တာ နေမင်းရောင်စဉ်ကို ဝင်တိုက်ခဲ့တာ မဟုတ်ဘူးနော်၊ ဒါနဲ့တော သူက စော်စော်ကားကား ပြောခဲ့တာ''

''သူ့အစ်မအတွက် သူ့ခမြာ ပူလောင်ခံစားနေရတယ်၊ ဒါ ရှင့်ဘက်က စာနာပေးစေချင်တယ်''

''စာနာပေးလို့ ကျွန်တော် တတ်နိုင်သလောက် ကူညီချင်တာပါ လိုအပ်တဲ့ဆေးဝါး နာ့စ်ကအစ ကျွန်တော် တာဝန်ယူပေးချင်တာ၊ ဒီကိစ္စ မှာ တကယ့်တရားခံက ကျွန်တော် မဟုတ်ဘူး၊ ဒါကို လမင်းရောင်စဉ် မသိဘူးလား''

ဒေါသကြောင့် သူ့စကားသံတွေ လိုတာထက် ပိုကျယ်သွားသော ဆရာဝန်မလေးက လက်ကာတားသည်။

''ကိုသျှင်ခေတ်သစ် စိတ်ကိုထိန်းပါလို့ ကျွန်မတောင်းပန်ပါရစေ အခု ဒေါက်တာ နေမင်းရောင်စဉ်ရဲ့ကိစ္စမှာ ရှင်နဲ့မသက်ဆိုင်ဘူး အစကြီးကတည်းက ယူဆရင် ဒီဆေးရုံအထိ မလာလို့ရတာပဲလေ''

''ဟို ဒါက ကျွန်တော့်စိတ်မှာ မကောင်းလို့ပါ၊ တိုက်မယ့်ကား ကျွန်တော့်ဆီ တန်းတန်းမတ်မတ်ဝင်လာတုန်းက ကျွန်တော် သေပြီထင်





တာ၊ ကားကရှောင်ပြီး ပလက်ဖောင်းပေါ်က တစ်ယောက်ကို ဝင်တိုက် သွားတော့ ကျွန်တော် ကံကောင်းသွားတာပါ''

''ဟုတ်ပါတယ် ရှင်ကံကောင်းပါတယ်၊ ဒေါက်တာ နေမင်း ကံကောင်းဖို့ပဲ ကျွန်မတို့အားလုံး အခု ဆုတောင်းနေကြတယ်၊ အားလုံး လေးသေးမရှိ ပံ့ပိုးကူညီနေကြတယ်၊ ဒီတော့ ကိုသျှင်ခေတ်သစ် အနေ စိတ်ချလက်ချ ပြန်စေချင်တယ်''

ဆရာဝန်မလေးကိုယ်တိုင် သူ့ကို နှင်လွှတ်နေခဲ့တာလား။ သိမ့်နေခဲ့တာလားမသိ။ ရင်ထဲမှာတော့ ဝေဒနာခံစားမှုက နှစ်မျိုး နေခဲ့၏။ ကံကြမ္မာက သူ့ကိုယ်စား နာကျင်ထိခိုက်စေခဲ့သော ဒေါက် တာ နေမင်းရောင်စဉ်အတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်မိသည်။

ပြီးတော့ သူ့စေတနာကို အသိအမှတ်မပြုဘဲ ခံရခက်ခက် စကားတွေနှင့် အသားလွှတ်စော်ကားခဲ့သော လမင်းရောင်စဉ်ကို ဒေါသ ဖြစ်မိ၏။

''ကျွန်မအနေနဲ့က လမင်းလေးခမြာ အစ်မဖြစ်သူအတွက် ဒုက္ခပူတွေ ခံစားနေရချိန်မှာ ကိုသျှင်ခေတ်သစ် နားလည်ခွင့်လွှတ် စေချင်တယ်''

သူ ပင့်သက်ရှိုက်လိုက်မိပါသည်။ ဆရာဝန်မလေးစကားကို ပြန်း မငြင်းသာတော့ပါ။

''ကောင်းပြီလေ၊ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ လိုတဲ့ ဆေးပေါ်ကိစ္စပေါ်လာရင်တော့ ဆရာမ ကျွန်တော့်ဆီ ဖုန်းဆက်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တတ်နိုင်သမျှ ကူညီပေးချင်လို့ပါ''

သူ ပြောပြသော ဖုန်းနံပါတ်ကို ဆရာဝန်မလေးက ခပ်သွက်သွက်လေး လိုက်မှတ်ကာ စားပွဲက ထရပ်၏။

''ကျွန်မ ဂျူတီတာဝန်ရှိသေးလို့ ခွင့်ပြုပါရှင်''

သူ ခေါင်းညိတ်ကာ ထရပ်လိုက်ရပါသည်။ အခန်းထဲက ပြန်လှည့်ထွက်ရင်း သတိထားမိတာ သူ့ကို ဝိုင်းကြည့်နေသော နာ့စ်သုံးယောက်ရဲ့ မျက်ဝန်းသုံးစုံကိုဖြစ်၏။

ဒေါက်တာ နေမင်းရောင်စဉ်အတွက် သူတို့ စိုးရိမ်ပူပန်နေကြသည်လား။ ပြီးတော့ သူ့ကို အပြစ်တင်သလို ကြည့်နေကြတာလား။

သူတစ်သက်နှင့်တစ်ကိုယ် ဒီလောက်အထိ အောက်ကျနောက်ကျနိုင်စေသော အဖြစ်မျိုး မကြုံခဲ့ဖူးပါ။

အခုတော့ ကြုံဆုံနေခဲ့ရပြီ။ အံကိုတင်းခနဲ ကြိတ်ရင်း ခံပြင်းစိတ်တွေကို ဖြေလျှော့ချရသည်။

တောက် ပြဿနာအားလုံးရဲ့ တရားခံက ဒါလီဆွေဆိုသော မြွေဟောက်မကြောင့်ပါပဲ။

ပတ်သက်မိသော သူ့ကိုယ်သူပဲ အပြစ်တင်ရတော့မည်ထင်ရဲ့

■ ■ ■



## အခန်း (၁၁)

ဆေးရုံက ပြန်လာခဲ့သည့်နောက်ပိုင်းမှာ သူ့စိတ်တွေ နေမထိထိုင်မသာ ဖြစ်နေခဲ့သည်။

ဒေါ်ခင်မြတ်မွန်ကိုလည်း ဘာစကားမျှ မပြောချင်တာကြောင့် အပေါ်ထပ်က အိပ်ခန်းကို တန်းတက်ခဲ့လိုက်၏။

ခုတင်ပေါ် ဝုန်းခနဲ လှဲချရင်း နေမင်းရောင်စဉ် အကြောင်းက ခေါင်းထဲ ဝင်လာသည်။ အော်ပရေးရှင်းခန်းထဲရောက်နေတာမို့ တွေ့ခွင့်မရခဲ့ပါ။ လူနာရှင်၏တစ်ဦးတည်းသော ဆွေမျိုး ညီမကိုလည်း ဆုံခွင့်မရခဲ့။

ထိုအရာတွေထက် ပိုလို့ ခံရခက်စေခဲ့တာ လမင်းရောင်စဉ်ရဲ့ သူ့အပေါ် မှတ်ချက်ပြုစကားတွေ။



www.burmeseclassic.com

www.burmeseclassic.com



"တောက် တန်ဖိုးမရှိတဲ့ယောက်ျားတစ်ယောက်အတွက် မမ နေမင်း ပေးဆပ်လိုက်ရတာ မင်း ရင်နာလိုက်တာ"

"ဒီယောက်ျားနာမည်ကို ကြားလိုက်ရတော့ သမီး နာကျင်ခံရ ခက်လွန်းလို့ပါ"

"ဒီယောက်ျား မျက်နှာကို မမြင်ချင်ဘူး၊ သူ့ဆီက ဘာစကားမှ လည်း မကြားချင်ဘူး၊ ဘာအကူအညီမှလည်း မလိုချင်ဘူး"

ပြင်းထန်လွန်းတဲ့စကားလုံးတွေကို သူ နားနှင့်ခါးသီးစွာ ကြား ခဲ့ရသည်။ ခံရခက်ခဲ့ရ၏။

မင်းနဲ့ငါ ဘာရန်ငြိုးမှ မရှိခဲ့တာ ငါ့ဘက်က သေချာတယ် လမင်းရောင်စဉ်။ ဘယ်လို အမုန်းတရားတွေနဲ့ မင်းဘက်က တစ်ဖက် သတ် နာကျည်းနေခဲ့တာလဲ။

ဝေခွဲမရသော အတွေးတွေကို ဖုန်းမြည်သံလေးက ဖြတ်တောက် ပစ်လိုက်၏။

သူ ဖုန်းကိုဖွင့် နားထောင်လိုက်မိ၏။

"ကိုသျှင်ခေတ်သစ်လားရှင်"

ဒါ ဆေးရုံက ဆရာဝန်မလေးရဲ့အသံဆိုတာ သူ ချက်ချင်း မှတ်မိသည်။

"ဟုတ် ဟုတ်ပါတယ် ဆရာမလေး၊ ဘာ ပြောစရာရှိလို့လဲဟင် ကျွန်တော့်ကိုပြောပါ"

"ဘာကိစ္စမှ မရှိပါဘူး၊ ရှင့်ကိုအသိပေးတာပါ၊ ဒေါက်တာ နေမင်းရောင်စဉ် ဆုံးသွားပါပြီ"

"ဗျာ"

သူ တကယ်ပဲ တုန်လှုပ်သွားခဲ့ပါသည်။ ဘာစကားမှ မဆိုနိုင် အောင် မင်သက်တုန်လှုပ်နေချိန်မှာပဲ တစ်ဖက်က ဆရာမလေးအသံ ပေါ်လာ၏။

"ရှင် သိချင်မယ်ယူဆလို့ ဖုန်းဆက်လိုက်တာပါ၊ အခုချိန်မှာ ကျွန်မတို့ဆေးရုံက ဝန်ထမ်းအားလုံး ဝမ်းနည်းကြေကွဲနေကြတယ်"

"ကျွန် ကျွန်တော် အရမ်းဝမ်းနည်းရတယ်ဗျာ"

"ကောင်းပါပြီ တစ်ခုတော့ ကျွန်မ ရှင့်ကိုတောင်းပန်ထားပါရ ဆေး နေမင်းရောင်စဉ်ကိစ္စတွေကို ရှင်မေ့လိုက်ပါ၊ သူညီမ လမင်းရောင်စဉ် နဲ့တွေ့ဆုံဖို့ မကြိုးစားပါနဲ့"

"ကျွန် ကျွန်တော်"

"အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မ အကြံပေး တာပါ၊ ဆရာဝန်ကြီးကလည်း ပြောခိုင်းလို့ပါ၊ ရှင် နားလည်နိုင်မယ်လို့ ကျွန်မ ထင်ပါတယ်"

သူ ဘာစကားမှ မဆိုနိုင်ခင်မှာ တစ်ဖက်က ဖုန်းချသွားခဲ့ သည်။ တဒင်္ဂတော့ သူ့ရင်ထဲမှာ ဟာလာဟင်းလင်းနှင့် အသက်ရှူဖို့ မေ့နေခဲ့တာ သေချာ၏။

ဒေါက်တာ နေမင်းရောင်စဉ် ဆုံးရှာပြီတဲ့။

မဟုတ်ပါစေနဲ့ဟု စိတ်က အကြိမ်ကြိမ်ဆုတောင်းမိသည်။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဆရာဝန်မလေးဖုန်းဆက်ပြောခဲ့တာက အိပ်မက်မဟုတ်တ
သေချာသည်။

သူ့ကိုယ်စား သေခြင်းကို လက်ခံယူသွားရတာဟု တွေးမိ
တော့ လှိုက်ဖိုဝမ်းနည်းစိတ်က ရင်ထဲမှ လှိုက်တက်လာ၏။

သူ့ဘက်က နေမင်းရောင်စဥ်အပေါ်မှာ ဘာအကူအညီတစ်
မပေးနိုင်ခဲ့ပါ။ ဘယ်လောက် ဝမ်းနည်းစရာကောင်းလိုက်သလဲ။

တကယ်ဆိုလျှင် ယာဥ်တိုက်မှုဖြစ်တုန်းကလည်း ဒါလီ
နောက်က လိုက်နှောင့်ယှက်မှာစိုးရိမ်တာကြောင့် သူ ဥပေက္ခာပြု ရှော
တိမ်းသလိုဖြစ်ခဲ့ရသည်။

နေမင်းရောင်စဥ် အသက်ကို ဆရာဝန် ဆရာမတွေအား
ကြိုးစားကယ်တင်နေကြချိန်မှာလည်း သူ ဘာတစ်ခုမှ မကူညီနိုင်ခဲ့

အခုတော့ လောကကြီးထဲက သူမ ထွက်ခွာသွားရပြီတဲ့။

သူ့ကိုယ်စား အသက်ကို စတေးခဲ့ရသော ဆရာဝန်မလေး
သူ နောက်ဆုံးအကြိမ် မြင်တွေ့ဖူးချင်၏။

တောင်းပန်ခွင့်လေး မရခဲ့လျှင်တောင် နေမင်းရောင်စဥ်ရဲ့မျ
နှာကို သူ နောက်ဆုံးမြင်တွေ့သွားခွင့် ရချင်ပါသည်။

ဒီအခွင့်အရေးကို ဘာကြောင့် တားမြစ်နေကြတာလဲ။ တွေး
စိတ်ထဲက နာကျည်းချင်လာတာ လမင်းရောင်စဥ်ကို ဖြစ်သည်။

လူတစ်ယောက်ကို ဒီမိန်းမ ဘာကြောင့် အကြောင်းမဲ့ မုန်းထ
နေသည်လဲ။ သူ့ခံစားချက် သူ့စေတနာကို နားမလည်နိုင်တာ ဘာကြော





လဲ။

စိတ်ရှုပ်ထွေးနောက်ကျိမှုများစွာနှင့် သူ ခုတင်က ထရပ်လိုက်
သည်။ ပြီးတော့ အခန်းထဲက ပြေးထွက်ခဲ့၏။

လှေကားထစ်တွေအတိုင်း အိမ်အောက်ထပ်အထိ သူ အလော
တကြီး ခြေလှမ်းတွေနှင့် ပြေးဆင်းခဲ့သည်။

နောက်ဆုံးလှေကားထစ်အရောက်မှာ ခြေတစ်ချက်ချော်ကာ
ကြမ်းပြင်ပေါ်ကို ဟပ်ထိုးလဲကျလုမတတ် ဖြစ်သွားခဲ့၏။

"အမလေး သားလေး သျှင်လေးရယ် ကံကောင်းလို့"

ညွှန့်ခန်းထဲမှာ ထိုင်နေသော ဒေါ်ခင်မြတ်မွန် အလန့်တကြား
အော်တာကိုလည်း သူ ဂရုမစိုက်နိုင်ခဲ့ပါ။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီရောက်တော့ တံခါး
ကို ဆွဲဖွင့်တက်သည်။ ခါးကြားမှာ ချိတ်ထားသော ဟန်းဖုန်းက ကားထဲကို
ဒေါက်ခနဲ ပြုတ်ကျသွားချိန်မှာ သူ သတိတရားတို့ကို ပြန်စုစည်းမိသည်။

နားထဲ ဖျတ်ခနဲ ပြန်တိုးဝင်လာတာ ဆရာဝန်မလေးရဲ့စကားသံ
တွေဖြစ်၏။

"နေမင်းရောင်စဥ်ကိစ္စတွေကို ရှင် မေ့လိုက်ပါ။ သူ့ညီမ လမင်း
ရောင်စဥ်နဲ့တွေ့ဆုံဖို့ မကြိုးစားပါနဲ့"

"အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မ အကြံပေး
တာပါ။ ဆရာဝန်ကြီးကလည်း ပြောခိုင်းလို့ပါ"

ကားစက်နှိုးမည့်သူ့လက်တွေ သော့တံလေးဆီ မလှမ်းဖြစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကားလက်ကိုင်ဘီးကို တင်းတင်းဆုပ်ထားမိ၏။

ဆရာဝန်မလေးနှင့်ဆရာဝန်ကြီး အမှာစကားတွေကို သူ လွှ[န်]ဆန်လို့ မသင့်တာ နားလည်လိုက်ပါသည်။ လမင်းရောင်စဥ်နှင့် ဆေး[ရုံ]မှာ ဝရုန်းသုန်းကား ပြဿနာတွေဖြစ်ခဲ့လျှင် သူ့အမှားဟုပဲ အားလုံးက ဝိုင်းဝန်း လက်ညှိုးထိုးကြဦးမှာ သေချာသည်။

သွားလေသူ ဒေါက်တာ နေမင်းရောင်စဥ်အတွက် ဘာမှ မကူ[ညီ]နိုင်ခဲ့သောသူ စိတ်ညစ်ညူးစရာတွေ ထပ်လာရှာသည်ဟု မြင်ကြဦးမှာ အသေအချာ။

"တောက် ဟာကွာ"

ရင်ထဲက အလိုမကျစိတ်တွေကို နှုတ်က ဟစ်အော်ထုတ်ပ[စ်]ရင်း သူ ကားထဲက ပြန်ထွက်လိုက်သည်။ ပြီးတော့ ကားတံခါးကို ဂျိန်းခနဲမြည်အောင် ဆောင့်ပိတ်ပစ်မိ၏။

"သျှင်လေး ဘာ ဘာဖြစ်လို့လဲဟင်"

အရူးတစ်ယောက်လို ပေါက်ကွဲဒေါသဆူဝေနေသော သူ့ကို ဒေါ်ခင်မြတ်မွန် စိုးရိမ်စွာ လှမ်းမေး၏။

သူ ဘာတစ်ခွန်းမှ ပြန်မဖြေဖြစ်တဲ့ အိမ်အပေါ်ထပ်ကို ပြန်တက်ခဲ့လိုက်သည်။

ဘဝမှာ အခုလိုအခြေအနေမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ပါ။ ဒါလီဆွေ မွေးလိုက်သောမီးက ပြင်းထန်သည်။

သူ ကာယကံမြောက်ကျူးလွန်မိတာ မဟုတ်ပါဘဲ ဒေါက်တာ





[နေ]မင်းရောင်စဥ် သေဆုံးခဲ့သည်။ ပြီးတော့ သူ မသိသော လမင်းရောင်စဥ်[က]ာ ခါးခါးသီးသီး မုန်းတီးခြင်းကို ခံရသည်။

ကြမ္မာဆိုးတွေကို မင်း ငါ့ဆီ သယ်ဆောင်လာခဲ့တာပဲ ဒါလီဆွေ။ [သ]ျှင်ခေတ်သစ်ဆိုတဲ့ကောင်ဘဝမှာ မင်းကြောင့် ပေးဆပ်လိုက်ရတာတွေ[က]ာ မတန်တဆပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သတင်းစာထဲမှာ ဒေါက်တာနေမင်းရောင်စဉ်အတွက် ဝမ်းနည်းမှတ်တမ်းတွေ ဖတ်ရတော့ သူ ပိုလို့ စိတ်မကောင်းပါ။

နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုတစ်ခုအဖြစ်လည်း ပါရဂူကြီးတွေက ဝမ်းနည်းကြေကွဲကြ၏။ လုပ်ဖော်ကိုင်ဖက် ဆရာဝန် ဆရာဝန်မတွေ မျက်ရည်မဆည်နိုင်ကြတဲ့။

"မင်း အရမ်း စိတ်မကောင်းဖြစ်နေသလား ခေတ်သစ်"

သူ့ကိုကြည့်ကာ အောင်ဖြိုးက မေးသည်။ သူ့ရင်ထဲမှာ ဖြစ်တည်နေသော ခံစားချက်ဝေဒနာတွေကို သူပဲသိပါသည်။

"ငါ တကယ် ဝမ်းနည်းတယ် အောင်ဖြိုး၊ ဒေါက်တာ နေမင်းရောင်စဉ်က သိပ်တော်ပြီး ထက်မြက်တဲ့ ဆရာဝန်တစ်ယောက်လေ





လန်မှာ ဆေးပညာဆိုင်ရာ သုတေသနဘွဲ့ယူလာတဲ့ ပါရဂူတစ်ာက်တဲ့၊ အခု မြန်မာပြည် ပြန်ရောက်လာတာ မကြာသေးဘူး၊ သူ ယူလာတဲ့ပညာတွေအတွက် အားလုံးက ဝမ်းနည်းနေကြတာကွ"

"ခေတ်သစ်ရာ ဘယ်တတ်နိုင်မလဲ၊ မင်း တမင်ရည်ရွယ်လုပ်တဲ့ မှ မဟုတ်တာ"

"ဒါပေမဲ့ ငါ့ပယောဂ အများကြီးပါတယ်၊ ငါ့ရဲ့မဆင်မခြင်လုပ် ကို ငါပဲခံရမှာ၊ အခုတော့ ကားသမားက ရှောင်ဖို့ကြိုးစားရင်း ပလက် င်းပေါ်က သူ့ကိုဝင်တိုက်မိတာလေ"

"အဲဒါ သူ ကံဆိုးလို့ပါကွာ"

"ငါကော ကံကောင်းတယ်လို့ မင်း ထင်သလား"

သူမေးတော့ အောင်ဖြိုး မဖြေပါ။ တကယ်ဆို ဂျာနယ်တွေထဲ သည်း ဒေါက်တာနေမင်းရောင်စဉ် သတင်းက ပါသည်။ အားလုံး ဝင်စား ကရုဏာသက်ရသော သတင်းတစ်ပုဒ်။

နေမင်းရောင်စဉ်ကို ဝင်တိုက်သော ကားဒရိုင်ဘာရဲ့အပြစ်ထက် င်မခြင် လမ်းဖြတ်ကူးသော သူ့ကို အဓိက တရားခံဟု သတ်မှတ် သည်။

"ဒီဒရိုင်ဘာကွာ အဲဒီကောင်ကို မရှောင်ဘဲ တိုက်ပစ်ရမှာ၊ တော့ မဆီမဆိုင် ဆရာဝန်မလေး ကြားက ခံရရှာတာ"

မရိုတင်ကဲနှင့်ပြောကြတာတွေကို သူ ကြားသည်။ လမင်းရောင် ဆိုလျှင် ဘယ်လောက်များ ပြောဆိုနေမည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက ဒေါက်တာ နေမင်းရောင်စဉ် ပြန်ရှင်သန်ဖို့ ငါ
သေပေးရမယ်ဆိုရင်တောင် လက်ခုပ်တီး ထောက်ခံကြမှာ အောင်ဖြိုး"

"ဟာကွာ မင်း အဲဒီလောက်အထိ မခံစားပါနဲ့ကွာ"

အောင်ဖြိုး နှစ်သိမ့်ပေမယ့် သူ မဖြေနိုင်ပါ။ အထူးသဖြ
လမင်းရောင်စဉ်ရဲ့စကားတွေသည် ရင်ထဲမှာ တည်ရှိနေဆဲ။

"ငါ့ရင်ထဲမှာ ခံစားနေရတာ အမှန်ပဲ အောင်ဖြိုး၊ ငါဘက်က
ဒေါက်တာအတွက် တစ်ခုခု ကူညီပေးခွင့်လေးတောင် မရခဲ့ဘူး၊ ပြီးတော့
သူ့ညီမက ငါ့မျက်နှာတောင် မမြင်ချင်ဘူးတဲ့"

"နေပါဦး ခေတ်သစ်၊ အဲဒီ လမင်းရောင်စဉ်နဲ့ မင်း ကျိုင်ရှိ
လို့လား"

သူ ခေါင်းခါပြတော့ အောင်ဖြိုး မျက်မှောင်ကြီးကုပ်ကာ စဉ်းစား
နေခဲ့ပြီးမှ

"ဟုတ်ရဲ့လား ခေတ်သစ် မင်း မမှတ်မိတာများလား၊ ဟိုကွ
မင်းနဲ့ငြိခဲ့သူ ဖြစ်နိုင်မလား"

"ဒီနာမည်မျိုး မရှိပါဘူးကွာ"

"အင်း ဒါဆို မင်းအကြောင်းတွေ သူ သိနေတာဖြစ်မယ်
အကြောင်းတစ်ခုခုကြောင့် မင်းကို စိတ်နာနေတာ ဖြစ်မလားပဲ"

အောင်ဖြိုး ထင်မြင်ချက်ကို သူ မတုံ့ပြန်မိပါ။ ပင့်သက်ရှိုက်
ရင်း ထရပ်လိုက်မိ၏။

"ဘယ်လဲ ပြန်တော့မှာလားကွ"





"ငါ အိမ်မပြန်ချင်သေးဘူး၊ တစ်နေရာရာကို သွားချင်တယ်"

"နေဦးလေ အခုချိန်မှာ မင်းတစ်ယောက်တည်း လျှောက်မသွားနဲ့ကွာ၊ ငါ အဖော်လိုက်ပေးမယ်"

အောင်ဖြိုး သူ့ပခုံးကို ဖက်ရင်း သူနဲ့အတူ လိုက်ဖို့ ပြောနေသည်။ သူငယ်ချင်းတွေထဲမှာ အောင်ဖြိုးက သူ့အပေါ် နားအလည်ဆုံး အခင်ဆုံးဖြစ်၏။

သူ့စိတ်တွေ ညစ်ညူးရှုပ်ထွေးနေချိန်မှာ ထွက်ပေါက်တစ်ခုတော့ လိုအပ်သည်။

ဖြစ်နိုင်လျှင် ပစ္စုပ္ပန်လောကကြီးထဲက သူ ကင်းလွတ်ချင်ပါသည်။

■ ■ ■

မနက်နိုးလာတော့ သူ့ခေါင်းတွေ ကိုက်ခဲနေသည်။ ညတုန်းက အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့သည်တောင် အာရုံထဲမှာ မမှတ်မိပါ။

အောင်ဖြိုးနှင့်သူ ဘီယာစတေရှင်တစ်ခုကို ရောက်ခဲ့ကြတာတော့ မှတ်မိနေသည်။ ညစ်ညူးနေသော သူ့စိတ်တွေကို လွတ်မြောက်သွားဖို့အတွက် သူ ဘယ်နှစ်ဘူးသောက်ခဲ့မိသည်ကိုတောင် မသိလိုက်။

အောင်ဖြိုးက သူ ပြောသမျှကို နားထောင်ပေးခဲ့သည်။ သူ ရင်ဖွင့်သမျှကို စာနာပေးခဲ့သည်။ ဘယ်အချိန်မှာ သူ သတိကင်းလွတ်သွားသည်ကိုတော့ မမှတ်မိပါ။

ခုတင်ပေါ်က လူးလဲထရင်း ရေမိုးချိုးဖို့အတွက် သူ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထွက်ခဲ့လိုက်သည်။

ရေမိုးချိုး ကိုယ်လက်သန့်စင်လိုက်မှ လူက လန်းဆန်းကြည်လင် သွားခဲ့သည်။ ခေါင်းထဲမှာ နည်းနည်းကြည်လင်သွားတော့ ဝမ်းထဲက ဆာလောင်လာပြန်၏။ ညတုန်းက သူ ထမင်းမစားဖြစ်ခဲ့ဘူးထင်သည်။

စားသောက်ခန်းဘက် ထွက်ခဲ့တော့ ရင်မဆိုင်ချင်သော ဒေါ်ခင်မြတ်မွန်ကို တွေ့လိုက်တာမို့ စိတ်က မကြည်မလင် ဖြစ်ရသေး၏။

"လာ သျှင်လေး၊ အန်တီ နန်းကြီးသုပ်တွေ စီစဉ်ထားတယ်"

သူ နန်းကြီးသုပ်ကြိုက်တတ်တာ သိနေသော ဒေါ်ခင်မြတ်မွန်က စီစဉ်ပေးထားခြင်း ဖြစ်ဟန်တူသည်။ စားပွဲပေါ်မှာ အသင့်ပြင်ဆင်ထားသော နန်းကြီးသုပ်တွေကို မြင်လိုက်တော့ ဝမ်းထဲက ဆာလောင်မှုက ပိုလို့တိုးလာသည်။

ခါတိုင်းလိုဆိုလျှင် သူ ဒေါ်ခင်မြတ်မွန်ကို ဆန့်ကျင်ကာ စား ဖြစ်မှာမဟုတ်တာ သေချာသည်။ ဒါပေမဲ့ အခုချိန်မှာ ဗိုက်က ဆာလောင်နေတာမို့ သူ စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ညတုန်းက သျှင်လေး ထမင်းမစားတော့ မနက်ကျ ဆာနေမှာသိလို့ အန်တီ စီစဉ်ထားတာ၊ စိတ်ကြိုက်ထည့်စားနော်"

ဒေါ်ခင်မြတ်မွန်စကားကြောင့် သူ မလုံမလဲ ဖြစ်မိသေးသည်။ ညတုန်းက သူ တော်တော်မူးနေခဲ့သည်လား မပြောတတ်ပါ။

"မောင်အောင်ဖြိုးက အိမ်အထိပြန်လိုက်ပို့ပေးလို့ တော်သေး





...ာပေါ့ကွယ်၊ သျှင်လေးတစ်ယောက်တည်းဆို မောင်းဖို့တောင် လွယ်မှာ ...ဟုတ်ဘူး"

ဒေါ်ခင်မြတ်မွန် ပြောတာတွေကို ငြိမ်သက်စွာ နားထောင်ရင်း ...းသောက်နေလိုက်သည်။

အသုပ်စားသောက်ပြီးတော့ ကော်ဖီခွက်ကို ဒေါ်ခင်မြတ်မွန် ...ရှေ့ချပေးသည်။

သူ ကော်ဖီခွက်ကိုယူကာ အရသာခံသောက်နေလိုက်သည်။ ...ခင်မြတ်မွန်က သူ့ကို အကဲခတ်ကြည့်နေတာကိုလည်း သတိထားမိ၏။

"သျှင်လေး သားမှာ ဘာစိတ်ညစ်စရာတွေ ရှိနေသလဲ အန်တီ့ ...ို တိုင်ပင်နိုင်တယ်နော်၊ အန်တီ ကူညီနိုင်တာဆို ကူညီပေးမှာပါ"

သူ နည်းနည်းတော့ အံ့သြသွားမိသည်။ သူ့ကိစ္စတွေကို ဒေါ်ခင် ...တ်မွန် ရိပ်မိနေသည်လား။ မူးမူးနှင့် သူ ဖွင့်ပြောမိလိုက်သလား ...သေချာပါ။

"ဘယ်လို ပြဿနာမျိုးဖြစ်ဖြစ် သျှင်လေး ပြောပြရင် အန်တီ ...ညီပေးမှာပါ"

သူ ရင်ဆိုင်နေရသော ပြဿနာတွေက ဒေါ်ခင်မြတ်မွန် ကူညီ ...နိုင်သော ပြဿနာတွေမဟုတ်တာ သေချာနေသည်။ ပြီးတော့ သူ့ ...သနာတွေကိုလည်း ပြောမပြချင်တာမို့ ကော်ဖီပိုင်းက သူ ထရပ်လိုက် ...

"ကျွန်တော့်မှာ ဘာပြဿနာမှ မရှိပါဘူး အန်တီမြတ်မွန်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ သူ လှည့်ထွက်ခဲ့သည်။ ခြံထဲဆင်းခဲ့တော့ သူ့ရဲ့ကားကို ဆင်ဝင်အောက်မှာ အသင့်တွေ့ရသည်။

မနေ့က အောင်ဖြိုး အိမ်အထိ ပြန်လိုက်ပို့ပေးထားတာတော့ သေချာနေသည်။ နေမင်းရောင်စဥ်နှင့်ပတ်သက်ပြီး အောင်ဖြိုးကို ရှ ရင်ဖွင့်ဖြစ်မှာတော့ စဥ်းစားစရာတောင်မလိုပါ။

ဒေါ်ခင်မြတ်မွန်ကိုတော့ သူ ပြောပြစရာအကြောင်းမရှိ။ ဒီရာ ပိုင်းအတွင်းမှာ ပြောင်းလဲနေသော သူ့အခြေအနေကြောင့် ဒေါ်ခင်မြ မွန် ရိပ်မိသလို ဖြစ်နေခဲ့တာထင်သည်။

ဒေါက်တာ နေမင်းရောင်စဥ်အတွက် သူ ခံစားရသော ဝမ်း နည်းမှုတွေကတော့ ရင်ဘတ်ထဲမှာ အခုထိ အစိုင်အခဲကြီး ဖြစ်နေဆဲ ရှိသည်။

ခြံထဲက ခုံတန်းလေးမှာပဲထိုင်ကာ အတွေးတွေက ပြန့်ကျဲနေ သည်။ မနက်ဖြန်နေ့လယ်မှာ ဒေါက်တာ နေမင်းရောင်စဥ်ကို သဂြိုဟ် မည့်နေ့ဟု သူ သိထားသည်။ ဒါ သူ့အတွက် နောက်ဆုံးအခွင့်အရေး တစ်ခုဟုလည်း နားလည်မိ၏။

ဘာပဲဖြစ်ဖြစ် ဒေါက်တာနေမင်းရောင်စဥ်ရဲ့ နောက်ဆုံးခရီးကို တော့ သူ ရောက်အောင် သွားရမည်။

မဖြစ်ဖြစ်အောင် သွားမည်ဟု သူ့စိတ်က ယတိပြတ် ဆုံးဖြတ် ထားခဲ့ပြီးပြီမို့ . . . ။

■ ■ ■



## အခန်း (၁၃)

သူ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း ဒေါက်တာ နေမင်း ရောင်စဥ်၏ ရှာပနအခမ်းအနားက စည်ကားသိုက်မြိုက်လှပါသည်။

လိုက်ပါပို့ဆောင်ကြသည့် ဆရာဝန်ကြီးတွေ ကျန်းမာရေးဝန် ထမ်းတွေအားလုံး၏ မျက်နှာတွေက ကြေကွဲဝမ်းနည်းရိပ်တွေ လွှမ်းခြုံလို့ နေကြသည်။

အားလုံးထဲမှာ သူ တစ်စုံတစ်ယောက်ကို ရှာဖွေမိသည်။ သူ မြင်တွေ့ဖူးချင်သော လမင်းရောင်စဥ်ကို ဖေးမထိန်းခေါ်လာသူကို မြင် တွေ့လိုက်ချိန်မှာ သူ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၏။

"ဖင် ဖင်မာ သွယ်"

ဒီမျက်နှာလေးကို သူ ဘယ်လိုမှ မမှတ်မိစရာမရှိပါ။ တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သူနှင့်ပတ်သက်ခဲ့ဖူးသော ဖင်မာသွယ်ကိုယ်တိုင်က လမင်းရော
စဉ်ကို တွဲခေါ်လာသည်။

"သနားပါတယ်ဟယ် ဒီညီအစ်မနှစ်ယောက်တည်းရှိတာ အ
တော့ လမင်းရောင်စဉ်ခမြာ အထီးကျန်တစ်ကောင်ကြွက် ဖြစ်သွားပြီပေ

"အေးဟယ် သူ့ခမြာ တော်တော် ခံစားနေရရှာမှာပဲ"

သူ့နံဘေးက နှစ်ယောက်က စာနာကရုဏာစကားတွေ ဆိုနေ
သည်။ လမင်းရောင်စဉ်ရဲ့မျက်နှာလေးပေါ်က သောကမျက်ရည်တွေ
လည်း သူ မြင်တွေ့နေရသည်။

လှပနုညက်နေသော မျက်နှာလေးသည် အခြယ်အသကင်း
လျက် တားဆီးမရသောမျက်ရည်တွေက ပါးနုနုနှစ်ဖက်မှာ တသွင်သွ
စီးလျက်။

အစ်မဖြစ်သူအတွက် သူမရင်ထဲမှာ ဘယ်လောက် ကြေ
ခံစားနေရမည်လဲဆိုတာ သူ စာနာ နားလည်နိုင်ပါသည်။ နံဘေး
ဖင်မာသွယ်သည်လည်း မျက်ရည်တွေ စီးကျလျက်ရှိ၏။

ခန်းမထိပ်မှာ ပြင်ဆင်ထားသော ရုပ်ကလာပ်ဆီကို လမင်း
ရောင်စဉ်တို့ လှမ်းလျှောက်သွားကြချိန်မှာ သူလည်း ခပ်လှမ်းလှမ်း
ကပ်လိုက်ခဲ့လိုက်သည်။

ဂုတ်ထောက်ဆံပင်ရှည်အတုနှင့် နေကာမျက်မှန်အပြင် နှ
ခမ်းမွှေးအတုပါ တပ်ဆင်ပြင်ဆင်လာသော သူ့ကို ဘယ်သူမှ မှတ်မိ
မရှိပါ။ နေမင်းရောင်စဉ်ရဲ့နောက်ဆုံးခရီးကို သူ မရောက်ရောက်အော





သာဖို့ သူ ဆုံးဖြတ်ခဲ့၏။

တစ်စုံတစ်ယောက်က သူ့ကိုမြင်တွေ့ကာ ဒေါက်တာနေမင်း
ရောင်စဉ်ရဲ့ရှာပနအခမ်းအနားလေး အကျည်းတန်သွားမှာကိုလည်း သူ
စိုးလှပါ။ အခုချိန်မှာ အားလုံးက သူ့ကို ရွံမုန်းနေကြမှာ သူနားလည်
သည်။

"အဟင့် ဟင့် မမရယ် မင်းကို ထားရစ်ခဲ့နိုင်ပြီပေါ့"

"အမင်း သူငယ်ချင်း သတိထားနော်"

"လမင်း အားရပါးရ ငိုပစ်လိုက်နော် သူငယ်ချင်း"

မှန်တလားထဲမှ အစ်မဖြစ်သူကိုကြည့်ကာ လမင်းရောင်စဉ်
ငိုတင်ကဲ ရှေ့ရှုတ်တော့ ဖင်မာသွယ်တို့တွေ ဝိုင်းဝန်းဖေးမ သတိပေးနေ
ကြသည်။

အိပ်ပျော်နေသော မိန်းကလေးတစ်ယောက်ပမာ နေမင်းရောင်
စဉ်၏မျက်နှာလေးက စံပယ်ပန်းတွေကြားမှာ ကြည်ကြည်လင်လင်လေး
ရှိနေခဲ့သည်။

ထက်မြက်ထူးချွန်လှသော ဆရာဝန်မလေး၏မျက်နှာကို သူ
မြင်တွေ့ခွင့်တော့ ရခဲ့ပြီ။ ဒါပေမဲ့ ဒေါက်တာ နေမင်းရောင်စဉ်ကို သူ
ဘယ်တော့မှ ပြန်မြင်တွေ့ခွင့်မရနိုင်တော့မှာ သေချာနေခဲ့ပြီ။

ရင်ထဲမှာ ဝမ်းနည်းစိတ်တို့ ဖြစ်တည်ကာ မျက်ရည်တွေတောင်
စို့ဝိုင်းလာသော သူ့အဖြစ်ကို ဘယ်သူကမှ ယုံကြည်ကြမှာမဟုတ်ပါ။

သူနှင့်မလှမ်းမကမ်းမှာရှိနေသော လမင်းရောင်စဉ်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာကို သူရောက်နေတာသိလျှင် ပေါက်ကွဲရန်တွေ့မည်လားတော
မသိပါ။

လမင်းရောင်စဥ်မှမဟုတ်ပါ ဒေါက်တာ နေမင်းရောင်စဥ်ကို
ခင်သော နှမျောလွမ်းဆွတ်သောသူတိုင်း သူ့ကို ရှုံ့မုန်းကြမှာ သေ
သည်။

"ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးပါ မမနေမင်းရောင်
ရယ်"

ရင်ထဲကပဲ သူ လေးနက်စွာ ဆုတောင်းမိသည်။ လမင်းရော
စဥ်ရဲ့ ရှိုက်ငိုသံတွေကိုလည်း နားကကြားရတာ ရင်ထဲမှာ မချိနိုင်
ဈာပနကျောင်းပရာခန်းမထဲက သူထွက်ခဲ့လိုက်သည်။ လ
ရောင်စဥ်ရဲ့ ရှိုက်ငိုသံတွေက အနောက်မှာ ကျန်ရစ်ခဲ့၏။

■ ■ ■

"သျှင်လေး ဘယ်လောက်ခံစားနေရသလဲဆိုတာ အန်တီ
လည်ခံစားပေးနိုင်ပါတယ်ကွယ်"

"ဘာ ဘာကိုလဲ အန်တီမြတ်မွန် အန်တီ ဘာကိုပြောတာ

သူ တအံ့တသြမေးရင်း အန်တီမြတ်မွန် မျက်နှာကို
ကြည့်မိ၏။ အန်တီမြတ်မွန် မျက်နှာပေါ်က နူးညံ့သော အပြုံးလေးတွေ
သူ့ကို နှစ်သိမ့်သလို ကြည့်နေခဲ့သည်။

"သျှင်လေး ဒီရက်ပိုင်းမှာ တစ်ခုခုဖြစ်နေတာ အန်တီ သ
ထားမိတယ်၊ သျှင်လေး မူးလာတဲ့နေ့က မောင်အောင်ဖြိုးကို အ





ကြည့်တယ်"

သူ သဘောပေါက်လိုက်ပါသည်။ အောင်ဖြိုး အားလုံးပြောပြ
က်တာကြောင့် အန်တီမြတ်မွန် သိသွားခဲ့တာ ထင်သည်။

"ဒီနေ့ သား အဲဒီဆရာဝန်မလေးရဲ့ ဈာပနကိုသွားတော့
န်တီ စိုးရိမ်လို့ လိုက်ခဲ့တယ်"

"ဗျာ အန်တီမြတ်မွန် လိုက်လာတယ်"

"ဟုတ်တယ် သျှင်လေး၊ ဒေါက်တာမလေးကိစ္စမှာ သားကို
ခဲ့ညီမ လမင်းရောင်စဥ်က အထင်လွဲနေတယ်၊ ဒါကြောင့် မထင်မှတ်
ပြဿနာတွေဖြစ်မှာ အန်တီ စိုးရိမ်တယ်၊ ဒါပေမဲ့ သျှင်လေးက ရုပ်
လာတော့ အန်တီတောင် မမှတ်မိဘူး၊ ကားကိုမြင်မှ သျှင်လေးမှန်း
တာ"

သူ့အတွက် စိုးရိမ်ကာ အန်တီမြတ်မွန် သုသာန်ထဲအထိ လိုက်
တာကို သူ အခုမှ သိရသည်။ တစ်ခါတစ်ရံမှာတော့ သူ ဥပေက္ခာပြု
လောက် အန်တီမြတ်မွန်သည် သူ့အပေါ်မှာ ဂရုစိုက်လွန်းတာ အံ့သြ
ာက်သည်။

တကယ်ဆိုလျှင် သူ့ကို ဥပေက္ခာတရားနှင့်ပဲ တုံ့ပြန်ကာ အန်တီ
တ်မွန် နေလို့ရအောင် ပြည့်စုံပါသည်။

အန်တီမြတ်မွန်၏ပထမခင်ပွန်း သေဆုံးတော့ အန်တီမြတ်မွန်
တွက် ပြည့်စုံအောင် ချန်ထားရစ်ခဲ့တာ သူ သိ၏။

"သျှင်လေးဒီကိစ္စအတွက် ဘာကြောင့် ဝမ်းနည်းခံစားနေရသ



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာကိုလည်း အန်တီ နားလည်ပါတယ်၊ ဒါပေမဲ့ သားရယ် ကံကြ
ဆိုတာ ဘယ်သူမှ မြင်နိုင်တဲ့အရာမှ မဟုတ်တာ၊ ဒေါက်တာမလေး
သား သေစေချင်တဲ့ရည်ရွယ်ချက်မှ မရှိတာပဲကွယ်''

''ကျွန်တော် ဝမ်းနည်းခံစားရတာ ဒေါက်တာ နေမင်းရောင်
ကို ဘာမှကူညီခွင့်မရလိုက်တဲ့အတွက်ပါ အန်တီမြတ်မွန်၊ လမင်းရော
စဥ်ကလည်း ကျွန်တော့်ကို ခွင့်မလွှတ်နိုင်အောင် နာကျည်းနေခဲ့တယ်

''အန်တီ နားလည်တယ် သား၊ ဒါတွေအားလုံးက ဒါလီ
ကြောင့် ဖြစ်ခဲ့ရတာ မဟုတ်လား၊ အင်း ဒါလီဆွေရဲ့မာယာထဲမှာ သ
မနစ်မြုပ်ခဲ့တာပဲ ကံကောင်းပါတယ်ကွယ်''

ဒါလီဆွေနှင့်ပတ်သက်နေတုန်းက အန်တီမြတ်မွန် သူ့ကို
မြစ်ခဲ့သည်။ သူက တမင်အရွဲ့တိုက်ခဲ့၏။

အခုတော့ ပြင်မရသော အမှားကြီးတစ်ခုကို သူ လွန်ကျ
ခြင်းအတွက် နောင်တရမိ၏။

''ဖြစ်ပျက်ပြီးတာတွေကို မေ့လိုက်တော့ သျှင်လေး၊ အခု
ဘာဖြစ်ချင်တာလဲ ပြောလေ အန်တီကူညီမယ်''

''အန်တီမြတ်မွန်လည်း မကူညီနိုင်ပါဘူး၊ ဒေါက်တာ နေ
ရောင်စဥ် ဆုံးသွားပြီ၊ သူ့ညီမလမင်းရောင်စဥ်တစ်ယောက်ပဲ ကျ
ခဲ့တယ်လေ''

''အန်တီ အားလုံးသိထားတယ် သျှင်လေး၊ လမင်းရောင်
ဆေးကျောင်းသူတစ်ယောက်ပဲ''





သူ ထင်ထားသည်ထက် အန်တီမြတ်မွန်က စုံစမ်းထားပြီး
ဖြစ်နေခဲ့၏။

''ဒုတိယနှစ်တောင် ရောက်နေပြီတဲ့၊ အခု သူ့အစ်မမရှိတော့တူး
ဆိုတော့ လမင်းရောင်စဥ်ရဲ့ ရှေ့ရေးအတွက် လိုအပ်ချက်တွေ အများကြီး
ရှိနေတယ် သား''

အန်တီမြတ်မွန် စကားကို သူ စိတ်ဝင်စားသွားမိသည်။ အန်တီ
မြတ်မွန်က သူ့ထက်တောင် လမင်းရောင်စဥ်အကြောင်းတွေကို သိနေ
ပါလား။

''အခု ဆုံးသွားရှာတဲ့ နေမင်းရောင်စဥ်ခမြာလည်း အခက်
အခဲတွေအများကြီးကြားက ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့ရရှာတာ၊
ကျွန်ုပ်ထက်မြက်လို့ နိုင်ငံတော်က ပညာသင်ဆုပေးခဲ့တဲ့ ဆရာဝန်မလေး
ပဲ အခု မကြာသေးခင်ကမှ အင်္ဂလန်က ပညာသင်ပြန်လာတာတဲ့''

အန်တီမြတ်မွန်စကားတွေ ကြားရတော့ သူ့ရင်ထဲက ဝမ်းနည်း
ကြေကွဲမှုတွေ ပိုလို့ လှိုက်တက်လာစေပြန်သည်။ တကယ့်ကို ထက်မြက်
ထူးချွန်သော ဆရာဝန်မလေးတစ်ယောက်ကို ဆုံးရှုံးခဲ့ရခြင်းပါလား။

ထို့အတွက်လည်း လမင်းရောင်စဥ်နှင့်အားလုံးက သူ့ကို အပြစ်
မြင်နေကြတာ ဖြစ်မည်။

''သားဘက်က ဒီအတွက် ဝမ်းနည်းခံစားနေရတယ်ဆိုရင် သား
ပေးဆပ်နိုင်တဲ့အရာတစ်ခုရှိပါတယ်''

''ဘယ်လိုအရာမျိုးလဲ အန်တီမြတ်မွန်''



www.burmeseclassic.com

www.burmeseclassic.com



"လမင်းရောင်စဉ်အတွက် သားဘက်က ထောက်ပံ့ကူညီမှုတစ် ချို့ချိုးသာပါ့ကွယ်၊ ဥပမာ သူ့ရဲ့ပညာရေးကိုပဲဖြစ်ဖြစ်ပေါ့"

အန်တီမြတ်မွန် အကြံပေးချက်က ကျေနပ်စရာကောင်းပါသည် သူ့ဘက်ကလည်း ဝန်မလေးသောကိစ္စဖြစ်သည်။ ဒါပေမဲ့ သူ့ရဲ့ကူညီမှု တွေကို လမင်းရောင်စဉ် လက်မခံမှာ သေချာ၏။

တန်ဖိုးမရှိတဲ့ယောကျ်ားတစ်ယောက်ဟု သူ့ကိုဆိုခဲ့ဖူးသော လမင်းရောင်စဉ်ရဲ့ရွှပ်စွဲချက်ကို ဖင်မာသွင်ကို တွေ့လိုက်မှ သူ နားလည် နိုင်တော့၏။

ဖင်မာသွင်အပေါ်မှာ သူ့ဘက်က အနိုင်ယူခဲ့တာတွေကို လမင်း ရောင်စဉ် သိနေလို့ပဲ ဖြစ်မည်။

"အန်တီပြောတာ သျှင်လေး လက်ခံသလား"

"ကျွန်တော် လက်ခံနိုင်ပေမယ့် လမင်းရောင်စဉ်က လက်ခံမှာ မဟုတ်ဘူး၊ သူ ကျွန်တော့်ကိုမုန်းတီးနေတာ၊ မျက်နှာကို မမြင်ချင် လောက်အောင်ကို မုန်းနေတာ"

"အင်း သူလေး ခံစားချက်ကလည်း သွေးပူနေတုန်းဆိုတော့ ပြင်းထန်မှာ အန်တီ နားလည်တယ်၊ ဒီတော့ သားဘက်က ကူညီမှုတွေ ကို သားမှန်းမသိအောင် ပေးဆပ်လို့ရပါတယ်"

"ဘယ်လို အန်တီမြတ်မွန်"

"သူ့ရဲ့ပညာသင်ထောက်ပံ့ငွေကို အန်တီတို့ နာမည်မခံဘဲ ကူညီပေးလို့ရတယ်၊ ဒါ သူ့အတွက် အကျိုးရှိဆုံးပဲလေ၊ သား သဘော





တူမယ်ဆိုရင် လမင်းရောင်စဉ်အတွက် လိုအပ်တဲ့ ပညာသင်ထောက်ပံ့ ကြေးကို အန်တီကော သားပါ ထောက်ပံ့ကူညီတာလို့ မသိစေရဘဲ ကူညီလို့ရပါတယ်"

ကြည့်စမ်း အန်တီမြတ်မွန်လို အတွေးမျိုး သူ ဘာကြောင့် တွေးမိတာလည်း မသိ။ တကယ့်ကို ကောင်းမွန်သော စိတ်ကူးကို သူ လက်ခံခေါင်းညိတ်မိ၏။

"အန်တီမြတ်မွန်ကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်၊ လမင်းရောင်စဉ်အတွက် အန်တီမြတ်မွန် ကူညီစီစဉ်ပေးပါ"

သူ့ဘဝမှာ ပထမဆုံးအကြိမ် အန်တီမြတ်မွန်အပေါ် ကျေးဇူး တင်စကား ဆိုမိခြင်းပါပဲ။ ထို့အတွက် အန်တီမြတ်မွန်လည်း ကြည်နူး အပြုံးရိပ်တွေ ဖြာဝေနေခဲ့သည်။

ဒေါက်တာ နေမင်းရောင်စဉ်အတွက် တာဝန်မကျေသလို ဖြစ်ခဲ့ သော ခံစားမှုတွေအတွက် လမင်းရောင်စဉ်ကို ပြန်ပေးဆပ်ခွင့်ရတာ သူ ဝမ်းသာမိပါသည်။

အရေးကြီးဆုံးက သူ့ရဲ့ကူညီမှုတွေကို လမင်းရောင်စဉ် မသိ အောင် ဖုံးကွယ်ထားဖို့ပဲဖြစ်သည်။

သူမရဲ့အမုန်းတွေ သူ့အပေါ်မှာ ပိုမိုကြီးမားလာမှာကိုတော့ သူ ကြောက်လန့်နေခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အန်တီမြတ်မွန်၏စီစဉ်မှုတွေ အဆင်ပြေ ချောမွေ့သွားခဲ့သည် ဆိုတော့ သူ ဝမ်းသာမိသည်။ လမင်းရောင်စဉ်အတွက် ပညာသင်ထောက် ပံ့ကြေးကို ဆရာဝန်ကြီးတွေမှတစ်ဆင့် ကူညီခွင့်ရခဲ့သည်တဲ့။

"ဒီကိစ္စကို လမင်းရောင်စဉ် သိလို့မရဘူးနော် အန်တီမြတ်မွ သူသိသွားရင် ကျွန်တော့်အပေါ် ပိုမုန်းတီးသွားမှာ"

"မသိပါဘူး သားရယ်၊ ဒီကိစ္စကို သားကောအန်တီပါ မပယ သက်သလို စီစဉ်ထားခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် အန်တီမြတ်မွန်"

"မလိုပါဘူး သားရယ်၊ သား စိတ်ချမ်းသာတယ်ဆိုရင် အန် လည်း စိတ်ချမ်းသာရတာပဲလေ၊ ပြီးတော့ အခုကိစ္စက ကျေနပ်စရာကော





လျှဒါနတစ်ခုပဲ၊ ဘာလို့လဲဆိုတော့ လမင်းရောင်စဉ်မှာက ညီအစ်မ ယောက်ပဲရှိတာလေ၊ နှစ်ယောက်စလုံးက ပညာရေးမှာ ထူးချွန်ကြ ယ်၊ နေမင်းရောင်စဉ်တုန်းက ဖခင်က မပြည့်စုံလို့ ထက်မြက်ပြီး တဲ့သူ့ကို နိုင်ငံတော်က ပညာသင်ထောက်ပံ့ခဲ့တယ်၊ အခု လမင်း အလှည့်မှာ အစ်မဖြစ်သူက အားလုံးထောက်ပံ့ကူညီနေခဲ့တာလေ"

အန်တီမြတ်မွန် စကားတွေကို သူ့လေးလေးနက်နက် နား င်ရင်း ကျေနပ်ဝမ်းသာမိပါသည်။

အစ်မမရှိတော့ လမင်းရောင်စဉ်ဘဝမှာ အားကိုးစရာ ရွေ င်ကြီး ပြိုလဲသွားခဲ့သလို ဖြစ်ခဲ့သည်။

လမင်းရောင်စဉ်၏ပညာရေးတစ်ပိုင်းတစ်စ ရပ်တန့်သွားမည့် ခြေအနေကို သူ ကူညီနိုင်ခဲ့တာ ဝမ်းသာစရာပဲဖြစ်၏။

ပြန်တွေးကြည့်လျှင် သျှင်ခေတ်သစ်ဆိုသော သူ့လိုလူတစ် က်ထက် ဒေါက်တာနေမင်းရောင်စဉ်တို့ညီအစ်မက အရည်အချင်း ကြသည်။

သူကတော့ အခုချိန်ထိ ဆယ်တန်းတောင် မအောင်မြင်သေး ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

ဖေဖေ့ကိုစိတ်နာ ဒေါ်ခင်မြတ်မွန်ကို အရွဲ့တိုက်ကာ ပေတေနေ ကိုလည်း အခုမှ နောင်တတွေ ရချင်လာသည်။

သူ သိပ်ကို မှားခဲ့သည်။ ပြင်မရသောအမှားတွေထဲမှာ နစ်မွန်း သူသည် တန်ဖိုးမရှိသော လူတစ်ယောက်လို ဖြစ်ခဲ့၏။ လမင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



စဉ်ရဲ့စကားကို မနာကျည်းချင်တော့ပါ။

"သျှင်လေး စိတ်ထဲက ဒဏ်ရာကြီးအတွက် ဖြေသိမ့်နိုင်မှ မဟုတ်လားဟင်"

အန်တီမြတ်မွန် မေးတော့မှ သူ့ရဲ့လွင့်မျောနေသော အာရုံကို ပြန်စုစည်းနိုင်တော့၏။

"အင်း ကျွန်တော် ကျေနပ်ဝမ်းသာနိုင်ပါတယ် အန်တီမြတ်မွန်"

"ဒါဆိုရင် သားစိတ်ချမ်းသာလက်ချမ်းသာ နေတော့နော်။ နောက်ဆို ဘယ်လိုအခက်အခဲ အခြေအနေပဲကြုံကြုံ အန်တီ့ကို တိုင်ပင်ပါနော် သား"

သူ ခေါင်းညိတ်ပြလိုက်မိပါသည်။ သည်ကိစ္စမှာတော့ အန်တီမြတ်မွန် သူ့ကို အကူအညီများစွာပေးခဲ့တာ အမှန်ပဲဖြစ်သည်။

ပြီးတော့ သူ့ဘဝကိုလည်း သူ ပြောင်းလဲချင်စိတ်တို့ ဖြစ်ပေါ်လာခဲ့တာ အသေအချာ။

ဘဝကိုပေပေါ်လေလွင့်ကာ မိန်းကလေးတွေ အများကြီး ထားခဲ့တာတွေကိုလည်း နောင်တတွေ ရမိ၏။

အထူးသဖြင့် ဖင်မာသွင်ကို ပြန်တွေ့မြင်လိုက်ရချိန်မှာ သူ ပြောခဲ့ဆိုခဲ့ပြုခဲ့သမျှတွေအတွက် ပြန်ရှက်မိတာလည်း အမှန်ပဲဖြစ်သည်။

အပျော်သဘော ထားခဲ့သော မိန်းကလေးတွေကို သူ လှည့်စားခဲ့တာပဲ ဖြစ်တော်ကခဲ့သည်။ ဘာကိုမှ အလေးမထားဘဲ ဥပေက္ခာပြုခဲ့သည်။





ဖင်မာသွင်အပေါ်မှာတော့ သူ့မာနတွေ၊ အတ္တတွေနှင့် ရိုင်းစိုင်းဆော်ကားသလို ဖြစ်ခဲ့သည်။

ဖင်မာနှင့်လမင်းရောင်စဥ်က သူငယ်ချင်းတွေ ဖြစ်နေတော့သည်။ သူ့အကြောင်းတွေသိကာ လမင်းရောင်စဥ်က မုန်းတီးရွံရှာနေမှာသေချာ၏။

ပြင်မရသော အမှားတွေအတွက်တော့ သူ ပေးဆပ်ပြုပြင်ဖို့ဆိုအပ်တာ နားလည်မိသည်။

အထူးသဖြင့် အန်တီမြတ်မွန်ကို ဆန့်ကျင်ကာ သူ ဥပေက္ခာပြုခဲ့သော ပညာရေးကို သူ ပြန်ကြိုးစားကြည့်ချင်သည်။

ဆယ်တန်းစာမေးပွဲကိုတော့ သူ အောင်မြင်အောင် ကြိုးစားကြည့်ချင်သည်။

ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုနှင့် သူ့ဘဝကို ပြောင်းလဲကြည့်ဖို့ ဆုံးဖြတ်ခဲ့သည်။

မှားခဲ့သော အမှားတွေအတွက် သူတစ်ယောက်တည်း ကြိတ်ကာ ကြိုးစားခဲ့သည်။

အန်တီမြတ်မွန်ကိုတောင် ဖွင့်မပြောဖြစ်တဲ့ ဆယ်တန်းစာမေးပွဲဖြေဖို့ စီစဥ်ခဲ့သည်။ အပြင်ကျူရှင်တွေ သူတက်နေချိန်တွေကို အန်တီမြတ်မွန်က သူငယ်ချင်းတွေဆီသွားနေတာဟုပဲ ထင်လိမ့်မည်။

ညဘက်တွေမှာလည်း သူ အခန်းထဲမှာ တိတ်တဆိတ် စာတွေကြိုးစားကျက်နေခဲ့တာကို အန်တီမြတ်မွန် မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားသော သူ့အပြုအမူတွေအတွက်တော့ အောင်ဖြိုးကတော့ တအံ့တသြ ဖြစ်နေခဲ့၏။

"ဘယ်လိုဖြစ်တာလဲ ခေတ်သစ်၊ မင်းတော်တော် ပြောင်းလဲသွားတာပဲ"

"အင်း ငါ့ဘဝကို တစ်ခုခု ပြောင်းလဲပစ်ချင်လို့ကွာ"

"ဘာကြောင့်လဲ လမင်းရောင်စဉ်ရဲ့စကားမှတ်ချက်အတွက် မင်း နာကျင်ခံရခက်နေလို့လား"

အောင်ဖြိုး မေးခွန်းကို သူ ချက်ချင်းပဲ ခေါင်းခါမိသည်။ တကယ်ဆို သူမအပေါ်မှာ အပြစ်တင်မှုတွေ သူ့ရင်ထဲမှာမရှိတော့တာ အမှန်ပဲဖြစ်၏။

"ဟင့်အင်း ငါ့ရင်ထဲမှာ သူ့အပေါ် ဘာအမုန်းတရားမှ မရှိတော့ဘူး။ ငါ့ဘဝကို ငါ ပြန်အသစ်စကြည့်တာပါကွာ"

"ဘာပဲဖြစ်ဖြစ် ငါတော့ ဝမ်းသာတယ် ခေတ်သစ်၊ တကယ်ဆို မင်း အစောကြီးကတည်းက အောင်သင့်တာပါ"

ပြီးခဲ့သည့်နှစ်နှစ်က သူနှင့်အတူ ကျူရှင်တွေတက်ဖြေခဲ့သော အောင်ဖြိုးက စာမေးပွဲ အောင်ခဲ့သည်။ သူက တမင်မဖြေတော့ဟု ဆုံးဖြတ်လိုက်သည်။

တခြားသော အကြောင်းကိစ္စကြောင့်မဟုတ်ခဲ့၊ ဒေါ်ခင်မြတ်မွန်ကို တမင်အရွဲ့တိုက် တုံ့ပြန်ခြင်းသာ ဖြစ်သည်။

သူ့ကို ဆယ်တန်းအောင်စေချင်လှသော ဒေါ်ခင်မြတ်မွန်ဆန္ဒ





ဘယ်တော့မှ မဖြစ်စေရဟု သူ ဆုံးဖြတ်ထားခဲ့သည်။

"ခေတ်သစ် မင်းဒီလို ပြောင်းလဲသွားတော့ အန်တီမြတ်မွန် တော့ ဝမ်းသာမှာပဲ"

"ငါ ကျူရှင်တက်နေတာတွေ ကြိုးစားနေတာတွေကို အန်တီ မြတ်မွန် မသိဘူး အောင်ဖြိုး။ မင်း လျှို့ဝှက်ထားပေးကွာ"

"အေးပါကွာ ဒါပေမဲ့ အန်တီမြတ်မွန်က မင်းအပေါ်မှာ တကယ် ကောင်းပါတယ်ကွာ"

အောင်ဖြိုးစကားကို သူ ဘာမှခွန်းတုံ့မပြန်ဖြစ်ပါ။ အန်တီ မြတ်မွန်အပေါ် သူ့ဘက်က ခါးသီးနေခဲ့တာ အောင်ဖြိုး သိသည်။

ဒါပေမဲ့ အခုချိန်မှာ အောင်ဖြိုး မသိသေးသောကိစ္စတွေ ရှိနေသည်။ လမင်းရောင်စဉ်အတွက် သူနှင့်အန်တီမြတ်မွန်တို့ ကူညီခဲ့တာ ပြီပါ။

ဒီလျှို့ဝှက်ချက်ကြီးကို သူ သိုဝှက်ထားဖို့ ဆုံးဖြတ်ထား၏။

"စိတ်ချပါ မင်းမသိစေချင်ရင် ငါ အန်တီမြတ်မွန်ကို မပြောပါ ဘူးကွာ"

"ကျေးဇူးပဲ အောင်ဖြိုး၊ ငါ အသိမပေးချင်တာ တခြားအကြောင်းကြောင့် မဟုတ်ပါဘူး၊ ငါ့အသိ ငါ့ဆန္ဒနဲ့ ကြိုးစားချင်လို့ပါ"

အောင်ဖြိုး နားလည်စွာ ခေါင်းညိတ်သည်။ သူ့ဘဝတစ်ခုလုံး ပြောင်းလဲသွားစေခဲ့သော အခြေအနေတစ်ခုကို ကံကြမ္မာက ကြုံဆုံ စေခဲ့ခြင်းမှာ ...။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

BURMESE CLASSIC .com

"သျှင်လေး ဒီမနက် ဘယ်သွားစရာရှိသေးလဲဟင်"

မနက် သူ အိပ်ရာနိုး ရေမိုးချိုးပြီး ထွက်လာသည်နှင့် အန်
မြတ်မွန်က မေးတတ်သည်။

"ဘယ်မှမသွားပါဘူး အန်တီမြတ်မွန်၊ ညနေပိုင်းတော့ အ
သွားစရာရှိတယ်၊ နှစ်နာရီလောက်သွားမှာ၊ ငါးနာရီလောက် ပြန်ရော
ပါ"

"ဒါဆို အိမ်မှာပဲ မနက်စာ စားနော်၊ သျှင်လေးကြိုက်
ပုစွန်ထုပ်ဟင်းနဲ့ ငါးခေါင်းဟင်းချို အန်တီ စီစဉ်ပေးမယ်"

"ဟုတ်ကဲ့ အန်တီ မြတ်မွန်"

လမင်းရောင်စဉ်၏အရေးကိစ္စနောက်ပိုင်းမှာ သူနှင့်အန်တီ





အကြားမှာ နားလည်မှုတစ်ခု ရလာခဲ့တာတော့ သေချာသည်။ တကယ်
သူ့ဘက်က ပြောင်းလဲနားလည်လာမှု ရလာခဲ့ခြင်းပဲဖြစ်၏။

မိထွေးတစ်ယောက်ဟူသော အမြင်နှင့် အန်တီမြတ်မွန်အပေါ်
ဆက်ဆံမှုတွေ ပြောင်းလဲသွားခဲ့တာ လမင်းရောင်စဉ်ကိစ္စမှာ အန်တီ
တ်မွန်ရဲ့ ကူညီမှုတွေကြောင့်ပဲဖြစ်သည်။

ဒေါက်တာ နေမင်းရောင်စဉ်နှင့်ပတ်သက်ပြီး သူ့ရင်မှာ ခံစား
တည်ခဲ့ရသော ခံစားမှုတွေသည် အန်တီမြတ်မွန် ပေးသော အကြံ
ဏ်ကြောင့် ပြေလျော့ခဲ့ရသည်။

အထူးသဖြင့် လမင်းရောင်စဉ်၏အခက်အခဲတစ်ခုကို သူ ကူညီ
ရလိုက်ခြင်းအတွက် ရင်မှာ ကျေနပ်မိတာ အမှန်ဖြစ်၏။

သူ၏ပယောဂ မကင်းသော အကြောင်းတစ်ခုကြောင့် ဒေါက်တာ
မင်းရောင်စဉ်ဆိုသော ထက်မြက်သည့် ဆရာဝန်မတစ်ဦး ဆုံးရှုံးခဲ့ရ
ည်။ ထို့အတွက် တစ်ခုခု သူ ပြန်ပေးဆပ်ခွင့်ရချင်ပါသည်။

နေမင်းရောင်စဉ်၏ ညီမလေး လမင်းရောင်စဉ်ကို ကူညီခွင့်ရ
က်ခြင်းက အကောင်းဆုံးသော ပေးဆပ်မှုတစ်ခုဟု သူ ခံစားရ၏။

ပြီးတော့ သူ့ဘဝကို ပေတောလေလွင့်နေခဲ့ခြင်းအတွက်လည်း
င်တတွေ ရခဲ့မိသည်။ မပြည့်စုံသည့်ကြားက ထူးချွန်ထက်မြက်အောင်
စားနေသော လမင်းရောင်စဉ်နှင့်ယှဉ်လျှင် သူသည် တန်ဖိုးမရှိသော
ာကျားတစ်ယောက် ဖြစ်သည်။

ထိုစကားကို သူ လက်ခံယုံကြည်မိချိန်မှာ သူ့ဘဝကြီးကို သူ



www.burmeseclassic.com

ရှာခဲ့မိတာ အမှန်ပဲဖြစ်၏။

ဒါကြောင့်လည်း ဆယ်တန်းစာမေးပွဲကို အောင်မြင်အောင် ကြိုးစားဖို့ သူ ဆုံးဖြတ်ခဲ့သည်။

အန်တီမြတ်မွန်သိလျှင် ဝမ်းသာကျေနပ်မှာလည်း သူ သိသည် ဒါပေမဲ့ သူ ဖွင့်မပြောဘဲ ကြိတ်ကြိုးစားမိသည်။

ကျူရှင်တွေကို သူ မပျက်မကွက် တက်သည်။ အခန်းအောင်းပြီး စာတွေကိုကျက်ခဲ့သည်။

ညဘက်တွေဆိုလျှင် ညဉ့်နက်သည့်အထိ စာထဲမှာပဲ အာရုံတွေ စူးစိုက်ခဲ့သည်။

လမင်းရောင်စဉ်သည် သူ့အတွက် ပြင်းပြသော ခွန်အားတွေ ပေးခဲ့တာ သူကိုယ်တိုင် အသိဆုံးဖြစ်၏။ ဒါပေမဲ့ သူ ရည်ရွယ်ကြိုးစား နေသမျှသည် နာကျည်းစိတ်တွေကြောင့် မဟုတ်ပါ။

လမင်းရောင်စဉ်၏စကားတွေကို နာကျင်ခံရခက်လို့ မဟုတ်ဘဲ သေချာသည်။

■ ■ ■

မနက်မိုးလင်း အိပ်ရာကနိုးတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲသလို ခံစားရ၏။

လေးပင်နေသော မျက်ခွံတွေကို အားယူဖွင့်ကာ ခုတင်နံဘေး စားပွဲပေါ်က နာရီကို သူ လှမ်းကြည့်လိုက်သည်။

ခုနစ်နာရီခွဲကျော်နေပြီ။ ဒီမနက် ကျူရှင်က ကိုးနာရီဆိုတော့





ချက်ချင်း သတိရလိုက်၏။ စိတ်ကိုတင်းကာ အိပ်ရာထဲက လူးလဲထလိုက်သည်။

ခေါင်းထဲက မိုက်ခနဲ ဖြစ်သွားတာမို့ ခုတင်မှာ ပြန်ထိုင်ချလိုက်ရသေးသည်။ ညတုန်းက ညဉ့်နက်သည်အထိ စာကျက်ခဲ့တာကြောင့် ဖြစ်မည်ထင်၏။ ဒါပေမဲ့ ကျူရှင်ကိုတော့ မပျက်ချင်တာကြောင့် အားတင်းပြီး ထရပ်လိုက်သည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်လျှင်တော့ သက်သာလန်းဆန်းသွားမည်ဟု ထင်သည်။

ရေချိုးခန်းအထိ လှမ်းလျှောက်ကြည့်မှ အဆစ်အမြစ်တွေက ကိုက်တော် နာကျင်နေမှန်း ခံစားရ၏။ သို့ပေမယ့် ဒီလိုဝေဒနာက သူ့အတွက် ထူးခြားသော ဝေဒနာတော့ မဟုတ်ပါ။

ဟိုးငယ်ငယ်ကတည်းက သူ မကြာခဏ ခံစားဖူးသည်။ ထိုဝေဒနာခံစားရတိုင်းလည်း အကိုက်အခဲပျောက်ဆေးတွေ သောက်လိုက်လျှင် သက်သာသွားတတ်စမြဲ ဖြစ်သည်။

မနက်စာ တစ်ခုခု စားသောက်ပြီး ဆေးသောက်လိုက်လျှင်တော့ သက်သာသွားမည်ဟု တွေးမိ၏။

"ဟော သျှင်လေး နိုးပြီလား"

သူ မျက်နှာသစ်ပြီး ထွက်လာစဉ်မှာပဲ အန်တီမြတ်မွန် မေးလာသည်။ သူ ခေါင်းညိတ်ပြဖို့ ကြိုးစည်မိစဉ် မျက်လုံးတွေ ပြာဝေသွားခဲ့ကာ

"ဟယ် သျှင်လေး သား သား"

www.burmeseclassic.com



အန်တီမြတ်မွန်၏ စိုးရိမ်တကြီး ဟစ်အော်သံသည်သာ သူ့ နောက်ဆုံးအသိ ဖြစ်သည်။

သူ သတိရတော့ ဆေးရုံပေါ်ရောက်နေခဲ့ပြီ။

သတိပြန်လည်လာချိန်မှာ အန်တီမြတ်မွန်သည် သူ့ခုတင် ဘေးမှာ စိုးရိမ်သော မျက်ဝန်းတွေနှင့် ရှိနေခဲ့၏။ သွယ်တန်းထားသော ပိုက်တွေကို ကြည့်ကာ သူ အံ့သြမိ၏။

သူ့ခန္ဓာကိုယ်ထဲကို သွေးသွင်းနေရသည်ဆိုတော့ သူ ဘာ သွားခဲ့တာလဲ။

BURMESE CLASSIC .com

"ကျွန်တော် ဘာဖြစ်တာလဲ အန်တီမြတ်မွန်"

"သား သတိလစ်သွားလို့ပါ။ အခု စိုးရိမ်စရာမရှိတော့ပါ ကွယ်"

အန်တီမြတ်မွန် တစ်ခုခုကို သိုဝှက်ထားသည်ဟု သူ ထင် ၏။ သွေးသွင်းရလောက်အောင် သူ့ဝေဒနာက ဆိုးရွားနေတာတော့ မဟု သေးပါ။

"ကျွန်တော့်ကို အမှန်အတိုင်းပြောပါ အန်တီမြတ်မွန်၊ သွေး သွင်းရလောက်အောင် ကျွန်တော့်ရောဂါက ဘာလဲဆိုတာ ကျွန်တော် သိချင်တယ်"

ဝဲတက်လာသော အန်တီမြတ်မွန်၏ မျက်ဝန်းက မျက်ရည် တွေကို သူ မြင်တွေ့ရ၏။ ထိုမျက်ရည်တွေကို မျက်တောင်တွေ ထိန်းချုပ်ရင်း အန်တီမြတ်မွန် ခေါင်းကိုခါရမ်းသည်။





"သားကို အန်တီမြတ်မွန် မညာပါဘူးကွယ်၊ သား သတိလစ် တော့ အန်တီ မိသားစုဆရာဝန်ကို လှမ်းခေါ်တယ်၊ သူက ဆေးရုံ ဖို့ အကြံပေးလို့ ချက်ချင်းဆေးရုံရောက်ခဲ့တာ၊ ဆရာဝန်ကြီးတွေက သွင်းဖို့ လိုအပ်တယ်ဆိုတော့လည်း သား ကံကောင်းပါတယ်၊ သွေး လှူတဲ့အဖွဲ့က လိုအပ်တဲ့ ဘီသွေး အလှူရှင်က အသင့်ရှိနေတယ်"

"အန်တီမြတ်မွန် ကျွန်တော် အရင်ဆုံးသိချင်တာ ကျွန်တော့် ဂါက ဘာရောဂါလဲ"

"သျှင်လေး သိချင်တာကို ဆရာဝန်ကြီးက အသေအချာ ပြပါလိမ့်မယ်၊ အန်တီပြောပြတာထက် ဆရာဝန်ကြီးရဲ့ ရှင်းပြချက်က လင်းမှာလေ၊ ခဏလေးစောင့်နော် သျှင်လေး၊ သား သတိရလာ နာ့စ်လေးက ဆရာဝန်ကြီးကို သွားအကြောင်းကြားနေတယ်"

မကြာခင်မှာပဲ ဆရာဝန်ကြီး ရောက်လာသည်။ သူ သိချင် သာ အကြောင်းတွေကို ဆရာဝန်ကြီးက ရှင်းပြသည်။

"သားရဲ့ရောဂါက သလက်ဆီးစီးယားရောဂါပါ၊ လူကီးမီးယား တဲ့ရောဂါထက် အဆင့်နိမ့်တဲ့ရောဂါဆိုပါတော့ ဆရာတို့ မြန်မာပြည် သွေးကင်ဆာဆိုတဲ့ ဝေဒနာရောဂါသည် ရှားပါတယ်၊ သားလို သလက် ဆီးမီးယားရောဂါမျိုးတော့ တွေ့နေရတယ်၊ ဒါမျိုးက လူကီးမီးယား လောက် မပြင်းထန်ပါဘူး၊ ယေ်ရှယ်စဉ်ကတည်းက အဆစ်အမြစ်တွေ ကိုက်ခဲရောင်ရမ်းမယ်၊ နာကျင်စေမယ်၊ သွေးသွင်းရတဲ့အထိတော့ မဆိုး



www.burmeseclassic.com

www.burmeseclassic.com



ရှားဘူး။ အခု သားအသက် နှစ်ဆယ်ရောက်မှ ဒီတစ်ကြိမ်ပဲ သွင်းရ
ဆိုတော့ စိုးရိမ်စရာ မရှိဘူး''

ဆရာဝန်ကြီးက အသေအချာ ရှင်းပြပေမယ့် သူ စိုးရိမ်
လန့်သွားမိတာတော့ အမှန်ပဲဖြစ်၏။

''အာသရိုက်တစ်(စ်)သမားတွေအနေနဲ့ လိုအပ်တဲ့ ဆေး
မှန်မှန်ထိုး၊ မှန်မှန်သောက်ရလိမ့်မယ်၊ ဒါကို ဂရုစိုက်ပေးရင်
အတွက် အသက်အန္တရာယ် မစိုးရိမ်ရပါဘူး။ တစ်ခုပဲ သတိပြု အ
ထားရမှာက ဒီရောဂါဝေဒနာသည်တွေအနေနဲ့ ရှမက်တစ်ဟတ်(ထ်)
ခေါ်တဲ့ နှလုံးရောဂါဝင်တတ်တယ်၊ ဒီတော့ ပုံမှန်ဆေးဝါး မှီဝဲ
အထူးဂရုစိုက်ဖို့ လိုတယ်''

ဆရာဝန်ကြီး၏ ရှင်းပြချက်တွေကို နားထောင်ရင်း သူ
တွေ တည်ငြိမ်လာခဲ့တာ အမှန်ပဲဖြစ်၏။ အန်တီမြတ်မွန်ကလည်း သူ
ဂရုစိုက်ပြုစုဖို့ ဆရာဝန်ကြီးကို ကတိပေးသည်။

သူ့အတွက် ကံကြမ္မာ၏မယုံနိုင်စရာကောင်းသော တိုက်ဆိုင်
ကို သိလိုက်ရချိန်မှာတော့ တုန်လှုပ်ချောက်ချားသွားခဲ့ရပါသည်။

သူ့အတွက် သွေးကို လှူခဲ့သောသူက 'လမင်းရောင်စဉ်'
နေခြင်းက ဘယ်လိုမှ ယုံနိုင်စရာ မရှိခဲ့။

သူ့ကို နာကျည်းမုန်းတီးနေသော လမင်းရောင်စဉ်က သူ
သက်ကို ကယ်တင်ခဲ့သော သွေးအလှူရှင် ဖြစ်နေခဲ့၏။

ထိုတိုက်ဆိုင်မှုကြီးအတွက် သူကော အန်တီမြတ်မွန်ပါ အံ





ခဲ့ရသည်။

ကံကြမ္မာရဲ့တိုက်ဆိုင်မှုက သူနှင့်လမင်းရောင်စဉ်တို့နှစ်ဦးအပေါ်
ာ ရေစက်မကုန်နိုင်သေးဘူး ထင်ပါရဲ့။

အစ်မဖြစ်သူနှင့်ပတ်သက်ပြီး သူ့ကိုမုန်းတီးနေသော လမင်း
ောင်စဉ်၏သွေးတွေက သူ့ခန္ဓာကိုယ်ထဲမှာ လည်ပတ်စီးမျောနေခဲ့ပြီ။
ါကို သူမသိလျှင် အမုန်းတွေက ပိုကြီးမားလာမည်လား။

သူ့အတွက်တော့ လမင်းရောင်စဉ်၏ သွေးတွေ ခန္ဓာကိုယ်ထဲ
ာ လည်ပတ်ရှင်သန်နေခြင်းအတွက် ကျေနပ်မိသည်။

အမုန်းသွေးစက်တို့ ဖြစ်နေစေဦးတော့ သူ ကျေနပ်နေမှာ
သေအချာ။

■ ■ ■

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

BURMESE CLASSIC .com

''လမင်းလေး ပင်ပန်းသွားပြီလား''

မမနွယ် မေးလာတော့ မင်း ပြုံးပြုံးလေးပဲ ခေါင်းခါလိုက်သည်။ ဆေးခန်းထဲမှာ သိမ်းဆည်းစရာတွေကို ဝေမာနှင့်အတူ ကူညီသိမ်းဆည်းပေးနေရင်းမှ

''မပင်ပန်းပါဘူး မမနွယ်ရဲ့၊ မင်း ဝါသနာပါတဲ့အလုပ်ပဲ ပျော်စရာတောင် ကောင်းသေးတယ်''

''အေး အေး လမင်းမျက်နှာလေးက အမြဲပြုံးနေပြီး အသံလေးက ချိုနေတော့ လူနာတွေက အရမ်းသဘောကျနေကြတာကွဲ့''

မမနွယ် ချီးကျူးစကားကြောင့် မင်း ကျေနပ်စွာ ခေါင်းလေး ညိတ်မိပါသည်။ ညနေ ငါးနာရီမှ ညကိုးနာရီအထိ မမနွယ်ရဲ့ ဆေးခန်း





ဘာ မင်း အကူအဖြစ် ထိုင်ဖြစ်ခဲ့တာ မမနေမင်း မရှိတော့ကတည်းက ဖြစ်သည်။

ဒေါက်တာ မြတ်နှင်းနွယ် ဆိုတာ မမရဲ့သူငယ်ချင်းအရင်းအချာတွေဖြစ်သည်။

ဒါကြောင့်လည်း မမဆုံးပါးတော့ ဒေါက်တာ မြတ်နှင်းနွယ်က မင်းကို အကူအညီပေးသည်။

''လမင်းလေး ညနေပိုင်း မမနွယ်ဆေးခန်းမှာ အကူအဖြစ် မမကို ကူညီပေးလို့ရမလား''

မင်းအတွက် အပိုဝင်ငွေလေးရအောင် မမနွယ် စေတနာနှင့် ကူညီပေးခြင်းဆိုတာ နားလည်ပါသည်။ မမနေမင်း မရှိတော့သည့် နောက်ပိုင်း မင်းကို စေတနာနှင့် ကူညီပေးကြသူတွေ မနည်းပါ။

အချစ်ဆုံးသူငယ်ချင်း ဖင်မာကိုယ်တိုင်ကအစ မင်းကို ကူညီပေးဖို့ ဝန်မလေးခဲ့ပါ။

''အမင်း နင်ဘာအခက်အခဲရှိရှိပြောနော်၊ ငါ ကူညီမယ်၊ ငါ ဖင်မကပါဘူး မာမိတို့ကလည်း အမင်းကို ကူညီချင်ကြတာ''

''ကျေးဇူးတင်ပါတယ် ဖင်မာရယ်၊ ငါ လိုအပ်ရင် ပြောမှာပေါ့''

ဖင်မာတို့ မိသားစုရဲ့စေတနာကို အသိအမှတ်ပြု နားလည်ပေမယ့် မင်း အကူအညီ မလိုချင်ပါ။ ဆရာဝန်ဘွဲ့တစ်ခုရအောင် မင်းရှေ့ဆက်ဖြတ်သန်းရမည့် ခရီးက အရှည်ကြီးရှိသေးသည်။

မမနေမင်း မရှိတော့ဘဲ ထိုခရီးရှည်ကြီးကို ဖြတ်သန်းဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ဘယ်လိုမှ မဖြစ်နိုင်ပါ။ အထူးသဖြင့် မင်းရဲ့ပညာရေးက တစ်ပိုင်းတစ်စနှင့် ရပ်လုမတတ် ဖြစ်နေခဲ့ရသည်။

ထိုအချိန်မှာ မင်းအတွက် ပညာရေးကို ရှေ့ဆက်ခရီးဆက်နိုင်မည့် ကံကောင်းခြင်းလက်ဆောင်တစ်ခုကို မမျှော်လင့်ဘဲ ရရှိခဲ့သည်။

မမနေမင်း၏ ဆရာသမားတစ်ဦးဖြစ်သော ပါရဂူကြီးက မင်းကို တွေ့ဆုံကာ ဝမ်းသာစရာသတင်းကို ပြောခဲ့သည်။

''သမီးလေးအတွက် ဝမ်းသာစရာသတင်းပဲ၊ သမီးရဲ့ပညာရေး အတွက် လစဉ် ပညာသင်ကြေး ထောက်ပံ့ချင်တဲ့ အလှူရှင်တစ်ယောက် ဆရာ့ဆီ ဆက်သွယ်လာတယ်''

''ရှင် တ တကယ်လား ဆရာ''

''တကယ်ပြောတာ သမီး၊ သမီးမမရဲ့အကြောင်းနဲ့ သမီး အကြောင်းတွေကို ဂျာနယ်တွေက ဖတ်ရှုသိပြီး သမီးပညာရေးအတွက် လိုအပ်ရင် ကူညီပါရစေလို့ ညှိနှိုင်းလာတာ''

မင်း ဝမ်းသာမိသည်မှာ အတိုင်းမရှိပါပဲ။ မင်းအတွက် တတိယ နှစ် ပညာသင်နှစ်မှစတင်ကာ ပညာသင်ထောက်ပံ့ကြေး လှူမည့် အကြောင်းတွေကို ဆရာကြီးက ရှင်းပြသည်။

''သမီး ဆရာဝန်ဘွဲ့ရတဲ့အထိ မပျက်မကွက် ထောက်ပံ့ကူညီ မယ်တဲ့၊ နောက်ထပ်လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါတဲ့လေ''

''သ သမီးရဲ့ ကျေးဇူးရှင်တွေနဲ့ တွေ့ပါရစေ ဆရာ''

''အဲဒီတစ်ချက်တော့ သူတို့က ဆရာ့ကိုတောင်းဆိုတယ်၊ သူတို့





စေတနာဖြူစင်စွာနဲ့ သမီးကို ကူညီတာပါတဲ့၊ ဘယ်သူဘယ်ဝါဆိုတာ သိစေချင်ပါဘူးတဲ့၊ သူတို့ဆန္ဒက သမီး ဆရာဝန်တစ်ယောက်အဖြစ် ဆက်အခဲမရှိ ကျောင်းဆက်တက်စေချင်တာသက်သက်ပါတဲ့၊ လူတွေ သိပြီး ထင်ပေါ်ချင်တဲ့ဆန္ဒမရှိဘူးတဲ့''

မင်း မျက်မှောင်လေးကုပ်ကာ တွေဝေသွားမိသည်။ ကျေးဇူး ရှင်တွေကို မင်း မြင်တွေ့ချင်ပေမယ့် မြင်ခွင့်သိခွင့်မရသည့်အဖြစ်။

''သူတို့က စေတနာ သဒ္ဓါတရားကောင်းတဲ့ လင်မယားနှစ် ယောက်ပဲလို့ ဆရာ ပြောချင်တယ်၊ သူတို့မသိစေချင်တဲ့ကိစ္စကိုတော့ ဆရာ လျှို့ဝှက်ထားပေးရမယ်၊ သမီးနားလည်မှာပါ၊ ဘာပဲဖြစ်ဖြစ် စေတနာရှင်တွေရဲ့စေတနာကို သမီးလက်ခံပြီး သမီး မမလို ထူးချွန်တဲ့ ဆရာဝန်မကြီးဖြစ်အောင် ကြိုးစားစေချင်တယ်ကွယ်''

ဆရာကြီးစကားကို မင်း ဝမ်းသာအားရ လက်ခံခဲ့မိသည်။ မင်းရဲ့ရှေ့ဆက်ရမည့် ပညာရေးက ပူစရာမရှိတော့ပါ။

မမရဲ့မိတ်ဆွေ ဒေါက်တာ မြတ်နှင်းနွယ် ဆေးခန်းမှာလည်း အလုပ်အဖြစ် ထိုင်ခွင့်ရတာမို့ မင်းအတွက် အပိုဝင်ငွေတစ်ခုက အဆင် ပြေသည်။

မင်းအတွက်တော့ မမနေမင်း မရှိတော့ပေမယ့် ကူညီဖေးမ ပေးသူတွေက အသင့်ရှိနေတာ ကံကောင်းခြင်းပါပဲ။

''ညီမလေး လမင်း ပြီးရင် ပြန်ကြရအောင်၊ မမနွယ် လမင်း လေးကို ပြန်ပို့ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မမနွယ်၊ မင်းဘာသာ ပြန်ပို့မယ်၊ လိုင်းကား မရှိရင်တောင် ကြားကားတွေနဲ့ ပြန်လို့ရပါတယ်"

"မဟုတ်တာ အခုပဲ ကိုးနာရီခွဲကျော်နေပြီ ဘာဝေးတာမှတ် မမနွယ်တိုက်ခန်းရှေ့အထိ ပြန်ပို့ပေးမယ် ကဲ တက်"

မမနွယ်ဆေးခန်းက ကိုးနာရီပိတ်သည်ဆိုပေမယ့် ရောက် သောလူနာများလျှင် များသလို အချိန်နောက်ကျတတ်ပါသည်။ သည် နေ့မျိုးဆိုလျှင် မမနွယ်က မင်း၏တိုက်ခန်းရှေ့အထိ ပြန်ပို့ပေးတတ်

အခုလည်း မမနွယ်၏ကားလေးနှင့်ပဲ မင်း ပြန်ခဲ့လိုက်သည်

"လမင်းလေး စာမေးပွဲနီးတဲ့ရက်တွေကျ ဆေးခန်းကို မ တော့နော်၊ စာကိုပဲကြိုးစား လိုတာရှိရင် မမနွယ်ကိုပြော အားမနာ

"အဆင်ပြေပါတယ် မမနွယ်၊ မမနွယ်ကျေးဇူးတွေကို မမေ့ပါဘူးရှင်"

"လမင်းလေးရယ် ကျေးဇူးတွေ မလိုပါဘူး၊ မမနွယ်နဲ့ အစ်မနေမင်းက ကျောင်းမှာကတည်းက အခင်ဆုံးသူငယ်ချင်းတွေ ညီအစ်မရင်းချာလိုနေလာတာ ဒီတော့ လမင်း လိုတာရှိရင်ပြော၊ မ ကူညီပေးဖို့ အသင့်ပဲ"

လမ်းမှာ မမနွယ်က နှစ်သိမ့်စကားတွေ ပြောသည်။ မမနေ မရှိတော့ချိန်ကတည်းက လမင်းရောင်စဉ်ကို အားပေးကူညီပေးကြသူ အများကြီးပါပဲ။

ထို့အတွက်ကြောင့်လည်း မင်းရင်ထဲမှာ နိုင်မာသော သ





တစ်ခု ချထားခဲ့သည်။

ဘယ်လို အခက်အခဲတွေပဲ ရှိပါစေ တစ်နေ့မှာ မင်း ဆရာဝန်မကြီးဖြစ်ရမည်။ မမလိုပဲ ဝေဒနာသည်တွေအပေါ် မေတ္တာ၊ စေတနာ ပြည့်ဝသော ဆရာဝန်မကြီးဖြစ်အောင် ကြိုးစားမည်။

မင်း နေထိုင်သော တိုက်ခန်းလေးက တိတ်ဆိတ်ခြောက်ကပ်စွာ ကြိုနေပါသည်။

တိုက်ခန်းသော့ကို ဖွင့်ကာ ဘယ်သူမှ မရှိသော ဧည့်ခန်းထိုင်ခုံမှာ မင်း နုံးချိစွာ ထိုင်ချလိုက်သည်။

မမနွယ်ရဲ့ ဆေးခန်းမှာ ပင်ပန်းခဲ့တာကြောင့် မဟုတ်ဘဲ စိတ်က ချိနေခြင်းမှာ မမနေမင်းကို သတိရစိတ်တွေကြောင့်ပဲ ဖြစ်၏။

လောကကြီးထဲက မမနွယ် ထွက်ခွာသွားခဲ့တာ တစ်နှစ်နီးပါး ပြည့်မြောက်တော့မည်ဆိုပေမယ့် မင်းရင်ထဲမှာ မမနွယ်လို တစ်နေ့မှ မေ့လို့ မရနိုင်သေးပါ။

မမ မရှိတော့သော တိုက်ခန်းလေးထဲမှာ မမရဲ့အရိပ်အငွေ့ သက်တို့ အစဉ်အမြဲ ရှိနေဆဲဟု မင်းစိတ်က ထင်မှတ်နေဆဲ။

တကယ်ဆိုလျှင် မမနေမင်းရောင်စဉ်သည် ဘဝကို အခက်အခဲများစွာနှင့် ရင်ဆိုင်ရုန်းကန် ကြိုးစားခဲ့ရသူတစ်ယောက် ဖြစ်သည်။

မင်းထက် ဆယ်နှစ်နီးပါးကြီးသော မမနေမင်းသည် ငယ်စဉ်ကတည်းက ပညာရေးမှာ ထူးချွန်ထက်မြက်ခဲ့သည်။

အစိုးရရုံးတစ်ရုံး၏ စာရေးကြီးတစ်ယောက်ဖြစ်သော ဖေဖေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေက ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့်အောင်သော မမနေမင်း၏ ဆန္ဒကို ပြည့်ဝအောင် ငွေကြေးမတတ်နိုင်ခဲ့ပါ။

မြန်မာပြည်တစ်ပြည်လုံးမှာ ပထမဆုရအောင် ထူးချွန်သော မမနေမင်းအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးကြောင့် မမ ဆေး ကျောင်းတက်ခွင့်ရခဲ့သည်။

ဖေဖေ့ရဲ့ဝင်ငွေနှင့် မလောက်ငသော မိသားစုအတွက် မေမေက ဈေးရောင်းကာ ဝင်ငွေပိုအောင် ရှာခဲ့၏။

ဒါပေမဲ့ မမရဲ့ပညာရေးမဆုံးခင်မှာပဲ မေမေ ဆုံးရှာသည်။ ထိုစဉ်တုန်းက မင်း ခုနစ်တန်းကျောင်းသူပဲ ရှိသေးသည်။

"သူများတွေဆို မိဘနှစ်ပါးစလုံးတောင် မရှိတော့တဲ့အထဲက ဘဝကို ရုန်းကန်နေကြရတာ၊ ညီမလေး ဘာမှအားမငယ်နဲ့နော်၊ စာကိုပဲ ကြိုးစား သိလား"

စိတ်ဓာတ်ခိုင်မာသော မမနေမင်းက မင်းကို ခွန်အားတွေ ပေး ဆုံးမခဲ့သည်။

မင်း ကိုးတန်းကျောင်းသူဖြစ်လာသောအခါ မမနေမင်းရောင် စဉ်က ဆရာဝန်ဘွဲ့တစ်ခု ပိုင်ဆိုင်ခဲ့ပြီ။ သမီးကြီး ဆရာဝန်ဖြစ်ပြီမို့ ဖေဖေ စိတ်ချသွားခဲ့သည်လား မဆိုတတ်ပါ။ မေမေ့နောက်သို့ ဖေဖေ လိုက်ပါသွားခဲ့သည်။

တစ်ဦးတည်းသော အားကိုးရာ ဖေဖေ ဆုံးပါးတာမို့ မင်း ဝမ်းပန်းတနည်း ငိုကြွေးတော့လည်း မမနေမင်းကပဲ အားပေးခဲ့၏။





"ဖေဖေက မမတို့ညီအစ်မအပေါ် တာဝန်ကျေခဲ့ပါတယ် ညီမ ...ရယ်၊ မမတို့ကသာ ဖေဖေ့အပေါ် ဘာမှပြုစုကျွေးမွေးခွင့် မရလိုက် ...ပါ၊ ဒီတော့ ညီမလေးကလည်း ဖေဖေဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ကြိုးစားပြလိုက်နော်"

မမနေမင်းလိုပဲ မင်းကိုလည်း ဆရာဝန်ကြီးတစ်ယောက်ဖြစ် ...ချင်ခဲ့တာ ဖေဖေ့ရဲ့ပြင်းပြသောဆန္ဒဖြစ်သည်။

"ညီမလေး ကြိုးစားစမ်းပါကွယ်၊ မမ တာဝန်ယူတယ်၊ မမ ...ခြအနေတုန်းက နိုင်ငံတော်ရဲ့ ပညာသင်ထောက်ပံ့ကြေးနဲ့ ရုန်းကန် ...တာ၊ စာမေးပွဲကို တစ်နှစ်မကျရဲဘူး၊ ပညာသင်ထောက်ပံ့ကြေး ရပ် ...သွားခဲ့ရင် ဆိုတဲ့အသိနဲ့ ကြိုးစားခဲ့တာ၊ နောက်ဆုံးတော့ မမ ...ည်ရွယ်ချက် အောင်မြင်ခဲ့တာပဲလေ၊ ငါ့ညီမလေးမှာ ဒီလို ဖိအားတွေ ...တော့ပါဘူး၊ မမကိုယ်တိုင် ညီမလေးကို ဆရာဝန်ကြီးဖြစ်အောင် ...ာဝန်ယူထောက်ပံ့နိုင်တယ် ဟုတ်လား"

မမနေမင်းရောင်စဉ်ထက်စာလျှင် မင်း ကံကောင်းခဲ့တာတော့ ...နိပဲဖြစ်သည်။

မင်း အထက်တန်းကျောင်းသူ ဘဝမှာ မမက ဆရာဝန်ကြီး ...ခဲ့ပြီမို့ ပူပင်သောကကင်းကင်း ကျောင်းပညာသင်ယူနိုင်ခဲ့သည်။

မမနေမင်းကိုယ်တိုင်ကလည်း အလုပ်တစ်ဖက်နှင့် မင်း ပညာ ...ကို လမ်းညွှန်ပြခဲ့၏။

"ငါ ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပြီး ညီမလေး ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ လိုတယ်၊ မမဘက်က လိုအပ်တာ ထောက်ပံ့ပေးဖို့ အသင့်ပဲ"

အမြဲတမ်း မမနေမင်းသည် မင်းအတွက် ရှေ့ဆောင်လမ်း ကောင်းတစ်ဦး ဖြစ်ခဲ့ပါသည်။

ဆရာဝန်တစ်ယောက်၏ဖြူစင်သော စိတ်ထားကိုလည်း နေမင်းက အမြဲတမ်း ထားရှိတာ မင်း အသိဆုံး။

ငွေကြေးချို့တဲ့သော လူနာတွေကို မမနေမင်းက စေတ မေတ္တာဖြင့် ကုသပေးသည်။ ဆေးဝါးအတွက် အခမဲ့ကူညီပေးတတ်

ဒါပေမဲ့ ညီမလေးအတွက်လည်း မမသည် ခေါင်းထဲမှာ ထ ထားခဲ့တာ သေချာသည်။

မအားလပ်သည့်အချိန်တွေထဲက ဖဲ့ကာ မိတ်ဆွေ ပါရဂူ တစ်ဦးဆေးခန်းမှာ အချိန်ပိုင်း ဝင်ထိုင်ပေးသည်။

ဆရာဝန်ဒေါက်တာ နေမင်းရောင်စဉ်သည် ကိုယ်ပိုင်ကား နိုင်ခဲ့ပေမယ့် ရှစ်လွှာတိုက်ခန်းတွဲကြီး၏ လေးလွှာမှ အခန်းတစ်ခန်း တော့ ပိုင်ဆိုင်နိုင်ခဲ့သည်။

"ဒီတိုက်ခန်းလေးက မမကော ညီမလေးအတွက်ပါ အ ပြောတယ်လေ၊ ညီမလေး ကျောင်းသွားရတာ အဆင်ပြေသလို မမအတွ လည်း ဆေးခန်းနဲ့နီးတယ်"

"မမဆေးခန်းက ပြန်ရတာ အချိန်မတော် လိုင်းကားစီးရ မဟုတ်သေးဘူး၊ ကားတစ်စီးလောက် ဝယ်သင့်တာ"

"အဟင်း ညီမလေးရယ်၊ အရေးကြီးတာ နေဖို့နေစရာတ





သ၊ ကိုယ်ပိုင်ကားမရှိလည်း လိုင်းကားစီးရတာ အညောင်းအညာတောင် ပြေသေးတယ်၊ ဒါပေမဲ့ ညီမလေး ဆရာဝန်ကြီးဖြစ်ရင် မမ ကားတစ်စီး ယ်နိုင်အောင် ကြိုးစားမှာပါ အဟင်း ဟင်း"

မမက ရယ်မော ပြောခဲ့တာ မင်းနားထဲမှာ ကြားယောင်တုန်းပဲ ၏။

မင်း ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနှင့်အောင်မြင်သည်ဆို တော့ မမနေမင်း ဝမ်းသာအားရနှင့် ဖက်ငိုကြွေးခဲ့သေး၏။

"တော်လိုက်တာ ညီမလေးရယ်၊ မမ အရမ်းဝမ်းသာတယ် သိလား"

"မမကမှ တော်တာပါ၊ ဘာသာစုံဂုဏ်ထူးနဲ့ တစ်ပြည်လုံး မရပြီး ထူးထူးချွန်ချွန် အောင်ခဲ့တာလေ"

"ဘာပဲဖြစ်ဖြစ် မမ ညီမလေးလည်း တော်ပါတယ် ဆေးတက္ကသိုလ် က်ခွင့်ရမှာ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ"

မင်း ပထမနှစ် ဆေးကျောင်းတက်ပြီး လပိုင်းအကြာမှာပဲ နေမင်းရောင်စဉ် အင်္ဂလန်ကို ပညာသင်ခွင့်ရခဲ့သည်။

"မမ လန်ဒန်ကို ပညာတော်သင်သွားရမယ် ညီမလေး၊ ဟိုက ဆေးရုံကြီးတစ်ခုမှာ နိုင်ငံပေါင်းစုံက ဆေးပညာရှင်တွေနဲ့ ဆေးသုတေသန ပ်ငန်းတစ်ခု တာဝန်ယူရမယ်၊ ညီမလေး နားလည်အောင်ပြောရရင် သွေးကင်ဆာ ရောဂါနဲ့ပတ်သက်ပြီး မမ သုတေသနပြုရမှာ"

"ဂုဏ်ယူဝမ်းသာစရာကောင်းတဲ့ သတင်းပဲ မမရယ်"



www.burmeseclassic.com

"ဟုတ်တယ် ညီမလေး၊ မမတို့နိုင်ငံမှာတော့ ယူကေးမီး
ခေါ်တဲ့ သွေးကင်ဆာဝေဒနာသည်က အတွေ့နည်းပါတယ်၊ သလက်
မီးယားရောဂါသည်တွေတော့ တွေ့နေရတယ်၊ ဒါကို မမ သုတေသ
ပြုနိုင်ရင် ဆေးလောကအတွက် အကျိုးတစ်ခု ရမှာပါ"

"မမနေမင်းအတွက် မင်း တကယ်ပဲဝမ်းသာဂုဏ်ယူမိ၏။
၏ဂုဏ်ဆောင် ပညာတော်သင်အဖြစ် ပါရဂူဘွဲ့ယူမည့် မမကို
အားကျလေးစားခဲ့သည်။

"မမ စိတ်မချတာ ညီမလေးကိုပဲ၊ ဒါကြောင့် မမနဲ့
ရင်းနှီးတဲ့ နာ့စ် ဒေါ်နန်းမြိုင်ကို အဖော်ထားခဲ့မယ်၊ ညီမလေးကို အ
လို အမေလို သူ စောင့်ရှောက်မှာပါ၊ စာကို ကြိုးစားနော်၊ မမဆီ
ဖုန်းဆက်ဖို့ မမေ့နဲ့"

"ညီမလေးအတွက် စိတ်ချပါ မမရယ်၊ မမ မြန်မာပြည်ပြ
တဲ့အခါ ပျော်ပျော်ရွှင်ရွှင် ပြန်ဆုံကြတာပေါ့"

အင်္ဂလန်မှာ ပညာတော်သင်အဖြစ် ရောက်ရှိနေသည့် နှ
တာ ကာလလုံးလုံး မမနှင့်မင်းတို့ နှစ်ပတ်တစ်ကြိမ်လောက် ဆယ်
ဖြစ်ကြ၏။

"အတွေ့အကြုံတွေကတော့ အများကြီး ရခဲ့တယ် ညီမလေး
မမတို့ သုတေသနပြုနေတဲ့ ဆေးသုတေသနလုပ်ငန်းကြီးလည်း
မြင်လိမ့်မယ်လို့ ယုံကြည်တယ်၊ ညီမလေးကော နေကောင်းလား။
ပြေရဲ့လား၊ ငွေလိုရင် ဘဏ်က ယူသုံးနော်"





မမက မင်းအတွက် စိုးရိမ်စွာမှာသည်။ မမသည် မင်းရဲ့
ညာရေးအတွက် အဝေးရောက်နေတာတောင် ဂရုစိုက်တတ်သူဖြစ်သည်။
င်း ပညာရေးအတွက် ဘဏ်မှာ ငွေအပ်နှံထားသည်။

အမြဲတမ်းလည်း ဂရုတစိုက် မေးတတ်သူဖြစ်သည်။

"ညီမလေးအတွက် အားလုံးအဆင်ပြေပါတယ် မမရယ်၊ မမပဲ
န်းမာရေးကို ဂရုစိုက်နော်"

ဘယ်လောက်ပဲ ဝေးဝေး နွေးထွေးနေခဲ့ကြသော မင်းနှင့်မမ
မှ နိုင်မြဲမှု သံယောဇဉ်များက ကြီးမားခဲ့ကြသည်။

မမနေမင်း မြန်မာပြည် ပြန်ရောက်လာတော့ မင်းလည်း ဝမ်း
ကြည်နူးစွာ လေဆိပ်မှာ သွားကြိုဖြစ်၏။

နှစ်နှစ်ခန့် ဝေးကွာနေသော မမနှင့်မင်းတို့ညီအစ်မနှစ်ဦးအ
ကြည်နူးပျော်စရာနေ့ရက်တွေ ကုန်ဆုံးလိုပြီဟု မထင်ခဲ့မိပါ။

ကြမ္မာဆိုးကြီးက မမကို မင်းအနားက ရက်စက်အကျည်းတန်
ခွဲခွာသွားခဲ့ပါသည်။

မမလိုလူတစ်ယောက်ကို သေခြင်းတရားက ခေါ်ယူသွားခဲ့ပုံက
လွန်း၏။

"တကယ်ဆို အဲဒီကားဒရိုင်ဘာက လမ်းမကို မဆင်မခြင်
လာတဲ့ လူတစ်ယောက်ကို တိုက်မိမှာမို့ ရှောင်ရင်း ပလက်ဖောင်း
ဒေါက်တာကို ဝင်တိုက်မိတာ"

မမအဖြစ်က ကံဆိုးလွန်းပါသည်။ လမ်းမပေါ် မဆင်မခြင်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကူးလာသူ၏ ပယောဂကြောင့် ကံဆိုးခဲ့ရခြင်းတဲ့။

ထိုပယောဂမကောင်းသည့်သူက သျှင်ခေတ်သစ်ဟု သိလိုက်ရ ချိန်မှာ မင်း ရင်ထဲမှာ ဒေါသတွေ ဆူဝေသွားခဲ့သည်။

တစ်ကြိမ်တစ်ခါမှ မမြင်ဘူးပေမယ့် ဒီနာမည်ကို ကြားဖူး သည်။ ပြီးတော့ ဒီယောကျ်ားရဲ့အကြောင်းတွေကို မင်း ကောင်းကောင်း သိထားခဲ့သည်။

သူငယ်ချင်းဇင်မာနှင့်ပတ်သက်ဖူးသော ယောကျ်ား။ တန်ဖိုး မရှိသော ယောကျ်ားတစ်ယောက်။

ဇင်မာ ပြောပြကတည်းက မင်း ရွံရှာခဲ့ရသော ယောကျ်ားမှ သိလိုက်ရချိန်မှာ သျှင်ခေတ်သစ်ကို မုန်းတီးမှုတွေက ရင်ထဲမှာ ဆူ လာ၏။ ဇင်မာအပေါ်မှာ ရိုင်းစိုင်းယုတ်မာခဲ့သလို ပြည့်စုံချမ်းသာ ဂုဏ်အရှိန်အဝါတွေနှင့် မိန်းကလေးများစွာကိုလည်း ယုတ်မာခဲ့သူ ဖြစ်မှာပါ။

ဒီလိုလူတစ်ယောက်ကြောင့် မမအသက်ကို ပေးဆပ်စေ လိုက်ရခြင်းဟာ မဖြစ်သင့်သောအရာ။

မင်းကိုတွေ့ချင်သည်တဲ့။ အရေးပေါ်အခန်းထဲမှာ အသက် နေရသော မမနေမင်းကို ကူညီချင်သည်တဲ့။

ဟင့်အင်း ဒီလိုယောကျ်ားကို မင်း မမြင်ချင်။ မတွေ့ချင် တန်ဖိုးမရှိတဲ့ယောကျ်ားတစ်ယောက်ဆီက အကူအညီတွေလည်း မလို ပါ။





မင်း ခါးသီးစွာ ငြင်းပယ်ခဲ့၏။ အမုန်းတို့သည် ထုထည်ကြီးမား ရင်မှာ ဖြစ်တည်ခဲ့၏။

မပတ်သက်လိုသော သူနှင့်မှ ကံကြမ္မာက ဆုံတွေ့ပြီး မင်းရဲ့ တွေကို သူ့ခန္ဓာကိုယ်ထဲ ထည့်သွင်းပေးစေခဲ့ပြန်သည်။

မင်း ရင်ထဲမှာ ပိုလို့ ခါးသီးခဲ့ရခြင်းပါပဲ။ ဒါပေမဲ့ မင်း ခံစား ချက်ခါးခါးတွေကို မမနေမင်း၏ဖြူစင်သော စေတနာစိတ်လေးနှင့် ဖိ သတ်ချိုးနှိမ်ခဲ့၏။

မမနေမင်း ဆေးရုံမှာ မဆုံးခင်လေး မိနစ်ပိုင်းမျှ သတိရလာ စဉ်က မင်းကို မှာခဲ့သည်။

"မမကို ဝင်တိုက်မိတဲ့ ကားသမားကို ခွင့်လွှတ်ပေးလိုက်ပါ ညီမလေး၊ မမကြောင့် သူ ဒုက္ခမရောက်စေချင်ဘူး"

သေလုမျောပါး ဝေဒနာကြားက မမရဲ့မေတ္တာတရားက မမြင် လိုက်သော ကားဒရိုင်ဘာကို ပွားများစာနာနိုင်ခဲ့သေး၏။

ကံကြမ္မာဆိုးကို သယ်ဆောင်လာသူမှာ သျှင်ခေတ်သစ် ဆိုသော လူတစ်ယောက် ဖြစ်နေခဲ့လျှင်ကော မမနေမင်းကတော့ ခွင့်လွှတ်ပေး နိုင်ဦးမှာ သေချာ၏။

မင်း ရင်ထဲမှာတော့ သျှင်ခေတ်သစ် ဆိုသော ယောကျ်ားကို ဘဝအဆက်ဆက် မဆုံတွေ့ မပတ်သက်ချင်ပါ။

ဒါ အပြင်းပြဆုံး ဆန္ဒတစ်ခုဆိုတာ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တကယ်ဆို သူ့ကို မျက်နှာချင်းဆိုင် မြင်ရုံနှင့် လမင်းရောင်စဉ် မမှတ်မိနိုင်တာ သူ သိပါသည်။ ဒါပေမဲ့ သျှင်ခေတ်သစ် ဆိုသော ယောက်ျားကို သိနေသူတွေ ရှိနေတာမို့ သူ ကားထဲမှာပဲ တိတ်တခိုး ချောင်းမြောင်းကြည့်ရသည်။

သူ့ကို ခါးသီးရွံမုန်းသော သူ့အသက်ကို ကယ်တင်သွေးလှူ ခဲ့သော လမင်းရောင်စဉ်ရဲ့မျက်နှာလေးကို သူ သိပ်မြင်တွေ့ချင်သည်။

ထိုမျက်နှာလေးကို မြင်ချင်စိတ်ကြောင့် ကျောင်းဝင်းရှေ့မှာ သူ စောင့်ကြည့်မိသည်။ နေ့စဉ်တော့ မလာရဲပါ။ သူ့ရဲ့ကားကို လမင်း ရောင်စဉ် ရိပ်မိသွားမှာစိုး၍ ဖြစ်၏။

တစ်ပတ်နှစ်ရက်လောက်တော့ သူ ပုံမှန်ရောက်သည်။





တည်ငြိမ် အေးချမ်းသော လမင်းရောင်စဉ်၏မျက်နှာလေးကို ျိန်မှာ သူ့စိတ်တွေ ကြည်နူးသည်။ ခန္ဓာကိုယ်မှာ လည်ပတ်နေ ာ သွေးတို့ ရှိန်းမြစွာ ခံစားရစမြဲ။

သူ့ခန္ဓာကိုယ်ထဲမှာ လမင်းရောင်စဉ်ရဲ့သွေးတို့ ရှိနေတာ ဘယ် ့မှ မေ့လို့မရပါ။

သူ စောင့်ကြည့်နေတာကို မသိရှာသော လမင်းရောင်စဉ်က အပြုံးနွေးနွေးလေးတွေနှင့် အပြစ်ကင်းစင်စွာ လှုပလွန်းနေခဲ့

စိမ်းဖန့်ဖန့် မျက်ခုံးလေးတွေ၊ မျက်တောင်ကော့ကြီးတွေနှင့် က်ရွှန်းလဲ့သော မျက်ဝန်းတွေထဲမှာ နူးညံ့သိမ်မွေ့ခြင်းတို့ပဲ အစဉ် ာတ်သည်။

ဒေါက်တာ နေမင်းရောင်စဉ်၏ညီမလေးသည် အစ်မဖြစ်သူလိုပဲ ့နူးညံ့မှာ သေချာသည်။ သျှင်ခေတ်သစ်ဆိုသော သူ့လိုကောင် ယာက်က လွဲလျှင်ပေါ့။

နှာတံစင်းစင်းလေးအောက်က ပန်းဆီရောင်နှုတ်ခမ်းဖူးဖူးလေး လည်း မြတ်နိုးနှစ်သက်ဖွယ် အထိပါပဲ။

ထိုနှုတ်ခမ်းလေး၏ ချိုမြိန်ခြင်းတွေက သူနှင့်ပတ်သက်လာလျှင် အံ့သြစရာကောင်းလောက်အောင် ခါးသီးသွားမှာ သေချာ၏။

ဘယ်လို ရှေးရေစက်ကြောင့် လမင်းရောင်စဉ်ရဲ့အမုန်းတွေကို ်ယောက်တည်း ပိုင်ဆိုင်ခံစားနေခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်မြတ်နိုးစရာ မျက်နှာလေးကို သူ့မှာပါလာသေ
ကင်မရာလေးနှင့် မှတ်တမ်းတင်ထားမိစမြဲ။

ဒီနေ့တော့ လမင်းရောင်စဉ်ရဲ့ပုံရိပ်လေးကို ကျောင်းခေါ်
နီးလုအထိ သူ မမြင်တွေ့ရသေးပါ။ ရင်ထဲမှာ စိုးရိမ်သွားမိတာ အ
သူ နေမကောင်းတာကြောင့်လား။

ပညာရေးကို ဂရုစိုက်တတ်သော လမင်းရောင်စဉ် ဘယ်
ကမှ ကျောင်းမပျက်တတ်တာ သေချာ၏။

ထိုအချိန်မှာပဲ ခဲနုစ်ရောင် ပရာဒိုကားလေးကို သူ မြင်လို
သည်။ ဖင်မာသွင်ရဲ့ကားလေးဟု ချက်ချင်းပဲ မှတ်မိ၏။

ဒက်ချ်ဘုတ်ပေါ်က နေကာမျက်မှန်ကို ကောက်ယူတပ်
သူ ကားတံခါးဖွင့်ဆင်းခဲ့လိုက်သည်။

ဖင်မာသွင်က သူ လှမ်းတားတော့ ကားကိုရပ်ပေးသည်
တော့ ကားပြတင်းတံခါးမှ ခေါင်းလေးပြူကြည့်ရင်း

"ဘာကိစ္စရှိလို့လဲ၊ ရှင် ဘယ်သူလဲ"

မျက်မှန်နက်ကြီးကြောင့် ဖင်မာ သူ့ကို ရုတ်တရက် မမှတ်
ဖြစ်မည်။ သူ မျက်မှန်ကို ချွတ်လိုက်တော့ ဖင်မာသွင် မျက်ခုံးလေ
ပင့်တက်အံ့သြသွားခဲ့၏။

"ရှင် ရှင် ဘာလာလုပ်တာလဲ"

"တို့ ဖင်မာကို မေးချင်တာလေးရှိလို့ပါ"

"ဟင့်အင်း ရှင်နဲ့ကျွန်မကြားမှာ ဘာမှပတ်သက်စရာမ





ယတိပြတ်နိုင်လှသော ဖင်မာ စကားတွေထဲမှာ သူ့ကိုနာကျည်း
တွေ အရိပ်ထင်နေဆဲ။ တကယ်ဆို ဖင်မာသွင်အပေါ်မှာ သူ ရိုင်းစိုင်း
င်းမာခဲ့တာ အမှန်ပဲဖြစ်၏။

"တို့ တောင်းပန်ပါတယ် ဖင်မာ"

"ဟင့်အင်း ဘာမှကို တောင်းပန်စရာမလိုတော့တာ"

"ဟို လမင်းရောင်စဉ်ကို တို့ တောင်းပန်ချင်လို့"

"ဘာရယ်"

ဖင်မာသွယ် အသံက အလန့်တကြား ရေရွတ်သံ။ မျက်နက်
လေးတွေ ဝိုင်းစက်လျက် သူ့ကို ချောက်ချောက်ချားချား ကြည့်ရင်း

"ရှင် ရှင် အမင်းကို ဘာဒုက္ခပေးမလို့လဲ သျှင်ခေတ်သစ်"

ဖင်မာစကားက သူ့ရင်ကို ထိရှစေသည်။ သူ့အပေါ်မှာ ဖင်မာ
န်းတီးမှုတွေကလည်း မပြယ်ဘဲရှိနေတာ သေချာ၏။

"ရှင် ဘာမှဒုက္ခမပေးပါနဲ့ ရှင့်ကိုမြင်ရင် အမင်း ဘယ်လောက်
းရမလဲဆိုတာ ရှင်သိရဲ့လား"

"တို့ တောင်းပန်ချင်တယ် ဖင်မာ၊ တို့ကို သွေးလှူခဲ့တဲ့ လမင်း
ာင်စဉ်ကိုလည်း ကျေးဇူးတင်စကား ပြောချင်လို့ပါ"

"မလိုဘူး ဘာမှမလိုအပ်ဘူး၊ သူ့သွေးတွေ ရှင့်ခန္ဓာကိုယ်ထဲ
လိုက်ရတာအတွက် အမင်း ကြည်နူးဝမ်းသာနေမယ် ရှင် ထင်နေ
ား သျှင်ခေတ်သစ်"

လမင်းရောင်စဉ်ရဲ့ မုန်းတီးမှုတွေက သူ့အပေါ် ထိုမျှလော



www.burmeseclassic.com

www.burmeseclassic.com



အထိ ခါးသီးနေခဲ့သည်လား။ မျှော်လင့်ထားပြီးဖြစ်ပေမယ့် ရင်ထဲမှာတော နင့်ခနဲ ခံစားရစေသည်။

"ဆရာဝန်လောင်းတစ်ယောက်ရဲ့ အသိတရားနဲ့ အမင်း ရှင် စေတနာ မပျက်ခဲ့ပေမယ့် ကံကြမ္မာရဲ့တိုက်ဆိုင်မှုကြီးအတွက်တော့ ခါးခါးသီးသီး ခံစားခဲ့ရတယ်၊ ရှင့်ပယောဂကြောင့် သူ့အစ်မ ဒေါက်တာ နေမင်းရောင်စဥ် အသက်ကို ပေးခဲ့ရတယ်၊ ရှင့်အတွက်ကျတော့ သွေးကို ပေးလှူခဲ့ရတယ်၊ ဒါနဲ့တောင် ရှင် အမင်းကို ဘာဒုက္ခ ထပ်ပေးချင်လို့လဲ သျှင်ခေတ်သစ်"

"မဟုတ်ဘူး ဖင်မာ တို့ တို့ အနူးအညွတ်တောင်းပန်ချင်တာ ပါ၊ ဒေါက်တာ နေမင်းရောင်စဥ်အတွက်လည်း တို့ တကယ်ခံစား နည်းခဲ့ရတာပါ၊ လမင်းရောင်စဥ်ကိုလည်း တို့ သိပ်ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ"

သူ့စကားကို ဖင်မာ နှုတ်ခမ်းလေးမဲ့ကျကာ မချိုပြုံး ပြုံးသည် ရင်ထဲက စကားတွေအတွက် ယုံကြည်မှုတစ်ခုတောင် ဘယ်သူမှ မ နိုင်ပြီလား။

"ရှင့်ကျေးဇူးတင်စကားတွေ ရှင် ပြန်ယူသွားလိုက်ပါ သျှင် ခေတ်သစ်၊ ကျွန်မ တစ်ခုတောင်းပန်ပါရစေ၊ လမင်းရောင်စဥ်ရဲ့တည် နေတဲ့ဘဝလေးကို ရှင် ဒုက္ခတွေ ထပ်မပေးပါနဲ့တော့၊ ရှင့်ကိုမြင်တွေ့ တာနဲ့ အမင်းရဲ့ရည်ရွယ်ချက်တွေ ပျက်စီးသွားမှာ သေချာတယ်"

"ဟင်"





"ဟုတ်တယ် အမင်းက ရှင်နဲ့အဝေးဆုံးမှာရှင်သန်ချင်တာ၊ ရှင်သာ ဒီလို ကျောင်းအထိ ရောက်လာတယ်ဆိုတာ သိခဲ့ရင် ဆရာဝန် တစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ သူ့ရည်ရွယ်ချက်ကြီးကို သူ စွန့်ပစ်လိုက် မှာ သေချာတယ်"

"အဲဒီလောက်အထိတောင်ပဲလား ဖင်မာရယ်"

"သျှင်ခေတ်သစ်ဆိုတဲ့ယောကျ်ားဟာ အမင်းတို့ညီအစ်မအ တွက်တော့ ငြိုးဟ်ဆိုးတစ်ကောင်အဖြစ် ကံကြမ္မာက ပို့လွှတ်လိုက်တာလို့ သူ ပြောခဲ့ဖူးတယ်"

လမင်းရောင်စဥ်ဆိုတဲ့ မိန်းကလေးရဲ့အမုန်းတွေက ဒီလောက် အထိ တောက်လောင်နေခဲ့သည်လား။

သူ့ရှေ့က ဝူးခနဲ မောင်းထွက်သွားသော ဖင်မာရဲ့ကားနောက် မှာ သူ ကျောက်ရုပ်ကြီးလို ကျန်ရစ်ခဲ့သည်။

လမင်းရောင်စဥ်ရဲ့သွေးစက်တိုင်းကသာ အမုန်းမီးပွင့်တွေ ဖြစ် ခဲ့လျှင် သူ့ခန္ဓာကိုယ်တစ်ခုလုံး လောင်ကျွမ်းသွားမည် ထင်ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သျှင်လေး ဘာဖြစ်နေတာလဲဟင်၊ မနက်ကလည်း ထ... မစားဘူး၊ တစ်နေ့လုံးလည်း မျက်နှာမကောင်းဘူး"

သူ့အရိပ်ကို အကဲခတ်ကြည့်နေသော အန်တီမြတ်မွန် ... လာတော့ သူ့ရင်ထဲမှာ ပိုလို့ ဝမ်းနည်းလာရ၏။

မနက်က ဇင်မာသွင် ပြောလိုက်သော စကားကြောင့် နား... ထဲမှာ ယခုထက်တိုင် ကြားယောင်နေဆဲ။

"သျှင်လေး ဆေးတွေကော မှန်မှန်သောက်ရဲ့လားဟင်၊ အန်... ကို ပြောစမ်းပါ၊ ဘာပြဿနာတွေ ရှိနေလို့လဲ"

သူ့ကို အမြဲတမ်း ဂရုစိုက်နေသော အန်တီမြတ်မွန် စေတ... တွေကို သူ ဥပေက္ခာမပြုရက်တော့ပါ။





တကာယ်ဆို အန်တီမြတ်မွန်ကိုမပြောဘဲ ဆယ်တန်းစာမေးပွဲ ...ကို သူအောင်မြင်အောင်ဖြေဆိုနိုင်ဖို့ ကြိုတ်ကြိုးစားခဲ့၏။ ဒါပေမဲ့ သူ့ရောဂါ ...ဝေဒနာကို လျစ်လျူရှုသလိုဖြစ်ခဲ့ရကာ သူ ဆေးရုံရောက်ခဲ့ရ၏။

လမင်းရောင်စဥ်ရဲ့သွေးတွေ သွင်းခဲ့ရ၏။ သလက်ဆီးမီးယား ...သော ရောဂါကြီး သူ့မှာရှိနေမှန်း သိခဲ့ရသည်။ ထိုဝေဒနာဆိုးကြီးထက် ...သူ ကြောက်လန့်ခံစားရတာ လမင်းရောင်စဥ်ရဲ့ အမုန်းတွေဖြစ်၏။

"သျှင်လေး အန်တီ့ကို တိုင်ပင်ပါနော်"

ရှိုက်သံလေးနှင့် အန်တီမြတ်မွန် ဆိုနေတော့ သူလည်း ဝမ်း...ည်းမျက်ရည်တွေ ဝဲလာခဲ့ရကာ

"ကျွန်တော် ဒီနေ့ လမင်းရောင်စဥ်တို့ကျောင်းကို ရောက်ခဲ့...တယ် အန်တီမြတ်မွန်"

"ဟင်"

စိုးရိမ်ရိပ်တွေ အန်တီမြတ်မွန် မျက်နှာမှာ ချက်ချင်းအရိပ်ထင် ...သွားခဲ့၏။

"ဟုတ်တယ် အန်တီ၊ ကျွန်တော် လမင်းရောင်စဥ်ကို တောင်း...န်ချင်တယ်၊ ကျေးဇူးစကားတွေ ပြောခွင့်ရချင်တယ်၊ ကျွန်တော် သေရ...မှာ မကြောက်ပေမယ့် သူ့ကိုမတောင်းပန်လိုက်ရဘဲ မသေချင်သေးဘူး"

"သားရယ်"

"ကျွန်တော် သူနဲ့မဆုံခဲ့ရဘူး။ ဒါပေမဲ့ သူ ကျွန်တော့်ကို အရမ်း ...မုန်းတီးနေတာ သိခဲ့ရတယ်၊ ခါးခါးသီးသီး မုန်းနေခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူ့အသံတွေ တိမ်ဝင်သွားချိန်မှာ အန်တီမြတ်မွ ကတော့ မျက်ရည်တွေ စီးကျနေခဲ့ပြီ။

"သျှင်လေး သားကိုယ်စား အန်တီ သူ့ကိုတောင်းပန်ပေး မယ်နော်"

"ဟင့်အင်း အန်တီမြတ်မွန် တောင်းပန်လည်း သူ့အမုန်းတွေ ပြေမှာမဟုတ်ပါဘူး၊ ကျွန်တော့်ကြောင့် သူ့ရဲ့အပြင်းပြဆုံး ရည်ရွယ်ချ ကြီးကိုပါ စွန့်လွှတ်သွားမှာတဲ့၊ ဆရာဝန်တစ်ယောက်ဘဝကိုတောင် ကျောခိုင်းသွားနိုင်တယ်တဲ့"

အန်တီမြတ်မွန် ဘာစကားမှ မနှစ်သိမ့်နိုင်ဘဲ နှုတ်ဆိတ်သွ ခဲ့သည်။ သူကိုယ်တိုင်လည်း တိတ်ဆိတ်ခြင်းဖြင့် ငြိမ်သက်နေဆဲ။

"သားရယ်"

အန်တီမြတ်မွန် လက်ဖဝါးတစ်ဖက်က သူ့ပခုံးကို ယုယကြင စွာ ဆုပ်ကိုင်နှစ်သိမ့်လာ၏။

"သူ့အတွက် သားဘက်က အကောင်းဆုံး ပံ့ပိုးကူညီပေးထာ တာပဲ သားရယ်၊ သား ဖြေသိမ့်လိုက်ပါ၊ အခုချိန်မှာ သူ သွေးပူနေဆဲ သားကိုမုန်းနေတာပါ၊ တစ်ချိန်မှာ သားကိုနားလည်လာမှာပါကွယ်"

အန်တီမြတ်မွန်သည် သူ့အတွက် တကယ့်ကို အားပေးနှစ်သိ နိုင်စွမ်းသော မိခင်တစ်ယောက်ပါပဲ။

"အခုချိန်မှာ သားကျန်းမာရေးကို ဂရုစိုက်ပါနော်၊ သားတစ်ခု ဖြစ်သွားရင် အန်တီ ရင်ကျိုးရမှာ"





မျက်ရည်စတွေနှင့် အန်တီမြတ်မွန် မျက်ဝန်းတွေကို သူငေး ...ကြည့်မိ၏။ သူ့ဘဝမှာ မေမေ့ရဲ့မေတ္တာ၊ ယုယမှုတွေ ကင်းဝေးခဲ့၏။ အန်တီမြတ်မွန်ရဲ့ ယုယမှုတွေကိုတော့ သူ အမြဲပိုင်ဆိုင်ခွင့်ရခဲ့၏။

ဒါပေမဲ့ သူ အစဉ်အမြဲ ဥပေက္ခာပြုခဲ့၏။

အခုတော့ အန်တီမြတ်မွန်၏မေတ္တာတရားတွေကို သူ ခံစား ...တတ်ခဲ့ပြီ။ တကယ့်ကို ရင်ထဲက သူ ခံစားတတ်ခဲ့ပါပြီ။

"အန်တီရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် အန်တီ့ အပေါ် အမြဲ ဆိုးမိုက်ခဲ့တယ်၊ ရိုင်းစိုင်းခဲ့ပါတယ်၊ အန်တီ အဖြူဆို အမည်း၊ အမြဲတမ်း လုပ်ခဲ့တာတွေအပေါ် အန်တီ အပြစ်မယူခဲ့ဘူး"

"သားရယ် သား၏ကို အန်တီ သားလိုချစ်ခဲ့တာပါ၊ အန်တီ့ဘဝ ...မှာ သားလေးတစ်ယောက် ပိုင်ဆိုင်ခဲ့ရပေမယ့် နှစ်နှစ်သားမှာပဲ ဆုံးပါး သွားခဲ့တယ်၊ ဒါကြောင့် သားကိုမြင်တော့ အန်တီ့သားလေး အစားရသလို ခံစားခဲ့ရတာပါကွယ်"

"အန်တီရယ် ကျွန်တော့်အတွက် အန်တီဟာ မိခင်တစ်ဦးပါပဲ၊ ဒါကို ကျွန်တော် အကြွင်းမဲ့လက်ခံပါပြီ"

"ဝမ်းသာလိုက်တာ သားရယ်၊ အန်တီ ဝမ်းသာလိုက်တာကွယ်"

သူ့ခေါင်းက ဆံနွယ်တွေကို ပွတ်သပ်ပေးရင်း အန်တီမြတ်မွန် ဝမ်းသာမျက်ရည်တွေ စီးကျလို့နေနေဆဲ။

အန်တီမြတ်မွန်ရဲ့ကြီးမားသော မေတ္တာတွေကို သူ ဥပေက္ခာပြု ခဲ့ခြင်းအတွက် ဒဏ်သင့်ခံနေခဲ့ရခြင်းတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တောင်းပန်ပါတယ် လမင်းရောင်စဉ်။

မင်းရဲ့အမုန်းတွေနဲ့ ကိုယ် လောကကြီးထဲက ထွက်ခွာမသွားပါရစေနဲ့။

ကိုယ့်ကို ခွင့်လွှတ်နားလည်ပေးပါ လမင်းရောင်စဉ်။ မင်းရဲ့ သွေးတွေနဲ့ နွေးထွေးစွာလည်ပတ် ရှင်သန်ရင်းနဲ့ ကိုယ့်ကို လောကကြီး ထဲက ထွက်ခွာခွင့်ပြုပါ။

လောကကြီးထဲမှာ ကိုယ် ရှင်သန်အသက်ရှင်နေချိန်မှာ မျှော် လင့်ချက်တစ်ခုပဲ ရှိနေတယ်။ အဲဒါက မင်းရဲ့ခွင့်လွှတ်မှုတစ်ခုပါပဲ။

■ ■ ■



## အခန်း (၁၉)

"ဘာရယ် ဖင်မာ နင် ဘာပြောလိုက်တာ"

လမင်းရောင်စဉ် မျက်နှာလေး မာကြောခက်ထန်သွားခဲ့တာ ကြည့်ရင်း ဖင်မာတောင် တွန့်ခနဲ ဖြစ်သွားမိ၏။ ပြီးမှ ဖင်မာ ပေါ့ပေါ့ ပါးပါးလေး ပြုံးလိုက်ရင်း

"ငါ ငါသဘောပြောတာပါဟာ၊ သျှင်ခေတ်သစ်က သူ့အမှား တွေအတွက် နင့်ကိုလာတောင်းပန်ရင် နင် လက်ခံနိုင်မလားလို့"

"အဲဒီလူနာမည်ကို ဘယ်တော့မှ မပြောဖို့ ငါ အနူးအညွတ် တောင်းပန်ပါတယ် ဖင်မာ၊ သူ့နာမည်ကြားရင် ငါ့ရင်ထဲမှာ ပူလောင် သွားလို့ပါ"

လမင်းရောင်စဉ် မျက်နှာလေး ချက်ချင်းပဲ ဒေါသစိတ်တွေနှင့် တောက်လာတာ မြင်တွေ့နေရတော့ ဖင်မာ ပင့်သက်လေး ချိုးရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မနေ့က ကျောင်းကို လမ်းလျှောက်၍ ရောက်မလာတာမို့ သျှင်ခေတ်သစ်နှင့် မတွေ့လိုက်ရခြင်းဖြစ်သည်။ သျှင်ခေတ်သစ် ရောက်လာတာကိုသာ ဖင်မာ အမှန်အတိုင်း ပြောလိုက်လျှင် လမင်း ဘယ်လောက်အထိတောင် ပေါက်ကွဲမည်မသိပါ။

"အဲဒီနာမည် ကြားလိုက်တာနဲ့ ငါ့ရင်ထဲက ခံစားချက်တွေ အသစ်ပြန်ခံစားရတယ် ဖင်မာ၊ ဒီဘဝတင်မကဘူး၊ ဘဝဆက်တိုင်းအထိ သူ့ကိုငါ ရွံမုန်းတယ် သိလား"

လမင်းအသံလေးတွေ မာထန်လျက် ဒေါသလှိုင်းလေးတွေ ရိုက်ခတ်နေခဲ့တာ အထင်အရှား တွေ့နေရ၏။

သျှင်ခေတ်သစ်အပေါ် မုန်းတီးနေသော အမုန်းတွေက ဘယ်တော့မှ မပြေနိုင်မှာ ဖင်မာ နားလည်လိုက်ပါသည်။

"ဆောရီး အမင်းရယ် ငါက ဘာရယ်မဟုတ်ဘူး၊ နင့်ကိုပြောလိုက်မိတာပါဟာ၊ နင် ဒေါသတွေ ထွက်အောင် လုပ်မိသလိုဖြစ်သွားရင် ငါ တောင်းပန်ပါတယ်"

"သူ့နာမည်ကြားတာနဲ့ ငါ နာကျင်လွန်းလို့ပါ ဖင်မာ၊ ကဲပါဟာ ဒီတန်ဖိုးမရှိတဲ့လူအကြောင်း မေ့ထားလိုက်စမ်းပါ"

ဖင်မာ ခေါင်းလေးညိတ်ကာ နှုတ်ဆိတ်နေလိုက်ပါသည်။ တကယ်ဆိုလျှင် သျှင်ခေတ်သစ် ဆိုသော ယောကျ်ားကို ဘယ်လိုရေစက်ကြောင့် ကံကြမ္မာက အမင်းတို့ညီအစ်မနှင့် လာပတ်သက်စေခဲ့တာလဲ မသိပါ။





အမင်းတို့ညီအစ်မနှင့်သာမကဘဲ ဖင်မာနှင့်လည်း ပတ်သက်ဆက်နွယ်ခဲ့ဖူးတာက တိုက်ဆိုင်လွန်းသည်။

အခုချိန်မှာ ဖင်မာအတွက် သျှင်ခေတ်သစ်နှင့်ပတ်သက်သော အမှန်သမျှက တည်ငြိမ်နေခဲ့ပြီဆိုပေမယ့်လည်း အတိတ်ကို ပြန်တွေးမိလျှင် ခံရခက်ခက်တော့ ဖြစ်ရပါသည်။

တစ်ခါတုန်းက သျှင်ခေတ်သစ်ဆိုသော ယောကျ်ားသည် ဖင်မာ့ ဘဝသားမှာ ထိရှခဲ့ဖူးပါသည်။

ဆယ်တန်းစာမေးပွဲ ဖြေပြီးချိန် နွေကျောင်းပိတ်ရက်တွေမှာ ကျူရှင်တာသင်တန်းတစ်ခု တက်ဖြစ်ခဲ့ခြင်းက အစပြုခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"အမင်းရယ် နင်ပါ ငါနဲ့အတူ လိုက်တက်ပါလားဟယ်၊ ငါ
နင်နဲ့အဖော်ရပြီလို့ တွေးထားတာ"

"ငါ တက်လို့မရဘူး ဇင်မာရဲ့၊ ကျောင်းပိတ်ရက်တွေမှာ
အတူ ဆေးရုံကို လိုက်လှေလာမလို့လေ"

"ဘာလဲ နင်က ဆေးအမှတ်မီပြီး ဆေးကျောင်းကိုနိုးသေ
တက်နိုင်ပြီလို့ ထင်နေပြီပေါ့"

"အင်းလေ ငါ့ကိုယ်ငါတော့ ယုံကြည်ထားတယ်၊ ဆေးအ
မှာပါ၊ နင်လည်း မှန်းထားတာပဲမဟုတ်လား"

"အင်း မျှော်တော့ မျှော်လင့်ထားတာပဲလေ၊ သေချာ မ
တာတော့ အောင်စာရင်းထွက်မှ သိမှာပဲ"





"ငါတို့နှစ်ယောက်အတူ ဆေးကျောင်းတက်ခွင့်ရချင်တယ် ဇင်
ယ်၊ အခုလည်း နင်နဲ့အတူ သင်တန်းလိုက်တက်ချင်ပေမယ့် ငါ့မှာ
အစဉ်ရှိနေလို့ပါဟယ်၊ ပြီးတော့ ကျောင်းပိတ်ရက်လေးမှာ မမ
သာအောင် အိမ်မှုကိစ္စတချို့ ငါတာဝန်ယူပေးချင်လို့ပါဟာ"

လမင်း တစ်ယောက် သင်တန်းအတူလိုက်မတက်ဖြစ်တာမို့
ာ တစ်ယောက်တည်း သင်တန်းတက်ခဲ့ရသည်။

လှည်းတန်းမှာတက်ရသော သင်တန်းကို မာမီတို့က ဒရိုင်ဘာ
ကို ကြိုပို့စီစဉ်ခိုင်းတာမို့ အဆင်ပြေပါသည်။

သုံးလသင်တန်းမှာ လမင်းပါမလာတာမို့ ဇင်မာတစ်ယောက်
ည်း အုကြောင်ကြောင်လေး ဖြစ်ခဲ့ရတာတော့ အမှန်။ ဇင်မာ နဂိုစိတ်
ည်း တစ်ယောက်တည်း အေးဆေးနေတတ်တာမို့ သင်တန်းအစ
ရက်တွေမှာ သူငယ်ချင်းမိတ်ဆွေ မရှိခဲ့။

သင်တန်းတက်သည့် တစ်ပတ်လောက်မှာပဲ သျှင်ခေတ်သစ်
သော ယောကျ်ားနှင့် ဇင်မာ ဆုံတွေ့ခဲ့ရတာ ဖြစ်၏။

ထိုနေ့က ဇင်မာသင်တန်းကို ရောက်ခဲ့တာ အချိန်စောနေသေး
မို့ သင်တန်းခန်းမထဲ မဝင်ဖြစ်သေးဘဲ အပြင်ဘက် ပလက်ဖောင်း
လေးမှာ ရပ်နေခဲ့မိတာ ဖြစ်သည်။

ဘာရယ်မဟုတ် မျက်ဝန်းတွေက ဟိုဟိုသည်သည် ကြည့်ရင်း
ဘ်ဂနီရောင်ဆံပင်တွေနှင့် ကိုလူချောလေးကို တွေ့ခဲ့ရတာဖြစ်သည်။

CYGNUS နက်ပြာရောင်ကားကြီး၏ ပြတင်းတံခါးမှာ လက်

www.burmeseclassic.com



တစ်ဖက်အပြင်ထုတ်ကာ တံခါးဖုံးကို တခေါက်ခေါက်ခေါက်နေသော

လက်ချောင်းလေးတွေကို ဖင်မာ အရင်ဆုံး သတိထားမိသည်။

သွယ်လျသော လက်ချောင်းလေးတွေမှာ လက်သည်းဖြူဖြူ

လေးတွေက ရှင်းသန့်လွန်းသည်။

တိတိပပ ညှပ်ထားသော လက်သည်းခွံလေးတွေက ပန်း

ရောင်သမ်းလျက် ကြည့်ကောင်းလွန်း၏။ ယောကျာ်းတစ်ယောက်မှာ

ရှလောက်လှပလွန်းသော လက်ချောင်းလေးတွေရှိတာ အံ့သြစရာကောင်း

သည်။

ဖင်မာ ဘယ်လောက်ကြာကြာ ငေးကြည့်နေမိသည် မသိလိုက်

ပါ။ ကားတံခါးအဖုံးကို တခေါက်ခေါက်ခေါက်နေသော လက်ချောင်းလေး

တွေတုံ့ခနဲ ရပ်သွားခဲ့သည်။ ပြီးတော့ လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်း

ကို ထောင်ပြသည်။

ဖင်မာ မျက်နှာလေး ရဲခနဲဖြစ်သွားကာ သူ့မျက်နှာကို မော့

ကြည့်လိုက်မိ၏။

စောစောက ဘေးတိုက်မြင်လိုက်သော မျက်နှာလေးက ဖင်မာ

ကို လှမ်းကြည့်နေတာမို့ တည့်တည့်မတ်မတ်လေး မြင်လိုက်ရပါသည်။

ဆံပင်တွေကို ဂျယ်လိမ်းကာ မညီမညာလေး ထောင်လျက်

နဖူးလေးပေါ်မှာလည်း ကပိုကရိုလေးဖြစ်အောင် တောင့်တောင့်လေး

ဆွဲချထားသည်။

ဝင်းမွတ်ကြည်လင်သော မျက်နှာလေးမှာ မျက်ခုံးလေးတွေ





ထူပိန်းနေတာမဟုတ်ဘဲ ပြေပြေတင်းတင်းလေး စိမ်းဖန့်နေသည်။

ကြည့်လှဲ့သော မျက်ဝန်းတွေက ဖင်မာကို စူးစူးစိုက်စိုက်လေး

ကြည့်နေပုံက ညှို့ဓာတ်အပြည့်နှင့်ပါပဲ။

ကျစ်လျစ်ပေါ်လွင်သော နှာတံ၊ စိုလဲ့နီမြန်းသော နှုတ်ခမ်းပြည့်

ပြည့်တွေက ပြုံးယဲ့ယဲ့လေး ရှိနေသည်။

ထိုနှုတ်ခမ်းတွေ လှုပ်ခနဲ ပြုံးလိုက်တော့ ညီညာသွယ်တန်းသော

သွားဖြူဖြူလေးတွေ လက်ခနဲ ပေါ်လာသည်။

သတိလက်လွတ်ဖြစ်သွားမိသည့် ကိုယ့်အဖြစ်ကို ရှက်ရွံ့ရင်ခုန်

ရင်း ဖင်မာ ကပျာကသီ မျက်နှာပြန်လွှဲလိုက်မိ၏။ ဒါပေမဲ့ ကိုလှချောရဲ့

ပုံက အာရုံထဲမှာ ဖျောက်ဖျက်မရအောင် စွဲထင်ကျန်ရစ်ခဲ့၏။

အထက်တန်းကျောင်းသူဘဝအထိ ပညာရေးမှာပဲ အာရုံစူးနစ်

သော ဖင်မာ၏ဖြူစင်သော နှလုံးသားမှာ သူ့ပုံရိပ်လေးက စွဲငြိသွားခဲ့တာ

ဖြစ်ပါသည်။

ထိုနေ့တစ်နေ့လုံး ဖင်မာ အာရုံတွေ သင်တန်းစာတွေထဲမှာ

မရှိခဲ့ဘဲ သင်တန်းအပြင်ဘက်ကိုပဲ လွင့်ပြန့်နေခဲ့၏။

သင်တန်းဖြုတ်တော့ သူ ရှိဦးမလား မျှော်လင့်တကြီး ရှာဖွေ

ကြည့်ပေမယ့် သူ မရှိတော့ပါ။ သူ့ရဲ့ကားကြီးနေရာမှာ တိုယိုတာ ကား

တစ်စီး ရပ်ထားသည်။

နောက်တစ်နေ့မနက်မှာ ဒရိုင်ဘာကြီးကို အိမ်က အချိန်စော

စော ထမင်းထွက်ခဲ့နိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံးလည်း သူနှင့်ပြန်ဆုံပါရစေဟု စိတ်ထဲက ကြိတ်ဆုတောင်းမိတာ အမောဖြစ်သည်။

သင်တန်းရှေ့ပလက်ဖောင်းမှာ မြင်လိုက်ရသော သူ့ရဲ့နက်ပြာရောင်ကားကြီးကို မြင်လိုက်ရချိန်မှာ ရင်ထဲက လှိုက်ခနဲ ကြည်နူးစိတ်နှင့် ဝမ်းသာသွားမိ၏။

"ရပြီ ဦးမိုး၊ သင်တန်းလွှတ်ချိန် ပုံမှန်လာကြိုနော်"

ဒရိုင်ဘာကြီး ဦးမိုး ပြန်သွားသည်နှင့် ဖင်မာ မျက်ဝန်းလေးတွေက နက်ပြာရောင်ကားကြီးဆီ ရောက်သွားမိ၏။

ပြတင်းတံခါးမှန်ချပ်က ပွင့်နေပေမယ့် ဖင်မာ တွေ့လိုသောကိုလူချောလေးရဲ့ အရိပ်က ပျောက်ဆုံးနေခဲ့သည်။ ဘာကြောင့်မှန်းမသိ ရင်ထဲမှာ အလိုလို ဝမ်းနည်းသွားခဲ့သည်။

မနေ့က ဒီကားကြီးပေါ်မှာ သူ ရှိနေခဲ့တာ သေချာသည်။ သူ ဘယ်ကိုဆင်းသွားတာလဲ။ ဘေးဘီဝဲယာကို ဖင်မာ ခေါင်းလေးချာလည်ကာ ရှာဖွေကြည့်မိသည်။

ဘယ်မှာမှ မတွေ့သော အရိပ်လေးကို ဖင်မာ မျှော်ရင်း ရင်မောနေသည်။

"သင်တန်းမတက်ခင်လေး ပြန်ရောက်လာခဲ့ပါ"

နှုတ်က တိုးတိုးလေး ဆုတောင်းရင်း ဖင်မာ မျက်ဝန်းလေးတွေလည်း ရှာလည်နေခဲ့သည့်အဖြစ်။

"အဟမ်း"





အနောက်ဘက်ကကပ်ပြီး ကြားလိုက်ရသော ချောင်းဟန့်သံတစ်ချက်ကြောင့် ဖင်မာ အလန့်တကြားလေး လှည့်ကြည့်မိတော့

"အို ဘုရားရေ"

မျက်ဝန်းလေးတွေ ဝိုင်းစက် ရင်ဘတ်ကလေး အထိတ်တလန့်ဖိကာ ဖင်မာ ရေရွတ်မိ၏။ သူကတော့ အပြုံးရိပ်သမ်းနေသော နှုတ်ခမ်းတွေနှင့် ဖင်မာအနောက်မှာ မတ်မတ်ကြီး ရပ်လို့။

"မင်း တို့ကို ရှာနေတာလား"

"ဟုတ် အဲ မဟုတ်ပါဘူး"

"လိမ်ညာတာ မှသာဝါဒကံထိုက်တယ်နော်"

သူ ပြုံးပြုံးလေးပြောတော့ ဖင်မာ ရှက်မျက်နှာလေး ရဲရဲနီကာ ထူပူနေခဲ့သည်။

သူ ရိပ်မိလောက်အောင် ဖင်မာ အပြုအမူတွေက လွန်ကျူးသွားခဲ့သည့်အဖြစ်။ ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲ၊ သူ့မျက်နှာချောချောကိုလည်း ရင်ဆိုင်မကြည့်ရဲတော့ပါ။

ရှေ့မှာပိတ်ရပ်နေသော သူ့ကိုကျော်ဖြတ်ကာ သင်တန်းခန်းရှိရာကိုသွားဖို့ ဖင်မာ ပြင်တော့ သူက ဖင်မာလက်ကို လှမ်းဆွဲ၏။

"နေပါဦး"

"အို"

ဖင်မာ တအံ့တဩ ငေးကြည့်ခဲ့ဖူးသော လှပသည့်လက်ချောင်းလေးတွေ၏ နူးညံ့နွေးထွေးသော အထိအတွေ့က ရှိန်းမြသောရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခံစားရစေသည်။

"မင်းနာမည်လေးတော့ သိခွင့်ပေးခဲ့ပါကွာ"

"အို ဟို ဖင်မာ သွားပါရစေတော့"

ရှက်စိတ်နှင့် တုန်တုန်ယင်ယင်လေး ဖင်မာတောင်းပန်တော

သူ သဘောကျသလို ဟက်ခနဲ ရယ်သည်။

"ဖင်မာ တဲ့လား၊ ကျေးဇူးတင်တယ်၊ မနက်ဖြ

ဆုံကြမယ်နော်"

ဖင်မာ ခေါင်းညိတ်မိလား၊ ခေါင်းခါမိလားတောင် မသိပ

သင်တန်းခန်းမဆီ ထူထူပူပူနှင့် ဘယ်လိုရောက်ခဲ့သည် မသိလိုက်ပ

ရင်ခုန်သံတွေက ရင်ဘတ်ထဲမှာ ပြောင်းဆန်နေသည်။ သွက်

လက်ရဲတင်းသော သူ့အပြုအမူကြောင့် ဖင်မာ ရင်တွေတုန်ခဲ့ရ၏။

အချစ်ဆိုတာ ဘာလဲ ဖင်မာမသိပေမယ့် သူ့မျက်နှာချောချေ

ကို အာရုံထဲက မြင်ယောင်မိတိုင်း ရင်တွေ တလှပ်လှပ်တုန်ကာ ကြည်နူ

စိတ်နှင့် သာယာမိ၏။

ရှင့်ကို ကျွန်မ ချစ်မိနေပြီလား ကိုလူချောရယ်၊

■ ■ ■





နောက်နေ့တွေမှာ သူ့ရဲ့နက်ပြာရောင် ကားကြီးက ပလက်

ာင်းနံ့ဘေးမှာ အမြဲရှိနေတတ်သည်။

ဖင်မာကို လာပို့သော ဦးမိုး ကားပြန်ထွက်သွားသည်နှင့် သူ

င်မာဆီ တန်းတန်းမတ်မတ် လျှောက်လာကာ အပြုံးချိုချိုတွေနှင့်

ာ်ဆက်စကားတွေ ပြောတတ်၏။

"အချိန်ရသေးတယ် မဟုတ်လား၊ ဒီအုတ်ခုံလေးမှာ အတူထိုင်

အောင်နော်"

တိုက်ခန်းရှေ့က အုတ်ခုံလေးမှာ အတူထိုင်ဖြစ်သည်။ သူနှင့်

နီးကပ်ကပ် ထိုင်ရင်း သူ့စကားသံချိုချိုလေးတွေကို နားထောင်ရတာ

င်မာအတွက် ကြည်နူးစရာအချိန်လေးတွေ ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ယူလာသော ချောကလက်တောင့်လေးကို တစ်ပိုင်း

ကာ အတူထိုင်စားရသော အရသာကလည်း ချိုမြိန်စရာကောင်းခဲ့သ

"ဖင်မာ ကွန်ပျူတာသင်တန်းလာတက်တာပေါ့ ဟုတ်လ

"ဟုတ်တယ် သျှင်ခေတ်သစ်ကကောဟင်"

"ဟား နားထဲမှာ တောင့်တောင့်ကြီးကွာ၊ တို့နာမည်ကို ဒီ

ပြေပြစ်အောင်ခေါ်လို့ မရတော့ဘူးလား"

"ဟင် ဘယ်လိုခေါ်ရမှာလဲ နာမည်ခေါ်တာပဲလေ"

"နာမည်ခေါ်ရခက်နေရင် တခြားနာမ်စားနဲ့ခေါ် ဥပမာ

ဒါမှမဟုတ်ရင် ကို"

"အို"

ဖင်မာ မျက်နှာလေး ရဲရဲနီကာ ခေါင်းလေးငုံ့သွားတော့

လက်ဖဝါးလေးကို ဖျတ်ခနဲ အုပ်မိုးဆုပ်ကိုင်ထားသည်။

သူ့စကားတွေက ရဲတင်းသလို သူ အပြုအမူတွေကလည်

တင်းလွန်းသည်။ ဒါပေမဲ့ ဖင်မာအတွက်တော့ သူ ပြောသမျှ ပြု

သည့် ရင်ခုန်စရာကောင်းနေခဲ့တာတော့ အသေအချာ။

"တို့က ဒီနေရာလေးမှာ ချစ်သူသင်တန်း လာတက်မ

"ဘာရယ်"

"ဟုတ်တယ် ဖင်မာသွင်ဆိုတဲ့ ကောင်မလေးနဲ့အတူ ရင်

တွေ ရှာဖွေကြည့်ချင်လို့"

"အို"





"ဟော့ ခဏ ခဏ ခေါင်းကြီးငုံ့မပစ်နဲ့နော်၊ အသည်းယားလာရင် ဖက်နမ်းပစ်မိမှာ သိလား"

သူ့စကားကြောင့် ဖင်မာ ရင်လေးတုန်သွားခဲ့သည်။ ပြောလို့ရတာမဟုတ်ပါ။ သျှင်ခေတ်သစ် ဆိုသောသူက ပလက်ဖောင်းကလူတွေကိုတောင် ဂရုစိုက်ချင်မှ စိုက်မည့်ပုံရှိသည်။

"မနက်ဖြန်ကျရင် အိမ်ကကားကို လာမကြိုခိုင်းနဲ့ကွာ၊ တစ်ဆိုင်ဆိုင်မှာ ခဏလောက်ထိုင်ချင်လို့"

"ဟင် ဘယ်ဖြစ်မှာလဲ ဒယ်ဒီတို့ မာမီတို့သိရင် ခက်ကုန်မှာပေါ့၊ တစ်ယောက်တည်း စိတ်မချလို့တောင် အကြိုအပို့ စီစဉ်ပေးထားတာလေ"

"ဒီလိုလား ပြဿနာမရှိဘူး၊ ဒရိုင်ဘာကြီး လာမကြိုနိုင်အောင် စီစဉ်လိုက်မယ်"

သူ တမင်နောက်ပြောင်ပြီး ပြောတာဟု ထင်မိပေမယ့် နောက်တစ်နေ့ သင်တန်းလွှတ်ချိန်မှာ အမြဲကြိုရောက်နေတတ်သော အိမ်ကကားကို ဖင်မာ မတွေ့ရပါ။

သင်တန်းခန်းမထဲက ထွက်လာသော ဖင်မာကို ခပ်ပြုံးပြုံး စိုက်ကြည့်နေသော သျှင်ခေတ်သစ်ကိုပဲ တွေ့၏။

"အိုကေတယ်နော်"

"ဘာကိုလဲ ဒီမှာ ဦးမိုးရောက်မလာလို့"

"ဘာလဲ ဒရိုင်ဘာကြီးကို ပြောနေတာလား၊ မျှော်မနေနဲ့တော့ အခုလောက်ဆို ဆေးခန်းတစ်ခုခုမှာ ချာလည်လည်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်လို"

"မစိုးရိမ်ပါနဲ့ကွာ၊ သူ့ကားနဲ့တို့ဘော်ဘော်တစ်ယောက်ကို ဝင်တိုက်မိသွားတာ"

"ဘုရားရေ အ အခု ဆေးရုံမှာလား"

"နိုး အဲဒါက တို့ဖန်တီးလိုက်တဲ့ ဖာတ်လမ်းပါ၊ ဒရိုင်ဘာကြီး လာမကြိုနိုင်အောင် စီမံလိုက်တာ၊ တကယ်တိုက်မိတာ မဟုတ်ပေမယ့် ဆေးခန်းတစ်ခုပို့နိုင်းပြီး တစ်နာရီလောက် အချိန်ဆွဲထားပေးဖို့ တို့ဘော်ဘော်ကို မှာထားတယ်"

"ဟင်"

ဇင်မာ တကယ်ပဲ မယုံနိုင်အောင် မင်သက်နေမိသည်။ ဒရိုင်ဘာ ဦးမိုးအတွက်လည်း စိတ်ပူမိသည်။

"ဘာမှ ပြဿနာမဖြစ်ပါဘူးကွာ၊ ကဲ လာ ဇင်ကို တို့လိုက်ပို့ပေးမယ်"

"ဟို ဟို"

ဇင်မာ ဘာမှမငြင်းလိုက်နိုင်ဘဲ သူ ဆွဲခေါ်ရာနောက်ကို ပါခဲ့ရတော့၏။ တကယ်ဆို သျှင်ခေတ်သစ်ဆိုသော ယောကျ်ားက ဇင်မာ ထင်ထားသည်ထက်တောင် မာယာဉာဏ်တွေ ပြည့်နှက်နေသူဖြစ်ခဲ့၏။

"တို့ ဇင့်ကို တစ်ခုခုကျွေးချင်တယ်၊ ပြီးရင် ဇင့်အိမ်နားအထိ ပြန်ပို့ပေးမယ်၊ အိမ်ကမေးရင် တက္ကစီနဲ့ ပြန်လာတယ်လို့ ပြောလိုက်ပေါ့ကွာ ဟုတ်လား"





ဇင် ပုတ်သင်ညိုလေးလို သူစေခိုင်းသမျှ ခေါင်းလေးညိတ်ခဲ့သည်။ တစ်ကြိမ်တစ်ခါမှ ဒယ်ဒီ မာမီတို့ကို မလိမ်ညာတတ်ခဲ့သော ဇင်မာ လိမ်ညာတတ်ခဲ့တာလည်း သူ့ကြောင့်ပါပဲ။

သင်တန်းဖျက်ကာ သူနှင့်လည်ပတ်ရသော အချိန်တွေကိုလည်း ဇင်မာ ရင်တထိတ်ထိတ်နှင့် သာယာကြည်နူးတတ်ခဲ့၏။

သူ ပြောပြသော သူ့အကြောင်းတွေကို နားထောင်ရင်း သူ့ဘဝလေးကိုလည်း စာနာသနားခဲ့မိသည်။

"ကိုယ့်မှာ မိဘတွေ မရှိကြတော့ဘူး၊ မိထွေးက ကိုယ့်အမွေတွေကို သိမ်းပိုက်ထားတာ၊ ဒါကြောင့် ကိုယ်နဲ့လုံးဝ ဆန့်ကျင်ဘက်ပဲ၊ နှစ် ဇင်လိုပဲ ကိုယ် ဆယ်တန်းဖြေထားတယ်၊ အောင်စာရင်းစောင့်စရာ မလိုဘူး၊ ကျမှာသေချာတယ် အဟွန်း"

သျှင်ခေတ်သစ် ဆိုသော သူ့ဘဝလေးကို ဇင်မာ ကရုဏာစိတ်လေးဖြင့် နားလည်ပေးမိခဲ့သည်။

ရည်းစားတွေအများကြီးထားခဲ့သည်ဆိုသော သူ့အကြောင်းတွေ ပြောပြတော့ ဇင်မာ ရင်လေးထိတ်မိပြန်၏။

"ခေတ် ဇင်ကိုလည်း အဲဒီ ရည်းစားတွေလို အလွယ်တကူ မေ့ပစ်လိုက်မှာလားဟင်"

"မပြောတတ်သေးဘူး"

"ဟင်"

"အဟွန်း နောက်တာပါကွာ၊ အခုချိန်မှာ ဇင်က ကိုယ့်ဘေးနား

www.burmeseclassic.com



မှာ ရှိနေတာပဲ၊ စိတ်ညစ်စရာတွေ မပြောကြေးကွာ၊ ကိုယ်က စိတ်ည
တာတွေ မမြင်မကြားချင်တဲ့ကောင်"

သူ ပြုံးပြုံးသွားမှာကို ဖင် ကြောက်သည်။ သူ့မျက်နှာတစ်
ပျက်မှာကိုလည်း ကြောက်သည်။ သူက တွေ့ချင်သည်ဆိုလျှင် မာမီတို့
လိမ်ညာကာ လှည့်ပတ်ဖို့လည်း ဖင်မာ ရဲဝံ့ခဲ့သည်။

မချစ်ဖူးသော ဖင်မာအတွက် သူနှင့်ဆုံမိပြီးချိန်မှာတော့ ဖြူ
ရိုးသားသောစိတ်ဓာတ်ကလေးသည်လည်း ညှိုညစ်ခဲ့ရတာ အမှန်။

■ ■ ■

"ဘာရယ် နင့်မှာချစ်သူရှိနေပြီ ဟုတ်လား ဖင်မာ"

"ဟုတ်တယ် အမင်း၊ သူ့နာမည်က သျှင်ခေတ်သစ် တဲ့"

လမင်း တအံ့တသြနှင့် မယုံကြည်သလို ကြည့်နေခဲ့သည်။
နှစ်ပျိုတာသင်တန်းတက်သည့် သုံးလတာလေးမှာ ဖင်မာ ချစ်သူတစ်
ယောက် ရသွားခြင်းအတွက် မယုံနိုင်ဖြစ်နေဟန်ရှိ၏။

"ဖင်မာ နင် တကယ်ပြောနေတာလား"

"နင်ကလည်း ငါက နင့်ကိုညာစရာလား"

"ဖင်မာရယ် ငါ တကယ်အံ့သြတယ်၊ ငါတို့မှာ ရည်းရွယ်ချက်
တွေ အများကြီးရှိတယ်၊ အခု ငါတို့အသက်အရွယ်က ပညာရေးကို
ဦးစားပေးရမယ့်အရွယ်၊ နင် ရည်းစားထားလိုက်တော့ ငါတော့ သဘော
တူချင်ဘူး"

"အမင်းရယ် ငါ မရည်ရွယ်ပါဘူး။ ဒါပေမဲ့ ငါ သူ့ကို တကယ်
ချစ်သွားတာ အမှန်ပဲ"

ဇင်မာ ဝန်ခံမိတော့ လမင်း ပင့်သက်လေးရှိုက်ကာ နှုတ်ဆိတ်
သွားခဲ့တာ အတန်ကြာသည်။ ပြီးမှ

"ဇင်မာ အဲဒီဘယ်သူ အဲ သျှင်ခေတ်သစ် ဆိုတာ ဘယ်ကလဲ
သူ့မိဘတွေက ဘယ်သူတွေလဲ၊ ပြီးတော့ သူက ပညာအရည်အချင်း
ဘယ်လောက်လဲ"

အမင်း သိချင်တာတွေကို မေးလာတော့ ဇင်မာလည်း သိထား
သမျှကို ပြောပြမိ၏။ ဇင်မာ စကားတွေ ဆုံးသည်အထိ အမင်း မျက်
မှောင်လေးကုပ် နားထောင်နေပေမယ့် အလိုကျ ကျေနပ်ပုံတစ်စက်လေး
မှမပြ။

"ဒါဆို သူက မိထွေးနဲ့နေတာပေါ့"

"ဟုတ်တယ် သူ့အဖေထားခဲ့တဲ့ အမွေတွေကို သူ့အသက်
နှစ်ဆယ့်ငါးနှစ်အထိ သူ့မိထွေးက ထိန်းသိမ်းစောင့်ရှောက်ပေးရမှာတဲ့
သူကတော့ အဲဒီကိစ္စအတွက် လုံးဝမကျေနပ်ဘူးလေ"

"ဘာကိုမကျေနပ်တာလဲ၊ မိထွေးဆိုတဲ့ အသိနဲ့ မုန်းနေတာလား"

"အင်း အဲဒီလို ပြောရမယ်ထင်တယ်၊ ဒါကြောင့် သူက အမြ
တမ်း မိထွေးနဲ့ ဆန့်ကျင်ဘက်လုပ်ပြတာတဲ့"

"ဇင်မာရယ် နင့်လူကို ငါတော့ သိပ်သဘောမကျဘူး။ ပြီးတော့
နင်ပြောသလိုဆို ဆယ်တန်းလည်း အောင်မယ်မထင်ဘူး"





"သူ့မိထွေးဖြစ်ချင်တဲ့ဆန္ဒကို သူက ဘယ်တော့မှ မဖြစ်အောင်
သ်နေတာတဲ့၊ ခေတ်ကို ငါ တစ်ခါတစ်ခါ နားလည်ရခက်တယ်"

"မခက်ခဲပါဘူး။ ဒါ ယောကျ်ားတစ်ယောက် လုပ်သင့်တဲ့အလုပ်
မဟုတ်တာ၊ ကိုယ့်ဘဝနစ်မွန်းခံပြီး လုပ်ရမှာလား၊ ငါတော့ ဘယ်လိုမှ
က်မခံဘူး"

အမင်းကတော့ ခေတ်နှင့်ပတ်သက်ပြီး ပွင့်လင်းစွာပဲ ဝေဖန်
သလို ဇင်မာကိုလည်း သတိပေးခဲ့သည်။

"ဇင်မာ နင် သူနဲ့ချစ်သူဖြစ်နေတာကို ငါ မဝေဖန်ချင်ပါဘူး၊
ပေမဲ့ ဒါက ဘဝအတွက် အရေးမပါဘူး။ နင့်ရင်ထဲမှာ အလေးအနက်
း မထားစေချင်ဘူးဟာ"

အမင်း စေတနာကို ဇင်မာ လက်ခံပါသည်။ ဒါပေမဲ့ ခေတ်
ည် ဇင်မာအတွက် အချစ်ဦး။ ခေတ်ကို အလွယ်တကူ မေ့ပစ်လိုက်
ဆိုသည်က ဘယ်လိုမှ မဖြစ်နိုင်ပါ။

သေချာသည်က အမင်းပြောသလို ခေတ်သည် ဇင်မာတို့နှင့်
ယ်လိုမှ မတူညီသော စိတ်နှင့်ရှင်သန်နေသူပဲဖြစ်၏။

ဆယ်တန်းအောင်စာရင်းတွေထွက်တော့ အမင်းနှင့်ဇင်မာ
ထူး ငါးဘာသာနှင့်အောင်ခဲ့ကြသည်။ ခေတ်ကတော့ ကျရှုံးသည်။

"ခေတ်ရယ် ဇင် တကယ် စိတ်မကောင်းဘူး"

"အရေးမကြီးပါဘူး၊ မအောင်ဘူးဆိုတာ ကိုယ်သိသားပဲ၊ ဒါ
ကြောင့် အောင်စာရင်းတောင် သွားမကြည့်ဘူး၊ ဟိုမိထွေးက သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်ရည်စမ်းစမ်းလုပ်ပြနေလို့ ထွက်လာခဲ့တာ၊ ဖင်လည်း ပုလဲ
ပြမနေနဲ့၊ အာရုံနောက်တယ်''

စာမေးပွဲကျတာကို အလေးထား ဝမ်းနည်းပုံမရဘဲ သူ့ကိုယ်စား
ခံစားမိသူတွေကိုတောင် အပြစ်မြင်နေသော ခေတ်ကို ဖင်မာ ဘယ်ရှု
နားလည်ရမည်မသိတော့ပါ။

''ခေတ်ရယ် ခေတ်ပါ အောင်တော့ ဖင် ဝမ်းသာတာပေါ့
နှစ်ယောက်အတူတူ တက္ကသိုလ်တက်ကြရမှာလေ၊ ဒါဆို အရမ်းပျော်စရာ
ကောင်းမှာ''

''ဖင့်လို ဆရာဝန်တစ်ယောက်ဖြစ်ဖို့လား၊ ဆောရီး တို့စိတ်မဝင်
စားဘူး၊ ဘာလုပ်မှာလဲ ပါဝါမျက်မှန်ကြီးတပ်ရလောက်အောင် စာကျက်
ဖို့လည်း ဝါသနာမပါဘူး၊ လူနာတစ်ယောက်ကို ပြုစုယုယဖို့ဆိုတာ ဝေး
ရောပဲ''

''ဆရာဝန်တစ်ယောက် အလုပ်က ကုသိုလ်ရတဲ့အလုပ်ပါ ခေတ်
ရယ်''

ဖင်စကားကို လှောင်သလို ခေတ် ပခုံးတစ်ချက် တွန့်ပြီးရင်း
''အဲဒီကုသိုလ်တွေ ဖင့်ဘာသာ ယူပေါ့၊ ကိုယ့်အတွက် ဘာမှ
မလိုအပ်တာ ဘာလဲ နေပါဦး ဖင်က ငါးဘာသာဂုဏ်ထူးနဲ့အောင်ပြီး
ဆေးကျောင်းသူကြီးဖြစ်တော့မှာမို့ ဘဝင်မြင့်သွားတာလား''

''အို မဟုတ်တာ ဖင်မှာ ဒီလိုစိတ်မရှိပါဘူး''

''အိုကေ ရှိလည်း တို့က ဂရုမစိုက်ဘူးနော်''





စကားပြောလျှင် အမြဲတမ်း အထက်စီးက တစ်ဖက်သားကို
ဖိနှိပ်မည့်သူ ပြောတတ်သော ခေတ်ကို ဖင် အပြစ်မမြင်ရဲခဲ့ပါ။ ခေတ်
ပြောသောစကားတွေကိုသာ အမင်း ကြားလျှင် ဖင့်ကိုယ်စား ခံရခက်ခက်
ဖြစ်မှာ သေချာသည်။

ဘာပဲဖြစ်ဖြစ် ခေတ်ကိုမှ ငြိတွယ်နေမိသော ဖင့်အတွက်တော့
ခေတ် အရိပ်ကို ကြည့်လိုက်လျှောနေမိတော့လည်း . . . ။

www.burmeseclassic.com

www.burmeseclassic.com

သူချိန်းဆိုလျှင် ဘယ်လိုအကြောင်းပြချက်နှင့်မှ ပျက်ခွင့်မ
တတ်သော ခေတ်ကြောင့်ပဲ ဖင်တို့နှစ်ယောက် အကြောင်းတွေကို မ
တို့ လျင်မြန်စွာ သိသွားခဲ့ကြခြင်းဖြစ်သည်။

တွေ့မယ့်တွေ့တော့ ဖင်တို့နှစ်ယောက် လက်ချင်းချိတ် လျှေ
နေကြတုန်း ထိပ်တိုက်တိုးမိခြင်း ဖြစ်၏။

အနားမှာ ထိုးရပ်လာသော ကားကို မြင်လိုက်ကတည်း
ဖင်မာ မျက်ဝန်းလေးတွေ ပြူးကာ ထိတ်လန့်သွားမိ၏။ မာမိ ကား
ဖွင့် ဆင်းရင်း မယုံနိုင်သော မျက်ဝန်းတွေနှင့်ကြည့်၏။

"သမီးလေး ကြည့်စမ်း လမင်းတို့အိမ်ကိုသွားမယ်ဆိုတာ
လား။ လိမ်တတ်ညာတတ်နေတဲ့ သမီးကို မာမိ အံ့သြလွန်းလို့"





"ဟို ဟိုလေ မာမိ သမီး ဟို"

"သမီးအပေါ် မာမိတို့ အကြွင်းမဲ့ ယုံကြည်ပေးခဲ့တာကို အခွင့်အရေးယူလိုက်တာလား သမီး၊ သမီးလေးသတင်းတွေကို နားနဲ့ကြားခဲ့သမယ့် မာမိ မယုံခဲ့ဘူး၊ အခုတော့ မျက်မြင်ထင်ရှားပါလားဟင်"

မာမိ ရင်ထုမနာဆိုနေတာကို ခေတ် မျက်မှောင်ကြီးကုပ်ကာ ဆတ်ဆတ် ကြည့်နေတော့ ဖင် တစ်ခုခုကို စိုးရိမ်နေမိ၏။

မာမိအကြည့်တွေက ခေတ်ဆီမှာ စူးစူးနစ်နစ် ကျရောက်သွားမှာ အခြေအနေကို ဖင်မာ ဘယ်လိုမှ မထိန်းသိမ်းလိုက်နိုင်တော့ပါ။

"ဘာကွိုင်တွေလဲ ဖင်မာ၊ ဒါ မင်း မာမိလား"

"ဟုတ် ဟုတ်တယ် ခေတ်"

"နေဦး သမီး သူက ဘယ်သူလဲ၊ သူ့မိဘတွေ ဘယ်သူလဲဆိုတာ မာမိ သိချင်တယ်"

မာမိ မေးလာတော့ ဖင်မာ ချက်ချင်းမဖြေဖြစ်ပါ။ ဒါကိုပဲ ခေတ်က စိတ်မရှည်နိုင်သလို ဝင်ပြော၏။

"ဖင်မာက ကျွန်တော့်အကြောင်း ပြောမပြထားရင် ကျွန်တော် ပြောပြမယ် အန်တီ၊ ကျွန်တော့်နာမည် သျှင်ခေတ်သစ်၊ မိဘဆွေမျိုးတွေ မရှိတော့ဘူး၊ မတည်မြဲအတူနေရတဲ့ မိထွေးတစ်ယောက်ပဲ ရှိတယ်"

ခေတ်အဖြေတွေက မာမိကျေနပ်စရာ တစ်ကွက်မှမရှိတာ သေချာနေ၏။ ဒါကိုလည်း ခေတ်သိမှာ သေချာပါသည်။ လူတစ်ယောက်ကို မခံချင်အောင် ပြောတတ် ခနဲ့တတ်သော ခေတ်အကြောင်းသိနေသော



www.burmeseclassic.com

www.burmeseclassic.com



ဖင်မာအခြေအနေကို ဝင်ထိန်းဖို့ ကြိုးစားမိတော့

"ခေတ် နေပါဦး ဖင် ရှင်းပြ"

"မင်း ဘာမှ ဝင်မပြောနဲ့ ဖင်၊ မင်းမာမီသိချင်နေတဲ့ အကြော တွေ ကိုယ်ရှင်းပြပေးမယ်၊ ဒီမှာ အန်တီ သျှင်ခေတ်သစ် ဆိုတဲ့ကောင် အန်တီ သဘောကျနိုင်တဲ့ အရည်အချင်းတွေ ရှိချင်မှရှိမယ်၊ ပညာရေ ဆယ်တန်းတောင် မအောင်ဘူး၊ ဘယ်အရာကိုမှလည်း အလေးအန မထားတတ်တဲ့ကောင် မဟုတ်ဘူး၊ နောက်တစ်ချက်က ယောက်မ စ တိုင်းကျအောင် နေတတ်တဲ့ သမက်မဟုတ်တာ သေချာတယ်"

မာမီ မျက်နှာရဲရဲနီသွားတာ ကြည့်ရင်း ဖင်မာလည်း မျက် မျက်နှာပျက်လို့ နေခဲ့သည်။ သျှင်ခေတ်သစ်ကတော့ ဘာကိုမှ ဂရုမစိုက် သလို မထီတရီ ပြုံးနေ၏။

"သမီး ဖင်မာ"

"ရှင် မာမီ"

မာမီမျက်နှာမှာ ဒေါသတွေကို ချုပ်ထိန်းထားရတာ အထင် ရှား။ ခေတ် စကားတွေက မာမီရဲ့ဒေါသတွေကို ဆွပေးသည့်ဆိုခြင်းထက် တမင်ရိုင်းပြစွာ ပြောနေခြင်းဆိုတာ ထင်ရှားသည်။

တကယ်ဆိုလျှင် မာမီအပေါ်မှာတော့ ခေတ် ယဉ်ကျေး ပြောဆိုဆက်ဆံသင့်သည်။

"သမီး ဖင်မာ မာမီနဲ့အခုပြန်လိုက်ခဲ့"

"လိုက်သွားလိုက် ဖင်မာ၊ ကိုယ့်အတွက် ဘာပြဿနာမှ မ





း ဘိုင့်ဘိုင်"

မာမီကို တစ်ချက်လေးတောင် ဂရုမစိုက်တဲ့ ဖင်မာကို ပြောကာ ခေတ် လှည့်ထွက်သွားခဲ့သည်။ ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်နှိုက် ကာ ထွက်သွားသော ခေတ် ခြေလှမ်းတွေက တည်တည်ငြိမ်ငြိမ်ပဲ ၏။

ဖင်မာအတွက်တော့ ရင်ဆိုင်ရတော့မည့် ပြဿနာကြီးကို ကြိုတင်တွေးကာ ရင်မှာ မောဟိုက်နုံးချိသွားခဲ့ရသည်။

အိမ်ရောက်တော့ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း မာမီရဲ့ စကားတွေကို ဖင်မာ ရင်ဆိုင်ရတော့၏။

"တော်တော် ယဉ်ကျေးမှုမရှိတဲ့ ကောင်လေးပဲ သမီး၊ ဒီလို ကောင်လေးမျိုးနဲ့မှ သမီးတွဲနေတာ မာမီ တော်တော် အံ့သြမိတယ်၊ သမီးရှေ့မှာတောင် မာမီ့ကို ပြောဆိုဆက်ဆံပုံတွေက ဘယ်လောက် ကျည်းတန်သလဲ သမီး သိမှာပါ"

မာမီ့စကားတွေက ငြင်းပယ်မရအောင် မှန်ကန်လွန်းနေတာမို့ ဖင်မာ ဘယ်လိုမှ ခွန်းတုံ့မပြန်နိုင်ခဲ့ပါ။

"သမီးလေးကို မာမီတစ်ခုပဲ ပြောချင်တယ်၊ သမီးအတွက် ည်မှန်းချက်တွေ ရှိတယ်၊ မကြာခင် ဆေးကျောင်းတက်ခွင့်ရတော့မယ့် သမီးအနာဂတ်ကို အပျက်စီးမခံပါနဲ့၊ မာမီ သမီး ဘယ်လောက် လိမ္မာ လဲဆိုတာ မာမီ သိတယ်၊ ဒီတော့ အဲဒီကောင်လေးကိုစွကို သမီး ခေါင်းထဲက မေ့ပစ်လိုက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ခါသီရဲ့ဆုံးမစကားတွေကို ဖင်မာ ခေါင်းညိတ်ခဲ့ရပေမယ့် ခေတ်ကိုမေ့ပစ်လိုက်ဖို့ဆိုတာ ခက်ခဲလွန်းနေခဲ့တာ အမှန်။

သေချာသည်က ခေတ်သည် မာမီတို့အတွက်တော့ ဘယ်လိုမှ လက်မခံနိုင်သော ယောကျ်ားတစ်ယောက်ဖြစ်တာ အမှန်ပဲဖြစ်သည်။ မာမီမဆိုထားနှင့် ဘယ်လိုမိန်းကလေး၏မိခင်မျိုးမှ ခေတ်ရဲ့အပြုအမူ အနေအထိုင်တွေကို လက်ခံနိုင်မှာမဟုတ်။

နှစ်ရက်အကြာမှာပဲ ခေတ်ဆီမှ ဖုန်းဆက်သွယ်မှုကို ဖင်မာ ရသည်။ တင်းထားသောစိတ်တွေက ခေတ်အသံကြားသည်နှင့် ပျော့ပျောင်းသွားခဲ့တာလည်း အမှန်။

"ဖင် ကိုယ်တို့ဆုံနေကျ ဆိုင်လေးကိုလာခဲ့၊ ကိုယ် မင်းနဲ့ စကားပြောချင်တာတွေ အများကြီးရှိတယ်"

သူ ချိန်းသောနေရာကို ဖင်မာ မိုက်မဲစွာပဲ ရောက်သွားခဲ့တာကို မာမီတို့ မသိလိုက်ပါ။

ဖင်မာ ရောက်သွားခဲ့ချိန်မှာ ကော်ဖီဆိုင်လေးထဲမှာ ခေတ်ကို မတွေ့ရပါ။ ချိန်းထားတာက ဆယ်နာရီမို့ ငါးမိနစ်လိုနေ သည်။ ဖင်မာ စောင့်နေလိုက်ပါသည်။ ချိန်းထားချိန်ထက် နောက်ကျပြီးမှ ရောက်တတ်တာ ခေတ်ရဲ့အကျင့်ပဲဖြစ်ကာ အမြဲတမ်း ဖင်မာက ကြိုရောက်နေကျမို့ မဆန်းပါ။

တကယ်လည်း ဆယ်နာရီထိုးပြီး ဆယ်မိနစ်ကြာမှ ခေတ် ရောက်လာသည်။ ဒါပေမဲ့ တစ်ယောက်တည်းမဟုတ်ဘဲ နံဘေးမှာ မိန်းကလေးတစ်ယောက် ပါလာတာမို့ ဖင်မာ အံ့ဩမိ၏။





ခေတ်နံဘေးမှာ ကပ်ပါလာသော ကောင်မလေးကို ဖင်မာ အကဲခတ်ကြည့်မိ၏။ ရွှေရောင်ဆံပင်အခွေအလိပ်လေးတွေနှင့် နုညက်သော မျက်နှာလေးကို ရောင်စုံတွေနှင့် ထပ်ခြယ်မှုန်းထားတာမို့ မိန်းကလေးအလှက ပေါ်လွင်လွန်းနေတာ အထင်အရှား။

အနက်ရောင်အကျပ် အင်္ကျီလေးနှင့် ပေါင်လယ်ခန့်အထိသာ ရှည်သော မီနီစကပ်လေးကတော့ အမြင်ရိုင်းစေသလို ရှိသည်။

ဖင်မာ နားမလည်နိုင်တာ သည်မိန်းကလေးကို ခေတ် ဘာကြောင့် ခေါ်လာတာလဲ။ ပြီးတော့ ဖင်မာရှေ့က ခုံမှာ အတူယှဉ်တွဲထိုင်လိုက်ကြပုံက အတော့်ကို ကျွမ်းဝင်နေသည့်ပုံရှိသည်။

"ခေတ် ဘာပြောစရာရှိလို့လဲဟင်၊ ဖင် ရောက်နေတာ ဆယ်နာရီထိုးခင်ကတည်းက"

ဖင်မာစကားကို သူက ဂရုမစိုက်သလို ထိုင်ခုံမှာ ကျောမှီထိုင်နေရင်း မထီတရီ ပြုံးသည်။

"ကိုယ့်ကို တွေ့ချင်လို့ မင်းလာခဲ့တာပဲလေ၊ တစ်နာရီလောက် စောင့်သင့်ရင်လည်း စောင့်ရမှာပေါ့"

ဖင်မာ မသိသော သူစိမ်းမိန်းကလေးရှေ့မှောက်မှာ တမင် အနိုင်ယူပြနေသော ခေတ်စကားကြောင့် ရှက်မိတာတော့ အမှန်။

"ဖင်မာ မင်းကို ချိန်းလိုက်တာ ရှင်းစရာကိစ္စလေးရှိနေလို့ အခြားတော့ မဟုတ်ဘူး။ ဟိုတစ်ရက်က မင်းအမေ ကိုယ့်ကို ဆင်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



သွားပုံကို ကိုယ်တော်တော် အစာမကြေဘူး''

''ဟိုလေ မာမီက''

''ကိုယ့်စကားမဆုံးခင် မင်းဘာမှ ထပ်မပြောနဲ့ ဇင်မာ၊ မင်းရဲ့ အမေက ဆရာဝန်လောင်းသူ့သမီးနဲ့ ကိုယ့်လိုကောင်ကို မတူမတန်ဘူး ထင်နေပုံရတယ်၊ ဒီမှာ ဇင်မာ ၊ကိုယ်ဆိုတဲ့ကောင်အတွက် မင်းလို မိန်း တစ်ယောက်က မက်လောက်စရာ မရှိပါဘူး''

ခေတ်စကားတွေက ကြမ်းတမ်းလွန်းသည်။ မျှော်လင့်မထား သော စကားတွေအတွက် ဇင်မာ မျက်နှာလေးရဲရဲနီ ထူပူနေခဲ့၏။

''ဟောဒီမှာ ရှုပကာက ကိုယ့်ရဲ့လက်ရှိ ချစ်သူပဲ''

''ဟင်''

''ရှုပကာ မိဘတွေက အမေရိကားမှာနေကြတာ၊ ရှုပကာက လည်း အမေရိကားမှာ ကျောင်းတက်နေတာ၊ မင်းတို့အခြေအနေ အဆင့် အတန်းနဲ့ယှဉ်ရင် အများကြီးကွာတယ်''

''ခေတ် ခေတ်ဘာတွေပြောနေတာလဲ ဟို ဟို''

''ဆရာဝန်လောင်းဆိုပြီး မာန်တက်နေတဲ့ မင်းအမေသိအောင် ရှင်းပြလိုက် ဇင်မာ၊ သျှင်ခေတ်သစ် ဆိုတဲ့ကောင်အတွက် မိန်းမမရှားဘူး''

သူ့စကားတွေကြောင့် ဇင်မာ မျက်ရည်တွေ ချက်ချင်းဝဲတက် လာသည်။ ဒီစကားတွေနှင့် ကြမ်းတမ်းစွာ တိုက်ခိုက်ချင်လို့ ခေတ် ချိန်းလိုက်တာလား။

အခုတော့ ရှုပကာဆိုသော မိန်းမတစ်ယောက်ရှေ့မှောက်မှာ





...ကို ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ပြနေတာ ခေတ်ရဲ့ရည်ရွယ်ချက် ...မည်။

''မင်းရဲ့မျက်ရည်တွေနဲ့ ကိုယ့်ကိုနှစ်သိမ့်ဖို့ မကြိုးစားနဲ့ ဇင်မာ၊ ...ယ်က မသနားတတ်ဘူး၊ ယောကျ်ားတစ်ယောက်ကို စွဲလန်းတပ်မက် ...ောင် မင်းဖမ်းစားတတ်ချင်ရင် ဒီလို အရည်အချင်းတွေရှိအောင် ...စားထား''

ဇင်မာရှေ့ စားပွဲပေါ် ပစ်တင်ပေးသော ဓာတ်ပုံတွေကို ဇင်မာ ...ကြည့်မိချိန်မှာ မျက်နှာတစ်ခုလုံး ချော်ရည်ပူတွေနှင့် အပက်ခံရသလို ...လောင်သွားခဲ့ရ၏။

ရိုင်းစိုင်းလိုက်တဲ့လုပ်ရပ်။ ဇင်မာရှေ့မှာ ပြန့်ကျဲနေသော ဓာတ်ပုံ ...တွေက နိုင်ငံခြားမင်းသမီးတွေ၏ ဝတ်လစ်စလစ်ဓာတ်ပုံတွေ။

''နင် နင် ရိုင်းစိုင်းယုတ်မာလိုက်တာ''

ဆူဝေပူလောင်သွားသော ဒေါသစိတ်တွေနှင့် ဆတ်ခနဲ ထရပ် ...ာ ဇင်မာ လက်ဝါးက သူ့ပါးပြင်ဆီ လွှဲရိုက်ပြီး ဖြစ်နေ၏။

သို့ပေမယ့် ဖျပ်ခနဲ လှမ်းဆုပ်ကိုင်ထားသော သူ့လက်တစ် ...က်ကြောင့် ဇင်မာလုပ်ရပ်က အရာမထင်ခဲ့ပါ။

''ငါ့အသားကို နာကျင်အောင်လုပ်ဖို့ မကြိုးစားနဲ့ ဇင်မာ၊ အဲဒီ ...ကျင်မှုထက် အဆပေါင်းတစ်ရာမက မင်း ပြန်ခံစားသွားရမယ်ဆိုတာ ...င်းထဲမှာ မှတ်ထား''

ကြိမ်းဝါးသံနှင့်အတူ ဆုပ်ကိုင်ထားသော လက်ကို သူ ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



တွန်းတော့ ဖင်မာ ဟန်ချက်ပျက်ကာ ယိုင်လဲမတတ် ဖြစ်ရ၏။

ဆူဝေနေသော ဒေါသတွေ နေရာမှာ အသိတရားတို့ ဝင်ရော

လာချိန်မှာ ဖင်မာ ရှက်စိတ်က တစ်ကိုယ်လုံး စိမ့်ဝင်စီးမျောသွားခဲ့သည်

ဆိုင်ထဲက ဘယ်လိုထွက်ခဲ့မိသည် မသိလိုက်။ ပိုးပိုးပေါက်ပေါ

ကျနေသော မျက်ရည်တွေက တားဆီးမရခဲ့ပါ။

အသင့်တွေ့သည့် တက္ကစီကားပေါ် ပြေးတက်ကာ အိမ်

မပြန်ဖြစ်ဘဲ ရောက်ခဲ့သည်က လမင်းရောင်စဉ်တို့ တိုက်ခန်းလေးဆီ

ဖြစ်သည်။

"တောက် တော်တော်ယုတ်မာတဲ့ကောင်ပဲ၊ နင် ဘာလို့ တစ်

မတုံ့ပြန်ခဲ့တာလဲ ဖင်မာ၊ လာ ငါ အခုလိုက်ရှင်းမယ်၊ ဒီကောင့်

နာကျင်အောင် တစ်ခုခုလုပ်ရမှ ကျေနပ်မယ်"

လမင်းဆီကို ကူးစက်သွားသော ဒေါသတွေအတွက် ဖင်

ရှိုက်ငိုသံတွေကြားကပဲ ပြန်တောင်းပန်ရ၏။

"မ မလုပ်ပါနဲ့တော့ အမင်းရယ်၊ ဒီလောက်အထိ သူ ယုတ်

ရိုင်းစိုင်းမယ်လို့ ငါ မထင်မိဘူး၊ သင်းနဲ့ပတ်သက်မိတာက ငါ့အမှား

နင် ဘာမှမပတ်သက်ပါနဲ့တော့ဟာ၊ ဒီလိုယောကျ်ားတစ်ယောက်နဲ့ မျ

နာချင်းဆိုင်ရလောက်အောင် နင့်ရဲ့သိက္ခာနဲ့ မထိုက်တန်ပါဘူး အမင်

ရယ်"

လမင်း အံလေးတင်းတင်းကြိတ်ထားရင်းက ဖင်မာ ပခုံးလေ

ကို ဆုပ်ကိုင်နှစ်သိမ့်သည်။





"ငါ အစတည်းက နင့်ကို သတိပေးခဲ့သားပါ ဖင်မာ၊ နင်

မှားခဲ့တယ်"

"ငါ ဝန်ခံပါတယ် အမင်း၊ ဒီအမှားကြီးအတွက် ငါ တစ်ဘဝလုံး

နောင်တရနေမှာပါ"

"မေ့ပစ်လိုက်တော့ ဖင်မာ၊ တန်ဖိုးမရှိတဲ့ယောကျ်ားတစ်ယောက်

တွက် နင့်ရည်ရွယ်ချက်တွေ အပျက်စီးမခံနဲ့ဟာ"

"စိတ်ချပါ အမင်း၊ ငါ့ဘဝမှာ ဒီလိုနောင်တမျိုး ဘယ်တော့မှ

မကြုံစေရဘူး၊ ငါ ကတိပေးတယ်"

တကယ်လည်း ဖင်မာဘဝအတွက် သျှင်ခေတ်သစ်ဆိုသော

ယာကျ်ားပေးခဲ့သော နောင်တကြီးက သေရာပါသည်အထိ အမှတ်ရ

မှာ သေချာ၏။ အချစ်ဟု ဖင်မာ ယုံကြည်ခဲ့မိသော အရာသည်

ကျည်းခံပြင်းစရာ ဒဏ်ရာကြီးတစ်ခုပဲ ဖြစ်ခဲ့၏။

သေချာသည်က သျှင်ခေတ်သစ်ဆိုသော ယောကျ်ားတစ်ယောက်

ပေါ် ဖင်မာရဲ့ချစ်ခြင်းတွေက မြူတစ်မှုံမျှ မကျန်ရစ်အောင် အငွေ့ပျံ

ပျောက်ဆုံးသွားခဲ့တာပဲဖြစ်သည်။

ဖင်မာရဲ့အမုန်းတွေထက်ပင် လမင်းရဲ့အမုန်းတွေက သျှင်

ခေတ်သစ်အပေါ် ကြီးမားသွားစေခဲ့တာ တိုက်ဆိုင်သော ကံကြမ္မာကြောင့်

ပဲ ဆိုရမည်။

"သျှင်ခေတ်သစ် ဆိုတဲ့ယောကျ်ားက ငါတို့ညီအစ်မအတွက်

နိန်စာသင့်နေတဲ့ ဂြိုဟ်ဆိုးတစ်ကောင်ပဲ ဖင်မာ၊ ငါ့ခန္ဓာကိုယ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေ လည်ပတ်စီးဆင်းနေသမျှ သူ့ကိုမုန်းနေမှာ သေချာတယ်"

နူးညံ့အေးချမ်းသော လမင်းရောင်စဥ် နှလုံးသားလေးကိုတောင် ပူလောင်ခါးသီးစေသော သျှင်ခေတ်သစ်ဆိုသည့် ယောက်ျားသည် နင် ဆိုးတစ်ကောင်ပါပဲ။

လမင်းကို သင်းတောင်းပန်ချင်တယ်ဆိုတာ ရိုးသားမှုတစ်ခု တော့ မဟုတ်နိုင်ဟု ဖင်မာထင်သည်။

ရှင် အဝေးဆုံးမှာပဲနေပါ သျှင်ခေတ်သစ်။

■ ■ ■

## အခန်း (၂၀)

မမနေမင်းအတွက် ရည်စူးကာ တစ်နှစ်ပြည့်ကုသိုလ်တွေကို နေ့ မင်း ပြုဖြစ်ခဲ့သည်။

ဖေဖေ့ရဲ့ပင်စင်လစာငွေလေးနှင့်မင်း မမနွယ်ရဲ့ဆေးခန်းမှာ အိုန်ပိုင်းထိုင်ရင်း ရသည့်လစာငွေထဲက စုဆောင်းရရှိသမျှလေးနှင့် ဖြစ်ခဲ့သော ကုသိုလ်ဖြစ်သည်။

မမနေမင်း ခွဲခွာသွားခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီဆိုပေမယ့် မင်း တွက်တော့ မနေ့တစ်နေ့ကလိုပဲ ခံစားရပါသည်။

သံဃာတော်တွေကို ဆွမ်းကပ်လှူပြီး အမျှဝေ ရေစက်ချတော့ း မျက်ရည်တွေကို မထိန်းနိုင်ခဲ့ပါ။ နံဘေးက ဖေးမနှစ်သိမ့်ပေးမည့် ာကိုယ်တိုင်လည်း မျက်ရည်တွေဝဲကာ သာဓုခေါ်သံလေး တုန်ခါနေ သည်။

www.burmeseclassic.com



မမနေမင်းနှင့် ရင်းနှီးသော ဆရာဝန်ကြီးတွေနှင့် မိတ်ဆွေ ဆရာဝန်မတွေကို ကျွေးမွေးပြီးတော့ မင်းလည်း မောပန်းနုံးချိသွားခဲ့သည်။

မမအတွက်ပြုသည့်ဒါနကို မင်းရဲ့လုပ်အားဒါနတွေ ပါစေချင် တာကြောင့်လည်း ထမင်းဟင်းတွေကို တစ်ညလုံး ကိုယ်တိုင်ချက်ခဲ့ ဖင်မာနှင့်သူငယ်ချင်းတွေကလည်း ညအိပ်လာကာ ကူညီခဲ့ကြသည်။

ထို့အတွက် မင်း အားလုံးကို ကျေးဇူးတင်မိသေး၏။

ကျောင်းက သူငယ်ချင်းတွေ နှုတ်ဆက်ပြန်သွားကြပေမယ့် ဖင်မာကတော့ မင်းရဲ့တိုက်ခန်းလေးမှာ အတူရှိနေသေးသည်။

"အရမ်းပင်ပန်းနေပြီလား အမင်း"

"ပင်ပန်းပေမယ့် ငါ ကျေနပ်တယ် ဖင်မာရယ်၊ မမရဲ့အလှူ ဒါနမှာ ကိုယ်တိုင် ကုသိုလ်ပြုရတာပဲလေ၊ တစ်ခုပဲ ငါကြောင့် နင်တို့ အိပ်ပျက်ပင်ပန်းကုန်ကြတာ အရမ်းအားနာတယ်"

"အံမယ် ဘာအားနာစရာလိုလဲဟာ ဒီလောက် သူငယ်ချင်း အရင်းအချာတွေပဲဟာ"

"အေးပါဟယ် နင် ပြန်တော့မှာလား ဖင်မာ"

"မပြန်သေးပါဘူး ရေမိုးချိုးပြီး နင့်တိုက်ခန်းမှာပဲ တစ်ရေး လောက်အိပ်ပြီးမှ အေးဆေးပြန်မှာပေါ့"

"အိုကေ ဒါဆို ညနေမှ အေးဆေးပြန်ပေါ့ဟာ"

သိမ်းဆည်းစရာတွေကို သူငယ်ချင်းတွေ ဝိုင်းဝန်းသိမ်းဆည်း





သွားတာမို့ လုပ်ကိုင်စရာတော့ မရှိတော့ပါ။ ရေမိုးချိုးပြီးလျှင်တော့ ဖင်မာနှင့်အတူ အနားယူနိုင်သည်။

"ကဲ နင် အရင်ရေချိုးလိုက်လေ"

ဖင်မာ့ကို လှမ်းပြောတုန်းမှာ အခန်းတံခါးက လူခေါ်ဘဲလ်သံ သံ မြည်လာတာမို့ အမင်းပြေးဖွင့်ပေးလိုက်သည်။

တံခါးဖွင့်ပေးလိုက်ချိန်မှာ မြင်လိုက်ရတာက သံပန်းတံခါးမှာ ချိတ်ထားသော ပန်းခြင်းလေးတစ်ခုပဲဖြစ်သည်။

"ဟင် ဘယ်သူလဲ ဘယ်သူ လာထားသွားတာလဲ"

အမင်း တအံ့တဩလေး ရေရွတ်နေတုန်းမှာ ဖင်မာ အနားကို ရောက်လာကာ ချိတ်ထားသော ပန်းခြင်းလေးကို မြင်တွေ့သွားခဲ့၏။

အဝါရောင်နှင်းဆီပန်းခြင်းလေးကို နှစ်ယောက်သား တဒင် ငေးမောကြည့်နေမိကြသည်။

"အမင်း ဒါ မမနေမင်းအတွက် ပို့လိုက်တဲ့ ပန်းခြင်းလေး ထင်တယ်"

ဖင်မာပြောမှပဲ မင်း သဘောပေါက်တော့၏။ အဝါရောင်နှင်းဆီ တွေနှင့် မမနေမင်းအတွက် ကြေကွဲခြင်းပန်းခြင်းလေးပဲ ဖြစ်မည်။

သံပန်းတံခါးကို အသာဆွဲဖွင့်ကာ မင်း ပန်းခြင်းလေးကို လှမ်း ယူလိုက်ပြီး ကပ်ထားသော စာတန်းလေးကို ဖတ်ကြည့်လိုက်၏။

**ဒေါက်တာ နေမင်းရောင်စဉ် ကောင်းမွန်ရာဘုံဘဝမှာ အေး ချမ်းပါစေ . . .**

**ဝမ်းနည်းခြင်းများစွာနှင့် . . . သျှင်ခေတ်သစ်**



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပေးပို့သူ အမည်ကို မြင်တွေ့လိုက်ရချိန်မှာ မင်းလက်ထဲ ပန်းခြင်းလေး လွတ်ကျသွားခဲ့သည်။

အဝါရောင်နှင်းဆီပွင့်တွေက ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲလို့ ဖင် သည်လည်း မျက်နက်ဝန်းလေးဝိုင်းကာ မင်သက်အံ့ဩနေခဲ့၏။

"တောက် သင်းနဲ့ဘာသက်ဆိုင်လို့လဲ"

"အမင်း"

ချက်ချင်း ဆူဝေသွားသော ဒေါသစိတ်တွေက ဖင်မာရဲ့ ခေါ တွေကိုလည်း ဥပေက္ခာပြုပစ်လိုက်ပြီးဖြစ်နေ၏။

အမင်း ခြေလှမ်းတွေက လှေကားထစ်တွေအတိုင်း ပြေးဆ လိုက်သည်။ ဒီအချိန်ထိတောင် မင်းတို့ညီအစ်မကို ဒုက္ခပေးဖို့ ကြိုး နေသည့် ယောက်ျားကို ထိပ်တိုက်ရင်ဆိုင်ချင်သည်။

"အိုး အမေ့"

တိုက်ခန်းလှေကားထစ်တွေကို ဖြတ်ကျော်ဖို့ ကြိုးစားမိသော ခြေလှမ်းတွေ ယိုင်ခနဲအဖြစ်မှာ မင်း ဘယ်လိုမှ ခန္ဓာကိုယ်ကို မထိ လိုက်နိုင်ခဲ့ပါ။

မင်း ခန္ဓာကိုယ်က လှေကားထစ်တွေအတိုင်း ပြုလဲပြုတ် သွားခဲ့သည်။

"အမင်း အမလေး ကယ်ကြပါဦး"

"ဟာ လမင်းရောင်စဉ်"





ဖင်မာရဲ့ စိုးရိမ်တကြီး အော်သံနှင့်အတူ ကြားလိုက်ရသော ယောက်ျားတစ်ယောက် အော်သံတစ်ခု။ ဒါ သျှင်ခေတ်သစ်ဆိုသော ကောင်ရဲ့အသံလား။

အမင်း ဘာမှသိခွင့်မရလိုက်ပါ။ အင်္ဂတေကြမ်းပြင်နှင့် ဦးခေါင်း ိုက်မိသည့် ဝေဒနာက အမှောင်ကမ္ဘာထဲ ဆွဲခေါ်သွားခဲ့သည်။

"လ လမင်းရောင်စဉ် ဟာ လမင်း"

ဒုတိယလွှာ၏လှေကားထစ်တွေမှ ဝရုန်းသုန်းကား ပြုတ်ကျလာ သာ လမင်းရောင်စဉ် ခန္ဓာကိုယ်လေးကို သျှင်ခေတ်သစ် ပြေးပွေ့လိုက်

"မကိုင်နဲ့ ရှင်မကိုင်နဲ့ အမင်းကို မထိနဲ့"

တားမြစ်အော်သံနှင့်အတူ ဖင်မာ အနားကိုရောက်လာသည်။ ျှင်ခေတ်သစ် လမင်းရောင်စဉ်ကို ပွေ့ချီထားလျက်က မော့ကြည့်မိ၏။

"ရှင် ဘာလို့ ရောက်လာရတာလဲ သျှင်ခေတ်သစ်၊ အခုတော့ ကြောင့် အမင်း အမင်း ဘုရားရေ"

လမင်းရောင်စဉ် ခေါင်းက ယိုစီးကျလာသော သွေးတွေက သက်ဖဝါးထဲကစိမ့်ကျလာတာ မြင်ကာ ဖင်မာ ထိတ်လန့်သွားခဲ့၏။

"သူ့ခေါင်းက ဒဏ်ရာက စိုးရိမ်ရတယ် ဖင်မာ"

"ဟင့်အင်း အမင်းကို ရှင် မထိနဲ့၊ ရှင်သွားပါ အခုထွက်သွား ာ"

"ဘာကွ ကိုယ်က ဘယ်ကိုသွားရမှာလဲ၊ လမင်းရောင်စဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း ထားခဲ့ရမှာလား''

သူ့ကို ခါးခါးသီးသီး မောင်းထုတ်နေသော ဖင်မာ့ကို သူ စိတ်မရှည်နိုင်စွာ အော်ပစ်လိုက်မိသည်။ ဖင်မာအကြည့်တွေက သူ့ကို စူးစူးရဲရဲ ပြန်စိုက်ကြည့်ရင်း

''ရှင့်ကိုကျွန်မ ပြောပြီးပြီ၊ အမင်းကို တွေ့ဖို့မကြိုးစားပါနဲ့၊ အခုတော့ ရှင်က အမင်း ထပ်ဒုက္ခရောက်အောင် လုပ်လိုက်တာပဲ ရှင် မမနေမင်းကိုသတ်ရတာ အားမရလို့ အမင်းကိုပါ သတ်ချင်နေတာ လား ဟင်''

ဖင်မာ စွပ်စွဲချက်တွေက သူ့ရင်ထဲကို ချွန်မြသော ဆူးတွေနဲ့ ထိုးဆွနေသလို စူးနစ်နာကျင်မိသည်။ ဒါပေမဲ့ အခုချိန်မှာ ဖင်မာကို သူ ဘာမှရှင်းပြမနေချင်ပါ။

သူ ပွေ့ချီထားသော လမင်းရောင်စဥ် မျက်နှာလေးကို ငုံ့ကြည့် မိကာ စိုးရိမ်စိတ်တို့က ရင်ထဲမှာပြည့်နှက်နေ၏။

''ဖင်မာ မင်း အခုချိန်မှာ ကိုယ့်ကို ဘာမှမပြောနဲ့ဦး၊ အရေး ကြီးတာ လမင်းရောင်စဥ်ကို ဆေးရုံပို့ရမယ်၊ သူ့ဒဏ်ရာက ခေါင်းကို ထိသွားတာကွ''

သည်တော့မှ ဖင်မာ လမင်းရောင်စဥ်အတွက် စိုးရိမ်သွားခဲ့ကာ ဒဏ်ရာကိုကြည့်သည်။

''ဘုရား ဘုရား အမင်းကို ဆေးရုံပို့မှဖြစ်မယ်''

''မင်းလိုက်ခဲ့ပါ ဖင်မာ၊ သူ့ကို ကိုယ် ဆေးရုံပို့ပေးမယ်''





ပြောရင်း လမင်းရောင်စဥ် ခန္ဓာကိုယ်လေးကိုပွေ့ချီကာ သူ့ ကားဆီခေါ်လာခဲ့သည်။ ဖင်မာ စိုးရိမ်မျက်နှာလေးနှင့် ပြေးလိုက်လာ၏။

နောက်ခန်းထဲမှာ ဖင်မာတစ်ယောက် လမင်းရောင်စဥ်ကို ထွေး ပွေ့ထားရင်း ဒဏ်ရာကသွေးထွက်မလွန်အောင် ပြုစုဂရုစိုက်နေချိန်မှာ သူကတော့ ကားကို ဆေးရုံဆီသို့ ဦးတည်မောင်းနှင်ခဲ့မိ၏။

ရင်ထဲမှာတော့ စိုးရိမ်ပူပန်မှုတွေနှင့်အတူ နောင်တတွေက ဖြေ သည်မရနိုင်ခဲ့ပါ။

တကယ်ဆို ဒေါက်တာ နေမင်းရောင်စဥ်၏တစ်နှစ်ပြည့်နေ့ရက် လေးမှာ သူ တကယ်ပဲ အမှတ်ရဝမ်းနည်းစွာ ဝမ်းနည်းပန်းခြင်းလေး ပို့ပေးခဲ့တာဖြစ်သည်။

ဒီလိုအခြေအနေတွေ ရင်ဆိုင်ရမည်ဟု မထင်ခဲ့မိပါ။ အခုတော့ လမင်းရောင်စဥ်ကို သူ ဒုက္ခပေးသလို ဖြစ်ရပြန်ပြီ။

ဖင်မာ မျက်ရည်လေးဝဲကာ စိုးရိမ်နေသော မျက်နှာလေးကို နောက်ကြည့်မှန်ထဲက သူ မြင်နေ၏။

လမင်းရောင်စဥ် ဘာမှမဖြစ်ပါစေနှင့်ဟု သူ့ရင်ထဲမှာလည်း ဆုတောင်းမိသည်။

ကံကြမ္မာက ဘာကြောင့်များ သူနှင့်လမင်းရောင်စဥ်ကြားမှာ အမုန်းမီးတွေ မငြိမ်းစေခဲ့တာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အရေးပေါ်ခန်းထဲမှာ လမင်းရောင်စဥ်ကို ဆရာဝန်ကြီးတွေ သတိပြန်လည်အောင် ကုသနေချိန်မှာ သူနှင့်ဖင်မာ အခန်းအပြင်ဘက်က ခုံတန်းလေးမှာ ရှိနေဆဲ။

ဖင်မာ ခုံတန်းလေးမှာ ငြိမ်ငြိမ်လေး ထိုင်နေပေမယ့် သူကတော့ ပူပန်စိတ်တွေနှင့် ထိုင်လို့မရနိုင်ဘဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

အခန်းထဲက ဆရာဝန်မလေးတစ်ယောက် ထွက်လာတော့ ဖင်မာ သုတ်ခနဲရပ်ကာ အလောတကြီးမေး၏။

''ဒေါက်တာ လမင်းရောင်စဥ် အခြေအနေ''

''အင်း မကြာခင် သတိပြန်လည်လာမှာပါ။ ဒါပေမဲ့ ဦးခေါင်းမှာ ထိခိုက်မိတဲ့ဒဏ်ရာက သုံးနေရာလောက်ရှိနေတယ်၊ ဒီဒဏ်ရာတွေရဲ့





သက်ရောက်မှုကိုပဲ ဆရာဝန်ကြီးတွေ စိုးရိမ်နေကြတာ''

''ဟုတ် ဟုတ်ကဲ့ ဒေါက်တာ''

ဆရာဝန်မလေး ထွက်သွားတော့ ဖင်မာ အကြည့်တွေ သူ့ဆီ ဦးတည်လာ၏။

''သျှင်ခေတ်သစ် ရှင် ပြန်သင့်ပြီ''

''လမင်းရောင်စဥ် သတိမရသေးဘဲ ကိုယ် မပြန်နိုင်ဘူးဖင်မာ''

''ဘာလဲ အမင်း သတိရပြန်လည်လာရင် ရှင့်မျက်နှာပြပြီး အသေသတ်မလို့လား''

''ဖင်မာ မင်း ဘာကြောင့်ကိုယ့်ကို အဲဒီလောက်စွပ်စွဲချက်တွေ တင်နေရတာလဲ''

သူ့စကားကို ဖင်မာ အံလေးတင်းခနဲကြိတ် တုံ့ပြန်ရင်း

''ဘာကြောင့်ဆိုတာ ရှင်အသိဆုံးပဲ၊ ရှင်ဟာ အမင်းတို့ ညီအစ်မကို ဒုက္ခပေးဖို့ မွေးလာတာလားဟင်''

''ဟာကွာ မင်း အဲဒီလောက် မပြောသင့်ဘူး၊ ကိုယ် ဒေါက်တာနေမင်းရောင်စဥ်ကိုစွကတည်းက စိတ်မကောင်းဖြစ်ခဲ့ရတာ၊ ကိုယ့်ကြောင့် မဟုတ်ပေမယ့် ကိုယ့်ပယောဂ မကင်းဘူးလို့ ခံစားရတယ်၊ ဒါပေမဲ့ လမင်းရောင်စဥ်က ကိုယ့်ကို သိပ်မုန်းနေခဲ့တယ်''

''အဲဒီ မုန်းနေတဲ့ရှင့်အတွက်ပဲ သူ့သွေးကို လှူခဲ့ရသေးတယ်၊ အခုလည်း ရှင့်ကြောင့် လမင်း အော်ပရေးရှင်းအခန်းထဲမှာလေ၊ ရှင် ဘာလို့ အငြိုးနဲ့နှောင့်ယှက်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မင်းထင်သလို မဟုတ်ဘူး၊ ဒါတွေက ကံကြမ္မာရဲ့ စီမံရာအတိုင်း ဖြစ်ခဲ့တာတွေပါ"

"သွေးကိစ္စကိုထားပါ၊ ကျွန်မ လက်ခံတယ်၊ အခုကိစ္စကတော့ အမင်းကို ရှင် တမင်ရည်ရွယ်ဒုက္ခပေးတာပဲ၊ ရှင့်ကို မမြင်မပတ်သက် ချင်ပါဘူးဆိုရက်နဲ့ ရှင် တမင်ဖန်တီးတာ"

ဇင်မာ စွပ်စွဲသမျှ သူ ဘယ်လိုချေပရမည်လဲ။ သူ့ရင်ထဲက ခံစားချက်တွေကို ဇင်မာ နားမလည်နိုင်တာ သေချာ၏။

"မင်း ကြိုက်သလို ထင်ပါ ဇင်မာ၊ အခု လမင်းရောင်စဥ်ရဲ့ အခြေအနေအမှန်ကို သိပြီးမှ ကိုယ် ပြန်နိုင်မယ်၊ ဘာမှမသေမချာ ဖြစ်နေသေးတဲ့ အချိန်မှာ ကိုယ် ဥပေက္ခာပြုမသွားနိုင်ဘူး"

"ဒေါက်တာ ပြောသွားတာ ရှင် ကြားပါတယ်၊ ခေါင်းမှာ ထိခိုက်မိတဲ့ဒဏ်ရာတွေအတွက် အားလုံး စိုးရိမ်နေကြတယ်၊ အမင်း အခြေအနေကို ယတိပြတ် ပြောလို့မရသေးဘူး"

"သူ့အတွက် ဘာလိုအပ်သလဲ၊ လိုသမျှ ကိုယ် တာဝန်ယူမယ် အိုက္ခာ ကိုယ့်အသက်တောင် ပေးရ ပေးရ"

ဇင်မာ နှုတ်ခမ်းတွေမှာ မဲ့ပြုံးတစ်ခုထင်သည်။ အကြည့်ရှူးရှူး တွေက သူ့ကို ခါးသီးစွာ စိုက်ကြည့်နေခဲ့ပြီးမှ

"အခုချိန်မှာ အမင်းအတွက် လိုအပ်တာ ရှင် သူ့အနားမှာ ရှိမနေဖို့ပဲ၊ ရှင့်မျက်နှာကို မြင်လိုက်ရင် အမင်းအတွက် ကောင်းကျိုး ဖြစ်မလာမှာ သေချာတယ်"





"ကိုယ် တောင်းပန်"

"ဘာမှမလိုအပ်ဘူး သျှင်ခေတ်သစ်၊ ရှင်ပို့လိုက်တဲ့ ပန်းခြင်း လေးကြောင့်ပဲ အခုလို အခြေအနေတွေ ဖြစ်ကုန်တယ်၊ ရှင့်မျက်နှာကို မြင်လိုက်ရင် ဒီထက်ဆိုးဖို့ပဲရှိတယ်၊ အမင်းအပေါ် ရှင် တကယ်စာနာစိတ် ရှိရင် သူ သတိမရလာခင် ပြန်သင့်တယ်"

သူ ပင့်သက်ရှိုက်ရင်း မျက်ဝန်းတွေကို မှိတ်ပစ်မိ၏။ ရင်ထဲမှာ ဖြစ်တည်နေသော ခံစားချက်တွေကို အခုချိန်မှာ သူ ဘယ်လိုမှ ဖော်ပြ သို့မရတာ အမှန်။

သူ့ကြောင့် လမင်းရောင်စဥ်သာ တစ်ခုခုဖြစ်သွားခဲ့လျှင် ဟူ သော အတွေးက ပိုလို့ခြောက်လှန့်လာ၏။

"ကောင်းပြီ ဇင်မာ၊ ကိုယ် ထွက်သွားပေးပါ့မယ်၊ ဒါပေမဲ့ သူ သတိရလာရင် ကိုယ့်ဆီ ဖုန်းဆက်ပေးပါ"

ဇင်မာ ဘာစကားမှမဆိုဘဲ ချာခနဲ ကျောခိုင်းသွားခဲ့သည်။

သျှင်ခေတ်သစ်ဆိုသော သူ့ကို စာနာပေးနိုင်မည့်သူ တစ် ယောက်မှမရှိပါလား။ သူ ရင်ဆိုင်ကြုံတွေ့နေရသမျှသည် အမုန်းတရား နှင့် ခါးသီးရက်စက်မှုတွေပဲ ဖြစ်နေခဲ့၏။

လမင်းရောင်စဥ်ကလည်း သူ့ကို တူးတူးခါးခါး မုန်းသည်။ ဇင်မာကလည်း မုန်းသည်။

ကံကြမ္မာ တရားကလည်း အမုန်းတရားတွေကိုပဲ အကြိမ်ကြိမ် ခံစားခွင့်ပေးနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့်ခန္ဓာနှစ်ပါးစလုံးသည် အမုန်းတရားတွေအောက်နစ်မြှုပ်နေခဲ့သည့်အဖြစ်မှာ . . . ။

■ ■ ■



## အခန်း (၂၁)

"ဟာကွာ ဘာလို့ ပိတ်ထားရတာလဲ"

သူ အလိုမကျစွာ ရေရွတ်ရင်း လက်ထဲက ဖုန်းကို ဆိုဖာခုံပေါ် ပစ်တင်လိုက်မိသည်။

ဖုန်းဆက်ကြည့်တာပဲ ဆယ်ကြိမ်နီးပါးရှိပြီ။ အန်တီမြတ်မွန့် ဖုန်းကပိတ်ထားသည်တဲ့။

လမင်းရောင်စဉ် သတိရလျှင် သူ့ဆီဖုန်းဆက်ပါဟု မှာထားပေမယ့် ဇင်မာ မဆက်သွယ်မှာ သူ သိသည်။ တကယ်ဆို ဇင်မာလည်း သူ့ကိုမုန်းနေသည့်တစ်ယောက်ပဲလေ။

ဒါကြောင့် အန်တီမြတ်မွန်ကို အကျိုးအကြောင်း ပြောပြကာ ဆေးရုံကို လိုက်သွားခိုင်းခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖွင့်ပြောမှ လမင်းရောင်စဉ်၏တိုက်ခန်းကို ရောက်သွား မှန်း အန်တီမြတ်မွန် သိရှာသည်။ သို့ပေမယ့် သူ့ကို ဘာတစ်ခွန်း အပြစ်မဆိုတဲ့ အန်တီမြတ်မွန်ခမြာ ဆေးရုံကို အမြန်လိုက်သွားခဲ့ရှာသည်

ပြန်လာချိန်ထိ မစောင့်နိုင်သော သူ ဖုန်းဆက်ကြည့် အကြိမ်ကြိမ်။ အဖြေက ဖုန်းပိတ်ထားခြင်းပင်။

လမင်းရောင်စဉ် ဘာတွေဖြစ်နေသလဲ။ အန်တီမြတ်မွန်နှင့် ပြဿနာတွေဖြစ်နေသည်လား။ ပူပန်စိတ်တွေနှင့် ညေ့ခန်းထဲမှာ ထိုင်လို့မရ ထလို့မနေနိုင်ဖြစ်နေဆဲ

"ဟော"

ခြံတံခါးက အန်တီမြတ်မွန်ကားလေး ဝင်လာတာ မြင်သည်နှင့် သူ ဆင်ဝင်အောက်ကို ဝုန်းခနဲ ရောက်ရှိသွားခဲ့၏။

ကားလေး ထိုးရပ်သည်နှင့် အန်တီမြတ်မွန် ဆင်းဖို့တံခါး ဆွဲဖွင့်ပေးရင်း သူ မအောင့်အီးနိုင်စွာ မေးမိသည်။

"အန်တီ လ လမင်းရောင်စဉ် သက်သာရဲ့လား။ သတိရပြီလား ဟင်"

"သ သတိရပါပြီ သားရယ်"

ရင်ထဲက ပူပန်စိတ်တွေ တစ်ဝက်တော့ လျော့ကျသွားရ သို့ပေမယ့် အန်တီမြတ်မွန် မျက်နှာရိပ်ကိုကြည့်ကာ စိတ်မှာတစ်မျိုးခံစာ ရ၏။

"အန်တီ သူ သူ ဘာမှမဖြစ်ဘူးမို့လား ဟင်"



အန်တီမြတ်မွန် မဖြေဘဲ မော့ကြည့်သော မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ။

"ဟင် အန်တီ ပြောစမ်းပါ လ လမင်းရောင်စဉ် အခြေအနေကို ကျွန်တော် သိချင်လို့ပါဗျာ"

"သမီးလေး သတိရနေပါပြီ သားရယ်၊ ဒါ ဒါပေမဲ့ သူ့မျက်လုံး တွေ အမြင်အာရုံ မခံစားနိုင်ရှာတော့ဘူး"

"ဗျာ"

အန်တီမြတ်မွန် ဘာစကားမှ ထပ်မဆိုနိုင်ဘဲ တရှုံ့ရှုံ့ငိုကြွေးနေ တော့ သူ့ရင်ထဲမှာ ပူလောင်ခြင်းတွေက တမြိုက်မြိုက် ဆင့်ကဲလာ၏။

လမင်းရောင်စဉ် အမြင်အာရုံ မခံစားနိုင်တော့ဘူးတဲ့လား။ မျက်ဝန်းတွေ ထိခိုက်စေခဲ့သလား။

"ဟာ လမင်းရောင်စဉ်"

အရူးတစ်ယောက်လို ဟစ်အော်ရင်း သူ ရပ်ထားသော ကားဆီ ပြေးတက်တော့ အန်တီမြတ်မွန် စိုးရိမ်တကြီး လှမ်းတား၏။

"သား သျှင်လေး မသွားနဲ့လေ သား"

အခုချိန်မှာ သူ့ဆန္ဒကို ဘယ်သူမှ တားမြစ်လို့ မရနိုင်မှာ သချာနေခဲ့၏။

အရှိန်ပြင်းပြင်း မောင်းနှင်ထွက်ခဲ့မိသည်က လမင်းရောင်စဉ် ရှိနေသော ဆေးရုံကြီးဆီ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



"ဇင်မာ မင်းငါ့ကိုမတားနဲ့၊ ငါ လမင်းရောင်စဥ်ကို တွေ့မ
မယ်"

"ရှင် ရူးနေပြီလား သျှင်ခေတ်သစ်"

"အေး ငါရူးနေပြီ၊ လမင်းရောင်စဥ် ဒီလောက်ထိ အခြေအ
ဆိုးမယ်လို့ ငါ မထင်ခဲ့ဘူး ခုတော့ကွာ"

"လေ့ကားပေါ်က ပြုတ်အကျမှာ ခေါင်းကိုထိခိုက်မိတဲ့ဒဏ်
ကသုံးခုရှိတယ်၊ အဲဒီဒဏ်ရာတွေက အာရုံကြောတွေကို ထိခိုက်သွားခဲ့
ဒါကြောင့် သူ့အမြင်အာရုံတွေ ဆုံးရှုံးသွားစေတာပဲ သျှင်ခေတ်သ

"ဟာကွာ ဆိုးလိုက်တာ၊ ငါ သူနဲ့တွေ့ပါရစေ သူ့ကိုတောင်
ပါရစေ၊ အိုကွာ သူ့မျက်လုံးတွေ ပြန်မြင်ခွင့်ရဖို့အတွက် ငါ့မျက်ဝန်း
ဖောက်ပေးမယ်"

"အဓိပ္ပါယ်မရှိတဲ့စကားတွေ မပြောနဲ့တော့ သျှင်ခေတ်သ
ရှင့်မျက်လုံးတွေ လှူချင်ရင် ရှင်သေဆုံးချိန်ကြမှ လှူချင်လှူ၊ ဒါ
အမင်းကတော့ ရှင့်မျက်လုံးတွေကြောင့် သူ့မျက်လုံးတွေ မြင်ခွင့်ရ
ဆိုရင်တောင် တစ်သက်လုံး အကန်းဘဝနဲ့ပဲ နေသွားမှာ သေချာတယ်

မျိုသိပ်မရတော့သော ဒေါသစိတ်တွေကြောင့် ဇင်မာ ရက်
ပြုတ်သားစွာပဲ ဆိုမိသည်။ တကယ်ဆို ဆေးရုံအထိ သျှင်ခေတ်
ထပ်ရောက်လာတာကို ဒေါသဖြစ်မိသည်။

အမင်း သတိရလာတော့ မျက်လုံးတွေ အမြင်အာရုံ ဆုံး
လိုက်ခဲ့ပြီဟု သိရချိန်မှာ ဇင်မာ ငိုကြွေးခဲ့မိ၏။





ဒါတွေအားလုံးသည် သျှင်ခေတ်သစ်ကြောင့်ဟု နာကျည်းခဲ့တာ
ကြောင့် ဖုန်းမဆက်ခဲ့ပါ။

ဒါနှင့်တောင် သူ့ရဲ့မိတ္တေးဖြစ်သူ ရောက်လာခဲ့သေးသည်။
မင်း၏အခြေအနေကို သိသွားတော့ လိုအပ်သမျှ ကူညီပေးမည်တဲ့။

"အမင်းအတွက် ဘာမှမလိုပါဘူး အန်တီ၊ အထူးသဖြင့် သျှင်
ခေတ်သစ်နဲ့ပတ်သက်မှုကို အမင်းက လုံးဝလက်ခံမှာမဟုတ်ဘူး"

"သမီးရယ် အန်တီ တောင်းပန်ပါတယ်၊ သားလေးခမြာ
လမင်းရောင်စဥ်လေးအတွက် အတော် ခံစားနေရရှာတာ"

"တောင်းပန်ပါတယ် အန်တီ၊ ဒီကိစ္စမှာ အန်တီတို့ဘက်က
ကတယ် လမင်းအတွက် စာနာတယ်ဆိုရင် ဘာမှမကူညီပါနဲ့၊ လမင်း
ငြိမ်းချမ်းသာခွင့်လေးပဲ ပေးပါ"

ဇင်မာ ယတိပြတ်ပြောခဲ့ပြီးပြီ။ ဘာကြောင့် သျှင်ခေတ်သစ်
ရောက်ရှိလာရသည်လဲ။

"ဇင်မာ"

"ပြော သျှင်ခေတ်သစ် ရှင် ဘာပြောချင်လဲ"

"လမင်း အခြေအနေကို ကျွန်တော်သိပါရစေ၊ သူ့မျက်လုံးတွေ
ပြန်မကောင်းနိုင်ဘူးလားဟင်"

"လောလောဆယ် ရထားတဲ့ဒဏ်ရာတွေကို ကုသရမယ်၊ ပြီးရင်
သူ့ရဲ့ထိခိုက်ထားတဲ့ အာရုံကြောကို EENT ကစပါယ်ရှယ်လစ်နဲ့ ပြသ
ကုသရမယ်၊ လိုအပ်ရင် ခွဲစိတ်ကုသမှုလုပ်ရမယ်၊ ဒါတွေအတွက် အဓိ



www.burmeseclassic.com

ကာလတစ်ခုပေးရမယ်၊ ဒီတော့ အမင်းရဲ့ပညာရေးက ခဏရပ်ဆိုင်းထားရတော့မယ်''

''ဘာပဲဖြစ်ဖြစ် ပြန်မြင်ခွင့်ရှိသေးတာပေါ့နော်''

သျှင်ခေတ်သစ် အမေးကို ဖင်မာ ခေါင်းပဲညိတ်ပြလိုက်ပါသည်။ တကယ်ဆိုလျှင် အမင်း ကြုံဆုံနေရသော အခြေအနေတွေကို သျှင်ခေတ်သစ် ဘာမှမသိပါ။

အထူးသဖြင့် အမင်းအခြေအနေက အမင်းကိုပညာသင်ကြေ ထောက်ပံ့မှုတွေပေးနေသော အခွင့်အရေးက ရပ်ဆိုင်းသွားမှာကို စိုးမိုး နေရှာတာ ဖြစ်သည်။

''လမင်းအတွက် ကျွန်တော် လိုသမျှ ကူညီမယ်''

ထိုစကားကိုပဲ သျှင်ခေတ်သစ် ပြောလို့နေတာကို ဖင်မာ စိတ် မရှည်နိုင်တော့ပါ။

''ကျွန်တော် လမင်းကို ခဏလေး တွေ့ပါရစေ''

''သျှင်ခေတ်သစ် ရှင်တော်တော် ခက်နေပြီ၊ အခုချိန်မှာ ရှင် တွေ့ချင်တယ်ဆိုလည်း ဆရာဝန်ကြီးတွေက ခွင့်မပြုဘူး၊ ဘာလို့လဲဆို တော့ အမင်း တစ်ခုခု ထိခိုက်ခံစားရမှာမျိုး မဖြစ်စေချင်လို့ပဲ''

''ဒါကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် သူမသိအောင် ခဏလေး တွေ့မှာပါဗျာ၊ ဒီတစ်ခု ကူညီပေးပါ၊ သူမှ ကျွန်တော့်ကို မမြင်နိုင်တာ''

အမင်း ခံစားနေရတာကို အရသာခံ မြင်ချင်တာလားဟု ဖင်မာ





ပစ်လိုက်ချင်သည်။ ဒါပေမဲ့လည်း စိတ်ကိုမျိုသိပ်ပစ်လိုက်၏။ ဒီလူ မြန်ဆုံး ပြန်သွားတာ အကောင်းဆုံး။

''ကဲ ရှင် သိပ်တွေ့ချင်ရင် ကျွန်မနဲ့လိုက်ခဲ့ပါ၊ ဒါပေမဲ့ တစ်ခု င်ကတိပေးပါ၊ ရှင်ရှိနေတာကို အမင်း သိလို့မဖြစ်ဘူး''

''ကတိပေးပါတယ် ဖင်မာ၊ ကျွန်တော့်ကြောင့် လမင်းရောဂါစဉ် ာမှ မထိခိုက်စေရပါဘူး''

သူ ကတိပေးတော့ ဖင်မာ ရှေ့ကဦးဆောင်ခေါ်ခဲ့လိုက်သည်။ မင်းအခန်းထဲရောက်တော့ ခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်နေသော မင်းခေါင်းလေး ထောင်မတ်သွားရင်း

''ဘယ်သူလဲဟင် ဆရာမလား''

''အမင်း ငါပါ ဘာလုပ်မလို့လဲဟင်''

ဖင်မာအသံကြားမှ လမင်း ပြုံးပြုံးလေး ခေါင်းခါပြ၏။

''ဘာမှမလုပ်ပါဘူး ဖင်မာရယ်၊ လှဲနေရာက ညောင်းလို့ ထိုင် နေတာပါ၊ နင် ဘယ်သွားနေတာလဲဟင်''

''ဆရာဝန်ကြီးအခန်းသွားတာပါ''

လမင်း ခေါင်းလေးညိတ်ရင်း မမြင်နိုင်သော မျက်ဝန်းတွေနှင့် င်မာရှိရာကို လှည့်ကြည့်ရှာ၏။

''ဖင်မာ ဘယ်အချိန်ရှိပြီလဲ၊ နင် ပြန်ချင်ပြန်တော့လေ၊ ပြီးရင် ကိုစောင့်ပေးမယ့်နာ့စ်တွေကို နင် တစ်ခုမှာပေးပါနော်''

''ဘာမှာပေးရမှာလဲ အမင်း''

www.burmeseclassic.com



"သျှင်ခေတ်သစ် ရောက်လာရင် ငါ့အခန်းထဲ မဝင်ပါစေနဲ့ ငါ သူ့အသံကို မကြားချင်ဘူး"

မာထန်ထန်လေး ဖြစ်သွားသော လမင်းမျက်နှာလေးကို သျှင်ခေတ်သစ် အထင်အရှားမြင်မှာပါပဲ။

"အေးပါဟာ ငါ မှာထားပါတယ် စိတ်ချ"

"ငါတို့ အရမ်းကံဆိုးတယ်နော် ဇင်မာ၊ သူ့ကြောင့် မမလည်း ဒုက္ခရောက်ခဲ့တယ်၊ ငါလည်း အဲဒီကျိန်စာက မလွတ်ဘူး၊ မမနေမင်းလို ငါ သေသွားတာ ပိုကောင်းမလား"

"အို မဟုတ်တာ လမင်းရယ်၊ နင့်မျက်လုံးတွေ ပြန်ကောင်းနိုင်ပါတယ်၊ မျှော်လင့်ချက်တွေ အများကြီးလေ၊ ဘာလို့ စိတ်ဓာတ်ကျနေတာလဲ"

"ဟင့်အင်း ငါ စိတ်ဓာတ်မကျပါဘူး၊ ငါ ကြောက်နေတာ"

"ဘာကိုကြောက်နေတာလဲ အမင်း"

"သျှင်ခေတ်သစ်ဆိုတဲ့ ဂြိုဟ်ဆိုးကောင်ကို ကြောက်နေတာ ငါ့ကိုဘယ်အချိန်အထိ ဒုက္ခပေးနေမှာလဲ တွေးနေမိလို့"

"အမင်းရယ်"

ဇင်မာ ရင်ထဲမှာ တကယ် သနားမိ၏။ သျှင်ခေတ်သစ်ကို လှည့်ကြည့်တော့ သက်မဲ့ကျောက်ရုပ်ကြီးလို ရပ်နေဆဲ။

အံ့သြစရာကောင်းသည်က သျှင်ခေတ်သစ် မျက်ဝန်းမှာ စိုလဲ့သော မျက်ရည်တွေ ခိုတွယ်နေ၏။





ဘယ်မိန်းမရဲ့မျက်ရည်ကိုမှ မစာနာ မသနားတတ်ဘူးဆိုသော ယောက်ျားတစ်ယောက်မှာ မျက်ရည်တွေ ရှိနေသလား။

ဒါ ရှင့်ရဲ့ကြောက်စရာကောင်းတဲ့ မာယာတစ်ခုလား သျှင်ခေတ်သစ်…။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တကယ်ဆိုလျှင် သူနှင့်ဖင်မာ ထပ်ဆုံစရာအကြောင်းမရှိ၍ တွေ့စရာလည်း မလိုဟု ဆုံးဖြတ်ထားခဲ့တာဖြစ်သည်။ ဒါပေမဲ့ ဖင်မာကို တွေ့ဆုံခွင့်တောင်းလာသည်က သျှင်ခေတ်သစ်၏မိထွေး ဒေါ်ခင်မြတ်မွန် ကိုယ်တိုင်ဖြစ်နေတာမို့ လက်ခံခဲ့မိတာ ဖြစ်သည်။

ဆေးရုံ၏သီးသန့်အခန်းထဲမှာ ဒေါ်ခင်မြတ်မွန်နှင့်အတူ သျှင် ခေတ်သစ်ကိုပါ တွေ့လိုက်ရတော့ စိတ် ကသိကအောက်တော့ ဖြစ်ရ၏။

''အန်တီ ဖင်မာကိုတွေ့ချင်တဲ့ကိစ္စကို သိပါရစေ''

''ဖင်မာ လမင်းရဲ့ကျန်းမာရေးအခြေအနေကို ကျွန်တော် အသေအချာ သိပါရစေ''

မေးလာတာက သျှင်ခေတ်သစ်မို့ ဖင်မာ မျက်မှောင်လေးကျုံ့





...ာ ခပ်ပြတ်ပြတ်ပဲ ဆိုမိသည်။

''လမင်းရောင်စဥ်ရဲ့ ကျန်းမာရေးအတွက် ဆေးရုံက ဆရာဝန် ကြီးတွေက ကျွန်မထက်ပိုပြီး အတိအကျပြောနိုင်ပါလိမ့်မယ်''

''ဒီ ဒီလိုပါ သမီး အန်တီ့အနေနဲ့ လမင်းရောင်စဥ်ရဲ့မျက်စိ အခြေအနေကို သိချင်လို့ပါကွယ်၊ သူ့ရဲ့မျက်လုံးတွေ အမြင်အာရုံ ပြန်ရ ...မယ်လို့ အန်တီ မျှော်လင့်တယ်၊ သမီးလေးက သိနိုင်မယ် ထင်လို့ပါ''

ဒေါ်ခင်မြတ်မွန်က ကြားကဝင်ပြီး တောင်းပန်သလိုလေး မေး ...တာမို့ ဖင်မာ သိထားသမျှ ပြောပြရတော့သည်။

''အမင်းအခြေအနေက မျှော်လင့်ချက်တွေ အများကြီးရှိနေပါ ...ယ် အန်တီ၊ ထိခိုက်သွားတဲ့ဇာ်ရာတွေက အာရုံကြောကို ထိခိုက်ထား ...ာမို့ လိုအပ်တဲ့ ခွဲစိတ်မှုတွေ ပြုလုပ်ရပါမယ်၊ ဒါပေမဲ့ ပါရဂူကြီးတွေက ...က်ချင်းခွဲစိတ်လို့ မရသေးဘူးတဲ့၊ အမင်းရဲ့စိတ်တွေ တည်ငြိမ်ပြီး ရရှိ ...းတဲ့ဒဏ်ရာတွေ သက်သာပျောက်ကင်းမှ ခွဲစိတ်မယ်လို့ ပြောပါတယ်''

ဖင်မာ သိထားသမျှ အခြေအနေကို ပြောပြတော့ ဒေါ်ခင်မြတ် ...က သျှင်ခေတ်သစ် မျက်နှာကို လှမ်းကြည့်သည်။ သျှင်ခေတ်သစ်က

''ဒါဆို လမင်းရဲ့ကျန်းမာရေးအတွက်က အချိန်ယူရဦးမှာပေါ့၊ ...အတွက် နေထိုင်မှု စောင့်ရှောက်မှုတွေအတွက် တာဝန်ယူမယ့်အခြေ ...နေတွေ လိုအပ်မှာပေါ့''

''ဟုတ်တယ် သမီး၊ အန်တီ့အနေနဲ့ လမင်းရောင်စဥ်အတွက် ...အပ်မှုတွေကို ကူညီပေးချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ သမီးရယ်၊ လမင်းရောင်စဉ်ရဲ့ကျန်းမာရေး ပြန်ကောင်းလာသေးသ၍ အန်တီ့ဘက်က လိုအပ်သမျှ ကူညီပေးချင်တာပါ"

သျှင်ခေတ်သစ်၏မိထွေးကိုယ်တိုင် တောင်းဆိုလာခြင်းအတွက် ဖင်မာ အံ့သြမိသည်။

"အန်တီ ဆိုလိုတာက လမင်းရောင်စဉ်လေးက တစ်ကိုယ်တည်း တိုက်ခန်းတစ်ခုမှာ နေတာဆိုတော့ သူ့အတွက် လိုအပ်မှုတွေ ရှိမှာပါ၊ သူ့မှာက အမြင်အာရုံ ချွတ်ယွင်းနေတာမို့ နေထိုင်မှု ခက်ခဲမှာပါ ဒါကြောင့် အန်တီက လမင်းရောင်စဉ် ခွဲစိတ်မှုမတိုင်မီ သူ့ကို Private nursing home တစ်ခုမှာ ထားမယ်"

"ဟုတ်ပါတယ် ဖင်မာ၊ ကျွန်တော်တို့သားအမိ လမင်းရောင်စဉ်အတွက် ကူညီမှုတွေပေးချင်လို့ပါ"

"စဉ်းစားပြီးပြောပါ သျှင်ခေတ်သစ်၊ အမင်းက ရှင့်ရဲ့ကူညီမှုတွေကို ဘာတစ်ခုမှ လက်ခံမှာမဟုတ်ဘူး၊ တကယ်ဆို ရှင် လုပ်နေတာတွေက အမင်းကို ပိုပြီးစိတ်ဒုက္ခပေးသလို ဖြစ်နေပြီ"

"အခုချိန်မှာ ကျွန်တော့်အပေါ် ဘယ်သူမှ နားမလည်နိုင်ကြဘူး ကျွန်တော် ကိုယ်ပြောရဲပါတယ် ဖင်မာ၊ ကျွန်တော် ပေးဆပ်ကူညီနေသမျှက စစ်မှန်တဲ့ စေတနာနဲ့ပါဗျာ"

သူ့စကားကို ဖင်မာ ပခုံးလေးတွန့်ပြီး လှောင်သလို ပြုံးမိသော် ဒေါ်ခင်မြတ်မွန် ကြားဝင်ပြောပြန်၏။





"သမီးရယ် သားက လမင်းလေးအစ်မ ဒေါက်တာ နေမင်းရောင်စဉ်ကိုစွကတည်းက သူ့ပယောဂမကင်းဘူးဆိုပြီး စိတ်မကောင်းဖြစ်နေခဲ့တာပါကွယ်၊ ပြီးတော့ လမင်းလေးက သားအတွက် သွေးလှူခဲ့တယ်၊ အခုတစ်ခါ လမင်းလေး ဒုက္ခရောက်ရပြန်တယ်၊ အားလုံးဟာ ကံကြမ္မာရဲ့ ဖန်တီးမှုတွေပါကွယ်၊ ဒါပေမဲ့ သားသျှင်လေးခမြာ တရားခံလို ဖြစ်နေတယ်"

ဒေါ်ခင်မြတ်မွန် မျက်ရည်အဝဲသားနှင့် ဖြေရှင်းပြနေသည်။ မိထွေးဆိုပေမယ့် သျှင်ခေတ်သစ်အပေါ်ထားရှိသည့် ဒေါ်ခင်မြတ်မွန်၏ စိတ်ကို ဖင်မာ မြင်တွေ့လိုက်ရသလိုပါပဲ။

"အခုချိန်မှာ သားအပေါ် ဖင်မာလေးတို့ နားလည်ပေးကြပါကွယ်၊ အရေးကြီးဆုံးက လမင်းရောင်စဉ်အတွက် အကောင်းဆုံးကို စဉ်းစားကြဖို့ပါ၊ သမီးဖင်မာနဲ့တိုင်ပင်ပြီး ဆရာဝန်ကြီးတွေဆီမှာလည်း ခွင့်ပြုချက်တောင်းမှာပါ"

ဖင်မာ တွေတွေလေး ဖြစ်သွားရပါသည်။ တကယ်ဆိုလျှင် လမင်းအတွက် အမှန်တကယ် ခက်ခဲနေသောကိစ္စပဲဖြစ်သည်။ အမြင်အာရုံ မရနိုင်သော လမင်းကို တိုက်ခန်းမှာပဲ တစ်ယောက်တည်းထားလို့ မဖြစ်တာ အမှန်။ လမင်းစိတ်ကော ခန္ဓာပါကျန်းမာဖို့ လိုအပ်သည်။

"အန်တီ့အနေနဲ့ အန်တီတို့ပိုင်ဆိုင်တဲ့ ခြံနဲ့တိုက်အိမ်တစ်လုံးကို လမင်းရောင်စဉ်အတွက် သီးသန့်စီစဉ်ပေးပါ့မယ်၊ ရွှေညစောင့်ရှောက်ပေးမယ့် နာ့စ်တစ်ယောက် ငှားရမ်းပေးမယ်၊ အန်တီနဲ့သားကလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သလောက် စောင့်ရှောက်မယ်၊ လမင်းလေးအတွက် လိုအပ် ဆရာဝန်ကြီးတွေ ပါရဂူကြီးတွေကို တစ်ပတ်တစ်ခါ စစ်ဆေးစောင့်ရှော စေမယ်၊ နောက်ဆုံး လမင်းရောင်စဉ် ခွဲစိတ်မှုအောင်မြင်တဲ့အထိပေ့

သည်မျှအထိ လိုက်လျောမှုတွေပေးနေခြင်းအတွက် ဖင်မ အံ့ဩရပါသည်။ သျှင်ခေတ်သစ်ရဲ့ရက်ရောမှုတွေက ရိုးသားမှုရှိရဲ့လား တောင် စိတ်က သံသယဝင်မိ၏။

''ဖင်မာ ဖင်မာအနေနဲ့ လမင်းရောင်စဉ် လက်ခံမှုရှိအော နားချပေးပါ၊ သူ ယုံကြည်အောင် ကျွန်တော့်ရဲ့ကူညီမှုတွေကို လျှို ထားပေးပါနော်''

''ဘာလဲ ကျွန်မက အမင်းကို လိမ်ညာပေးထားရမှာလာ ဒါကို တစ်ချိန်မှာ အမင်းသိသွားရင် ကျွန်မကိုပါ စိတ်နာသွားနိုင်တယ်''

''လမင်း ဘယ်တော့မှ မသိပါဘူး ဖင်မာ၊ သူ့အတွက် ကျွ တော်တို့ အကောင်းဆုံး စီစဉ်ပေးတာလို့ ဖင်မာ ယုံကြည်ပေးပါ''

''ဟုတ်ပါတယ် သမီးရယ်၊ သမီးတင်မကပါဘူး ဆရာဝန်ကြီ တွေလည်း အကောင်းဆုံး စီမံပေးကြတာလို့ နားလည်ပ ဘယ်၊ အန်တီ ဆရာဝန်ကြီးတွေနဲ့ ပြောပြီးပါပြီ၊ သူတို့က ဖင်မာရဲ့အကူအညီလိုတယ် လို့ ပြောကြတယ်''

ဆရာဝန်ကြီးတွေနှင့်တောင် ဆွေးနွေးပြီးခဲ့ပြီဆိုတော့ ဖင်မာ အံ့ဩမိပါသည်။ ဖင်မာဆီရောက်လာတာက အမင်းအတွက် ဖင်မာဘက် က နားချပေးဖို့တစ်ခုကြောင့်သာပေ။





''အနူးအညွတ် ကျွန်တော် တောင်းပန်ပါတယ် ဖင်မာရယ်၊ ရင်က ကျွန်တော့်အပေါ် အမုန်းတွေ ဘယ်လောက်ပဲ များခဲ့ပါစေ ဒီ တစ်ခါတော့ နားလည်ကူညီပေးပါ၊ လမင်းရောင်စဉ်တို့ညီအစ်မအပေါ် ကျွန်တော် အကြွေးပေးဆပ်ချင်လို့ပါ''

အစီအစဉ်က အကောင်းဆုံးဆိုတာ ဖင်မာ မငြင်းနိုင်ပါ။ တစ် ခုပဲစိုးရိမ်မိတာက အမင်းအနားမှာ သျှင်ခေတ်သစ် ရှိနေမှာကို ကာယကံ ရှင် အမင်း လုံးဝသိလို့မဖြစ်ပါ။

''အရေးကြီးဆုံးက အမင်း လုံးဝမသိဖို့ပဲ''

''စိတ်ချပါ ဖင်မာ၊ ကျွန်တော့်မျက်နှာကို သူ မမြင်နိုင်သလို ကျွန်တော့်အသံကိုလည်း သူ ကြားဖူးတာမှ မဟုတ်ဘဲ''

''ကျွန်မ ဒါကိုသိတယ်၊ အမင်းမျက်လုံးတွေ ပြန်မြင်ခွင့်ရသွား မှ ရှင်က စိတ်ပြောင်းပြီး ဖွင့်ပြောရင်ခက်မယ်''

''ဟာဗျာ ဘယ်တော့မှ မပြောပါဘူး''

''ရှင်စိတ်နိုင်ရင် ကတိပေးပေါ့၊ ဘာလို့လဲဆိုတော့ အဲဒီအချိန် မှ အမင်းသိသွားရင် ပြန်မြင်ခွင့်ရတဲ့ သူ့မျက်လုံးတွေကို ပြန်ဖောက်ထုတ် ပစ်နိုင်တယ်ဆိုတာ''

ဖင်မာ စကားတို့ အဆုံးမသတ်ခင် သျှင်ခေတ်သစ် လက်ကာ တားရင်း ခေါင်းကိုတွင်တွင်ခါရမ်းသည်။

''တော် တော်ပါတော့ ဖင်မာ၊ ကျွန်တော် မကြားပါရစေနဲ့၊ လမင်း ကျွန်တော့်ကို သိပ်မုန်းတီးနေတာ ကျွန်တော် သိပါတယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန် ကျွန်တော်''

ပြောရင်း သျှင်ခေတ်သစ်အသံတွေ တိမ်ဝင်သွားခဲ့ကာ မျ
ရည်တွေ ချက်ချင်းဝဲတက်လာသည်။ ဒေါ်ခင်မြတ်မွန်က ပခုံးကို ဆုပ်
ကာ နှစ်သိမ့်ပေးနေသည်။

သျှင်ခေတ်သစ် ဆိုသော ယောကျ်ားတစ်ယောက်ရဲ့ မျက်ရ
တွေကို ဖင်မာ မြင်တွေ့ခဲ့ရတာ နှစ်ကြိမ်ရှိပြီ။

ခံစားမှုကင်းမဲ့သော နှလုံးသားနှင့်ယောကျ်ားတစ်ယောက်
မျက်ရည်တွေကို အမင်းရဲ့အမုန်းတွေက ခြွေချနိုင်သည်လား။

အံ့ဩစရာတော့ ကောင်းလွန်းနေခဲ့တာ အမုန်း။

■ ■ ■



## အခန်း (၂၃)

ဖင်မာ ပြောပြတာတွေကို နားထောင်ရင်း မင်း မျက်မှောင်လေး ကုပ် အံ့ဩနေမိသည်။ မင်း အပေါ်မှာ အားလုံးရဲ့ စေတနာ မေတ္တာတွေ က ဘာကြောင့် ကြီးမားနေခဲ့ကြတာလဲ။

"ဖင်မာ ငါ အံ့ဩနေတယ်ဟာ၊ ငါ့ကိုဘာလို့ ဒီလောက်ထိ ကူညီပေးနေကြတာလဲ"

"သြော် အမင်းရယ် နင့်အပေါ် စေတနာ မေတ္တာထားကြတာ နင်ကလည်း ဖြူစင်တဲ့မေတ္တာတွေ ရှိလို့ပေါ့"

ဖင်မာ နှစ်သိမ့်သလိုပြောရင်း မင်းပခုံလေးကို ဆုပ်ကိုင်လာ သည်။ တကယ်ဆို အမြင်အာရုံတွေ ဆုံးရှုံးလိုက်ရခြင်းအတွက် မင်း ကြေကွဲဝမ်းနည်းခဲ့ရ၏။

မင်းရဲ့ရည်ရွယ်ချက် မျှော်လင့်ချက်တွေ လုံးဝဆုံးရှုံးခဲ့ပြီဟု



www.burmeseclassic.com

www.burmeseclassic.com



သော အသိကြောင့် စိတ်ဓာတ်တွေ ကျဆင်းခဲ့သည်။

မင်း ဘဝက စေတနာရှင်တစ်ဦးရဲ့ထောက်ပံ့မှုနှင့် ဆေးကျောင်းကို တက်ခဲ့ရတာဖြစ်သည်။ အခုလို ဖြစ်သွားခဲ့ခြင်းက ထိုအခွင့်အရေးတွေကို ရပ်ဆိုင်းသွားမည် ထင်ခဲ့၏။

ဒါပေမဲ့ ဝမ်းသာစရာသတင်းကို ဆရာဝန်ကြီးက ပြောပြသည်။

"ပညာသင်ထောက်ပံ့ကြေးဆိုတာ စာမေးပွဲကျတာတို့ အခြားကျောင်းဆက်မတက်နိုင်တာတို့ဖြစ်ရင် ခံစားခွင့်မရှိဘူး သမီး၊ ဒါပေမဲ့ အခု သမီးကိုထောက်ပံ့နေတာ အဖွဲ့အစည်းမဟုတ်ဘူး၊ သီးသန့်စေတနာရှင်ဆိုတော့ သမီး ကံကောင်းပါတယ်၊ သမီးအကြောင်းကို သူတို့သိသွားကြတော့ စိတ်မကောင်း ဖြစ်နေကြတယ်၊ သမီးမျက်လုံးတွေ ပြန်မြင်နိုင်တယ်လို့ ဆရာပြောတော့ ပညာသင်ကြေးကို သူတို့ဆက်ထောက်ပံ့မယ်လို့ ပြောတယ်၊ သမီးဘက်က ဘာမှအားမငယ်တဲ့ ခွဲစိတ်ကုသနိုင်အောင် ကြိုးစားပါ၊ သမီးမျက်လုံးတွေ အကောင်းပကတိ ဖြစ်သွားရင် သမီး ပညာဆက်သင်ခွင့် ရမှာပါ"

အခုတော့ မင်းအတွက် ဆေးဝါးကုသမှုကိုလည်း ထိုစေတနာရှင်တွေက အားလုံးကူညီပေးမည်ဆိုသည်။

"အမင်း နင် ဘာတွေ တွေးနေတာလဲဟင်"

"ငါ သိပ်ဝမ်းသာ အံ့ဩနေလို့ပါ၊ ငါ့မျက်လုံးတွေ ပြန်မြင်ရရင် ငါ့ရဲ့ကျေးဇူးရှင်တွေကို ငါ တွေ့ချင်တယ်"





"အင်း နင့်ဆန္ဒ ပြည့်မှာပါ"

"ဖင်မာ သူတို့စေတနာတွေကသိပ်ကြီးမားတယ်၊ ငါ့အတွက် ဘာအပူမှမရှိအောင် စီမံပေးကြတာ ယုံနိုင်စရာတောင် မရှိဘူး"

"သူတို့က နင့်မမအကြောင်းလည်း သိထားကြတယ်၊ နင့်အကြောင်းလည်းသိကြတယ်၊ ဒီတော့ နင့်ရည်ရွယ်ချက်ကို ကူညီချင်ကြတာ သက်သက်လေ၊ အခု နင် နေထိုင်ဖို့အပြင် အနီးကပ်စောင့်ရှောက်ပေးမယ် နာ့စ်အပြင် စိတ်ကုဆရာဝန်တစ်ယောက်ပါ ထားပေးမှာတဲ့"

"စိတ်ကုဆရာဝန် ဟုတ်လား ဖင်မာ"

"အင်းလေ နင့်အနားမှာ စိတ်အာရုံကျန်းမာစေဖို့ အဲဒီဆရာဝန်က စောင့်ရှောက်ပေးမှာ၊ အဲဒီဆရာဝန်ကိုလည်း သူတို့ ငှားရမ်းပေးတာ ဒေါက်တာ မြင့်မြတ်သူ တဲ့"

"ဒေါက်တာ မြင့်မြတ်သူ"

"ဟုတ်တယ် နင့်အနားမှာ ဒေါက်တာမြင့်မြတ်သူရယ် နေ့ညစောင့်ပေးမယ့် နာ့စ်၊ ဆရာမကြီး ဒေါ်နန်းကြိုင်ရယ်၊ ဒေါ်ခင်ခင် ဆိုတဲ့ အန်တီကြီးတစ်ယောက်ကပါ နင့်ကိုစောင့်ရှောက်ပေးကြမှာ"

မင်းအတွက် စီမံပေးထားသည့် အစီအမံတွေက တကယ့်ကို လိုလေသေးမရှိ ပြည့်စုံနေတာမို့ မင်း သိပ်ကံကောင်းပါသည်။

မင်းအတွက် ကံမကောင်းတာ မင်းအပေါ် အမြဲတမ်း ကံဆိုးမှုတွေပဲ ပေးနေတာ တစ်ယောက်ပဲရှိသည်။ ထိုတစ်ယောက်က သျှင်ခေတ်သစ်ဆိုသော ဂြိုဟ်ဆိုးတစ်ကောင်ပဲဖြစ်သည်။

www.burmeseclassic.com



"ငါကံကောင်းတယ် ဖင်မာ၊ လောကကြီးမှာ ငါ့ကိုကံဆိုးမှုတွေပဲ ပေးနေတဲ့သူ တစ်ယောက်ပဲရှိတယ်၊ ငါတို့ညီအစ်မကို ကံဆိုးခြင်းတွေ အမြဲပေးနေသူလေ"

"သျှင်ခေတ်သစ်ကို ပြောတာလား အမင်း၊ အခု သူ မြန်မာပြည်မှာ မရှိတော့ပါဘူး"

"ဘယ်လို ဖင်မာ ဘာပြောလိုက်တယ်"

"သူတို့မိသားစု US ကို ပြောင်းသွားကြပြီ၊ မြန်မာပြည်မှာ လုံးဝ မရှိကြတော့ဘူး"

"တကယ်လား ဖင်မာ၊ ဒီသတင်းက တကယ်လားဟင်"

"တကယ်ဟ ငါက နင့်ကိုညာရမှာလား"

"တကယ့် မင်္ဂလာသတင်းပဲ ဖင်မာရယ်၊ ဒီကောင်နဲ့ငါ ဘယ်တော့မှ ဆုံမှာမဟုတ်တော့ဘူးပေါ့၊ ဝမ်းသာတယ်ဟာ၊ သူရှိနေသ၍ ငါ့အပေါ် ကံဆိုးမှုတွေ ထပ်ရောက်လာမှာပဲလို့ ငါ့စိတ်က စွဲနေတဲ့အထိ ခံစားနေရတာ၊ သူ မြန်မာပြည်မှာ မရှိတော့ဘူးဆိုတော့ ငါ့စိတ်တွေ တကယ် အေးချမ်းသွားပြီ သိလား"

အမင်း မျက်နှာလေး ကြည်လင်ကာ ဝမ်းသာသံလေးနှင့်ပြောနေတော့ ဖင်မာ လိပ်ပြာမလုံသလိုတော့ ခံစားရပါသည်။

အမင်း မုန်းတီးခါးသီးသောသူက အမင်းအနားမှာ ဒေါက်တာမြင့်မြတ်သူအဖြစ် ဖေးမစောင့်ရှောက်ပေးနေမှာကိုသာ အမင်း သိလျှင် အမင်း ဘယ်လောက် ခံစားရမည်လဲ။





အခုတော့ အားလုံးကို အမင်းအတွက် ဖင်မာကိုယ်တိုင် လိမ်ညာကူညီခဲ့ပြီးခဲ့ပြီ။

အမင်းအတွက် အကောင်းဆုံး အခြေအနေတစ်ခုကို ရွေးချယ်လိုက်ရခြင်းဆိုတာ အမင်းနားလည်ပါစေတော့ . . . ။

အချိန်ကာလတစ်ခု လွန်မြောက်သွားခဲ့လျှင် လမင်းရောင်စဥ်အတွက် လှပသော အနာဂတ်ဘဝတစ်ခုသာ ဖြစ်ပါစေတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကျွန်တော့်နာမည် မြင့်မြတ်သူပါ၊ လမင်းရောင်စဉ်အတွက် တန်ရာတန်ကြေးယူပြီး စောင့်ရှောက်ပေးတာပါ၊ လမင်းရောင်စဉ် ဘာ အားနာစရာမလိုပါဘူး လိုအပ်တာ ခိုင်းပါ"

နားထဲမှာ ကြားနေရသော ကြည်လင်ချိုမြသည့် အသံမှာ နှိမ်ချခြင်းတွေ ပါဝင်နေတော့ မင်း အားတုံ့အားနာလေးဖြစ်ရ၏။

"မဟုတ်တာ ဒေါက်တာရယ် မင်း ကျန်းမာရေးကို ဆရာ စောင့်ရှောက်ပေးတာပဲ၊ မင်းက ခိုင်းရမယ်လို့"

"ကျွန်တော့်ကို အားနာနေမှာစိုးလို့ ပြောတာပါဗျာ၊ ဒီအိမ်ကြီး မှာက နာ့စ်ကြီးရယ်၊ အန်တီခင်ရယ် ကျွန်တော်ရယ်ပဲရှိတာ၊ တချို့ကိစ္စ တွေမှာ လမင်းရောင်စဉ်အတွက် လိုအပ်တာ ကျွန်တော် တာဝန်ယူပေး





ရမှာမို့ပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး လမင်းရောင်စဉ်၊ ကျွန်တော်က လမင်းရောင်စဉ် အနားယူနေတဲ့အချိန်မှာ စိတ်ဓာတ်ခိုင်မာ ကျန်းမာလာ အောင် တာဝန်ယူပေးရုံပါ၊ အပတ်စဉ် ဆရာဝန်ကြီးတွေက လာပြီး စောင့်ရှောက်ပေးမှာလေ"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာက မင်းအတွက် အချိန်တွေပေးပြီး စောင့်ရှောက်ကူညီပေးတာပဲလေ မင်း တကယ်ကျေးဇူးတင်တာပါ"

"ဟုတ်ပါပြီလေ ကဲ ခြံအပြင်ထွက်ပြီး လေကောင်းလေသန့် ရအောင် ဝှီးချဲလ်နဲ့သွားမလား လမင်းရောင်စဉ်"

"ဟင့်အင်း လက်ကိုင်တုတ်နဲ့ပဲ သွားချင်တယ် ဒေါက်တာ"

"ဒါလည်း ကောင်းပါတယ် အညောင်းအညာပြေတာပေါ့၊ ကဲ ကျွန်တော် လက်ကိုတွဲပို့ပေးမယ်နော်"

"ဟုတ်ကဲ့ ဒေါက်တာ"

မင်း လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လာသော နွေးထွေး သည့် လက်ဖဝါးအထိအတွေ့ကြောင့် လှိုက်ခနဲ ဖြစ်သွားမိသေးသည်။ သို့သော်ငြားလည်း မင်းကိုပြုစုစောင့်ရှောက်ပေးမည့် ဆရာဝန်ဆိုသော အသိနှင့် မင်း စိတ်ကိုပေါ့ပါးစွာပဲ နေလိုက်ပါသည်။

ခြံထဲဆင်းမိသည်နှင့် အမွှေးရနံ့လေးတွေကို မင်း ထူးထူးခြား ခြား ရှူရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း နှစ်သက်သော စံပယ်ပန်းရနံ့လေးတွေ သင်းထုံနေသည်။ စံပယ်ရနံ့သင်းထုံသော လေကို မင်း အားပါးတရလေး ရှုရှိုက်လိုက်ရ

"ဒီခြံကြီးထဲမှာ စံပယ်ပန်းပင်တွေ အများကြီးပဲလား ဒေါ်တာ"

"ဟုတ်တယ် လမင်းရောင်စဥ်၊ စံပယ်ပန်းကြိုက်လို့လား"

"မင်း ကြိုက်တယ် ဆရာ၊ စံပယ်တို့ ခရေရနံ့တို့လို အနံ့သင်း သင်းလေးတွေကို မင်း ကြိုက်တယ်၊ စိတ်ထဲမှာ လန်းဆန်းသွားတယ်"

"ဒါဆို လာ ခရေပင်အောက်က ခုံတန်းလေးကို ကျွန်တော် လိုက်ပို့ပေးမယ်"

မင်း လက်မောင်းလေးကို ဆုပ်ကိုင်ကာ ဒေါက်တာမြင့်မြတ် က လျှောက်စေသည်။

ခြံကြီးက ကျယ်ဝန်းပြီး မင်းနှစ်သက်သောပန်းတွေရှိသည် ဖင်မာ ပြောဖူးသည်။

နှစ်ထပ်တိုက်ကြီးဆိုပေမယ့် မင်းအတွက် သွားရလာရ အဆ ပြေအောင် အောက်ထပ်မှာပဲ အားလုံးပြည့်စုံအောင် စီမံပေးထားသည်။

မင်းကို ပညာသင်စရိတ် ကူညီသော ကျေးဇူးရှင်လင်မယား စေတနာတွေကို သိရတော့ မင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။

"နင့်ရဲ့တိုက်ခန်းထဲမှာနေရင် ဘာပဲဖြစ်ဖြစ် နင် စိတ် မွန်းကြပ်နိုင်တယ်၊ ဒီမှာက ပိုအဆင်ပြေတာပေါ့ အမင်းရယ်၊ အ ကြီးတာက နင့်ကို မခွဲစိတ်ခင် လူရောစိတ်ပါ ကျန်းမာလန်းဆန်း





တယ်"

ဖင်မာ စကားကို မင်း လက်ခံမိပါသည်။ မင်း ရောက်ရှိနေသော ကြီးမှာ ဘာမှပူစရာမရှိအောင် ပြည့်စုံသည်။

အန်တီခင်ဆိုသော မိန်းမကြီးက သဘောကောင်းပုံရသည်။ စားချင်တာတွေကို ချက်ပြုတ်စီစဥ်ပေးကာ ဂရုစိုက်သည်။

ဆရာမ နန်းကြိုင်ကလည်း မင်းအတွက် လိုတာမှန်သမျှ မရှိ အောင် ပြုစုပေးသည်။ မင်းအတွက်တော့ ဘုရင်မတစ်ပါးလို ခံစားနေထိုင် လို ရှိ၏။

"ထိုင်လိုက် လမင်းရောင်စဥ်"

ဒေါက်တာမြင့်မြတ်သူ သတိပေးတော့မှ မင်း ခုံတန်းလေးကို ကြည့်ကာ ထိုင်လိုက်မိသည်။ အရင်ဆုံး သတိထားမိသည်က မွှေး ာ ခရေရနံ့သင်းသင်းကလေးပါပဲ။

"ခဏလေးနော် ကျွန်တော် ခရေပန်းလေးတွေ ကောက်ပေး

"အားနာစရာ ဒေါက်တာရယ်"

မင်း ဆိုမိပေမယ့် ဒေါက်တာ မြင့်မြတ်သူ ဘာမှမဆိုဘဲ ခရေ တွေ လိုက်ကောက်နေသည်ထင်၏။

မင်း ခေါင်းလေးမော့ နားလေးစွင့်ထားရင်း ဒေါက်တာမြင့်မြတ် ျက်နှာကို ပုံဖော်ကြည့်မိသည်။ ဆရာဝန်တစ်ယောက်ဆိုပေမယ့် အပေါ်မှာ မိသားစုဝင်တစ်ယောက်လို ပြုစုပေးနေတာတော့ ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ပြီးတော့ အစဉ် နူးညံ့ညင်သာသော အသံက ကြည်လင်
မင်းအပေါ် ယုယမှုတွေ အပြည့်ရှိ၏။

"ရော့ လမင်းရောင်စဉ် ဒီမှာ ခရေပန်းလေးတွေ"

မင်း လက်ဖဝါးထဲကို ခရေပန်းလေးတွေ ထည့်ပေးတော့
မက်မက်မောမော ရှူရှိုက်မိသည်။

"မွှေးလိုက်တာ"

"လမင်းရောင်စဉ်က ခရေပန်းကြိုက်တယ် ထင်တယ်"

"ခရေရနံ့လေးကို ကြိုက်တာပါ ဒေါက်တာ၊ ပန်းခြောက်
ကအစ မွှေးနေတော့ အိပ်ရာဘေးတောင် ထားအိပ်တတ်တာ"

"ဒါဆိုရင် လမင်းရောင်စဉ်အတွက် ညနေကျရင် ကျွန်
ခရေပန်းတွေ ကောက်ပြီး သီပေးခဲ့မယ်"

"ဟာ မလုပ်ပါနဲ့ ဒေါက်တာ"

မင်း ငြင်းခဲ့ပေမယ့် ထိုညနေက ဒေါက်တာမြင့်မြတ်သူ
ခင်မှာ ခရေပန်းတစ်ကုံး သီပေးခဲ့၏။ မင်း ရေမိုးချိုးပြီးတော့ အန်
က လာပေးတာဖြစ်၏။

"ဒေါက်တာလေး ပေးသွားတာ သမီး"

ဘာကြောင့်မှန်းမသိ မင်းရင်ထဲမှာ ကြည်နူးသွားမိ
နှစ်သက်သော ခရေပန်းရနံ့လေးတွေနှင့် အိပ်စက်ခဲ့ရသည်က ညည်

■ ■ ■



## အခန်း (၂၅)

မင်း အတွက်တော့ ပျင်းရိငြီးငွေ့စရာကောင်းမည်ထင်သော
နိုန်တို့က မရှိသလောက် ဖြစ်ခဲ့၏။

မနက်မိုးလင်းသည်နှင့် ဆရာမနန်းကြိုင်ကတွဲကာ မျက်နှာသစ်
ယ်လက်သန့်စင်ပေးသည်။ ပြီးတော့ အန်တီခင် ကျွေးမွေးသော မနက်
စာကို အသင့်ထိုင်စားရုံပဲဖြစ်၏။

"သမီး နန်းကြီးသုပ် ကြိုက်မယ်ထင်လို့ အန်တီခင် စီစဉ်ထား
တာ"

"ဟာ မင်း သိပ်ကြိုက်တာပေါ့"

အန်တီခင်က မင်းအကြိုက် အစားအစာတွေကို မငြီးငွေ့ရ
အောင် စီစဉ်ပေးတတ်သည်။

"ဟော ဒေါက်တာလေး ရောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီခင် အသံကြောင့် မင်း ခေါင်းလေးမော့ကြည့်မိ
မနက်တိုင်း နေ့စဉ်ရက်မပျက် ဒေါက်တာ မြင့်မြတ်သူ ရောက်လာတတ်

"ဆရာ နန်းကြီးသုပ်ကြိုက်သလားဟင်၊ တစ်ခါတည်း ထ
လိုက်ပါလား"

"ဟုတ်သားပဲ ဆရာလေး စားပါ၊ အန်တီ အများကြီး
ထားတာ"

"အင်း ကျွန်တော် ကြိုက်တာပေါ့၊ အန်တီခင် လက်ရာ
ကြည့်ရအောင်"

အချိန်တိုလေးအတွင်းမှာ မိသားစုတွေလို ခင်မင်နေခဲ့
အန်တီခင်နှင့်ဒေါက်တာကတော့ ကျွမ်းဝင်နေခဲ့၏။ မင်းအတွက်
ဘယ်တုန်းကမှ မပိုင်ဆိုင်ဖူးသော မိသားစုဘဝလေးကို ပိုင်ဆိုင်ရ
ခံစားရပါသည်။

"လမင်းရောင်စဉ် စားလေ ယူဦးမလား"

"မင်း ဝပြီ ဆရာ၊ ဆရာ စားပါ"

"ဒါဆို ကော်ဖီသောက်လေ ဒီမှာ"

မင်း လက်ကလေးကို လှမ်းဆွဲကာ ကော်ဖီပန်းကန်လေး
ပေးတာမို့ ယူလိုက်ရ၏။

"မင်းတော့ ငရဲတွေကြီးတော့မှာပဲ အဟင်း"

"မဟုတ်တာ လမင်းရောင်စဉ်ရယ်၊ ကျွန်တော်တို့အား
လမင်းရောင်စဉ်ရဲ့ ကျန်းမာရေးကို ပြုစုနေကြတာလေ၊ ဒီအတွက်





းနာစရာမလိုပါဘူး၊ မိသားစုတွေလို သဘောထား"

"ဟုတ်တယ် သမီး၊ အန်တီခင်ရော ဒေါက်တာလေးနဲ့
န်းကြိုင်ပါ သမီးရဲ့မိသားစုတွေပဲပေါ့"

"အင်း သမီး အန်တီခင်တို့ကို ကျေးဇူးတင်ပါတယ်၊ သမီး
ဝမှာ တကယ် မိသားစုဘဝကို မခံစားခဲ့ရဖူးဘူး၊ သမီးမျက်လုံးတွေ
မြင်တဲ့အခါ အားလုံးကို မြင်တွေ့ရှိချင်ပါတယ်"

မင်း ရင်ထဲက ခံစားချက်အတိုင်း ပြောမိတာ ဖြစ်သည်။
ကြိုတင်မျှော်လင့်ထားသော ဘဝလေးထက် မင်း ပိုင်ဆိုင်နေရတာ
ထွေးသော မိသားစုဘဝလေး ဖြစ်နေ၏။

"ကျွန်တော်တို့ ခြံထဲဆင်းကြမလား လမင်းရောင်စဉ်"

"ဟုတ်ကဲ့ ဆရာ မင်း ခရေပင်လေးအောက်မှာ ထိုင်ချင်လို့"

မနက်ပိုင်းတွေ၊ ညနေခင်းတွေမှာ မင်းနှင့်အတူ လမ်းလျှောက်
တတ်သော ဆရာမြင့်မြတ်သူကို မင်း ခင်မင်နေခဲ့ပြီ။

"ဆရာကို မင်း မေးချင်လို့ ဟိုလေ စပ်စုတယ် မထင်ပါနဲ့နော်"

"အဟွန်း မထင်ပါဘူး၊ လမင်းရောင်စဉ်ရဲ့ ဘာမေးမလို့လဲ"

"ဟိုလေ ဆရာမှာ မိသားစုရှိသလား"

"ကျွန်တော့်မှာ အမေတစ်ယောက်ပဲ ရှိတယ်"

"ဟုတ်လား ဒါဆို ဆရာက လူပျိုကြီးပေါ့၊ မိဘကိုပြုစုလုပ်
းနေတဲ့ လူပျိုကြီးလား အဟင်း ဟင်း"

မင်း ရယ်ရယ်မောမောလေး ပြောသည်ကို သူပင့်သက်လေး



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ရင်း

"အဲဒီလောက်အထိ အမေ့အပေါ်မှာ ကျွန်တော် တာဝန်မကျေ သေးဘူးဗျ၊ အမေက ကျွန်တော့်အပေါ် သိပ်ကောင်းခဲ့တယ်၊ ဒါပေ ကျွန်တော်က ပေးဆပ်စရာတွေ အများကြီးရှိသေးတယ်"

ဆရာ့ခံစားချက်တွေကိုကြားတော့ မင်း သတိရမိတာ ဖေဖေ မမကို ဖြစ်သည်။

"အင်း မင်းမှာလည်း ဖေဖေနဲ့မမရဲ့ကျေးဇူးတွေကို ပေးဆ ခွင့်မရခဲ့ပါဘူး ဆရာရယ်"

အတိတ်ကို တွေးမိတော့ မင်း အာရုံထဲမှာ သတိရလာ သျှင်ခေတ်သစ် ဆိုသော ယောက်ျား။

"မင်းတို့ညီအစ်မ ကံဆိုးခဲ့တယ်၊ အဲဒါ တစ်ယောက်သော ကြောင့်ပဲ၊ အဲဒီလူကြောင့် မင်း အခုလိုဘဝရောက်နေခဲ့တာလို့ မ ချင်ပေမယ့် မင်း သူ့ကို သိပ်မုန်းတယ် ဆရာ"

"အင်း ဆရာ သိသင့်သလောက် သိထားပါတယ်"

"သူက မင်းအတွက်တော့ ဂြိုဟ်ဆိုးတစ်ကောင်ပဲ၊ အခုတော့ အဲဒီလူ မြန်မာပြည်မှာမရှိတော့ဘူးတဲ့၊ မင်း သိပ်ဝမ်းသာစေတဲ့ သ ပဲ ဆရာရယ်"

မင်း ခံစားချက်တွေကို ဒေါက်တာ မြင့်မြတ်သူ တိတ်ဆိတ်စွာ နားထောင်ပေးနေခဲ့၏။

"ဆရာ"





"ပြောပါ လမင်းရောင်စဉ်"

"ဆရာ့ဘဝမှာ လူတစ်ယောက်ကို ခါးခါးသီးသီး မုန်းဖူးသလား ဟင်"

"ဟို ဟင့်အင်း မရှိပါဘူး"

"မင်းကတော့ မုန်းဖူးတယ်၊ ဒီဘဝတင်မကဘူး၊ နောင်ဘဝ အဆက်ဆက်မှာလည်း မကြုံပါရစေနဲ့လို့ ဆုတောင်းတယ်၊ အဲဒီလူက သျှင်ခေတ်သစ်ပဲ"

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားရပါသည်။ လမင်းရောင်စဉ်ရဲ့ဖြူစင်သော မျက်ဝန်းလေးတွေထဲမှာ အမုန်းရောင်စဉ်တွေ အထင်အရှား။

သူမ ခါးသီးစွာ မုန်းတီးနေခဲ့သောသူက အနီးဆုံးမှာ ရှိနေတာ သိလျှင် ဘယ်လိုနေမည်လဲ။

ဘယ်သောအခါမှ မပြေနိုင်သော အမုန်းတွေ သူနှင့်လမင်းရောင်စဉ်ကြားမှာ ထည့်ပေးခဲ့သော ကံကြမ္မာကို တောင်းပန်ချင်သည်။

ဒီဘဝမှာ မပြေခဲ့ရင်တောင် နောင်ဘဝမှာ ပြေနိုင်ပါစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အမင်း အခြေအနေက အကောင်းဆုံးဆိုတဲ့ အခြေအနေ အထိ တိုးတက်လာတယ်လို့ ဆရာဝန်ကြီးတွေက မှတ်ချက်ပြုထားတယ် နောက်တစ်လလောက် အချိန်စောင့်ကြည့်ပြီးရင် ခွဲစိတ်ပေးမယ်တဲ့"

ဇင်မာစကား ကြားရတော့ သူ ဝမ်းသာမိတာ အမှန်ပဲဖြစ်သည် တစ်လကျော်ကျော်မှာပဲ လမင်းရောင်စဥ်၏ကျန်းမာရေး တိုးတက်လာခဲ့ သည်ပေါ့။

"ကျွန်တော် ဝမ်းသာပါတယ် ဇင်မာ"

"ကျွန်မကတော့ ဝမ်းမသာနိုင်တာရှိတယ်"

"ဗျာ ဘာကိုလဲ ဇင်မာ"

"ရှင့်လုပ်ရပ်ကိုပဲ၊ ဒေါက်တာမြင့်မြတ်သူအဖြစ် အလင်းရဲ့





အနားမှာ ရှင့်ကိုပြုစုခွင့်ပေးလိုက်တာ မှားပြီလားလို့"

"ဘာလို့လဲ ဇင်မာရယ်၊ လမင်းရောင်စဥ်ကို ကျွန်တော် စေတနာနဲ့ စောင့်ရှောက်တာပါ၊ အန်တီနဲ့ နှစ်တစ်ယောက်ပဲရှိတော့ အရေးအကြောင်းလိုအပ်ရင် ကျွန်တော်ရှိနေအောင်ပါ"

ဇင်မင် သူ့ကို စူးစူးလေးစိုက်ကြည့်ရင်း မဲ့ခနဲပြုံးသည်။

"အမင်း အနားမှာ ရှင်ရှိနေတော့ အမင်းက ရှင့်ကို ဒေါက်တာမြင့်မြတ်သူအဖြစ် ခင်တွယ်နေတာ သေချာတယ်၊ ရှင်ရဲ့ ယုယကြင်နာမှုတွေကြောင့် ဖြစ်မှာပေါ့"

"ဇင်မာရယ် ကျွန်တော်သူ့ကို ဖြူစင်တဲ့ စေတနာနဲ့ စောင့်ရှောက်ပေးတာပါ"

"ဖြူစင်တဲ့စေတနာ ဟုတ်လား၊ ဒီမှာ သျှင်ခေတ်သစ် အမင်းကို အဲဒီသံယောဇဥ်တွေ ရှင်ပေးနေတာ မရိုးသားဘူးလို့ ကျွန်မ မြင်တယ်၊ သူ ရှင့်အကြောင်းတွေပြောတိုင်း ကျွန်မ စိုးရိမ်နေတယ်၊ အမင်းက ရိုးသားတယ် စိတ်နှလုံးသားနုနယ်ဖြူစင်တယ်၊ ဒီတော့ ရှင့်ကိုမြင့်မြတ်သူအဖြစ် ကျေးဇူးတင် ခင်မင်နေတယ် ဒါ မကောင်းဘူး"

"အဲဒီအတွက် မပူပါနဲ့ ဇင်မာ၊ အချိန်တန်ရင် သူ့အနားက ကျွန်တော် ထွက်သွားပေးမှာပါ"

"အဲ့ဒီ ကတိကို ရှင် တည်မှဖြစ်မှာ၊ အမင်းက မြင့်မြတ်သူလို့ ထင်နေပေမယ့် ရှင်က သျှင်ခေတ်သစ်ပဲ"

ဇင်မာ သတိပေးမှ သူ့အဖြစ်ကိုသူ ပြန်သတိရချင်သည်။

www.burmeseclassic.com



တကယ်ဆို လမင်းရောင်စဥ် ခါးသီးအောင်မှုန်းသူက သူပဲဖြစ်သည်။

"ဒါကို ရှင် မေ့မထားနဲ့၊ အမင်းသာ ဒါကိုသိသွားရင် သူ့ကိုယ်သူ သတ်သေလောက်အောင် ခံစားရမှာ"

"တော် တော်ပါတော့ ဇင်မာ၊ ဒါကို ကျွန်တော် သိတယ်၊ ယုံကြည်တယ်၊ ဒါပေမဲ့ ခုချိန်မှာ ကျွန်တော် မေ့ထားပါရစေ"

"မေ့ထားလို့ မရဘူး အမင်း အကြိမ်ကြိမ် ပြောဖူးတဲ့စကားကို ရှင် သိပါတယ်၊ သျှင်ခေတ်သစ်ဆိုတဲ့သူက သူတို့ညီအစ်မကို ကံဆိုးခြင်းတွေပေးနေတာတဲ့၊ အခု ရှင်က မြင့်မြတ်သူအဖြစ် အမင်းကို ဒဏ်ရာ တွေ မပေးပါနဲ့"

စကားအဆုံးမှာ ဇင်မာ ချာခနဲ လှည့်ထွက်သွားခဲ့သည်။ ဇင်မာ ဘာကိုဆိုလိုသည်ဆိုတာ သူ နားလည်ပါသည်။

တကယ်ဆိုလျှင် လမင်းနှင့်သူ့ကြားမှာ ပိုင်ဆိုင်ခဲ့သော ရင်းနှီး သံယောဇဥ်တွေက ကြီးမားခဲ့သည်။

သူ သီကုံးပေးသော ခရေပန်းလေးတွေကို မြတ်နိုးစွာ မွေးကြူ တတ်သော လမင်းရောင်စဥ် ရင်ထဲကို သူ မြင်နိုင်သည်။

မြင့်မြတ်သူ ဆိုသော သူ့အပေါ်မှာ လမင်း နှောင်တွယ်နေခဲ့၏။ လမင်းနှုတ်ကတောင် ဆိုခဲ့ဖူး၏။

"မင်း မျက်စိမြင်ရရင် ဆရာ့မျက်နှာကို တွေ့ချင်တယ်"

"မလုပ်ပါနဲ့ မင်းရဲ့ ကျွန်တော်က အကျည်းတန်တယ်"

"ဟင့်အင်း မင်း မထင်ပါဘူး၊ ဆရာ့စိတ်က ဖြူစင်တာပဲလေ





နောက်ဆုံး ရုပ်က အကျည်းတန်နေပါဦး စိတ်က ဖြူစင်ဖို့လိုတယ်၊ သျှင်ခေတ်သစ် ဆိုတဲ့ယောကျ်ားကို မင်း မမြင်ဖူးပေမယ့် ဇင်မာပြောပြလို့ သိထားတယ်၊ မိန်းကလေးတွေမြင်တာနဲ့ စွဲလန်းနိုင်လောက်တဲ့ ရုပ်ရည်ပိုင်ဆိုင်ထားသူတဲ့၊ ဒါပေမဲ့ သူ့စိတ်ထားက ယုတ်မာတယ်"

အကြောင်းတိုက်ဆိုင်လာတိုင်း လမင်းဆီက ကြားရသော ခံစားချက်တွေက သူ့ကို ရင်နာစေသည်။

လမင်းအမုန်းတွေက သူ့အပေါ် ကမ္ဘာမကြေသည့်အမုန်းတွေပဲ။ ဒီအမုန်းတွေကို ဘယ်လိုပေးဆပ်ပါစေ လမင်း ယုံကြည်မည်မဟုတ်၊

မြင့်မြတ်သူ ဆိုသော သူ့အဖြစ်က လမင်းအနားကို သူ ရောက်နေခဲ့တာအတွက် ဇင်မာ သတိပေးသလိုပါပဲ။

လမင်းရောင်စဥ်သာ သိသွားခဲ့လျှင် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဆရာ"

"ဟင် ဘာလဲဟင် လမင်းရောင်စဉ်"

"ဆရာ နေမကောင်းဘူးလားလို့"

"ကောင်းပါတယ်"

"မသိဘူးလေ ဆရာ ဒီနေ့ သိပ်စကားမပြောသလိုပဲ"

တကယ်ဆို သူ့ရင်ထဲမှာ လမင်းရောင်စဉ်နှင့် မကြာခင် ဝေးရတော့မည်ဆိုသော အသိက တုန်လှုပ်စေခဲ့သည်။

"မဟုတ်ပါဘူး လမင်းရောင်စဉ် ထင်လို့ပါ"

"ဆရာ မင်းနာမည် အရှည်ကြီး ခေါ်နေရတာ တစ်မျိုးပဲ။ အပြည့်အစုံမခေါ်ပါနဲ့ မင်းလို့ပဲ ခေါ်ပါ"





"ဟုတ် ကောင်းပါပြီ မင်း"

"ဆရာ့ကိုလည်း မြတ်သူလို့ပဲ မင်း ရင်းရင်းနှီးနှီး ခေါ်မယ်နော်၊ မင်းတို့တွေက မိသားစုတွေလို နေကြတာပဲ"

"မင်း စိတ်ကြိုက်ခေါ်ပါ ရပါတယ်"

"မနေ့က ဆရာဝန်ကြီးတွေက လာမယ့်လထဲမှာ ခွဲစိတ်ကုသဖို့ ရက်သတ်မှတ်ထားပြီတဲ့၊ မင်း အရမ်းဝမ်းသာတယ်"

"အင်း ကိုယ်လည်း ဝမ်းသာပါတယ်"

လမင်း မျက်နှာလေး ကြည်လင်ရွှင်သန့်နေတာကို ငေးကြည့်ရင်း သူ့ရင်ထဲမှာ မချိပါ။

လှပသော မျက်နှာလေးရဲ့အရိပ်ကို သူ မြင်ခွင့်က သိပ်မရှိတော့ပါ။ စကားသံ ချိုချိုလေးတွေ ကြားနိုင်ခွင့်သည်လည်း . . .။

"မင်း ခွဲစိတ်ပြီး တစ်ပတ်ကြာရင် မျက်လုံးတွေ မြင်ခွင့်ရဖို့က ကိုးဆယ်ရာခိုင်နှုန်းလို့ ဆရာကြီးတွေ ပြောတယ်"

"အင်းလေ အကြိမ်ကြိမ် စမ်းသပ်ပြီးပြီပဲ၊ မင်း အသေအချာ ပြန်မြင်မှာပါ၊ မင်း တက်ချင်တဲ့ ကျောင်းလည်း ပြန်တက်ခွင့်ရမှာပါ"

"အဲဒီအတွက် မင်း ဝမ်းသာပါတယ်၊ ဒါပေမဲ့ မင်း တစ်ခု စိုးရိမ်တာ ဆရာမြတ်သူတို့ အန်တီခင်တို့ ဆရာမတို့နဲ့ အခုလိုဘဝလေး ပိုင်ဆိုင်ခွင့်မရတော့မှာကိုပါ"

"မင်းရယ်"

"တကယ်ပါ ဆရာမြတ်သူ မင်းလေ အမြင်အာရုံ ချို့တဲ့နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝလေးမှာ အားလုံးရဲ့နွေးထွေးမှုကို ပိုင်ဆိုင်ခဲ့ရတယ်၊ အဲဒီနွေးထွေးမှုတွေ စွန့်ပစ်ပြီး မျက်လုံးပြန်မြင်ရမှာတောင် ကြောက်နေတယ်''

ကြေကြေကွဲကွဲလေး ဆိုနေသော မင်း မျက်နှာလေးကို ကြည့်ကာ သူ့ရင်ထဲမှာ ဝမ်းနည်းလာမိပြန်၏။

မင်း ရင်ထဲကို သူ ဒဏ်ရာတွေ ထည့်ပေးမိသလို ဖြစ်နေခဲ့ပြီလား။ တကယ်ဆို မင်းရဲ့သံယောဇဉ်တွေက ခိုင်မြဲနေခဲ့ပြီ။ ဒါပေမဲ့ သျှင် ခေတ်သစ် ဆိုသော ယောကျ်ားအတွက် မဟုတ်ပါ။

ဖြူစင်သော မင်း နှလုံးသားလေးက နှောင်တွယ်နေသော ဒေါက်တာ မြင့်မြတ်သူပဲ ဖြစ်၏။

''ဆရာ မြတ်သူ''

''ပြောပါ မင်း''

''မင်းတို့ အပြင်ထွက် လမ်းလျှောက်ရအောင်''

''မြူတွေကျနေတယ် မင်းရဲ့၊ ဆောင်းဝင်နေပြီဆိုတော့ အေးတယ်''

''ဟင့်အင်း အဲဒီအရသာကို မင်း ခံစားချင်လို့၊ ပြီးတော့ ဆရာမြတ်သူနဲ့အတူ အဝေးကြီး လျှောက်ချင်လို့၊ မင်း ဒီလိုအခွင့်အရေးမျိုး ဘယ်တော့မှ ပိုင်ဆိုင်ရမှာ မဟုတ်ဘူးလေ''

မင်းရဲ့ဆန္ဒလေးကို သူ မငြင်းရက်တော့ပါ။ မင်း လက်မောင်းလေးကို သူ ဖေးမ မကိုင်ခင်မှာဘဲ မင်းက သူ့လက်မောင်းကို ဆုပ်ကိုင်တွဲသည်။





''မြူတွေ မြင်နေရသလားဟင် ဆရာမြတ်သူ''

''အင်း ဝေဝေဝါးဝါးလေးပေါ့''

မင်း လက်ဖဝါးလေးတွေက သူ့လက်မောင်းကို ဆုပ်ကိုင်ရင်း ခပ်သွက်သွက်လေး လှမ်း၏။

''ဖြည်းဖြည်းလျှောက်လေ''

''အိုး''

သူ သတိပေးသံမဆုံးလိုက်ဘဲ မင်း ခလုတ်တိုက် ယိုင်လဲတာမို့ သူ ဖေးမထားလိုက်ရ၏။ မင်းကလည်း ထိတ်လန့်သွားသည် ထင်၏။ သူ့ရင်ဘတ်ကြီးထဲ တိုးဝင်ဖက်တွယ်ထား၏။

ရင်ခုန်သံတွေ ပေါင်းစပ်သွားကြသည်လား မသိ။ နွေးထွေးရှိန်းမြသော အထိအတွေ့ကြားမှာ သတိလက်လွတ် ဖြစ်သွားခဲ့ကြ၏။

''မင်း''

''ဆရာ့ရင်ခုန်သံတွေကို မင်း ကြားနေတယ်''

''မင်းရယ်''

သူ့ရင်ခွင်ကြီးမှာ ပါးလေးအပ်ကာ မင်း လက်နှစ်ဖက်က ကျောကို သိုင်းဖက်လာတော့ သူ မင်းကျောပြင်လေးကို သိုင်းဖက်ထားလိုက်မိသည်။

''ဖက်ထား ဖက်ထား မလွှတ်စေနဲ့ဗျို့ ဟား ဟား''

ဖြတ်သွားသော ကားပေါ်က လူငယ်တစ်စု ဝိုင်းအော်သွားတော့ မင်း သူ့ရင်ခွင်ထဲ မျက်နှာလေး ဝှက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ မြင်ကုန်ကြပြီလားဟင် မင်းကတော့ ဆရာ့ရင်ခုန်သံတွေပဲ ကြားနေ မြင်နေတယ်"

မင်း ဆံနွယ်လေးတွေကို သူ ပွတ်သပ် နှစ်သိမ့်ရင်း ပင့်သက်ရှိုက်မိသည်။ မင်းရဲ့အမုန်းတွေကို သူ ထပ်ပြီး မပိုင်ဆိုင်ချင်ပါ။ မင်းရဲ့နှလုံးသားလေးကို ဒဏ်ရာမပေးချင်။

မဖြစ်နိုင်သော အခြေအနေတစ်ခုကို ဇင်မာ ပြောသလို သူ ရွေးချယ်ခဲ့မိပြီထင်ရဲ့။

"မင်းကို အထင်သေးသွားပြီလားဟင်၊ မင်း ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဖူးဘူး ဆရာမြတ်သူ၊ ဆရာနဲ့ကျမှ မင်း ရင်တွေခုန်တတ်သွားတာပါ"

"မင်းရယ်"

သတိဖြင့် ထိန်းချုပ်ထားသော စိတ်တို့ လွင့်မျောသွားခဲ့ချိန်မှာ မင်း ခန္ဓာကိုယ်လေးကို သူ တင်းကြပ်စွာ ပွေ့ဖက်ထားမိ၏။

တဒင်္ဂလေးမှာ မင်းနဲ့သူ့နှလုံးသားတွေ နီးစပ်နေခဲ့သည်။ သူ့နှလုံးသားမှာ ချစ်တတ်သော ခံစားမှုတွေကို မင်းကပဲ ဖန်ဆင်းပေးခဲ့သည်ဆိုတာ . . .။

■ ■ ■



"ဗျာ အန်တီ မင်း ဖျားနေတယ် ဟုတ်လား"

"ဟုတ်တယ် သား ညနေက သားနဲ့လမ်းလျှောက်ပြန်လာပြီး ခေါင်းလျှော်လိုက်တယ်တဲ့ကွယ်"

"ဟာ ဒီလောက် အေးနေတာကိုဗျာ"

"အခု ဆရာဝန်က ဆေးပေးသွားတယ် သား၊ အန်တီ စိုးရိမ်တာက ညအချိန်မှတော် အဖျားတက်မှာစိုးတာ၊ ဒီညနေကျမှ ဆရာမနန်းကြိုင်က အိမ်ခဏပြန်သွားတော့"

သူ့ရင်ထဲကို တိုးဝင်လာသော ပူပန်စိတ်တွေ တားမရတော့ပါ။ မင်းနှင့်အန်တီမြတ်မွန် နှစ်ယောက်တည်း ဘယ်လိုမှ စိတ်မချနိုင်ပါ။

"သား ခုချက်ချင်း လာခဲ့မယ် အန်တီ"

"အေး အေး သား"

www.burmeseclassic.com



ဖုန်းချပြီး သူ ဆင်ဝင်အောက်က ကားလေးဆီ ခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။

ခွဲစိတ်ကုသခါနီးမှ မင်း နေမကောင်းဖြစ်တာမျိုးအတွက် သူ စိုးရိမ်ပါသည်။ မင်းရဲ့အိပ်မက်တွေကို အပျက်စီးမခံနိုင်ပါ။

မင်း ကျန်းမာရေးအတွက် ပူလောင်စိတ်တွေနှင့် သူ ရောက်ခဲ့တော့ ညွှန်ခန်းထိုင်ခုံမှာ မင်းနှင့်အန်တီကို မြင်လိုက်ရတာမို့

"ဟင် မင်း နေမကောင်းဘူးဆို"

သူ့အသံကြားတော့ မင်း ခေါင်းလေးမော့ ပြုံးကြည့်ရင်း

"အသားပူတာပါ၊ ဆရာဝန်ကြီး ဆေးပေးထားတာ သောက်လိုက်လို့ အပူကျနေပြီ"

"မင်းရယ် ဘာလို့ ရေချိုးခေါင်းလျှော်လိုက်တာလဲ"

"ခရေပန်းလေး ပန်ချင်လို့ ဆရာမြတ်သူရဲ့ အဟင်း"

မင်း ခေါင်းမှာ သူပေးခဲ့သော ခရေပန်းကုံးလေးကိုမြင်တော့ သူ ပင့်သက်ရှိုက်မိသည်။ အန်တီမြတ်မွန်က အလိုက်တသိ ရှောင်ထွက်သွားခဲ့သည်။

မင်း နံဘေးမှာ သူ ဝင်ထိုင်ရင်း နဖူးလေးကို စမ်းကြည့်မိတော့ ကိုယ်ငွေ့က နွေးနွေးလေး ရှိနေဆဲ။

"အဖျားရှိသေးတယ် မင်းရယ်၊ အခန်းထဲမှာ နွေးနွေးထွေးထွေး နေလိုက်နော်"

"မအိပ်ချင်သေးဘူး ဆရာရယ်၊ ခဏလေး ထိုင်ရအောင်နော်





ခရာကြိုက်တဲ့ သီချင်းလေး နားထောင်ချင်တယ်၊ ဆရာ ဖွင့်ပေးပါတယ် မို့လားဟင်"

မင်းကို သူ တစ်ခါနားထောင်ခိုင်းခဲ့သော အောင်လ၏ သီချင်းလေးကို နားထောင်ချင်သည်ဆိုတော့ သူ့ဖုန်းလေးထုတ်ကာ ဖွင့်ပေးလိုက်ရ၏။

"ဘာမှမလိုပါဘူး ... ငါ့ရဲ့နံဘေးမှာ ... မင်းရှိနေရုံနဲ့ ပြီးပြည့်စုံတဲ့ ကမ္ဘာ ... ရည်ရွယ်ထားတဲ့လက်ကိုတွဲ ... ခိုင်မာခြင်းနဲ့ အား အင်တွေပေးခဲ့"

"မင်း နံဘေးမှာ ဆရာ အမြဲရှိနေပေးပါနော်"

မင်း တိုးတိုးလေး ပြောရင်း ရင်ခွင်ထဲ တိုးဝင်လာတော့ သူ ပွေ့ဖက်ထားလိုက်မိသည်။

မင်း နှစ်သက်သော သီချင်းလေးကို မင်းရဲ့အမှန်းတွေ ပိုင်ဆိုင် နေခဲ့ချိန်မှာ သူ နှစ်သက်စွာ ခံစားနားထောင်တတ်စမြဲ။

သျှင်ခေတ်သစ် ဆိုသောကောင်ရဲ့ရင်ထဲက ခံစားချက်တွေကို မင်းကတော့ သိမှာမဟုတ်။

သီချင်းသံလေးက သူနှင့်မင်းတို့ နားစည်ထဲ တိုးဝင်နေပေမယ့် ခံစားချက်တွေက မတူညီခဲ့ပါ။

"ငါမှားတာ ရှိရင် တောင်းပန်ပါတယ် ... အို မင်းရဲ့အနားမှာ ပဲ သံမှိုစွဲကပ်ထားသလို အချစ်တို့ရှိတယ် ... မင်းရဲ့စကားတွေ ကြားနေ ချင်သေးတယ် ... အို ခွဲလို့မသွားပါနဲ့ ... အရင်လို ချစ်ခွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဖို့ တောင်းပန်တယ်''

သူ့ရင်ခွင်ထဲမှာ မင်း မျက်ဝန်းလေးတွေ မှိတ်ကာ နားထောင်နေခဲ့ချိန်မှာ သူ့ရင်ထဲမှာတော့ . . ။

မင်းရယ် သျှင်ခေတ်သစ် ဆိုတဲ့ ယောကျာ်းတစ်ယောက်က မင်း အမုန်းတွေ ပြေပေးပါ။

■ ■ ■

## အခန်း (၂၈)

''ဘာရယ် ဇင်မာ ဆရာမြတ်သူ ပြန်သွားတယ် ဟုတ်လား''

''ဟုတ်တယ် အမင်းရဲ့၊ ဆရာရဲ့အမေ နေမကောင်းလို့တဲ့''

''ဟင် ဆရာ့အမေက ဘယ်မှာနေတာမို့လဲ''

''ရွာမှာလို့ပြောတာပဲ၊ အတိအကျတော့ မသိဘူး''

မင်း ခေါင်းလေးရှုပ်သွားမိသည်။ ဆရာ့အမေက ဆရာနှင့်အတူ မနေဘူးလား။ ဆရာ ပြောဖူးတာတော့ မိခင်ဖြစ်သူအပေါ်မှာ သူ တာဝန်မကျေသေးဟု ဆိုဖူးသည်။

''ဆရာကလည်းဟာ ငါ့ကိုတောင် ဘာမှပြောမသွားဘူးလား''

''ငါ့ကို မှာခဲ့တယ်၊ ပြောလိုက်ပါတဲ့ နင် ခွဲစိတ်ခန်းဝင်နေတဲ့ အချိန်ကြီး ထွက်သွားရတာ''

''ဇင်မာ ငါ့မျက်လုံးက ပတ်တီးတွေ ဘယ်တော့ ဖြည်ရမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ခွဲစိတ်ထားတဲ့ နှင့်ဒဏ်ရာ ကျက်သွားရင် ဖြည့်ရမှာ နှစ်ပတ်လောက်တော့ စောင့်ရမှာပေါ့"

"အင်း ငါ့မျက်လုံးတွေ ပြန်မြင်ရင် အရင်ဆုံး မြင်တွေ့ချင်သူထဲမှာ ဆရာလည်းပါတယ်"

"အင်း ဆရာ အမှီပြန်လာမှာပါ၊ ဟိုမှာ သူ့အမေ အခြေအနေ အပေါ် မူတည်မှာပေါ့"

ဇင်မာ စကားက မရေမရာမို့ မင်း စိတ်ညစ်မိသည်။ ခွဲစိတ်သည့်နေ့မှာ ဆရာ ရွာပြန်သွားသည်တဲ့၊ မင်းဆန္ဒတို့ ပြည့်ခွင့်မည်လား။

"သမီးလေး နေသာရဲ့လား၊ ဒီမှာ သမီးလေး စားချင်ကြေးအိုးဆီချက် အန်တီခင်ကိုယ်တိုင် စီစဉ်လာတာ"

"ဪ အန်တီခင် ဆရာ ဘာမှာသွားသေးလဲဟင်"

"ဆရာလေးလား သူ့အမေနေတဲ့ရွာ ပြန်သွားတယ် သမီး"

"ဘယ်ရွာလဲ အန်တီခင်"

"ဟင့်အင်း အန်တီခင် မမေးလိုက်မိဘူး၊ ဒေါက်တာလေးလည်း ပြောမသွားဘူး၊ အားလုံးက သမီးအတွက် အလုပ်တွေရှုပ်နေလို့လေ"

မင်း ပင့်သက်လေးပဲ ရှိုက်မိပါသည်။ နှစ်ပတ်ဆိုသော အချိန်ကာလမတိုင်ခင် ဆရာ ပြန်ရောက်ပါစေဟုပဲ ဆုတောင်းရတော့သည်။

■ ■ ■

ဖိုး မိုး ၀၁၆၀



မင်း မျှော်လင့်ချက်တွေ တစ်ရက်ပြီးတစ်ရက် လျော့လာတော့ ရင်ထဲမှာ သိုဝှက်မနေနိုင်တော့ဘဲ ဇင်မာကို ရင်ဖွင့်မိ၏။

"ဇင်မာ ငါဆရာ့ကို သိပ်ချစ်တယ်"

"ဘာရယ်"

"ဟုတ်တယ် ငါ ဆရာမြတ်သူကို သိပ်ချစ်တယ်၊ ဆရာကလည်း ငါ့ကိုချစ်တယ်လို့ ငါယုံတယ်"

ဇင်မာ မျက်နှာလေးကို မမြင်ရပေမယ့် အံ့ဩနေမှာ မင်း သိနေပါသည်။

"နှင် အံ့ဩနေသလား ဇင်မာ ငါနဲ့ဆရာ ချစ်နေတာ နှင့်ကို မပြောဖြစ်တာ ခွင့်လွှတ်နော်၊ အမှန်ဝန်ခံရရင် ငါဆရာ့ကို တကယ် ရူးရူးနှစ်နှစ် ချစ်သွားမိတာပါပဲဟယ်"

အမင်း စကားတွေကို နားထောင်ရင်း ဇင်မာ အံလေး တင်းတင်းကြိတ်ထားမိသည်။ ဒီလို အခြေအနေတွေအထိ ရောက်ကုန်သည်လား။

ဒါ သျှင်ခေတ်သစ်ရဲ့ ရည်ရွယ်ချက်တွေလား။ အမင်း မျက်ဝန်းတွေ ပြန်မြင်ခွင့်ပြုပြီး နှလုံးသားကို ဒဏ်ရာတွေ ထည့်ပေးခဲ့တာပဲ ဖြစ်မည်။

ရှင် သိပ်ယုတ်မာတဲ့ ကဝေကောင်ပဲ သျှင်ခေတ်သစ်။

■ ■ ■

ဖိုး မိုး ၀၁ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ရှင် သိပ်ယုတ်မာတယ်၊ သျှင်ခေတ်သစ် အမင်းဘဝလေးကို ရှင် ဒုက္ခပေးလိုက်တာပေါ့လေ"

"မဟုတ်ဘူး ဇင်မာ ကိုယ်ဘာမှ မင်းကို ဒုက္ခမပေးပါဘူး"

"တော်စမ်းပါ သျှင်ခေတ်သစ်၊ အမင်း မျက်လုံးတွေ ပြန်မြင်ခွင့်ရပေမယ့် သူ့နှလုံးသားကို ရှင် ကစားခဲ့တယ်"

"ဟင်"

"ရှင်ဘာမှ ညာမနေနဲ့၊ ဘာရည်ရွယ်ချက်နဲ့ အမင်းအနားမှာ ရှိနေခွင့် ရှင်တောင်းသလဲ အခုမှသိတယ်၊ ရှင် သိပ်ယုတ်မာတဲ့လူပဲ အမင်း နှလုံးသားလေးကို ရှင် တမင်ဒဏ်ရာတွေ ပေးခဲ့တာပဲ"

ဇင်မာ စွပ်စွဲချက်တွေက သိပ်ကို ပြင်းထန်သည်။ သူ့ရင်ထဲကို ငရဲမီးတွေနှင့် ပက်ဖြန်းသလို ခံစားနေရ၏။





"မဟုတ်ဘူး ဇင်မာ ကိုယ် မင်းအပေါ်မှာ ဘာရည်ရွယ်ချက်မှ ရှိခဲ့ဘူး"

"ဘာလဲ ရှင်ဆိုလိုတာက အမင်းဘာသာ ရှင့်အပေါ် တွယ်ငြိသွားတာလို့ ဆိုချင်တာလား"

"ဇင်မာရယ် ကိုယ် ဝန်ခံပါတယ်၊ မင်း အပေါ်မှာ ကိုယ်မချစ်ဖူးတဲ့ အချစ်နဲ့ ချစ်ခဲ့တာပါ၊ ဒါပေမဲ့ ကိုယ်မဖြစ်နိုင်ဘူးဆိုတာသိလို့ သိုဝှက်ထားခဲ့တာပါ"

ဇင်မာ မဲ့ခနဲပြုံးရင်း သူ့ကိုမုန်းတီးရွံရှာသော မျက်ဝန်းတွေနှင့်ကြည့်၏။

"အမင်း နှလုံးသားက ဖြူစင်တယ်၊ အချစ်ကို မခံစားဖူးခဲ့ဘူး ရှင်ရဲ့ ကဗျာအတတ်တွေနဲ့ ကြုံလိုက်တော့ အမင်း ခံလိုက်ရမှာပေါ့၊ ရှင့်ကြောင့် ကျွန်မတောင် နာကျင်ခဲ့ရဖူးသေးတာပဲ"

"ဇင်မာ မင်းကိုယ့်ကို ကြိုက်သလို အပြစ်ပေးပါ၊ ဒါပေမဲ့ ကိုယ့်အချစ်ကိုတော့ မစော်ကားပါနဲ့၊ ကိုယ့်ဘဝမှာ ရည်းစားတွေ အများကြီး ထားခဲ့ဖူးတယ်၊ ဒါပေမဲ့ အချစ်ဆိုတာကို လမင်းရောင်စဉ်နဲ့တွေ့မှ ခံစားတတ်တာ"

"တော်တော့ သျှင်ခေတ်သစ် အမင်းက ရှင့်ကို ခါးခါးသီးသီး မုန်းတာ သူ့ ငြိတွယ်သွားတာ မြင့်မြတ်သူကိုပဲ"

"ဇင်မာ စကားကို ကျွန်တော်လက်ခံတယ်၊ သျှင်ခေတ်သစ်ဟာ မြင့်မြတ်သူ မဟုတ်ဘူးလို့ သူ မသိပါစေနဲ့"

www.burmeseclassic.com



ဇင်မာ အံကိုကြိတ်ရင်း မီးဝင်းဝင်းတောက် မျက်ဝန်းတွေနှင့် သူ့ကိုကြည့်နေဆဲ။

"ကျွန်တော်တို့ ကတိပြုထားတဲ့ အတိုင်းပေါ့"

"ရှင် လူယုတ်မာပဲ တကယ်ရက်စက်တဲ့ လူယုတ်မာပဲ၊ အမင်း ဘဝမှာ သျှင်ခေတ်သစ်ကြောင့် ဒုက္ခတွေ ပုလောင် ဆူဝေခဲ့ရဖူးတယ် နောက်ဆုံး မြင့်မြတ်သူကြောင့် ဒဏ်ရာရခဲ့ပြန်ပြီ၊ ရှင်က အမင်း ဘဝကို အမြဲတမ်း ဒုက္ခပေးနေတဲ့ လူယုတ်မာပဲ"

"ဇင်မာရယ်"

"စိတ်ချပါ အမင်း မြင့်မြတ်သူကို သေလောက်အောင်ချစ်နေ ပါစေ သျှင်ခေတ်သစ်ကို ကျွန်မ မပြောဘူး။ အမင်း ရင်ကွဲနာကျင်အောင် ကျွန်မ မလုပ်ဘူး"

စကားအဆုံးမှာ ဇင်မာ သူ့ရှေ့က လှည့်ထွက်သွားခဲ့သည်။ ဇင်မာ့စကားတွေက သူ့နှလုံးသားကို အပိုင်းပိုင်းအစစဖြစ်အောင် ပြုသွား ခဲ့ခြင်းပါပဲ။

တကယ်ဆို ဇင်မာကိုလည်း အပြစ်မတင်ချင်ပါ။ အားလုံးကို သူမိုက်မဲစွာခံယူခဲ့တာဟုပဲ လက်ခံသည်။

ရင်ထဲမှာ စူးခနဲ ဝေဒနာက လိုက်တာလာချိန်မှာ သူ့ ဒူးညွှတ် ခွေကျသွားခဲ့သည်။

ပြာဝေသွားသော မျက်ဝန်းတွေထဲမှာ လမင်းရောင်စဥ်ရဲ့ မျက် နှာလေးက ရိပ်ခနဲ။

■ ■ ■



## အခန်း (၃၀)

အမှန်တကယ်ဆိုလျှင် လမင်းရောင်စဥ်၏ မျှော်လင့်ချက်တွေ တစ်ခုမှ ဖြစ်မလာခဲ့ပါ။

ဆရာဝန်ကြီးတွေ၏ ကျေးဇူးကြောင့် မျက်ဝန်းတွေ ပြန်မြင် ခွင့်ရသည့်နေ့မှာ မြင်ချင်သော ဆရာ့ကိုမမြင်ခဲ့ရ။ ပြီးတော့ အန်တီခင် ကိုလည်း တွေ့ခွင့်မရခဲ့ပါ။

"ဒေါ်ခင်ခင်က အမင်းရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေး နေတဲ့ ကာလတစ်ခုမှာ ငှားထားတဲ့ အိမ်ဖော်ပဲလေ အမင်းရဲ့၊ အခု တာဝန်ပြီးတော့ ပြန်သွားပြီပေါ့၊ အမင်းကို သူစောင့်ပေးချင်ပေမယ့် သူ့အလုပ်ရှင်အသစ်ရပြီဆိုတော့ ထွက်သွားရတယ်၊ မန္တလေးက သူဌေး ကြီးတစ်ယောက်အိမ်မှာ သူအလုပ်ဝင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မင်း တကယ်ပဲ ဝမ်းနည်းမိပါသည်။ မင်း ဘဝမှာ အေးချမ်းနွေးထွေးသောဘဝလေး ပိုင်ဆိုင်ခဲ့ဖူးသည်။

ထိုဘဝလေးမှာ မင်း စိတ်ကို အေးချမ်းစေသော မေတ္တာတွေ ယုယမှုတွေ ပေးခဲ့သူနှစ်ယောက်ကို မင်း မျက်ဝန်းတွေကောင်းချိန်မှာ မြင်ခွင့်မရခဲ့။

"ငါ ကံဆိုးတယ် ဖင်မာ"

"ဘယ်လို အမင်း"

"ဟုတ်တယ် ငါဖြစ်ချင်တဲ့ ဆန္ဒတွေ မပြည့်ဝခဲ့ရဘူး၊ ငါ မျက်လုံးတွေ အမြင်အာရုံ ချို့တဲ့နေချိန်မှာ နွေးထွေးတဲ့ဘဝလေးကို ငါ ပိုင်ဆိုင်ခဲ့ရတယ်၊ အဲဒီသူတွေကို ငါတွေ့ခွင့်မရခဲ့ဘူးဟာ"

"ပြီးတော့ ငါ့ပညာရေးကို ထောက်ပံ့နေတဲ့ ကျေးဇူးရှင်တွေကိုလည်း တွေ့ခွင့်မရဘူး"

"သြော် အမင်းရယ် အဲဒီ အန်ကယ်ကြီးတို့ မိသားစုက ဩစတေးလျကို ပြောင်းသွားကြပြီလေဟာ၊ ဒါပေမဲ့ သူတို့က နင့်ပညာရေးအတွက် ဘဏ်မှာ ငွေအလုံအလောက် စီစဉ်ပေးခဲ့ကြတာပဲ"

"ငါ ခံစားမိတာ ငွေကြေးနဲ့မဆိုင်တဲ့ မေတ္တာတရားပဲ၊ ငါ့ဘဝမှာ အဲဒီမေတ္တာတရားက အမြဲမပြည့်ဝခဲ့ဘူး၊ မေမေ့ကို ငယ်ငယ်ကတည်းက ဆုံးရှုံးတယ်၊ ပြီးတော့ ဖေဖေနဲ့မနေမင်း၊ အခုလည်း ဆရာမြတ်သူ"

ပြောရင်း အသံလေး တိမ်ဝင်ကာ အမင်းမျက်ရည်တွေ ဝဲလာသည်။





"ငါ ဆရာ့ကို တစ်ဘဝမှာတစ်ခါချစ်တဲ့ ချစ်ခြင်းနဲ့ချစ်ခဲ့တာပါ"

"အမင်းရယ် သူက ထိုက်သင့်တဲ့ငွေကြေးနဲ့ နင့်ကိုလာပြုစုစောင့်ရှောက်တာပါ၊ အခုတာဝန်ပြီးတော့ ပြန်မှာပေါ့"

"ဟင့်အင်း ဆရာမြတ်သူ ရင်ထဲကို ငါမြင်သိနေတယ်၊ သူ ငါ့ကို တကယ်မေတ္တာစေတနာနဲ့ စောင့်ရှောက်ကြင်နာခဲ့တာပါ"

အမင်း ရင်ထဲက ဒဏ်ရာတွေကို ဖင်မာဘယ်လို ဖြေသိမ့်ကုစားရတော့မည် မသိပါ။

တကယ် လောကကြီးမှာ မရှိသော မြင့်မြတ်သူကို အမင်းစွဲလန်းသွားခဲ့ပြီလား။ စူးစူးနစ်နစ် ချစ်သွားခဲ့သည်လား။

အမင်း နှလုံးသားက ချစ်ခဲ့သော မြင့်မြတ်သူသည် သျှင်ခေတ်သစ်ဟု သိလျှင် ဖင်မာ မတွေးရဲပါ။ တစ်ခုပဲ မျှော်လင့်မိပါသည်။

အချိန်ဆိုသော သမားတော်က အမင်းရင်ထဲက ဒဏ်ရာတွေကို ကုစားပေးနိုင်ပါစေဟု . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"သား သျှင်လေး ဆေးသောက်လိုက်ဦးကွယ်"

အန်တီမြတ်မွန် အသံကြားမှ ခြံထဲကို ငေးနေမိသော သူ ခေါင်းလေး လှည့်ကြည့်လာ၏။

"ကျွန်တော် မသောက်ချင်ဘူး အန်တီ"

"အို မသောက်လို့ ဘယ်ဖြစ်မှာလဲ သားရယ်၊ ဆေးကို ပုံမှန် သောက်မှ သားနေကောင်းမှာပေါ့"

"ကျွန်တော့်အတွက် မပူပါနဲ့အန်တီ၊ လောကကြီးထဲက ထွက်ခွာ ခွင့်ရမယ်ဆိုရင်တောင် ကျွန်တော် ကျေနပ်နိုင်ပါပြီ"

"အို သားရယ် ဒီလိုမပြောပါနဲ့"

အန်တီမြတ်မွန် ရှိုက်သံနှင့်ဆိုတော့ သူ စိတ်မကောင်းဖြစ် ပြန်သည်။





တကယ်ဆို အန်တီမြတ်မွန်သည် သူ့အတွက် အသက်ရှင်သန် နေသူလို တစ်ချိန်လုံး ရှိခဲ့သည်။

လမင်းကိစ္စတုန်းကလည်း၊ အန်တီမြတ်မွန်သည် သူနှင့်အတူ သမင်းအနားမှာ စောင့်ရှောက်ပေးခဲ့၏။

အခုလည်း ဆေးသောက်မမှန်ဖြစ်ကာ ဝေဒနာတိုးလာသော သူ့ကို အန်တီမြတ်မွန်ပဲ ပြုစုပေးနေရသည်။

"ဆေးကို ပုံမှန်မဟုတ်ဘဲ ရောဂါကို ဥပေက္ခာပြုထားတော့ ဟက်ဒ်အတက်ခ် ဝင်တာပေါ့ဗျာ၊ နှလုံးရောဂါက သလက်ဆီးမီးယား ဝေဒနာသည်တွေအတွက် သတိပြုသင့်တယ်"

ဆရာဝန်ကြီးက ကရုဏာဒေါသနှင့် အပြစ်တင်သည်။ ပုံမှန် ဆေးဝါးမသုံးစွဲခဲ့သောသူမှာ နှလုံးရောဂါ ဝင်လာတာအတွက် အန်တီ မြတ်မွန် စိုးရိမ်နေခဲ့၏။

သူ့အနားမှာ အရိပ်လို ရှိခဲ့တာ သောက်သုံးရမည့် ဆေးဝါး တွေကို ပုံမှန်တိုက်သည်။ အစားအစာကအစ ဝင်အောင်ကျွေးမွေး ပြုစု ပေးတာကြောင့် သူ အသက်ရှည်နေခြင်းပါပဲ။

"လမင်းလေး ကျောင်းပြန်တက်နေပြီ သား"

ဝမ်းသာစရာတွေကို အန်တီမြတ်မွန်က သူသိရအောင် အမြဲ စုံစမ်းပေးပါသည်။

"သမီးလေးက အန်တီရဲ့သား အဲ မြင့်မြတ်သူကို မမြင်တွေ့ ရလို့ စိတ်မကောင်း ဖြစ်နေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ မချိပါ။ မင်း ရင်ထဲကို ဒဏ်ရာတွေ ထည့်ပေးသူ ဖြစ်ခဲ့သည်လား။

မေ့လိုက်ပါ မင်းရယ် မင်းအမုန်းဆုံးသူနဲ့ အချစ်ဆုံးသူဟာ တစ်ယောက်တည်းဆိုတာသိရင် မင်း ပိုခံစားရမှာပါ။

ကိုယ့်အတွက်တော့ နောက်ဆုံးအချိန်ထိ မင်းရဲ့ပုံရိပ်လေးကို တမ်းတရင်းနဲ့ပဲ ...။

■ ■ ■

အခန်း (၃၂)

ဆေးရုံကြီး၏ သွေးလှူဌာနမှာ အမင်းတို့ ဆေးကျောင်းသူတွေ သွေးလှူနေတုန်းမှာ အရေးပေါ်လူနာတစ်ဦး ရောက်လာတာမို့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

"ဘာတဲ့လဲ ဘာဖြစ်လို့လဲ"

"နှလုံးအတက်ခ်တဲ့ဟာ ယောက်ျားတစ်ယောက်ပဲ"

စပ်စုသော အိခင်တို့က နှာ့စ်လေးကိုမေးကာ သတင်းပို့လာသည်။ မင်း သွေးလှူနေရင်းမို့ မျက်ဝန်းလေးမှိတ်ကာ နားထောင်မိ၏။

ဖင်မာတို့ဆီက သွေးဖောက်ယူခံနေတော့ မင်း နားနေခန်းထဲမှာ နားနေလိုက်သည်။

ဆယ်မိနစ်လောက် နားနေပြီးတော့မှ ဒေါက်တာဦးကျော်ငြိမ်းကို

www.burmeseclassic.com



နှုတ်ဆက်ဖို့ သတိရကာ ဆေးရုံအုပ်ကြီး အခန်းဘက်ထွက်ခဲ့၏။

တကယ်ဆို ဆရာကြီး ကျေးဇူးတွေ မင်းအပေါ်မှာ အများကြီး ရှိသည်။ မင်းရဲ့ ပညာသင်စရိတ်ကို ဆရာကြီးထံမှတစ်ဆင့် အလှူရှင်က ပေးလှူနေတာဖြစ်၏။

မင်းမျက်ဝန်းတွေ အမြင်အာရုံကင်းခဲ့စဉ်ကလည်း ထိုအလှူရှင် တွေက ဆရာကြီးမှတစ်ဆင့် ကူညီပေးခဲ့ကြ၏။

ဆရာဝန်ကြီး ရုံးခန်းရှေ့ရောက်တော့ အထဲမှ စကားသံတွေ ကြောင့် မင်း မဝင်ဖြစ်သေးဘဲ ရပ်လိုက်မိ၏။ ညည်းသည်ရောက်နေသည် ထင်၏။

"ကျွန်တော်တို့ အကောင်းဆုံး စောင့်ရှောက်ကုသပေးမှာပါ ဘာမှ မစိုးရိမ်ပါနဲ့ဗျာ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ သားလေးအတွက် ကျွန်မ စိတ်ပူ လို့ပါရှင်"

မိန်းမကြီးအသံကို မင်း ရင်းနှီးသိကျွမ်းသလို ထင်မိ၏။ နား လေးစွင့်ကာ ဆက်နားထောင်နေလိုက်၏။

"သားလေးက လမင်းလေးကို တော်တော်စွဲလန်းနေခဲ့တာပါ ဆရာကြီးရယ်၊ သူ့ရောဂါကို ပုံမှန်ဆေးတွေ မသောက်တော့ နှလုံးရောဂါ ဝင်တဲ့အထိပဲ"

မင်း မျက်လုံးလေး ဝိုင်းသွားမိ၏။ မင်းနာမည်ကို ပီပီသသ ကြားလိုက်ရတာအမှန်။





"အင်း ကျွန်တော် တကယ်စိတ်မကောင်းဘူးဗျာ၊ ကံကြမ္မာက လည်း တိုက်ဆိုင်လွန်းတယ်၊ ဘာပဲဖြစ်ဖြစ် လမင်းရောင်စဉ်အတွက် ခင်ဗျားတို့သားအမိ ပညာသင်စရိတ် ထောက်ပံ့ခဲ့တာတွေ ပြီးတော့ သူနေမကောင်းတုန်းက တာဝန်ယူပြီး ငွေကြေးကော လူကိုယ်တိုင်ပါ ပြုစုခဲ့တာတွေက ကျေးဇူးကြီးလှပါတယ်လေ"

ဘုရားရေ မင်းနားကြားလွဲတာ မဟုတ်ပါ၊ ဆရာကြီးနှုတ်က ပီပီသသ ကြားလိုက်ရတာမို့ မင်သက်သွားမိ၏။

"ဒီကိစ္စတွေကို သမီးလေး မသိပါစေနဲ့ရှင်၊ ပြီးတော့ မြင့်မြတ် သူ အဖြစ်နဲ့ သားလေး သူ့ကို စောင့်ရှောက်ခဲ့တာလည်း မသိပါစေနဲ့၊ သူသိသွားပြီး ပိုမုန်းသွားမှာ သားလေးက စိုးရိမ်နေတယ်"

"စိတ်ချပါဗျာ ကျွန်တော် အမြဲလျှို့ဝှက်ထားမှာပါ"

မင်း ခန္ဓာကိုယ်ထဲက သွေးတွေ အေးစက်သွားမတတ်ပါပဲ။ နားနှင့်ဆက်ဆက် ကြားခဲ့ရသောစကားတွေက မင်းဘယ်လိုမှ မထင်မှတ် ခဲ့သော အမှန်တရားတွေလား။

သျှင်ခေတ်သစ် ပြီးတော့ ဒေါ်ခင်မြတ်မွန်။

မြင့်မြတ်သူနှင့် အန်တီခင်ဆိုတာ သူတို့နှစ်ဦးပဲပေါ့။ မင်း ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိဆဲက သတိဝင်လာချိန်မှာ အခန်းရှေ့က သွေးရူးသွေးတန်း ပြေးထွက်ခဲ့မိသည်။

မင်း မျက်ဝန်းထဲမှာ အာရုံထဲမှာ အံ့ဩမယုံကြည်နိုင်ခြင်းတွေ လွှမ်းခြုံနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောကကြီး တစ်ခုလုံး ပျက်စီးသွားပြီလား။

အဲဒီကမ္ဘာကြီးနှင့် အဝေးဆုံး စကြဝဠာထဲအထိ မင်း လွင့်စင်သွားချင်ပါသည်။

■ ■ ■

"ငါ အမှန်ဝန်ခံပါတယ် အမင်းရယ်၊ နင်သိထားတာတွေ အမှန်တွေပါပဲ"

"ဟင် နင် နင်ဒါတွေ သိရက်နဲ့ ဖင်မာရယ်"

မင်း မချိတင်ကဲဆိုတော့ ဖင်မာ တောင်းပန်မျက်ဝန်းလေးနှင့်ကြည့်ရင်း

"ငါ မညာချင်ဘူး အမင်းရယ် ဒါပေမဲ့ အားလုံးက နင့်အတွက် အကောင်းဆုံး အခြေအနေမို့ လက်ခံလိုက်ကြတာပါ၊ အရေးကြီးတာ နင်ပြန်ကျန်းမာဖို့လေ"

"ငါ ငါကျန်းမာဖို့ ဟုတ်လား ဖင်မာ၊ ငါ့ရင်ထဲမှာ ချောက်ချား နေတယ်၊ ငါသိပ်မုန်းတဲ့ သျှင်ခေတ်သစ်က ဆရာမြတ်သူ ဟား ငါ ငါ မယုံချင်ဘူး"

"အမင်း နင်စိတ်ကို လျှော့ပါဟာ၊ နင်မကျေနပ်ရင် ငါ့ကို ကြိုက်သလို အပြစ်ပေးပါနော်"

ဖင်မာ မင်းလက်ကိုဆွဲကာ ငိုသံလေးနှင့်ဆိုတော့ မင်းလည်း မျက်ရည်တွေ မဆည်နိုင်ခဲ့ပါ။





"ဖင်မာရယ်"

ဖင်မာကို တင်းတင်းဖက်ရင်း မင်း အားပါးတရ ငိုကြွေးနေခဲ့မိ၏။ မင်းရင်ထဲမှာ ငြိတွယ်ခဲ့သော ဆရာမြင့်မြတ်သူနဲ့ သျှင်ခေတ်သစ်ဆိုတာ တစ်ယောက်တည်းတဲ့လား။

လက်ခံဖို့ ခက်ခဲစရာကောင်းလိုက်တာ။

မင်း ခါးသီးစွာ မုန်းနေသူကိုမှ နှလုံးသားက ရူးနှစ်အောင် ဘာကြောင့်များ ချစ်ခဲ့မိတာလဲ။

နှလုံးသားမှာ တစ်ကြိမ်တစ်ခါပဲ ပေါက်ဖွားခဲ့သော အချစ်က လွယ်ကူစွာ ဖျောက်ဖျက်လို့ ရပါသလား။

BURMESE CLASSIC .com

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ဆရာဝန်ကြီးတွေ၏ ကြိုးစားကုသမှုကြောင့် သူ သတိပြန်လည်လာသည်ဟု အန်တီပြောသည်။

သေခြင်းတရားက ဘာကြောင့် သူ့ကို လက်မခံချင်ရတာတဲ့လဲ။ တကယ်ဆို အမိပွါယ်မဲ့သော ဘဝကြီးကို သူ မုန်းလှပြီ။

မင်းရဲ့အမုန်းတွေကို ခံယူဖို့ သူ အသက်ရှင်သန်ရဦးမည်လား။

ရင်ထဲက ခံစားချက်တွေကို ပင့်သက်လေးရှိုက် မောင်းထုတ်ရင်း စားပွဲလေးပေါ်က သူ ဟန်းဖုန်းလေးကို လှမ်းယူမိ၏။ ပြီးတော့ သူနှစ်သက်သော သီချင်း မင်း ကြိုက်သည့် သီချင်းလေးဖွင့်မိ၏။

"ဘာမှ မလိုပါဘူး ... ငါရဲ့နံဘေးမှာ မင်းရှိနေရုံနဲ့ ... ပြီးပြည့်စုံတဲ့ ကမ္ဘာ"

သီချင်းသံလေးကို မျက်လုံးတွေမှိတ် သူ နားထောင်မိ၏။ သူ ရင်ခွင်ထဲမှာ မှီခိုပြီး လမင်း နားထောင်ခဲ့ဖူးတာ အိပ်မက်မဟုတ်ပေမယ့်





အခုတော့ ...။

"ငါ မှားတာရှိရင် တောင်းပန်ပါတယ် ... အိုမင်းရဲ့ အနားမှာ ငဲ သံမှိုစွဲကပ်ထားသလို ... အချစ်တို့ရှိတယ်"

မင်းရဲ့အမုန်းတွေ နာကျည်းမှုတွေအတွက် သူတောင်းပန်ခွင့် ရှိ။ အယူခံခွင့်မရှိပါ။

တွေးရင်း မျက်ရည်တွေက ပါးပြင်ပေါ်ကို စီးကျလာ၏။ သူ့ ပါးပြင်ကို လာထိသော လက်ဖဝါးတွေက နွေးထွေးနေ၏။ မျက်ရည်တွေကို အန်တီမြတ်မွန် သုတ်ပေးနေတာလား။

သူ မျက်ဝန်းတွေ ဖွင့်ကြည့်တော့

"ဟင် မင်း မင်း"

သူ့ကို ပြုံးကြည့်နေသော လမင်းရောင်စဥ် မျက်ဝန်းမှာလည်း မျက်ရည်တွေနှင့်။

"မင်း မင်း"

"ရှင် မထနဲ့လေ နေမကောင်းသေးဘူး"

ပြောရင်း မင်းက ခုတင်စွန်းလေးမှာ ဝင်ထိုင်ကာ သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထား၏။ ဒါ အိပ်မက်လား တကယ်လား သူ ရှုးသွပ်သွားတာလား။

"မင်း ကျွန်တော့်ကို ကျွန်တော့်ကို"

"မင်း ရင်ထဲက အမုန်းတွေကို ဆရာမြတ်သူက ဖယ်ရှားပေးခဲ့တာပါ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အားလုံးသိခဲ့ရပြီ၊ မင်း တကယ်အံ့ဩတယ်၊ ပြီးတော့ ဘယ်တော့မှ မတွေ့ရဘူးလို့ ထင်နေတဲ့ ဆရာမြင့်မြတ်သူကို ပြန်တွေ့ရတာ မင်း ဝမ်းသာနေတယ်"

"မင်းရယ် ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပြီလား ဟင်"

သူ့နှုတ်ခမ်းမှာ မင်း လက်ဖဝါးလေး ကပ်ပိတ်သည်။ ပြီး အပြုံးမျက်နှာလေးနှင့်

"မင်း ရင်ထဲမှာ အမုန်းတွေ ကင်းစင်ပြီးပြီပဲ၊ တောင်းပန်စရာ မလိုတူးလေ"

"ဒါဆို တစ်ခုမေးပါရစေ မင်းရင်ထဲမှာ အရင်လိုပဲ ကိုယ့်ကို ချစ်သေးလားဟင် ဆရာမြတ်သူကို"

"ဟင့်အင်း သျှင်ခေတ်သစ်ရဲ့ နှလုံးသားလေးကို မင်းချစ်သွားခဲ့တာပါ၊ ဖြူစင်တဲ့ နှလုံးသားလေးကို မင်း အမုန်းတွေ ခဝါချပြီးပြီ"

"မင်းရယ်"

မြတ်နိုးစွာ ဆုပ်ကိုင်ထားမိသော လက်ဖဝါးလေးဆီက နွေးထွေးသော ချစ်ခြင်းမေတ္တာတို့ သူ့သွေးထဲ စီးဝင်သွားသည် ထင်မိ၏။

မင်းမျက်နှာလေးမှာ ဖြာနေသော မေတ္တာရောင်စဉ်တွေကို သူ မြင်တွေ့နေရ၏။

သျှင်ခေတ်သစ်ဆိုတဲ့ကောင် ရင်ဘတ်ထဲမှာလည်း ချစ်ခြင်း ရင်ခုန်သံတွေ စီးမျောလို့ . . . ။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



BURMESE CLASSIC .com
www.burmeseclassic.com